
www.burmeseclassic.com

# ရှုး

## ပန်းကြွေလမ်းမှာမိုးတွေရွာ . . .



www.burmeseclassic.com

www.burmeseclassic.com

ရှား

ပန်းကြွေလမ်းမှာမိုးတွေရွာ

စာမူခွင့်ပြုချက်အမှတ် - ၁၃၆၃/၂၀၀၂ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃/၂၀၀၂ (၁)
၂၀၀၂ ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/-

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
ပုံနှိပ်သူ . . . ဦးကျော်လှိုင် (စေတနာ OFFSET) ၅၂၄၃
အမှတ် (၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။





# ရှား

## ပန်းကြွေလမ်းမှာ မိုးတွေရွာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။




# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

ပိတ်ထားသော မှန်ပြတင်း၏ ဟိုဘက်မှာ မိုးစက်တွေ ဖြန်းခနဲ ဖြန်းခနဲ လှမ်းပက်လိုက်သည့် အခါတိုင်း မှန်သားပြင်ပေါ် ရေစီးကြောင်းတွေက မြင်ကွင်းကို မှုန်ဝါးသွားစေသည်။ မိုးနှင့်အတူ ပါလာသည့် လေပြင်းက မိုးစက်တွေကို အဝေးကြီး လွင့်သွားစေတတ်ပြီး တစ်ခါတစ်ရံလည်း ဝုန်းခနဲ ဝုန်းခနဲ အသံမြည်လျက် အဆက်မပြတ် သည်းပက်လာတတ်၏။ သွပ်ပြားပေါ် မိုးရေကျသံတွေက လောကကြီး တစ်ခုလုံး ဆူညံနေအောင် သည်းပက်လာတတ်၏။ သွပ်ပြားပေါ် မိုးရေကျသံတွေက လောကကြီးတစ်ခုလုံး ဆူညံနေအောင် တဗြောင်းဗြောင်း မြည်ဟည်းနေခဲ့သည်။

ခရေတွေ ကြွေလေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မိုးရေစိုလျက် ရွှံ့တွေ သဲတွေထဲ နစ်လျက် နေသော ခရေပန်းတွေအဖို့ လန်းနိုင်မည်လည်း မဟုတ်။ မွှေးလည်း မွှေးလေမည် မဟုတ်။

ဘုရားခန်း၏ ခြေရင်း မှန်ပြတင်းမှာရပ်လျက် မိုးရေစီးကြောင်းတွေကြားက မပီဝိုးတဝါး မြင်ကွင်းကိုပင် ဝေ ငေးကြည့်နေမိသည်။ သည်ပြတင်းကလေးသည် လမ်းမဆီသို့ မြင်နိုင်၏။ အိမ်ခြံစည်းရိုးရှေ့ မြေလမ်းကလေးကို မြေနီလမ်းမဟု ဝေ တို့က အမှတ်ထားရသည်။ သည်ဘက်တွေမှာ ကတ္တရာလမ်း ဟူသည် ဟိုးဘက် လူကုံထံရပ်ကွက်၏ အတွင်းပိုင်းမှလာသော လမ်းကျဉ်းကလေးတစ်ခုသာ ရှိသည်။

သို့ပေမယ့် ... ဝေတို့ အိမ်ရှေ့မြေနီလမ်းကလေးသည် သိပ်သည်းပြီး လှပ၏။ မြေလမ်းဖြစ်ပေမယ့် လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက အသားကျလာခဲ့သည်မို့ လမ်းမကော၊ ဖုန် မပေါက်၊ ချိုင့်တွေကွက် မရှိ။ အောက်ခံမြေသားကလည်း ခိုင်မာ ပြီး ဖို့ထားသော ဂဝံမြေကလည်း ထုနှင့်ထည်နှင့်မို့လားမသိ။

အဲသည်လမ်းကလေးကို ပိုပြီးလှပစေသည်ကတော့ စီတန်းနေသော ခရေပင်တန်းများဖြစ်သည်။ မိုးတွေရွာသည့်အခါ မှာတော့ ခရေပင်အုပ်အုပ်များကြောင့် လမ်းကလေးသည် ပိုပြီး မှိုင်းညို့သွားတတ်၏။ သည်းမည်းမှုန်ရီနေသည့် မိုးအောက်မှာ ဝေတို့လမ်းကလေးသည် ခုလည်း ဖြတ်လျှောက်သွားသူဟူ၍ မရှိဘဲ မိုးဒဏ်ကို ခေါင်းငုံ့ခံနေရရှာသလိုပင်။

ညနေခင်းမို့ မိုးရွာပြီဆိုလျှင် ဆိုင်မှာ လူပို၍ပါးတတ် သည်။ စားနေကျ ဖောက်သည်များပင် မိုးသည်းသည်းကို ဖြတ်ပြီး



မလာလိုခဲ့။ မိုးရိပ်မိုးခြည်ကို ကြည့်ပြီး အမေက ထမင်းကို ချိန် ဆ၍ ချက်ရသည်။ ဟင်းချိုင့် ပို့နေကျ မောင်လေးအဖို့တော့ မိုး ရွာလျှင် ပိုပြီးပင်ပန်းရတတ်၏။ ထမင်းချိုင့် ပို့စဉ်မှာ မိုး စိုစို စွတ်စွတ်ထဲ မလျှောက်ချင်သူတွေက အကြုံထမင်းဟင်း မှာတတ် ကြ၏။ ခုလည်း ဝေ့ မောင်လေး ရေချမ်းသည် မိုးစိုခံ တာရ ပတ်စ,ကိုခြုံပြီး ဝါးဖတ်ခမောက်ကြီးကြီးကို ဆောင်းလျက် စက်ဘီး တစ်စီးဖြင့် ထမင်းချိုင့် ပို့ရာက ပြန်ရောက်လာသည်။ သူ့စက်ဘီး နောက်က သံဇကာယက်ထားသည့် လေးထောင့် အကာအရံထဲမှာ ထမင်းချိုင့် သုံးလေးချိုင့် တန်းစီပါလာမြဲပင်။

ဝေက ပြတင်းမှန်နား ကပ်ထားသည့် မျက်နှာကို ခွာလိုက်သည်။

"အဖေ ... အဖေ ..."

ရေချမ်း၏ အသံသည် မိုးစက်ကျသံတွေနှင့် ရောလျက် ခပ်အက်အက် ပြာနှမ်းနှမ်းဖြင့် ထွက်ပေါ်လာ၏။

"အဖေ ဆိုင်ထဲမှာဟဲ့၊ ဘာဖြစ်လို့ ဒီလောက်အော်နေရ တာလဲ"

"ဆိုင်ထဲမှာဖြင့် လူတစ်ယောက်မှ မရှိဘဲနဲ့"

မောင်လေးက သူ့ဘာသာ စုပွပွ ရေရွတ်ပြီး မိုးရေ တွေ နင့်နေသည့် ဝါးဖတ်ခမောက်ကြီးကို ချွတ်လိုက်သည်။

"အိမ်ရှေ့ ... အပင်အောက်မှာ လူတစ်ယောက် ..."

"လူရှိတယ်"

"ဟုတ်တယ်ဗျ ... ထိုင်နေတယ် ...၊ အဖေ့ကို အဲတာပြော မလို့"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မိုးခိုနေတာ ဖြစ်မှာပေါ့ ဟဲ့ ...၊ နင်ကလည်း"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ရိုးရိုး မိုးခိုနေတဲ့ ပုံစံမျိုး မဟုတ်ဘူး။ တစ်မျိုးပဲ ..."

"ဘယ်လို တစ်မျိုးတုန်း။ နင့် လိုလား"

"ဟာဗျာ ... မမ ကလည်း ..."

ရေချမ်းကို သည်လို စ,လျှင် ရေချမ်းက စိတ်ဆိုးသည်။ ဝေ့မောင်လေးသည် ကိုးတန်းကျောင်းသားကြီး ဖြစ်လာလည်း ကလေးဆိုးကြီးလိုပင် ...။ လောကဝတ်လည်း နားမလည်။ လူမှုရေးရာလည်း မသိတတ်။ သူ့ကို လှည့်ဖြားကျီစယ်လျှင်လည်း လွယ်လွယ်ကူကူ သဘောပေါက်တတ်သည် မဟုတ်။ အပေါင်းအသင်းများနှင့် အသံကြောင်ကြောင် သီချင်းတွေ အော်ဆိုပြီး ဂစ်တာတီးချင်တတ်တာကလွဲပြီး လူပျိုစိတ်လည်း မပေါက်။ ထို့ကြောင့် ဝေက မောင်လေးကို သနားလည်းသနား ရယ်လည်း ရယ်ချင်သည်။ လှောင်ချင်သည်။ ချစ်စနိုး ကျီစယ်ချင်သည်။

"မိုးခိုနေတာမျိုးလည်း မဟုတ်ဘူး။ ခရေပင် ပင်စည်ကို မှီပြီး သစ်ရွက်ကြားက ကျလာတဲ့ မိုးရေတွေကို မော့ကြည့်နေတာ။ မျက်လုံးကလည်း ပြူးကြောင်ကြောင်နဲ့"

ဝေ ပြတင်းမှန်က ကပ်ကြည့်တော့ဖြင့် မမြင်ရပါ။ ဝေတို့အိမ်နှင့် ခြံစည်းရိုးက သိပ်အကွာကြီး မဟုတ်ပါ။ သို့ပေမယ့် အိမ်က ခြံစည်းရိုးနှင့် ဆယ်ပေအကွာလောက်မှာရှိပြီး ဆိုင်ကတော့ ခြံစည်းရိုးနှင့် မျက်နှာစာ တစ်တန်းတည်း ဖြစ်သည်။ မောင်လေးက အိမ်ကိုကျော်ပြီး ဆိုင်ထဲဝင်မသွားဘဲ အိမ်ဆီသာ တန်းတန်းမတ်



မတ် ဝင်ခဲ့သည်ကြောင့် ဆိုင်၏ ငွေရှင်းကောင်တာမှာ ထိုင်နေသည့် အဖေ့ကို မမြင်ခဲ့ခြင်း ဖြစ်သည်။

"ခဏနေကျ ... သူ့ဘာသာ ပြန်ထွက်သွားပါလိမ့်မယ်ဟယ်။ စိတ်မနှံ့တဲ့သူ ဖြစ်မှာပေါ့"

ရေချမ်းက ဝေ့ အဖြေကို သဘောတွေ့ပုံ မရပါ။ စောစောက ဝေ,ရပ်ငေးနေခဲ့သည့် ပြတင်းမှာရပ်ပြီး ခြံစည်းရိုး အပြင်က ခရေပင်ဆီ သဲကြီးမဲကြီး လှမ်းကြည့်နေသည်။

"ဟဲ့ ... အဝတ်အစားတွေ လဲလိုက်ဦး၊ အအေးမိပြီး ဖျားနေဦးမယ်"

"ဟုတ်ကဲ့ပါ ..."

မီးဖိုချောင်ဘက် ပြန်ဝင်ခဲ့သည်။ မိုးတွေ ဘယ်လောက်သည်းသည်း ဝေတို့မီးဖိုခန်းသည် စိုစိုစွတ်စွတ် ထိုင်းထိုင်းမှိုင်းမှိုင်းမရှိ။ သွေ့ခြောက်သန့်ရှင်းပြီး မီးသွေးမီးဖိုကြီးသည်လည်း မီးခဲနှင့် ပြာနှင့် ပြတ်သည်ရယ်လို့ မရှိ။

သည်မီးဖိုချောင်မှာပင် ဝေသည် ကြက်သွန်၊ ငရုတ်သီးထောင်းရင်း စာကျက်ခဲ့သည်။ သည်မီးဖိုချောင်ထဲမှာ သားငါးတွေ ကိုင်ရင်း လုံးရင်း ကျက်ပြီးသားစာတွေကို ပြန်နွှေးခဲ့ရသည်။ ဝေ ဆယ်တန်းအောင်ပြန်တော့ မီးဖိုချောင်သည် ဝေနှင့် ခွဲခြားမရတော့ချေ။ မီးဖိုချောင်မှာ အမေ့နှင့်တစ်လှည့်စီ ထမင်းဟင်းချက်ရင်းပင် ဝေသည် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ အတွင်းရေးမှူးသင်တန်း စသည့် အချိန်ပိုင်း သင်တန်းလေးတွေကို အလုပ်ပါးသည့် နေ့လယ်ခင်း အချိန်လေးတွေမှာ ပြေးပြီးတက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး ...

ဝေ့ လက်ရာ မီးဖိုခန်းကလေး ...

ပစ္စည်းပစ္စယတွေ ဘယ်လောက်များများ သူ့နေရာနှင့်သူ စည်းစနစ်တကျမို့ ရှင်းလင်းသပ်ရပ်လို့ ...

... တစ်ခါတလေ တော့လည်း ...

.... အဝေးဆုံးကို ... ထွက်ပြေးသွားချင်ပေမယ့်လည်း ...

... ကိုယ့်ရဲ့စိတ်တွေ ... အမြဲတမ်း မင်းဆီမှာပဲ ...

အားရပါးရ သီချင်းအော်ဆိုလိုက်ပေမယ့် မိုးသံလေသံနှင့်မို့ ဝေ့ သီချင်းသံကို ဘယ်သူမှ မကြားနိုင်ပါ။ အဲသည်လို စိတ်လွတ်လက်လွတ် အချိန်လေးလည်း ရှိဦးမှ ...

ကိုယ့်ဘာသာ စိတ်ထဲက ဥဒါန်းကျူးရင့်လိုက်ပေမယ့် အကျင့်ပါနေသည့် လက်ချောင်းတွေက ကြက်သွန်ဖြူတွေ ဖြန့်ထားသည့် စင်အကန့်လေးဆီ အလိုအလျောက် ရောက်သွားသည်။ အဲသည်အချိန်မှာတော့ ဝေသည် စောစောက ရေချမ်းနှင့် ပြောမိခဲ့သည့် စကားတွေကို မေ့လျော့သွားခဲ့ပြီ။

သို့ပေမယ့် ... နောက်တစ်နာရီသာသာ မှောင်ရီဖျိုးဖျ အချိန်မှာတော့ "စုဝေ"ဟူသော မိန်းကလေးတစ်ယောက်၏ ဘဝထဲ မထင်မှတ်ခဲ့သည့် တစ်စုံတစ်ရာကို သယ်ဆောင်လာခဲ့သူ က မိုးသည်းသည်းကြားမှာပဲ ရောက်ရှိလာခဲ့တော့သည်။



၃

နေနေ့ကို စ,ပြီး မြင်ခဲ့ရတော့ တကယ့်ကို အိမ်ခြေယာမဲ့လေးပါပဲ။ သို့ပေမယ့် ရှင်းသန့်ဖြူစင်လှသည့် သူ့မျက်နှာလေးနှင့် ဝတ်စားဆင်ယင်ပုံကို မြင်ရလျှင်တော့ နေနေ့ကိုဝေ, အထင်သေးမရတော့။ အရည်လဲ့ပြီး ကြည်လင်သော်လည်း ဘာကိုမှ အာရုံစူးစိုက်ချင်ပုံ မရသည့် သူ့မျက်ဝန်းတစ်စုံကို သတိထားမိသည်။ ဖေဖေကတော့ အဲဒါကို သတိထားမိပုံ မပေါ်ပါ။

အဖေ့ဘေး လှေကားထစ်အရင်းမှာ ရပ်နေသည့် ကောင်လေးသည် တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနင့်နေခဲ့ပြီး နှုတ်ခမ်းတွေ၊ အသားအရေတွေပင် ပြာနှမ်းနှမ်းပင် ဖြစ်နေပြီ။ မျက်လုံးတစ်စုံကလည်း နီရဲနေသည်။ အောက်နှုတ်ခမ်းက ခပ်တွဲတွဲကျလျက် တဆတ်ဆတ် တုန်နေလေသည်။

"ကောင်လေး ... တက် ... တက် ... ရေချမ်း ..."။ မင်းပုဆိုးအင်္ကျီတစ်စုံလောက် ပေးစမ်းကွာ ... ပြီးတော့ ... တဘက်လည်းယူခဲ့ ..."

ရေချမ်းက သူ့အခန်းလေးထဲ လျှောက်အသွားမှာ ...

"စောစောက ကျွန်တော် ပြောတာ အဲဒီကောင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေ့နားနားကပ်ပြီး တိုးတိုးကလေး ပြောသည်။ လှေကားရင်းကနေ ဝေ့ကို မော်ကြည့်လိုက်သည့် အကြည့်တွေက ကရုဏာသက်စရာပင်။ သို့ပေမယ့် ဘယ်သူ့ကိုမှ မယုံကြည်တတ်သည့် ဝေ,ကတော့ ...

"အဖေတို့ကတော့ လုပ်လာပြန်ပြီ"

ဟု လေသံဖြင့် ရေရွတ်နေမိသည်။ မသိဟန်ဆောင် မကြားဟန်ဆောင်ပြီး ဆိုင်သိမ်းနေသည့် အမေ့ကိုကူဖို့ ထဘီတိုတို ပြင်ဝတ် ခမောက်ကြီးကြီးတစ်လုံး ဆောင်းပြီး မိုးရေစွတ်စွတ်ထဲ ဆင်းလိုက်သည်။ ဆိုင်နှင့်အိမ်က သိပ်မဝေးပါ။ ခြေလှမ်းငါးလှမ်းစာဆို ရောက်ပြီ။ အမေက ဟင်းကျန်တွေကို အိုးသေးတွေ ပန်းကန်တွေထဲ လှယ်ထည့်ပြီး အိုးဆေးဖို့ ပြင်နေပြီ။

"ဒီနေ့ အများကြီးကျန်သလား အမေ"

"အံမယ် ... စိတ်ပူနေတာ သိပ်မဆိုးဘူးတော့။ ချိုင့်ဆွဲသမားတွေလာလို့ ...။ ပြီးတော့ မှောင်မှ ရောက်လာတာတွေကလည်း သုံးလေးဝိုင်း ...။ အိမ် စားပြီး နည်းနည်းတော့ ပိုဦးမှာ။ ဒါပေမယ့် ... ဒီနေ့ ... ဧည့်သည်ကလည်း ရှိ..."

"ဘယ်က ဧည့်သည်လဲ အမေ"

"ညည်းအဖေ ... ကောင်လေး ခေါ်မလာဘူးလား"

"အံမယ်လေး ... ခေါ်လာပါ ...။ ဒါ ... အမေ့အကြံဉာဏ်လား။ အမေတို့ကတော့လေ ခက်သေးတယ်။ အဆိုးမှန်းမသိ အကောင်းမှန်းမသိ ..."

"အို အေ ... ကုသိုလ်ပြုဖို့ ရောက်လာတယ် မှတ်ရမှာပေါ့"

မြတ်စွာဘုရား ...



ဒီလိုခေတ်ကြီးထဲမှာ ...

အဖေရော အမေပါ သဘောလွယ်လွန်းလှသည် ထင်၏။ ဝေက မျက်နှာကြီးပုပ်ပြီး နှုတ်ခမ်းစူထားတော့ အမြဲအလို လိုက်ထားခဲ့သည့် အမေက ဝေ့ကိုကြည့်ပြီး ရယ်ကျဲကျဲနေသည်။

"အမေတို့ အဲလို သဘောကောင်းနေ ... ခြစ်ခြစ်ကုတ်ကုတ် ရှာထားသမျှ အကုန်ပါသွားမယ်"

"သမီးရယ် , စေတနာဆိုတာ အကျိုးပေးပါတယ်။ မှန်ထဲက အရိပ်လိုပေါ့။ ကိုယ်ကပြုံးရင် ပြန်ပြုံးမှာပဲ ကိုယ်က မဲ့ရင် ..."

"အမေတို့ အဲဒီစကားတွေက ဟိုး ဘိုးတော်ဘုရားခေတ်မှာ ကျန်ခဲ့ပြီ နော်။ ခုခေတ်ကြီးမှာ စေတနာကို တန်ဖိုးထားတဲ့သူတွေ မရှိတော့ဘူး အမေရဲ့ ...။ များများစေတနာထားလေ များများရိုက်လေ လိုးလေပဲ"

"ဒါပေမယ့် အေ ... မိုးရွာကြီးထဲ အအေးမိပြီး သေမလို ဖြစ်နေတာတော့ လက်ပိုက်ကြည့်မနေနိုင်ပေါင် ...။ ဆိုင်ထဲခေါ်ပြီး ရေနွေးလေး တိုက်ထားတာ။ သူ့ခမျာ တစ်ကိုယ်လုံးတုန်လို့ ဒါတောင် ချမ်းလိုက်တာလို့ တစ်ချက်မညည်းဘူး"

"ဩော် ..."

မသိရှာပါလား ... လို့ အမေ့ကို အသနားပင် ပိုမိရသည်။ အဖေနှင့် အမေကို ဝေ ဘယ်လို စိတ်ချနိုင်ပါမလဲ။ အလိမ်ကကျစ်တွေ များလှသည့် လောကကြီးထဲမှာ အဖေနှင့် အမေ့လို လူကြီးမျိုးတွေ အတွက်ဖြင့် ရင်လေးစရာ ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုက သိမ်းပိုက်လွှမ်းမိုးလာပြီး ကြမ်းတမ်းလှသော မိုးကတော့ သူ မဟုတ်သလိုပင် ငြိမ်သက်လို့ …။ အံမယ် … လ,ရောင်တောင် လင်းနေလိုက်သေးသည်။ ဆိုင်တံခါးတွေ ရှေ့ရော နောက်ရော ပိတ်ပြီးချိန်မှာ အမေက အိမ်ဆီသို့ အကူး ကွက်လပ်မှာ ရပ်စောင့်နေသည်။

"ပြီးပြီလား သမီး"

"ပြီးပါပြီ အမေရဲ့ သွားနှင့်ပါ။ မိုးတွင်းဆို အကောင်ပလောင်က မျိုးစုံပါဘိနဲ့"

"အေးပါ … ညည်းသာ သတိထား။ နမော်နမဲ့နဲ့"

ပုရစ်အော်သံတွေ ဖားဂုံညင်းအော်သံတွေက စည်းချက်ကျနသော ဂီတသံနှယ်ပင်။ ဝေတို့သားအမိ အိမ်ပေါ်ရောက်တော့ မိုးမိသော ရွှေကိုယ်တော်လေးက ရေချမ်းရဲ့ ရုပ်အင်္ကျီ၊ ပုဆိုး၊ ဖလန်နယ် အနွေးထည်နှင့် ဧည့်ခန်းထဲက တီဗီရှေ့မှာ ကုပ်ချောင်းချောင်း ထိုင်နေလေသည်။ စောစောက သူ ဝတ်ခဲ့သည့် ဂျင်း(န်)ဂျာကင်တွေ ရှပ်အင်္ကျီတွေ ဘောင်းဘီတွေကတော့ မီးဖိုခန်းဘက် အသွား အဝတ်တန်းပေါ်မှာ ရေစက်လက်နှင့် …။

"ဟဲ့ … ကောင်လေး။ ထမင်းစားပြီးပြီလား"

အိမ်ထဲဖြင့် မရောက်သေး။ အမေက ထမင်းကျွေးနှင့်ပြီ။

"ဟင့်အင်း"

အမေ့ကို မော်မကြည့်ဘဲ တီဗီထဲက အရုပ်တွေကိုသာ စူးစိုက်ကြည့်နေသည့် သကောင့်သားလေးကို အိမ်ခေါင်ပေါ်က ကန်ချချင်လောက်အောင် ဝေ ဒေါသထွက်သွားရသည်။



"ဟဲ့ … နင် မဆာဘူးလား။ မိုးရေထဲ ထိုင်နေတာဖြင့် ကြာလှပြီ။ လာ လာ ထမင်းစားရအောင်"

"မဆာဘူးဗျ"

"ဟုတ်ရဲ့လားဟယ် … အားနာလို့လား"

"အမေကလည်း သူ မဆာပါဘူး ဆိုနေမှ"

ဝေက ဧည့်ခန်းထဲက ထိုင်ခုံတစ်လုံးပေါ် ဖြုန်းခနဲ ထိုင်ချလိုက်ပြီး …

"ဟဲ့ … နင် … အိမ်မပြန်သေးဘူးလား"

မေးတော့လည်း သူက မလှုပ် …။

အံမယ်မယ် …

နိုင်ငံခြားသတင်းကို ကြည့်နေတာပါလား …။

"ဟိုဟာက မိုက်ကယ်လ်အိုဝင် မဟုတ်လား …။ ဟာ … တော်တော်ရှော်တဲ့ကောင်ပဲနော် … ကော်နာဘောကို သူ့ရှေ့တည့်တည့် ချပေးထားတာတောင်"

မြတ်စွာဘုရား …

သူ့အိမ်သူ့ယာ အတိုင်းပါပဲလား …။

"ဒီမယ် …"

သူက ဝေ့ကို မော့ကြည့်သည်။

"ဘယ်က လာတာလဲ …။ မှတ်ပုံတင် ပါသလား"

"ဗျာ"

"အူကြောင်ကြောင် လုပ်မနေနဲ့။ မိုးချုပ်နေပြီ ကိုယ့်အိမ်ကိုယ်ပြန်တော့"

"အိမ် …"

www.burmeseclassic.com

www.burmeseclassic.com



သူကပဲ ဝေ့ကို မျက်မှောင်ကြုတ် ကြည့်လိုက်သေး ...။

"ဟုတ်တယ် လေ ... နင့်အိမ် နင်ပြန်ပေါ့ ... ဒီရပ်ကွက်ထဲကလား"

"မဟုတ်ဘူး"

"အဆောင် နေတာလား"

သူက သွက်သွက် ခေါင်းခါသည်။

"ဒါဆို စက်ရုံ ကလား"

ကျွတ်' ခနဲ စုတ်သတ် ညည်းညူလိုက်ရင်း ...

"ခင်ဗျားက ရဲလား၊ ရပ်ကွက်လူကြီးလား"

တဲ့ ...။ ဝေ့ကို ပြန်ပြီး သရော်မေး မေးလိုက်သေးသည်။

"ဟဲ့ ... ငါက အိမ်ရှင် ... ဒီအိမ်ရှင်"

အဖေ ညှော်ခန်းထဲ ရောက်လာပြီး ဝေ့ကို မသိမသာ လက်ကုတ်သည်။

"ဦး ... ဘောပွဲ ကောင်းတယ်ဗျ ... ဒါပေမယ့် ခဏလေး ပဲနော"

"အေး ... အေး"

ဝေ အဖေ့မျက်နှာကို အေးစက်စက် လှမ်းကြည့်လိုက်သည်။ အဖေက နားထင်ကို လက်ညှိုးဖြင့် ထောက်ပြလိုက်ပြီး လက်ခါပြသည်။

"သိပါတယ် အဖေရဲ့ ...။ ဒါပေမယ့် ... အရူး ... အရူး ဆိုပြီး အိမ်ဦးတက် ..."



"သြော် ... ငါ့သမီးနှယ် ...၊ တစ်ညလောက်တော့ သည်းခံလိုက်ပါကွယ်"

"တစ်ည"

ရေချမ်းလေး အဖေ့နောက်ကျောဘက်က ရောက်လာပြီး ...

"ဟော့လူ ထမင်းစားရအောင်"

ဟု ခေါ်တော့လည်း သူ မငြင်းဘဲ ကောက်ခနဲ ထ လိုက်သွား၏။

"အဖေတို့က ထမင်းကျွေးပြီး ညပါ အိပ်ခိုင်းဦးမယ်"

"ဆိုင်ထဲမှာ သိပ်မလို့ပဲ သမီးရဲ့ ...။ ဘယ်လိုလုပ်မလဲ"

"အဖေရယ် စဉ်းစဉ်းစားစားလည်း လုပ်ပါဦး။ ဆိုင်ထဲက ပစ္စည်းတွေပါ မ,သွားမှ ..."

အဖေက ထိုင်နေကျ ပက်လက်ကုလားထိုင်မှာ စိတ်အေးလက်အေး ဝင်ထိုင်လိုက်သည်။ မီးဖိုခန်းဘက်မှ 'သမီးရေ' ဟူသော အမေ့ ခေါ်သံကို ကြားရသည်။ ထမင်းစားဖို့ ခေါ်သည် ဖြစ်မည်။

"ခဏ အမေရ ခဏ"

"ကြည့်ရတာ မျိုးရိုးကောင်းထဲက သမီးရဲ့ ...။ သူ့ ဂျင်း(န်) ဂျာကင်အိတ်ထဲမှာ ဘောင်းဘီအိတ်ထဲမှာ ပိုက်ဆံတွေတွေ့တယ်။ လက်ကနာရီကလည်း ရေစိုခံ အကောင်းစား။ လက်မှာလည်း လက်စွပ်တွေ ဘာတွေနဲ့။ မတော်တဆရော် လူတွေနဲ့ ညကြီးသန်းခေါင်တွေ့ပြီး ရိုက်လုထားရင် ဘယ်နှယ် လုပ်မလဲ၊ သူ့ခမျာက ဝေဒနာသည်။ မိဘတွေက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာရောက်ပြီး ဘာဖြစ်နေတယ် သိမှာမဟုတ်ဘူး ခုလည်း သူ့ကိုယ်သူသာ မသိတာ။ တစ်ကိုယ်လုံး ပြာနှမ်း နေပြီ ...

သားသမီးချင်း ကိုယ်ချင်းစာလို့ပါ သမီးရယ်။ သူ ကြည့်ရတာလည်း မရိုးမသားထဲက ၊ ဟုတ်ဟန်မတူပ ဘူး"

"အဖေ တို့ကတော့လေ ...။ သူများအတွက်ပဲ စဉ်းစာ ပေးနေ။ ကိုယ့်အတွက်တော့ ကိုယ် မစဉ်းစားဘူး"

သည်လိုပါပဲ ...

အဖေက လေသံပျော့နှင့် ခေါင်းချတော့ မာသည် အမေကတော့ မြင်မြင်ကရာ သနားပြီး ကိုယ်ချင်းစာသည် ထမင်းဆိုင်ဖွင့်ဖို့ စဉ်းစားကြတုန်းက ဝေသည် ခုနစ်တန်းကျော သူ ...။

"အမေတို့လို စိတ်ဓာတ်မျိုးနဲ့ ထမင်းဆိုင် ဖွင့်လို့ကတော ခဏလေးနဲ့ အရင်းပြုတ်မှာပဲ"

ဟု ဝေက လူကြီးလေသံဖြင့် ဝေဖန်ခဲ့ဖူးသည် သို့ပေမယ့် ဝေတို့မိသားစု၏ ထမင်းဆိုင်သည် အရင်းမပြုတ် စက်ဘီးလေးကအစ တီဗီလေးပင် ဝယ်နိုင်ခဲ့သေးသည်။ အ အမေတို့ စေတနာလည်း ပါသည်။ သည်ပတ်ဝန်းကျင်မှာလည်း ထမင်းဆိုင်ကလေး တစ်ဆိုင် ရှိနေဖို့ကောင်းသည့် အခြေအ တွေ ရှိနေသည်။ သည်နေရာသည် လမ်းမကျယ်ကြီးလည်း မဟုတ်၊ လမ်းဆုံလည်းမဟုတ်၊ ဈေးတွေ ဆိုင်တွေ စည်ကားသ နေရာမျိုးလည်း မဟုတ်ဘဲ ချောင်ကျသည့် အတွင်းပိုင်းဖြစ်သ



သို့ပေမယ့် အဲသည်အတွင်းပိုင်းမှာ စက်ရုံတစ်ရုံ ရှိနေသည်။ အတော်အတန် ကြီးမားသည့် အထည်ချုပ်စက်ရုံနှင့် ခြင်ဆေး ပိုးသတ်ဆေး စသဖြင့် ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။ အဲသည် စက်ရုံတွေမှာ တစ်နယ်တစ်ကျေးမှ လာရောက် အလုပ်လုပ်ကိုင် သူတွေအတွက် အဆောင်တွေ ရှိသည်။ ပြီးတော့ လမ်းမကြီးဟို ဘက်မှာရှိသည့် အသက်မွေးဝမ်းကြောင်း ကောလိပ်မှာ လာတက် ပြီး အဆောင်မရနိုင်သည့်အတွက် အတွင်းထဲက ပုဂ္ဂလိကအဆောင် တွေမှာ လာရောက်နေထိုင်သူတွေ ရှိသည်။ အဲသည်လို အဆောင် နေသမားတွေကို အားကိုးပြီး ဝေတို့ ထမင်းဆိုင်လေး ဖွင့်နိုင်ခဲ့ ခြင်း ဖြစ်သည်။

ခုထိလည်း ဟင်းလက်ရာနှင့် ဆန်အရည်အသွေးကို ထိန်းထားနိုင်ဆဲမို့ ရောင်းရသွက်ဆဲပင်။ တစ်ခါတစ်ရံ အဝေးမှ တကူးတကန့်လာပြီး ညစာစားသူတွေလည်း ရှိသည်။ ခရီးသွား ရင်း အမေ့လက်ရာကို ထမင်းချိန်နှင့် ကြုံကြိုက်လျှင် ဆိုင်ရွေးပြီး အတွင်းအထိ လာစားသူတွေလည်း ရှိသည်။ အမေ့ စေတနာတွေက သူဌေးဖြစ်လောက်အောင်တော့ မပံ့ပိုး။ ကုန်ဈေးနှုန်းကို လိုက်ပြီး ဈေးတင်ရလျှင် အမေက ဖောက်သည်တွေကို အားနာမဆုံး။ တောင်းပန် မဆုံးတော့ ...။

ခေတ်နှင့် အံဝင်ခွင်ကျ ဖြစ်နေသည့် စဝေ ကတော့ အမြင်အကြား အလှမ်းကျယ်သူမို့ ရိုးအေးပြီး သဘောကောင်းလှ သည့် အဖေနှင့် အမေ့အတွက် အမြဲစိတ်ပူရသည်။ ပြီးတော့ ... ရေချမ်းက အန် ... အ,အ ...။ သူလည်း အဖေတို့လို ... ဘာ ထူးလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



သူက စကားပြေပြေပြစ်ပြစ် မပြောတတ်တာ ပိုသာသေးသည်။

ခုလည်း ညှော်ကောင်းဆောင်ကောင်းများနှင့်ဆို အမြဲကပေါက်တိ ကပေါက်ချာ ပြောတတ်သည့် ရေချမ်းသည် ... မဖိတ်ခေါ်ဘဲ ရောက်လာသည့် အူကြောင်ကျား ညှော့သည်နှင့် လေပေးဖြောင့်လို့ နေသည်။

ဘောပွဲတွေအကြောင်း ... နေမှာပေါ့ ...။

“မင်း ဆိုင်ထဲမှာ အိပ်ရမယ်နော် ... ဖြစ်မလား”

“ဖြစ်တယ်လေ ... သိပ်ဖြစ်။ ဆိုင်ဆိုတာ ခုန နေရာကို ပြောတာမဟုတ်လား။ ခုံတွေအများကြီးရှိတယ် ...။ ဆက်ပြီး အိပ်မှာပေါ့ ...။ ဟာ ... ဒါပေမယ့် ... မဖြစ်ဘူးဗျ ပြုတ်ကျလိမ့်မယ်။ ကျွန်တော်က အအိပ်ကြမ်းတယ် ...။ ဒါပေမယ့် ဒက်ဒီမှ မရှိတာ ...။ ဦးကတော့ ကျွန်တော့်ကို ရိုက်မှာမဟုတ်ပါဘူး ... နော် ...”

စကားများလှသည့် သကောင့်သား ပါလား ...။

ထမင်းဝိုင်းက ထ,လာပြီးသည့်နောက် တီဗီရှေ့မှာ ဝိုင်းဖွဲ့နေကျဖြစ်သည့် မိသားစု စကားဝိုင်းထဲ သူက ကန့်လန့်ကန့်လန့် ပါလာပြန်တော့သည်။ စကားလည်း အတော်ပြောနိုင်သည်။ စကားတွေက တောရောက် တောင်ရောက် ဆိုပေမယ့် ရယ်မောစရာမို့ အပျင်းတော့ ပြေရသည်။ ပြီးတော့ တစ်ပိုင်းတစ်စ ဆက်စပ်ယူရသည့် ပုံရိပ်တွေက စိတ်ဝင်စားစရာ ကောင်းသည်။

“မင်း နာမည် ဘယ်သူလဲ”

“နေနေ ...”



“ဟာ ... ဘယ်လိုနာမည်လဲ”

ရေချမ်းက အင်မတန် အထွန့်တက်တတ်သည်။ ပခုံးတွန့်ပြီး မျက်မှောင်ကြုတ်နေသည့် ရေချမ်းကို သူက မိုးပေါ် လက်ညှိုးထိုးပြပြီး ...

“နေ တောင် မသိဘူးလား ... နေမင်းပေါ့ကွ ...”

ဟု ကလေးတွေ ရန်ဖြစ်သလို ရန်တွေ့ပြောလေသည်။

“မှားပါတယ် ... မှားပါတယ်”

“သားက ဘယ်မှာနေတာလဲဟင်”

အမေက သူ့မျက်နှာကို တယုတယ ကြည့်လျက် မေးသည်။

“အိမ်မှာ”

အမေ့မျက်နှာကို စိုက်ကြည့်လျက် သူက ဖြေ၏။ သူ့မျက်လုံးတွေ စိုက်ကြည့်ခံရလျှင် နှလုံးတုန်ချင်သလိုလို ဒူးတုန်ချင်သလိုလို ဘယ်လို တုန်လှုပ်ဖွယ် အကြည့်မျိုးလဲ မသိ။ သူ အကြာကြီး စိုက်ကြည့်နေလျှင် လည်ချောင်းထဲပင် သွေ့ခြောက်လာသလို ခံစားရ၏။

“သား အိမ်က ဘယ်မှာလဲ”

“အဝေးကြီးမှာပါ ...”

“ဟုတ်လား ...။ သား ... ဖေဖေတွေ မေမေတွေကရော”

“သေပြီ ...”

“အို ...”

“သေပြီ ... ဖေဖေက ...။ မေမေကတော့ ...”

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပက်လက်ကုလားထိုင်ပေါ်ကနေ ကိုယ်ကို မတ်လိုက်ပြီး သူ့အဖြေကို စိတ်ဝင်တစား စောင့်သည်။ မေမေက ဖြူရော်ရော် ဖြစ်လာသည့် သူ့မျက်နှာကိုပဲ ငေးစိုက်ကြည့်နေသည်။ မျက်လွှာချလိုက်သည့်အခါ သူ့မျက်နှာက ကလေးတစ်ယောက်လို မသိနားမလည်သော အပြစ်ကင်းမဲ့သော မျက်နှာမျိုး ဖြစ်သွားတတ်သည်။ သူ့အသားအရေ ပင်ကိုယ်က ဖြူသည်လား။ မီးချောင်းရောင်အောက်မှာ သူ့အရေပြားအရောင်၏ ပင်ကိုယ်ကို မမှန်းဆတတ်ပါ။

ဖေဖေ ပြောသလိုပင် သူသည် မနိမ့်ကျလှသည့် ဘဝတစ်ခုက လာခဲ့သူဖြစ်၏။ သူ့လက်ချောင်းတွေက ရှည်သွယ်ပြီး လက်သည်းခွံတွေက တိတိရိရိ သန့်စင်လျက် သွေးရောင်လွှမ်းနေသည်။ သူ့နှုတ်ခမ်းတွေက ခုတော့ ပန်းရောင်သမ်းလာပြီ။ သူ့ လှုပ်ရှားပုံတွေကအစ သူသည် စည်းစနစ်တစ်ခု၏ ထိန်းသိမ်းမှုအောက်မှာ အချိန်အတော်ကြာ နေခဲ့သူဖြစ်ကြောင်း သိသာသည်။

"အမေတော့ ရှိသေးလား"

မိခင်အကြောင်းကို သူ ပြောချင်ပုံမရ ...။

ရေချမ်း၏ အဝတ်အစားများနှင့်သူ အတိအကျ နီးပါး ဖြစ်နေသည်မို့ ဖို့ရိုးဖားလျား ကြည့်ရဆိုးပြီး ညစ်ပေပေနိုင်လှသည့် စိတ်မန့်သူတွေနှင့်တော့ သူက ဆန့်ကျင်ဘက် ဖြစ်နေသည်။ သူ့ဆံပင်တိုတိုနှင့် သန့်စင်နေသော လက်သည်းတုံးတိတိတွေက သူ့မှာစောင့်ရှောက်မှုနှင့် မကင်းကွာကြောင်း ဖော်ပြသည်။

လေလွင့်နေသူတစ်ယောက် မဟုတ် ...

အိမ်ခြေယာမဲ့ တစ်ယောက် မဟုတ် ...။



"မေမေက ရှိပါတယ်။ ဒါပေမယ့် အိမ်မှာတော့ မဟုတ်ဘူး။ ဘယ်သွားလဲ မသိဘူး ...။ ကျွန်တော် မေမေ့ကို လိုက်ရှာနေတာ"

"ဟုတ်လား ... မတွေ့သေးဘူးပေါ့"

"မတွေ့ဘူး ... မိုးရွာထဲ ဘယ်လျှောက်သွားနေလဲ မသိဘူး။ ကျွန်တော့်အတွက် ဆေးသွားဝယ်တာပဲ ဖြစ်မှာပါ"

"ခုဆို ... အိမ်ပြန်ရောက်နေလောက်ရောပေါ့ သားရဲ့ ...၊ အိမ်ကို ပြန်ကြည့်မလား ...၊ ကြီးကြီးတို့ လိုက်ပို့ပေးမယ်လေ ..."

"ကြီးကြီးတို့ အိမ်မှာ ကားမှမရှိဘဲ ဘာနဲ့ပို့မှာလဲ"

ရေချမ်းနှင့် ဝေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။ ရေချမ်းက ...

"ကျွန်တော့်မှာ စက်ဘီးရှိတယ်။ စက်ဘီးနဲ့ပို့မယ်"

ဟု ဝင်ပြောသည်။

"ဟင့်အင်း ... စက်ဘီးနဲ့ဆို နောက်ကကားနဲ့ ဝင်တိုက်ရင် ဘယ်လိုလုပ်မလဲ။ မပြန်ဘူး ကျွန်တော် မပြန်တော့ဘူး။ ကျွန်တော် ဒီအိမ်မှာ မအိပ်ပါဘူး၊ ဟိုမှာ သွားအိပ်မယ်"

ဆိုင်ဘက် မေးငေါ့ပြပြီး သူက ပြောသည်။

"နော် ... ဟို အစ်မကြီး။ ကျွန်တော် ဟိုထဲမှာ အိပ်မယ်။ ကျွန်တော် သူခိုးမဟုတ်ပါဘူးဗျ။ ဦးနှောက်လည်းကောင်းပါတယ်။ ခဏ ခဏ သတိမေ့တတ်လို့ ဆေးသောက်ရတာပါ။ အစ်မကြီးတို့ ဆိုင်ထဲက ခုံတွေ ကျွန်တော် ယူမသွားပါဘူး နော် ... အစ်မကြီး"

www.burmeseclassic.com

www.burmeseclassic.com



**ရေချမ်းက** ... ဝေ့မျက်နှာကို စေ့စေ့ကြည့်ပြီး ခွဲခန်းယံသော့ ဝေ့မှာ စိတ်ဆိုးရအခက် ရယ်ရအခက်ဖြင့် ရေချမ်းကို အံကြိတ် မျက်စောင်းထိုး ပြရသည် ...။

ဝေ့ကိုများ အစ်မကြီး ... တဲ့ ...။

သူကဖြင့် ဝေ့ထက် ငယ်မည် မထင်ပါ ...

ငယ်လည်း တစ်နှစ်ပေါ့ ...။

အရှုံးကလည်း ...အရှုံးပါး ...

ဝေ့သဘောကို သိသာအောင် ခြေဆောင့်ပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။ သည်ကနေ့ကတော့ ဂြိုဟ်ဝင်သည် ဆိုရမလား ...။



"ညှော်စာရင်းလေး ဘာလေး တိုင်ထားဦးမှ ... တော်တော်ကြာ ပြဿနာတစ်ခုခု ရှိနေရင် ရှင်းရခက်နေဦးမယ်"

"ရပ်ကွက်လူကြီးလည်း အကျိုးအကြောင်းလေး ရှင်းပြခဲ့ဦးနော်"

"ဟော့ကောင်လေး ... မင်း ဆိုင်ထဲမှာပဲ အိပ်နော်။ ဘယ်မှ လျှောက်ထွက်မသွားနဲ့။ တို့ အပြင်က တံခါးပိတ်ထားမှာ"

အဖေက ထီးတစ်ချောင်းယူပြီး အိမ်ပေါ်က ဆင်းသွားသည်။ ဝေနှင့် အမေကတော့ ပုံမှန်လုပ်နေကျ ဝတ္တရားအတိုင်း ကြက်သွန်အဖြူအနီ ချင်းတွေ လှီးချတ်ထောင်းထုရင်း တီဗီဇာတ်လမ်း ကြည့်ရင်း၊ စကားပြောကြသည်။ ဝေတို့ မိသားစုမှာ အားလပ်ချိန်ရယ်လို့ မရှိ။ ရေချမ်းသည်ပင် ကိုးတန်းကျောင်းသားမို့ ကျောင်းသွားချိန် စာဖတ်ချိန်ကလွဲလျှင် အိမ်အလုပ်မှာ ကူညီရသည်။ ခုတော့ ရေချမ်းသည် ... သူ့အခန်းထဲမှာ စာကျက်နေပြီ။

ဝေတို့ မိသားစု၏ အထူးညှော်သည်တော်ကတော့ တီဗီရှေ့မှာထိုင်ရင်း မျက်လုံးတွေမှေး မျက်တောင်တွေစင်းပြီး တဖြည်းဖြည်း ငိုက်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ် ... သမီးရယ်။ လူရည်သန့်ကလေးပဲ။ ဘယ်အရပ်ကများပါလိမ့်နော် ...။ မိဘတွေ ဆွေမျိုးသားချင်းတွေတော့ စိတ်ပူနေကြမှာပဲ ...။ နက်ဖြန် သတင်းစာမှာ ရှာစမ်းသမီး ...။ လူပျောက် ကြော်ငြာတွေ ဘာတွေများ ..."

"အို ... အမေကလည်း ချက်ချင်းကြီးတော့ ဘယ် ပါနိုင်ပါ့မလဲ"

"အေးပေါ့လေ ... ဒါပေမယ့် ကိုယ့်ဘက်က မသိလိုက်ရမရှိအောင် ..."

"နေပါဦး ... အမေက သူ့ကို ပိုင်ရှင်မတွေ့မချင်း အိမ်မှာလက်ခံထားဖို့များ စိတ်ကူးထားလို့လား ..."

"အဲလိုတော့လည်း ..."

"အမေ တို့နော် ... စဉ်းစဉ်းစားစားလည်း လုပ်ကြဦး"

ဝေက စိတ်ပျက်လက်ပျက် ပြောမိသည်။ လူစိမ်း ...ယောက် အိမ်ပေါ်တင်ထားဖို့ဆိုတာ ... လွယ်တာမှတ်လို့။ ...မ်းသူစိမ်းကို မိသားစုထဲ မဝင်စေချင်တာမို့ ဆိုင်အလုပ်သမား မခေါ်ခဲ့။ ဝေတို့ မောင်နှမ နှစ်ယောက်ပဲ အပင်ပန်းခံလုပ်...ဗ်။ လမ်းမတန်းမှာနေသည့် ဝမ်းကွဲမောင်လေးတစ်ယောက်က အလုပ်အားလျှင် လာကူသည်။ မုန့်ဖိုး နှစ်ရာလောက် ပေးလိုက်...း ကျေနပ်နေပြီ။

ခုတော့ ... ရှုးကြောင်ကြောင်လိုလို ကောင်လေးတစ်...ာက်ကို ... ,



"သမီး ရယ်။ မတော်တရော် လူဆိုးသူဆိုးနဲ့ တွေ့သွားမှာစိုးလို့ပါ ..."

"တွေ့တော့ရော ဘာဖြစ်လဲ သူ့ကံပေါ့ အမေရဲ့။ ကိုယ့်သားသမီးမှ "မဟုတ်ဘဲ"

"ဟဲ့ ကိုယ့်သားသမီးသာ ဖြစ်ခဲ့ရင် ဘယ်လိုနေမလဲ။ နည်းနည်း ကိုယ်ချင်းစာ ကြည့်စမ်း။ ရေချမ်းသာ အဲလိုဖြစ်ပြီး မပြောမဆို ပျောက်သွားရင် ..."

"ဟာ ... အမေ ကလည်း ..."

ဝေ နှုတ်ခမ်းစူပွပြီး လှည့်ကြည့်လိုက်တော့ ထိုကောင်...းသည် တီဗီရှေ့မှာ တရှူးရှူးဖြင့် ခွေခွေခေါက်ခေါက် အိပ်...ော်နေပြီ။

"ရေချမ်းရေ ...။ နင့်လူကို ဆိုင်ထဲခွဲ့သိပ်လိုက်ဦး"

ဟု ဝေက အော်လိုက်သည်။

"ဘယ်နေရာမဆို ကိုယ်ချင်းစာ တရားလေးနဲ့ တွေးကြည့်ရင် နေပျော်တာပေါ့ သမီးရယ်။ ကုသိုလ်လည်းရတယ်။ လူတိုင်းကို သံသယ မျက်လုံးနဲ့ ကြည့်နေရင် ဘယ်မှာနေပျော်ပါတော့မလဲ။ ဘယ့်နှယ်လုပ် စိတ်ချမ်းသာနိုင်ပါ့မလဲ။ အမြဲ စိတ်ပူပင် နေရတော့မှာပေါ့"

"သံသယနဲ့ မကြည့်လို့ ရမလား အမေရဲ့ ...။ လူလိမ်လူကောက်တွေက ပေါမှပေါ ...။ လူတိုင်းကို ယုံနေလို့ဖြစ်မှာလား"

"အေးလေ .. လူတိုင်းကိုတော့လည်း မဟုတ်ပါဘူး..."

"တော်ပြီ ... တော်ပြီ ...။ အမေ တို့ကို ပြောရတာ တော်

www.burmeseclassic.com

www.burmeseclassic.com



ခါက်တယ်။ အမေတို့ရဲ့ ရွှေပြည်အေး တရားတွေက အခုခေတ်ကြီးနဲ့ အံမဝင်တော့ဘူး အမေရဲ့ ...။

ရေချမ်း ရေ ...”

ရုပ်မြင်သံကြား ရှေ့မှာ ညည်းညူသံတိုးတိုးဖြင့် အိပ်ပျော်နေသည့် ထိုကောင်လေးကို စုဝေ နည်းနည်းမှ ကြည့်မရတော့ ...။

အိမ်မှာ ရှိနေလည်း နည်းနည်းမှ အသုံးတည့်မည့်ပုံ မပေါ်။ ကြည့်ပါလား ...။ သူ့လက်တွေက ရှည်သွယ်ပြီး နူးညံ့သည်မှန်း သိသာလှသည်။ လက်ဖဝါးက ငွေသွေးရောင်လွှမ်းပြီး ဖောင်းအိနေဖတ် ... လို့။

ရေချမ်းက ဧည့်ခန်းထဲ ရောက်လာသည့် သူ့ကို လက်မောင်းကနေ လှုပ်နှိုးသည်။

“ဟေ့ လူ ထ, ထ ... ဆိုင်ထဲ သွားအိပ်ရအောင်”

သူက အင်းအင်းအဲအဲနှင့် လူးလွန့်နေလိုက်သေးသည်။

“ဟာ ... အမေ့”

“ဟဲ့ ... ဘာတုန်း”

“ကိုယ်တွေ ပူလို့ဗျ”

“ဟောတော် ...”

လာပြီ ...။

ဓာတ်လမ်းက ... စ,ပြီ။

အမေက ကြက်သွန်ပုံကြားက ထ,ပြီး အိပ်ပျော်နေသည့် ကောင်လေးထံ လျှောက်သွားသည်။ နဖူးတွေ နားထင်တွေ



စမ်းကြည့်နေသည်။ မိုးသည်းကြီးထဲ ဒီလောက်အကြာကြီး ထိုင်ခနမှတော့ မဖျားဘဲ ခံနိုင်မှာလား။ ခုလို ပုံစံမျိုးဆို အမေက ပိုပြီးတော့တောင် လွှတ်ရက်မှာ မဟုတ်။

“ဟုတ်ပါရဲ့ဟယ် ...။ ရေချမ်း ... တို့ အခန်းထဲ ကြွက်လျှောက်ပေါ်က အောင်တမာန် တစ်ထုပ် သွားယူစမ်း”

“အမေ့လူက အိပ်နေတာကို ဘယ်လိုတိုက်မှာတုန်း”

“ဟဲ့ ... မအေကို ဒီလို မလေးမစား ပြောရလားဟင် ... ခွေးကလေး ... ရဲ့”

အမေက ရေချမ်း နားရွက်ကို ဆွဲလိမ်ရင်းပြောသည်။

“အမေ့ ဆေးအမှုန့်တွေကို ဟိုက အိပ်ချင်မူးတူးနဲ့ သောက်ပါ့မလား ...။ ရေချမ်း ... ပါရာစီတမောလ်ပဲ တိုက်လိုက်။ မြန်မြန်ပျောက်အောင် နှစ်ပြားတိုက်လိုက် ...”

“ဟဲ့ ... , ဟုတ်လို့လား”

အမေက ဝေ့ကို မယုံသင်္ကာ လှည့်ကြည့်သည်။

“ဟုတ်ပါတယ် ...။ အဖျားတာရှည်နေရင် အမေတို့ရဲ့ ကရုဏာတွေက ဆုံးမှာမဟုတ်ဘူး။ မြန်မြန်ပျောက်ပြီး ... မြန်မြန်ကြွခိုင်းလိုက်တော့ ...”

“ဩော် ... ဒီကောင်မလေးဟာ ပြောလေဆိုးလေ ပါလား”

အမေ ပျာယာခတ်နေပုံကို ကြည့်ပြီး ဝေလည်း စိတ်အေးလက်အေး မနေရတော့။ ရေချမ်းလည်း စာကောင်းကောင်း မကျက်ရတော့။ ဆေးယူပြီး သူ့ကိုနှိုးပြီး တိုက်ရသည်။ နှိုးတော့လည်း တော်တော်နှင့် မထ, ရေချမ်းက ရေခွက်ကိုင်ထားလျက်က သူ့ကို ဖေးထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားလေး ... မင်း ဖျားနေလို့ ဆေးသောက်လိုက် နော်

သားလေး ... တဲ့ ...။

တကယ်ပါပဲ ... အမေတို့ကတော့ ...။

ဒါကြောင့် ရေချမ်းလည်း ခုထိ လူကြီးမဖြစ်တာ နေရာတကာ ယုယလွန်းလွန်းသည်။ သံယောဇဉ် တွယ်လွန်းသည်။ ခွေးကလေး ကြောင်ကလေး မွေးမိသည်ကအစ ... ယုယမဆုံးတော့ ကြောင်ကလေးတွေ သေပြန်တော့လည်း ငိုရပြန်သည်။ ခွေးကလေး သေတော့လည်း ငိုရပြန်သည်။

ပြီးတော့ လူတွေလိုပဲ ရက်လည်လျှင် ဆွမ်းချက် ဘုန်းကြီးကျောင်းပို့ပြီး သပိတ်သွတ် တရားနာရသည်။ ရေချမ်း ဖျားလျှင်တော့ အဖေက ခေါင်းရင်း အမေက ခြေရင်းနေပြီး တစ်မိနစ်ကို အခွန်းတစ်ရာလောက်နှုန်းဖြင့် ...

"နေသာရဲ့လား"

"ခေါင်းမူးသေးလား"

တစ်ယောက်တစ်လှည့် မေးနေပုံမျိုးတော့ ဝေ နည်းနည်းမှ စိတ်မရှည်။

ခုတော့ လူစင်စစ် ဖြစ်နေတော့ ပိုဆိုးတော့မည် လူနာကလည်း မျက်လုံးကြောင်တောင်ဖြင့် နိုးလာပြီး မမေးမမြန်း ဆေးသောက်ပြီးသည့်အခါ ရေချမ်း ကိုယ်ပေါ်မှာပင် ခေါက်ခန အိပ်ပျော်သွားပြန်တော့သည်။

"အမေ ... နက်ဖြန်နေကောင်းရင် ပြန်သာလွှတ်လိုက်တော့ ဘယ်သူဘယ်ဝါမှန်း ဘယ်လိုပြသာနာရှိမှန်း မသိ။ တော ကြာ ခပ်ကြောင်ကြောင်နဲ့ လူသတ်ပြီး ပြေးလာတာ



ဘာတို့ဆို အမေတို့ပဲ ဒုက္ခရောက်နေမယ်"

"ညည်း အေ ..."

မကျေမချမ်းဖြင့် ဝေ့ကို မျက်စောင်းလှည့်ထိုးရင်း ပင် ...

"သားလေးရေ ...။ သူ့ကို ဒီမှာပဲ သိပ်လိုက်တော့။ ဖျား နေတာ ဆိုင်ထဲ ပေးသိပ်လို့ မဖြစ်ဘူး"

ဟု အမေက မျှော်လင့်ထားသည့် အတိုင်းပင် ပြော ပါတော့သည်။ ဝေ့မှာတော့ စိတ်တွေ မောလိုက်ရတာ ...။

"ဂွမ်းကပ်စောင်လေးတစ်ထည် ခြုံပေးထားလိုက် သားရယ်။ ဆိုင်ထဲမှာထက်တော့ ဒီမှာက နွေးတာပေါ့"

ရေချမ်း ဆိုသည်က ... နာမည်ကိုက ရေချမ်း။ အမေ့ကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ထွက်သွားပြီး ခဏကြာ တော့ ဂွမ်းကပ်တစ်ထည်ယူပြီး ပြန်ရောက်လာသည်။ ကြက်သွန်ခွဲ တွေ နွှာပြီးသား ကြက်သွန်တက်တွေကို သိမ်းဆည်းပြီး ဝေ လက်ဆေးကြောနေစဉ်မှာ အဖေ ပြန်ရောက်လာသံ ကြားရသည်။

"ဘယ်လို ဖြစ်တာလဲ ဖျားပြီလား"

ဟု အမောမပြေသည့် လေသံဖြင့် လှမ်းမေးလိုက် သံ ကြားသည်။ ဝေ ဘာမှဝင်မပြောချင်တော့ဘဲ အိပ်ခန်းထဲသာ တန်းဝင်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တဟင်းဟင်း ညည်းညူသံ၊ စုတ်သပ်သံ ခပ်တိုးတိုး ကြားရသည်။ မသည်းမကွဲ ရေရွတ်သံက ... "မေမေ"ဆိုလား ... "မာမီ"လား ... မသေမချာ ...။

အိပ်မက်တစ်ခုလို ဝိုးတဝါး ထင်နေမိပြီး အာခေါင်တွေ သွေ့ခြောက်လာရာကနေ ဖျတ်ခနဲ နိုးပြီး ခြင်ထောင်ထဲ ထ,ထိုင်လိုက်မိသည်။

"ဟိုလူ ..."

ခြင်ထောင်ထဲက ဖျတ်ခနဲ ထွက်လိုက်သည်။ မိုးတွင်းမို့ ရေအိုင် ရေဝပ်ပြီး ခြင်တွေ အတော်ပေါလာသည်။ ခြင်တွေကို လက်ဖဝါးဖြင့် ယမ်းပစ်လိုက်ပြီး ဧည့်ခန်းထဲ ခြေဖျားထောက် လျှောက်ခဲ့သည်။ ရေသံလိုလို ကြားသည်မို့ သစ်သားတန်းကလေးတွေကြားက ငုံ့အကြည့်မှာ ရေဇလုံတွေ မျက်နှာသုတ်ပဝါအဟောင်းတွေနှင့် အလုပ်ရှုပ်နေသည့် အဖေ့ကို မြင်လိုက်ရတော့သည်။

"အဖေ ... ဘာလုပ်နေတာလဲ"

အဖေက နောက်လှည့် မော့ကြ...



"ကိုယ်တွေ ခြစ်ခြစ်တောက်နေတာပဲ။ တစ်ချိန်လုံးညည်းနေတော့ အဖေလည်း အိပ်လို့မရတော့ဘူး၊ အဲဒါနဲ့ ထ,စမ်းကြည့်တာ။ ငှက်ဖျားများလား မသိဘူး"

"သမီးကို နှိုးပါတော့လား ... အဖေ ရယ်"

"ရပါတယ် ...။ ဘယ်သူမှ မနှိုးချင်ဘူး ...။ ရေဝတ်နဲ့ အုပ်ပေးရင် အဖျားကျသွားမှာပါ။ ရတယ် သမီး သွားအိပ်ချေ"

"အဖေတို့ကတော့လေ ..."

သည်လိုသာ ဝေ ညည်းနိုင်ပါသည်။ အဖေ့ကို သူ့အနားမှာ တစ်ယောက်တည်း ထားပြီး ဝေက အိပ်နေရက်မှာလား။ အပို အလုပ်တွေ သိပ်လုပ်တာပဲဟု လည်း မဆိုရက်ပြန်တော့ ဝေသည် ဧည့်ခန်းထဲဝင်ပြီး အဖေ့ဘေးမှာ ဝင်ထိုင်ရတော့သည်။ သူ့ လက်ဖဝါးတွေကို စမ်းကြည့်သည်။ သူ့လည်တိုင်အောက်ဘက်နှင့် နားထင်ကို စမ်းကြည့်သည်။ လက်ကောက်ဝတ် သွေးခုန်နှုန်းကို မှန်းကြည့်သည်။ လက်ကောက်ဝတ် သွေးကြောသည် အပူရှိန်ကြောင့် တဆတ်ဆတ် ခုန်နေ၏။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသည် ဆိုသော အဖေ့စကား မလွန်။

"အဖေ နားထင်ရင်းတွေ ရေအေးအေး အုံပေးမှနော်။ အပူရှိန် များလွန်းရင် ဦးနှောက်သွေးကြောတွေ ပျက်စီးတတ်တယ်တဲ့။ သူက နဂိုကမှ ခပ်ကြောင်ကြောင်ရယ်"

အဖေက မျက်လုံးလှန်ကြည့်ရင်း ...

"မိုးရေ အေးအေးတစ်ခွက် သွားခပ်ချည်ဦး"

ဟု ဝေ့ကို ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးဖွင့်လိုက်ရမလား အဖေ"

"မဖွင့်နဲ့ ... သူ လန့်သွားပါဦးမယ်"

အဖေ မမြင်အောင် နှုတ်ခမ်းကို မဲ့ရွဲ့ပစ်လိုက်ပြီး အိမ်နောက်ဖေးဘက် ထွက်ခဲ့သည်။ ရေစည်ပိုင်းထဲက ရေသည် ရေတံလျှောက်မှ ခံထားသည့် မိုးရေမို့ စိမ့်အေးနေ၏။ တစ်နေကုန် ပင်ပန်းခဲ့သည်မို့ အမေကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန် ရှိသည်။ ဧည့်ခန်းထဲ ဝေ ပြန်ရောက်တော့ အဖေသည် သူ့နဖူးတွေ နားထင်အုံတွေပေါ် ရေဝတ်တင်ပေးနေရင်း အတွင်းခန်းတွေက ညအိပ်မီးကြောင့် မှုန်ပျပျ လင်းနေသည့် အလင်းရောင်အောက်မှာ သူ့လက်ဖဝါးမို့မို့ပေါ်က လက္ခဏာအရေးအကြောင်းတွေကို အားစိုက်ကြည့်နေလေသည်။

"ဒီ ကလေးက ... အစွဲအလမ်း ကြီးတဲ့သူပဲ ..."

ဝေ ... စိတ်မဝင်စားပါ။ အမှန်တကယ်တော့ သူ ဘယ်လိုလူပဲဖြစ်ဖြစ် သူ့ကို ပြန်သွားစေချင်ပြီ။ သည်လိုလူမျိုးတွေက ပြဿနာများစွာကို သယ်ဆောင်လာတတ်သည်။ ရိုးရိုးသားသား ဖြစ်လျှင်တောင် သူနှင့် ပတ်သက်ပြီး နောက်ဆက်တွဲ ပြဿနာများကို ရင်ဆိုင်ရမည်။ ဒါပေမယ့် အဖေနှင့် အမေ၏ သဘောကောင်းစိတ် ငဲ့ညှာလွန်းစိတ်ကို ဝေ ကိုယ်တိုင်လည်း ပြတ်ပြတ်သားသား မတွန်းလှန်ချင်တာ အမှန်ပင်။ တကယ်ဆိုလျှင် အဖေတို့ အမေတို့ ရင်ထဲက ဗြဟ္မစိုရ်တရားမျိုး ဝေ့ ရင်ထဲ ကူးစက်ပျံ့ပွားလာဖို့ကိုပင် ကြိုးစားရဦးမှာ။ သို့ပေမယ့် ဆေးသည် သဘောကောင်း၍မဖြစ်၊ ငဲ့ညှာလွန်း၍မဖြစ်၊ အားနာတတ်၍မဖြစ်၊ ကိုယ်ချင်းစာနေ၍မဖြစ် ...။



အိမ်တစ်အိမ်၊ မိသားစုတစ်စုမှာ ဝေ့လိုလူမျိုး တစ်ယောက်တော့ ရှိမှဖြစ်မည် ...။

ဆိုင်က ထမင်းချိုင့် အကြွေးတွေကို ဝေပဲ လိုက်တောင်း၍ ဖြစ်သည်။ ပေးထားသည့် လိုက်လျောမှုထက် ပိုပြီး အခွင့်အရေး ယူချင်တတ်သည့် လူမျိုးတွေကို ဝေသာ ဆက်ဆံရသည်။ ပိုပိုသာသာ ထည့်ပေးထားသည့် ဟင်းကို အဆစ်ထပ်တောင်းသူတွေ၊ ထမင်းစားရုံမကဘဲ ဖွန်းခက်ရင်း လက်သုတ်ပဝါ အလစ်သုတ်ချင်သည့် လူတွေ ...

သည်လိုလူမျိုးတွေကို အဖေတို့ အမေတို့ ဘယ်လို ဆက်ဆံမလဲ ...။

"တစ်သက်လုံးလည်း ငွေကြေးအတွက်တော့ နည်းနည်းမှ မပူပင်ရဘူး ...။ ဒါပေမယ့် စိတ်တော့လည်း မချမ်းသာရဘူး"

"အဖေ ... မောင်ကြီး မည်းကြီးထဲ ... မျက်စိပျက်နေပါဦးမယ် ...။ ဖယ် ... ဖယ် ... သမီးတစ်လှည့် ရေဝတ်အုပ်ပေးဦးမယ်"

"သမီး မလုပ်ပါနဲ့ ...။ အဲဒီမှာပဲ ထိုင်နေ"

"ရေ ... ရေ ..."

"ယော ... ရေ တောင်းနေတာ ထင်တယ်"

ခပ်သဲ့သဲ့သာ ကြားရသည့် အသံကို အဖေက စိတ်မှန်းဖြင့် အဓိပ္ပာယ်ဖော်သည်။ ရေပြေးခပ်ရပြန်သည်။

"ဖွန်းကလေးနဲ့ စွတ်ရုံပဲတိုက်"

ဆိုတော့ ဖွန်း ပြေးယူရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြော် ... ဒုက္ခ ...

မခေါ်ဘဲ လာတဲ့ ဒုက္ခ ...။

နှုတ်ခမ်းတွေက သွေ့ခြောက်ပြီး ရှုံ့တွနေသည်။ နှုတ်ခမ်းဖျားတွေ စိုစွတ်ရုံ ရေစက်ချပေးလိုက်တော့ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေသူက နှုတ်ခမ်းပေါ်က ရေစက်တွေကို လျှာဖြင့် သိမ်း၏။ ပြီးတော့ ရေကို အငမ်းမရ ဖြစ်လာပုံမျိုးဖြင့် နှုတ်ခမ်းတွေကို လျှာဖြင့် သပ်နေသည်။ မျက်တောင်တွေ တဖျပ်ဖျပ် လှုပ်ခတ်လာသည်။ မျက်လုံး တဖြည်းဖြည်း ပွင့်လာသည်။ လက်ချောင်းတွေက ပရမ်းပတာ လှုပ်ရှားလာပြီး ...

“ရေ ...ရေ ...”

ဟု ပီပီသသ အော်၏။

“သမီး... အဖေ ပွေ့လိုက်မယ် ...။ ရေတိုက်... ရေ တိုက်”

အဖေက ကျောနောက်ကပွေ့ပြီး သူ့ကို ထူမတ်ပေး ရသည်။ ဝေ့ဆီက ရေခွက်ကို လက်နှစ်ဖက်ဖြင့် လှမ်းဆုပ်ပြီး အငမ်းမရ ရေသောက်နေပုံကို မြင်ရတော့ အဖေ့သမီးပီပီ ကရုဏာ စိတ်တော့ ဝင်မိသေးသည်။ အဖျားသွေးကြောင့် မျက်နှာမှာ သွေးရောင်လွှမ်းပြီး နှုတ်ခမ်းလွှာတွေ ထူအမ်းနီမြန်းနေသည်က ပင် ကြည့်လို့ကောင်းသေးဟု ထင်မိသည်။

တကယ်တော့ ... အတော်နုပျိုသေးသည်ပဲ။ ကလေး တစ်ယောက်လို နုနယ်သန့်စင်သည့် မျက်နှာလေးပဲ။ ဆံပင်တို ကပ်ကပ် ညှပ်ထားသည်ကြောင့် မျက်နှာသွယ်သွယ်က ရှင်းလင်း နေသည်။ မျက်ဝန်းအစုံကတော့ အဖျားသွေးကြောင့် ရီဝေမှုန်မှိုင်း



ဆံပင်။ ရေချမ်း၏ အဝတ်အစားတွေက ခပ်နွမ်းနွမ်းပေမယ့် သူ့ ကိုယ်ပေါ်မှာ ပိုပြီး အရောင်ထွက်လာသည် တင်ရ၏။

ရေသောက်ပြီးသွားသည့်အခါ မျက်ဝန်းတွေ အနည်း ငယ် ကြည်လင်လာပြီး အလင်းရောင် အားနည်းလှသည့် ပတ်ဝန်း ကျင်က ပုံရိပ်တွေကို သူက အားယူကြည့်နေသည်။ အဲသည်အကြည့် ဝေသီသီမှာပင် နားလည်ရခက်ခြင်း၊ ဇဝေဇဝါ ဖြစ်ခြင်း၊ စိတ်ရှုပ် ထွေးခြင်းတို့ ရောယှက်နေခဲ့သည်။ ပြီးတော့ မျက်တောင်တွေ မှေးစင်းလာပြန်သည်။

“မာမီရော ...”

ဖေဖေက သူ့ကို လှဲအိပ်စေလိုက်သည်။

“မာမီ ဘယ်မှာလဲ”

ညည်းညူရင်း မသည်းမကွဲ ရေရွတ်ရင်း သူ့မျက် ဝန်းတွေ ပိတ်ကျသွားပြန်သည်။

“မိတဆိုးလေး များလား”

ဟု အဖေက သူ့ဘာသာ တစ်ယောက်တည်း မေး ခွန်းတွေ မေးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်နေရင်းက အမေသည် ...

"ကောင်လေး နိုးပြီလား"

ဟု မကြာခဏ လှမ်းမေး၏။ အမေ့ မျက်နှာပေါ်မှာ ကြောင့်ကြရိပ်ကို မြင်ရသည်။ လူကြီးတွေ မကြာခဏ ပြောတတ်သည့် ဘဝရေစက် ဆိုတာများလား။ သည်လိုဖြင့် အမေ့မှာ ရေစက်တွေ များလှသည်ဟု ဆိုရမည်။ ဆိုင်မှာ ထမင်းလာစားသည့် အဆောင်သူတွေကို ...

"ရေစက်ရှိလို့ ဆုံရတာ ..."

ဟု အမေက ပြောတတ်၏။ အဆောင်သူတွေကလည်း သဘောမနော ကောင်းသည့် အမေ့ကို ခင်မင်ရင်းနှီးအောင် ပေါင်းပြီး တို့စရာ ငါးပိရည်လေးအစ လက်ဖက်ကလေး နမ်းကလေးအစ ပလတ်စတစ်အိတ်ပါးလေးတွေနှင့် သယ်သယ်သွားတတ်တာ စုဝေ မြင်နေရသည်။

"မနိုးသေးဘူး အမေ"

"ညက အဖျားတက်သေးဆို"



"ဟုတ်ကဲ့ ... အဖေ ရေဝတ်အုပ်ပေးလိုက်တော့ ပြန်ကျသွားပါတယ်"

"တော်သေးတာပေါ့အေ ... အင်း ... နေရင်းထိုင်ရင်း သူများအပူ ကိုယ့်အပူကျနေပြီ ... ဒီလိုပုံစံကြီးနဲ့လည်း မနှင်ရက်။ သူ့အိမ်သိလည်း အကောင်းသား လိုက်ပို့ရအောင်။ ဒါမှမဟုတ် သူ့အိမ်က သိရအောင် သတင်းစာထဲ ထည့်ရင်ကောင်းမလား"

"အမေ ..."

ဝေ စိတ်တိုမှန်းသိတော့ အမေက တဟက်ဟက် ရယ်နေလေသည်။

"ပေါက်ကရတွေ လျှောက်စိတ်ကူးမနေနဲ့"

"အေးပါ အေ ...။ အမေက ကြုံရာမရ ပြောတာပါ"

မီးဖိုထဲမှာ ဝေတို့ အလုပ်ရှုပ်နေဆဲ အိမ်ရှေ့ဆီက စကားပြောသံ ကြားရသည်။ သည် မနက်ခင်းမှာ သူကောင်းကောင်း အဖျားကျသွားပြီ။ သို့ပေမယ့် အစာကြမ်းကြမ်းကျွေးဖို့ မသင့်သေးဟု ဝေက ထင်သည်။

"ဟော ... နိုးပါပြီ အမေ့ မွေးစားသား"

"အေး ... ကော်ဖီလေး ဘာလေး တိုက်ရအောင်"

"အမေတို့များ ဝတ္တရား ကျေလွန်းလိုက်တာနော် ..."

ဆူဆူအောင့်အောင့် ပြောပြီး အိမ်နောက်မှပတ်ကာ ဆိုင်ဘက် ထွက်ခဲ့သည်။ ဆိုင်ထဲမှာ ရေချမ်းတစ်ယောက်တည်း သန့်ရှင်းရေး လုပ်နေ၏။

"နင့် ဘော်ဒါ နိုးလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေက အော်ပြောလိုက်ပြီး ပြုံးမိသည်။
သြော် ...
လောကကြီး ရယ် ...
ကမောက်ကမနဲ့ ပါလား ...။



သည်နေ့တော့ မိုးရိပ်အနည်းငယ် စင်သည်။ မနေ့က ကောင်းကင်သည် သူ မဟုတ်ခဲ့သလိုပင် ကြည်လင်နေ၏။ တိမ်လိပ်တွေ ပျံ့ကြဲနေပေမယ့် ကောင်းကင်နောက်ခံ အပြာကို မြင်ရသည်။ နေရောင်ခြည် ထွင်းဖောက်ကျသည်ကို မြင်ရသည်။ ဝေတို့ အိမ်ရှေ့က ခရေပင်ကြီးအောက်မှာ ခရေပန်းတွေ အများကြီး ကြွေနေပြီ။ တချို့လည်း ရေစိုသဲတွေထဲနစ်လို့ ... တချို့လည်း လန်းလန်းဆန်းဆန်း သန့်သန့်စင်စင် ရှိနေသေးသည်။ ဈေးမသွားရသည့် နေ့မျိုးမှာ အသီးအရွက် သင်ပြီးသည်နှင့် ဝေ ခရေပန်းကောက်သည်။ ခရေပန်းတွေ သီချိန်မရလျှင် ပန်းပန်ပြားထဲ ထည့်ပုံပြီး ဘုရားပန်းကပ်သည်။ နားချိန်ရလျှင်တော့ ခရေပန်းသီပြီး အခွေလိုက် အကုံးလိုက် ဘုရားကပ်ရသည်။ ကိုယ်တိုင် ပန်းမပန်ဖြစ်ပေမယ့် ဝေက ပန်းကြိုက်သည်။ အထူးသဖြင့် ခရေရနံ့နှင့် ယဥ်နေသည်မို့လားမသိ။ ခရေပန်းကို ကြိုက်သည်။ အရောင်အဆင်းက မွဲပေမယ့် စူးစူးရှရှ မွှေးသော ခရေသည် ဝေနှင့် တူလှသည်ဟူ၍ပင် ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ် ခြင်းလေးထဲမှာ ခရေသန့်သန့်လေးတွေ ရွေးကောက်သည်။ နှုတ်ကလည်း သီချင်းလေး ညည်းမိသည်။ အိမ်မှာ လူတစ်ယောက် တိုးလာသည့် အဖြစ်က စိတ်ညစ်ညူးစရာ ဖြစ်နိုင်သလို စိတ်တက်ကြွစရာလည်း ဖြစ်နိုင်သည် ထင်မိ၏။

"ဟာ ခရေပန်းတွေ ကြွေနေတာပဲ"

ဖြုန်းခနဲ သူမ ရှေ့ ခြေထောက်တစ်စုံ ရောက်လာသည်။

ဖောင်းအိပြီး ပြည့်တင်းသော နီမြန်းမြန်း ခြေဖမိုးတစ်စုံ ...။ အဲသည် ခြေထောက်တွေမှာ ဖိနပ် မပါ ...။

"အများကြီးတောင် ရ,နေပြီ"

အံ့ဩမဆုံးနိုင်ခင်မှာ သူက ဝေ့ရှေ့မှာ ဇွေ့ခနဲ ထိုင်ချလိုက်သည်။

"ကျွန်တော်လည်း ကောက်ပေးမယ်"

လာပြန်ပြီ ...။

စိတ်အနှောင့်အယှက် ဖြစ်သွားရပေမယ့် သူဟာ လောလောဆယ်မှာ သူမတို့အိမ်မှာ မှီခိုနေသူဆိုတာ ဝေ မမေ့ပါ။

"နေမကောင်းသေးဘဲနဲ့ ... ဘာလို့ ဆင်းလာရတာလဲ။ ဖိနပ်လည်း မပါဘူး"

"နေကောင်းပါတယ် ... အိပ်ရာထဲ လှဲနေရင် နေမကောင်းဖြစ်ချင်တယ်။ ဖိနပ်ကတော့ ရှိမှမရှိဘဲ"

"နင့်မှာ ဖိနပ်မပါဘူးလား"

"မပါဘူးလေ။ မပါဘူး ထင်တာပဲ"



"ဖိနပ်မပါဘဲ သဲပေါ်ရပ်နေရင် ပြန်ပြီး အဖျားတက်မှာပေါ့"

"တက်ပေစေ"

"နင်က တက်ပေစေ ဆိုပေမယ့် နင် အဖျားတက်နေတော့ ငါတို့က ရေပတ်အုပ်ပေးရ ဆန်ပြုတ်ကျိုပေးရနဲ့ အလုပ်ရှုပ်တယ်ဟဲ့ ..."

သူက ... တွေခနဲ ငြိမ်သက်သွားပြီး စုဝေကို စိုက်ကြည့်နေသည်။

"နေကောင်းပြီ ဆိုလည်း နင့်အိမ် နင်ပြန်တော့"

"အိမ် ..."

"အေးလေ ... ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

"အိမ် ပြန်ရမယ် ... ဟုတ်လား ..."

"အေးပေါ့ ...။ ပြန်ရမှာပေါ့ ...။ နင့် မိဘတွေ ရှိတယ် မဟုတ်လား။ မောင်နှမတွေလည်း ရှိတယ် မဟုတ်လား။ သူတို့က နင့်ကို စိတ်ပူနေမှာပေါ့။ နင်ပျောက်သွားတော့ လိုက်ရှာနေကြမှာပေါ့။ နင့်အိမ်လိပ်စာသိရင် ဟဲ့လေ ..."

"ဘာလုပ်ဖို့လဲ"

"တို့ ပြန်လိုက်ပို့မှာပေါ့"

"မပြန်ဘူး ... မပြန်ဘူး ... ငါ အိမ်မပြန်ဘူး"

ဝေ အံ့ဩထိတ်လန့်ဆဲမှာ သူ ဝေ့ရှေ့က ဖျတ်ခနဲ ထ,ပြေးသွားသည်။ အိမ်မရောက်ခင် လမ်းတစ်ဝက်မှာပင် ဖေဖေနှင့်တွေ့ပြီး မေးနေသံကို ကြားရ၏။

"ကျွန်တော် အိမ်မပြန်ဘူး။ ကျွန်တော် အိမ်မပြန်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါကွ ... မင်းကို ဘယ်သူမှ အိမ်ပြန် မပို့ပါဘူး။ လာ ... ဆေးသောက်ပြီး တစ်ရေးလောက် ပြန်အိပ်လိုက်ဦး။"

တုန်လှုပ်နေသည့် မတည်ငြိမ်သည့် မျက်ဝန်းတစ်စုံ သည် ဝေ့ စိတ်တွေကို သိမ်းကျုံးလွှမ်းမိုးလိုက်သလို ထင်၏။ ပျော်ရွှင်တက်ကြွဆဲ လောကကြီးကို အကောင်းဘက်က ရှုမြင် တတ်ဆဲ။

အသက်နှစ်ဆယ် ဝန်းကျင် လူငယ်တစ်ယောက်။

အိမ်မပြန်ချင်ဘူး ... တဲ့။

အိမ်က ထွက်ပြေးစေဖို့ ဘယ်လို အကြောင်းချင်း ရာတွေကများ တွန်းပို့ခဲ့တာပါလိမ့် ...။

သည် ဇာတ်လမ်း ဘယ်လိုများ အဆုံးသတ်ရမှာပါ လိမ့်ဟု တွေးမိလျှင် ဝေသည် ရင်မောဆို့ကျပ်လာပြီး ပင့်သက် ချည်းသာ ရှိုက်ဖြစ်၏။

နှစ်ခြိုက်လှသည့် ခရေရနံ့ကိုပင် တရှိုက်မက်မက် မနမ်းမွေးဖြစ်တော့။





**အခန်း(၂)**

မျက်တောင်ခတ်သည် မထင်ရဘဲ ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည့် မျက်လုံးတစ်စုံကြောင့် ဝေ အသက်ရှူပင်မှား ချင်၏။ ကြွေပန်းကန် ကိုင်ထားသည့် လက်ချောင်းတွေက တုန် ယင်လာသည်။ အဲသည် မျက်လုံးတစ်စုံ၏ အကြည့်သည် ချောက် ချားဖွယ် ဖြစ်၏။ ငြိမ်သက်စူးစိုက်နေသည့် မျက်ဆံအိမ်သည်ပင် လျှင် ဂနာမငြိမ်ခြင်းကို ဖော်ပြနေသည်။ တစ်ခါတလေတော့လည်း ကြေကွဲဝမ်းနည်းသည့် အရိပ်တွေကို မြင်ရသည်။ စကားတွေ အမျှင်မပြတ် ပြောသည့်အခါ ပြောနေပြီး တစ်ယောက်တည်း တစ်နေရာကို ငြိမ်သက်စူးစိုက်လျက် တိတ်ဆိတ်သည့် အခါလည်း တိတ်ဆိတ်နေသည်။ သူ့အကြည့်က ဝေ့မျက်နှာမှခွာပြီး ကြွေပန်း ကန်ဆီ ရောက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ... မနက်ကတည်းက ဘာမှ မစားသေးဘူးဆို ... ဆန်ပြုတ်သောက်လိုက်ဦး"

သူက ခေါင်းခါသည်။

"ဆန် ချည်းပဲ မဟုတ်ဘူး၊ ကြက်သားနဲ့ ပြုတ်ထားတာ။ ကြက်သွန်ဖြူကြော်ရော ကြက်သွန်မိတ်ရောပါတယ်။ အနံ့လေးကို မွှေး ... လို့"

ဘယ်သူ့ကိုမှ သည်လောက် စိတ်ရှည်ရှည်ထားပြီး မဆက်ဆံ မချော့မော့ဖူးဘူးဟု မိမိဘာသာ တွေးမိသည်။ နည်းနည်းတော့ စိတ်တိုချင်လာပြီ။

"ဒီမှာ သောက်ကြည့်စမ်း"

ခပ်ကြမ်းကြမ်း ခေါင်းခါသည်။

"နင်ဟာလေ ... တော်တော်ကြီးကျယ်တဲ့ကောင်။ ဖျားနေလို့ ဆန်ပြုတ်တိုက်တာဟော့။ ထမင်းမကျွေးချင်လို့ မဟုတ်ဘူး။ သိရဲ့လား"

"သမီး ... ရယ်"

ခပ်ပျော့ပျော့ မေမေ့ အသံကို နောက်ဘက်ဆီက ကြားရတော့ သူ ဆတ်ခနဲ ခေါင်းထောင်လာသည်။

"အမေ့သမီးကတော့ ဝေဒနာသည်နဲ့ပြိုင်ပြီး စိတ်ချည်းတိုနေတော့တာကိုး"

"အမေ့လိုတော့ စိတ်မရှည်နိုင်ပါဘူး အမေရယ်။ တကတည်း ကျေးဇူးရှင် ကျနေတာပဲ"

"သွားပါ ... , အဘွားကြီးအို ပေါက်စ,လေး ကျနေတာပဲ ပွစိ ပွစိနဲ့ ..."



ဝေ့လက်ထဲက ကြွေပန်းကန်ကို အမေက ပြောင်းယူလိုက်ပြီး သူ့ရှေ့မှာ ထိုင်ချလိုက်သည်။

"ကလေးက ထမင်းစားချင်လို့လား ...။ မင်းက ကိုယ်လေး နွေးနေသေးတယ် သားရဲ့။ အဖျားက ကောင်းကောင်းမပျောက်သေးဘူး။ ဒါကြောင့် အမေက ထမင်းမစားစေချင်တာ။ ဆန်ပြုတ်ဆိုတာက ဆန်ကို ကြေနေအောင် မွှေပြီး ကျိုထားတာ အစာကျေလွယ်တယ် သား ... ရဲ့"

အို ...

အမေ့ကို သူ စိုက်ကြည့်နေပုံက ... ,

ဝေ ဖြန်းခနဲ ကြက်သီးတွေ ထ,သွားသည်။ ချက်ချင်း မျက်ရည်တွေ ပြည့်လျှံပြီး စွတ်စိုလာသော မျက်လုံးတစ်စုံသည် အမေ့ရှေ့မှောက်မှာ အသနားခံနေသလို ရှိ၏။ ဝမ်းနည်းထိခိုက်ခြင်းတွေ ပြည့်သိပ်နေသည့် သူ့ရင်ထဲ ထွင်းဖောက်မြင်နိုင်စေသည်။

ပြီးတော့ ...

တစ်စုံတစ်ရာကို မျှော်လင့်နေသည့် မျက်ဝန်းမျိုး။

တော်မွတ်တောင့်နေသည့် အကြည့်မျိုး ...

"မေမေ"

ဝေ သူ့ရှေ့ကနေ ချာခနဲ လှည့်ထွက်လိုက်သည်။ အမေ့ ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်သည်လား။

အမေ့ပခုံးမှာ မှီချလိုက်တာလား ...

ဟင့်အင်း ...

မမြင်ချင်ပါဘူးလေ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆန်ပြုတ်သောက်မယ် မဟုတ်လား ကလေး"

"သောက်မယ် ... မေမေ ဒီမှာပဲ နေနော်"

"အေး ... အေးပေါ့ ... နေမှာပေါ့"

"ဘယ်ကိုမှ ထွက်မသွားနဲ့နော် ... မေမေ။ ဖေဖေ ကျွန်တော့်ကို ရိုက်ရင် ကွယ်ထားပေးနော် ... နော် ... မေမေ"

"အေးပါကွယ် ... အေးပါကွယ် ... ဖေဖေကလည်း မရိုက်ပါဘူး။ ဆန်ပြုတ်သောက်လိုက်နော်"

ဝေ့စိတ်တွေ နောက်ကျူရှုပ်ထွေးလာပြီး အမေနှင့်သူ့ကို ကျောခိုင်းထွက်လာခဲ့တော့သည်။ သည်လိုအခြေအနေကြီးက ဘယ်လောက် ကြာနေမှာလဲ ...။

တာဝန်ယူမည့် တာဝန်ခံမည့် တစ်စုံတစ်ယောက် ပေါ်မလာ မချင်း ...။

မျက်ရည်ပြည့်သိပ်နေသည့် မျက်ဝန်းတစ်စုံကို ပြန်မြင်ယောင်ပြန်တော့လည်း ... ဝေသည် နှလုံးသားနှင့် ခံစားချက်နှင့် လူသားတစ်ယောက်ပေပဲမို့ ...,။



"ဘယ်လို ဆက်လုပ်ကြမှာလဲ အဖေ ...။ ခွေးကလေး ကြောင်ကလေး မဟုတ်ဘူး နော် ...။ ခွေးတွေ ကြောင်တွေက ပိုင်ရှင် မပေါ်မချင်း မွေးထား ကျွေးထားလို့ ရတယ်။ ပိုင်ရှင်ပေါ်လို့ ပြန်ပေးလိုက်ရရင်လည်း ပြဿနာမရှိဘူး။ ရော့ ... အင့် ... ဆိုပြီး ပေးလိုက်ရုံပဲ ...။ ခုဟာက လူ၊ ဒီလိုပုံစံနဲ့ ရေရှည် မဖြစ်ဘူး ..."

"ဟုတ်ပါတယ် သမီးရယ်။ အဖေလည်း အဲဒါကို စဉ်းစားပါတယ်။ သူ ဖျားတာက ရှင်းရှင်းမပျောက်သေးလို့ပါ။ ကောင်းသွားရင်တော့ ရဲစခန်းပဲဖြစ်ဖြစ် ... စိတ်ကုဆေးရုံပဲဖြစ်ဖြစ် အကြောင်းကြားပြီး အပ်နှံရမှာပေါ့။ မနေနဲ့ ... သွားချင်ရာသွားတော့ဆိုပြီး တာဝန်မဲ့ လုပ်လို့တော့ မရဘူးလေ ...

လောလောဆယ်တော့ ကျွေးထားရတာကလွဲပြီး သူလည်း ဒုက္ခမပေးပါဘူး"

"အဖေ ကိုက ... မနေ ... မထိုင်နိုင် ..."

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ် တင်လာတာကိုးဟု ဝေက ပြောချင်သည်။ ပြောချင်တာတွေကတော့ အများကြီး။ မိဘတွေ ရင်ထဲက စေတနာတွေကို ခံစားနားလည်နေရတော့ အကောင်းကို အဆိုးဘက်က ဝေဖန်ဖို့ ခက်လှသည်။ တကယ်တော့ လူတိုင်း လူတိုင်း ရင်ထဲမှာ ကိုယ်စီရှိရမည့် မေတ္တာတရား၊ ကိုယ်ချင်းစာတရား ... ,

မျက်မှောက်ခေတ်ကြီးမှာတော့ မိုးခါးရေ သောက်မိသူတွေထဲ သည်လူတွေကသာ အရူးဖြစ်ရဦးမည်။

"သြော် ... သမီးရယ်။ ကိုယ့်မျက်စိရှေ့ ဒုက္ခရောက်နေတာတွေ့တော့လည်း မျက်နှာလွှဲပြီး မနေနိုင်ဘူးကွယ် ...။ တို့ဟာ ဗုဒ္ဓဘာသာ မဟုတ်လား။ မြန်မာလူမျိုး မဟုတ်လား။ တရားကို သိရုံ သိနေလို့ မပြီးဘူး ...။ ရင်ထဲမှာ ရှိနေရမယ်လေ ..."

အဖေ့ စကားသံ အေးအေးက ရင်ထဲစိမ့်ဝင် စီးဆင်းသွားသည်။ အဖေ့မျက်နှာပြင်သည် ငြိမ်သက်အေးချမ်းနေ၏။ နွေးထွေးသော မေတ္တာတရား၏ အရိပ်က အပြည့်လွှမ်းခြုံထားသည်။ အဲသည် အဖေ့မျက်နှာကို မြင်လိုက်ရလျှင် စောစောကရင်နှင့်အပြည့် ဖြစ်နေသည့် စိုးရိမ်စိတ် ကြောင့်ကြစိတ်တွေလည်း သူ့အလိုလို ငြိမ်းအေးသွားတော့သည်။

ကဲ ... မောင်မင်းကြီးသား ရေ ...

ပျော်သလိုသာ စံပေတော့ ...။



ဆိုက်ကားကို အိမ်ရှေ့ဘက် ခြံတံခါးဝမှာပဲ ရပ်ခိုင်းလိုက်သည်။ ဈေးတောင်းတွေ အိတ်တွေ တစ်ခုချင်း ချနေစဉ် ဆိုင်ထဲက ခုံတွေရွှေ့သံ လှည်းကျင်းသံ ခပ်သဲ့သဲ့ ကြားရတော့ ရေချမ်းပွဲဟု ထင်လိုက်မိပြီးမှ ... ရေချမ်း သည်မနက် ကျူရှင်သွားတက်ရသည် ဆိုတာ သတိရသည်။ ဆိုင်မှာ လှည်းကျင်းသန့်ရှင်းသည့် တာဝန်ကို ရေချမ်းကသာ အများဆုံး ယူရသည်။ ရေချမ်း မရှိလျှင် စဝေက သည်တာဝန်ကို ယူသည်။ ဖေဖေက ပန်းတွေ လှဲကျင်းလျှင် အဆုတ်နာရောဂါ ရှိဖူးသူမို့ စဝေတို့က မသုပ်စေချင်။ ခုလည်း ဖေဖေကိုယ်တိုင်ပဲ ဆိုင်သန့်ရှင်းရေး ဝင်သုပ်နေသည်ဟု စိတ်ထင့်ဆဲမှာ ဆိုက်ကားဆီ ခပ်သွက်သွက် လျှောက်လာသည့် ခြေသံကို ကြားရသည်။

"အစ်မကြီး ပြန်လာပြီ"

"အမယ်"

ကြည့်စမ်း ...

သူကာ ...

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စောစောစီးစီး မြင်လိုက်ရတော့ ဝေ့ မျက်ခုံးတွေ ကုပ်ကျသွားရသည်။ သူကတော့ ရွှင်ရွှင်လန်းလန်းနှင့်ပင် ဝေ့ကို နှုတ်ဆက်နေသေးသည်။ သူ့ကိုယ်ပေါ်မှာ ရေချမ်းရဲ့ ဂျင်း(န်)ဘောင်းဘီအနွမ်း။ ခြေသလုံးတစ်ဝက်နားမှာ အစ,တွေ ဖွာထွက်လို့ ...။ တီရှပ်အဖြူကတော့ သူ့အင်္ကျီပဲ ထင်သည်။ ကြည်လင်နေသည့် မျက်လုံးအစုံနှင့် ဆံပင်တိုတိုကို သပ်သပ်ရပ်ရပ် ဖြီးလို့မို့ ... သူဟာ ခပ်ကြောင်ကြောင်(ဂေါက်ကလေး)လို့ မရင်းနှီးသူတွေက ဘယ်လိုမှ မသိနိုင်ပါ။

ဈေးကအပြန် ရေချမ်း လာမကြိုနိုင်လျှင် စီးနေကျမို့ ဆိုက်ကားသမားကလည်း မျက်မှန်းတန်းမိနေသည့် ဝေ့ကို ...

"အစ်မတို့ ဆိုင်အလုပ်သမား ငှားလိုက်တာလား"

တဲ့ ...။

ဒီလောက် သန့်ပြန့်သည့် ရုပ်ရည်ကလေးကို ...

ဝေ့ စိတ်ထဲ နည်းနည်းပင် မျက်ချင်ချင် ဖြစ်သွားသည်။ အဝတ်အစားက နွမ်းပါးသည်ကိုး ... နော်။

ဒါပေမယ့် ဘယ်လိုမှ ထင်ရက်စရာ မရှိသည့် မျက်နှာလေးပါ။

"မဟုတ်ပါဘူး ... ညီ့သည်ပါ"

ဟု ငြင်းလိုက်ရသည်။ ကောင်လေးက မပြောမဆိုနှင့် ဝေ ဆိုက်ကားပေါ်က ချပြီးသည့် ဈေးခြင်းတောင်းတွေ ပလတ်စတစ်အိတ်တွေကို ဆွဲပြီး အိမ်ဝင်းထဲ ဝင်သွားတော့သည်။ ဆိုက်ကားခ ရှင်းပေးပြီးချိန်မှာ ပစ္စည်းတွေလည်း အိမ်ထဲ အားလုံး ရောက်ပြီ။ ဝေ ... ဆိုင်ဘက် လှည့်ဝင်ကြည့်လိုက်တော့ ဆိုင်ထဲ



မှာလည်း အဖေ မရှိ။ ဆိုင်ဘက် ပြန်လျှောက်လာသည့် ထိုကောင်လေး လက်ထဲမှာ အဝတ်ဟောင်းတစ်ခု ပါလာသည်။

"အဲဒါက ဘာလုပ်ဖို့လဲ"

"ကောင်တာစားပွဲ သုတ်ဖို့လေ အစ်မကြီးရဲ့ ...။ မိုးရွာတော့ စားပွဲက စိုထိုင်းထိုင်းဖြစ်ပြီး မှိုစော်နံနေတယ်"

"ဒါဆို ... စောစောက နင် ဆိုင်ထဲ လှည်းနေတာပေါ့"

"ဟုတ်ကဲ့ ...။ ဘာဖြစ်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး ...။ အဖေ ထင်လို့ ..."

"အဖေက မီးသွေးအိတ် သွားဝယ်တယ်"

"အံမယ်"

သူကများ ... အဖေ ... တဲ့။

ဖြစ်ရပြန်ပြီ ...။

"သူများ အဖေကို အဖေလို့ ခေါ်စရာလား။ ဦးလေးလို့ ခေါ်ပါလား"

သူ ချက်ချင်းပဲ မျက်နှာကြီး ညိုမည်းသွားသည်။

"အစ်မကြီးကလဲဗျာ"

"ဘာ အစ်မကြီးလဲ ...။ အဲလိုမခေါ်နဲ့ ငါ့မှာနာမည်ရှိတယ်"

"အစ်မ နာမည် ကျွန်တော်မှ မသိဘဲ"

"ငါ့ နာမည် စုဝေ ... မဝေ လို့ခေါ်"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ ... မသိလို့ပါ အစ်မကြီးရယ်"

"ဟဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ယောင်သွားလို့ ယောင်သွားလို့ ... မဝေ ... မဝေ"

ရယ်စရာလည်း ကောင်းလှရဲ့ ...။ ပြီးတော့ သနားစရာလည်း ကောင်းသည်။ သူ့ခမျာ အရွယ်ငယ်ငယ်လေးနဲ့ ရုပ်ရည်လေးကလည်း သန့်သန့်ပြန့်ပြန့် ... နဲ့ ...။

ဪ ... ရှေးဘဝ ဝဋ်ကြွေးကြောင့် ထင်ပါရဲ့ ...။

"ကျွန်တော့်မှာလည်း နာမည်ရှိပါတယ်။ ကျွန်တော့်နာမည်ဟဲ့ ... ' မဟုတ်ဘူး"

ဝေက ကိုယ်ကိုကိုင်းပြီး အားရပါးရ အော်ရယ်ပစ်လိုက်သည်။ ရှက်ရိပ်ကြောင့် နီမြန်းမြန်း ဖြစ်သွားသည့် သူ့မျက်နှာသည် အရင်နေ့တွေကထက် ပိုပြီး အသက်ဝင်နေ၏။ မျက်လုံးတွေကလည်း ခုတော့ တည်ငြိမ်လို့ပင်။ မျက်ခုံးနက်နက်တန်းတန်းအောက်က မျက်ဝန်းတစ်စုံကို ဝေ သည်ကနေ့မှပင် အချိန်ကြာကြာ ရင်ဆိုင်ကြည့်ရဲသည်။

ခုတော့လည်း သူဟာ ဝေဒနာသည် တစ်ယောက် မဟုတ်တော့ပြန် ...။

"သိပါတယ် ... နေနေ မဟုတ်လား"

"အင်း ... နေနေလို့ ခေါ်ကြတာပဲ"

"ဟောတော့ ဖြစ်ရပြန်ပြီ။ နေနေမို့ နေနေလို့ ခေါ်ကြတာ ဖြစ်မှာပေါ့"

"ကျွန်တော့် နာမည်က တကယ်တော့ နေလင်း ... နေလင်းကျော်ခေါင်"

"မြတ်စွာဘုရား ... ကြီးကျယ်ခမ်းနားလိုက်တဲ့ နာမည် ပါလား"



အဝတ်စုတ်ကို ကိုင်ပြီး ဆိုင်ထဲဝင်သွားသည့်ကောင်လေးကို လိုက်ငေးကြည့်ရင်း သူ့အကြောင်း တစ်စွန်းတစ်စကို မေးဖို့ သည်အနေအထားက အကောင်းဆုံးပဲ ထင်မိသည်။ ဖျတ်ခနဲ သူ့နောက်က ဆိုင်ထဲလိုက်ဝင်သွားပြီး သူ လှည်းကျင်းစီရီထားသည့် စားပွဲတွေ ခုံတွေ နေရာတကျ ရှိမရှိ ခပ်လျှမ်းလျှမ်း ကြည့်လိုက်သည်။

"နေလင်းကျော်ခေါင် ဆိုတော့ မင်း ဖေဖေ နာမည်က ဦးကျော်ခေါင် ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"နာမည်က ခံ့ညားတယ်နော်။ လူကလည်း ခန့်ခန့်ကြီးနေမှာပဲ။ နေနေက အဖေနဲ့တူတာလား အမေနဲ့တူတာလား"

စားပွဲကို အဝတ်ဖြင့် ခပ်ကြမ်းကြမ်း သုတ်နေရာကနေ သူ ခေါင်းထောင်ကြည့်လာသည့် အကြည့်က ဝေ့ အဖို့တော့ စိတ်လှုပ်ရှားဖွယ် ဖြစ်သည်။ မျက်ခုံးတွေကို ကြုတ်ထားပြီး နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားသည်။ သူ့မျက်ဝန်းထဲက အရိပ်ကို ဝေ ဘယ်လို အဓိပ္ပာယ်ဖော်နိုင်ပါ့မလဲ ...။ တစ်စုံတစ်ရာ အလိုမကျသည့် မကျေနပ်သည့် အရိပ်မျိုးလို့ ထင်သည်။

"ဘယ်သူနဲ့မှ မတူပါဘူး"

"နေနေ့ မေမေက ဘယ်လိုပုံစံလဲဟင်။ ချောမှာပဲနော် ... ခပ်ချောချော အမေတွေကသာ ဒီလိုချောတဲ့ သားမျိုး မွေးတတ်ကြတာ"

သူ့မျက်နှာ ပြောင်းလဲသွားပုံက ဝေ မျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဘက်ပင်။ စားပွဲခုံပေါ် အဝတ်ကို လွှင့်ပစ်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဆိုင်ထဲက သူထွက်သွားသည့်အခါ ဝေ သူ့နောက်ပဲ ပြေးလိုက်သွားရမလား ... နေမြဲ နေရာမှာပဲ ကျန်ခဲ့ရမည်လား ဆိုတာ ဝေခွဲမတတ်နိုင်ခဲ့။

သူ ဘာဖြစ်သွားပါလိမ့် ...

သူ့မှာ အမေနှင့် ပတ်သက်ပြီး နာကြည်းချက် တစ်ခုခုများ ရှိနေလေသလား ...။

အချိန် အကြာကြီး တွေဝေနေခဲ့ပြီးမှ ဆိုင်ထဲမှာလည်း အလုပ်မရှိတော့သည်မို့ အိမ်ဘက် ပြန်လျှောက်ခဲ့သည်။ မနေ့က လျှော်ဖွပ်ထားသည့် လက်သုတ်ပဝါတွေ မီးပူတိုက်ရမည်။ မီးဖို ချောင်မှာတော့ အမေက ဟင်းတွေ စ,တင်ချက်ပြုတ်နေပြီ။ အဖေက အမေ့ အနားမှာ ... ဟင်းရွက်သင်သလိုလို ..., ကြက်သွန် နွှာသလိုလို ...

သည်လိုပါပဲ ... သည်ဇနီးမောင်နှံကတော့ ... ,

"အဖေ နော် ... အိမ်ရှေ့ခန်းမှာ လက်သုတ်ပဝါတွေ မီးပူ တိုက်လည်း ရရဲ့သားနဲ့"

ဆေးပေါ့လိပ် ကိုက်ထားသည့် အဖေ့မျက်နှာက ခပ်ပြုံးပြုံး ဖြစ်သွားပြီး အမေကတော့ ဝေ့ကို မျက်စောင်းလှည့် ထိုးလေသည်။

"သမီးရဲ့ ... အဖေ မီးဖိုထဲ မကူရင် သမီးအမေ လက်ရာ တွေ ဘယ်ကောင်းနိုင်ပါတော့မလဲ။ သမီး မေမေက အဖေ့မျက်နှာ မြင်နေမှ စိတ်ချမ်းသာတာ"

"ဘာတွေ လျှောက်ပြောနေတာလဲ။ ဟုတ်ပါလိမ့်မယ် အားကြီး"



ရှက်ပြုံး ပြုံးလိုက်သည့် အမေ့မျက်နှာသည် အပျိုဖြန်း ကလေး တစ်ယောက်လို နုပျိုသွားသည် ထင်မိ၏။ မီးဖိုထဲမှာ အဖေရှိနေပြီမို့ လက်သုတ်ပဝါတွေ မီးပူတိုက်ဖို့ အိမ်ရှေ့ဘက် ထွက်လာခဲ့သည်။ နေနေ့ကို အိမ်ရှေ့ဧည့်ခန်းမှာ မတွေ့ ...။ မှန် ပြကင်းကနေ လှမ်းကြည့်မိစဉ် အိမ်ခြံဝင်းထဲမှာလည်း မတွေ့။ ရင်ဘတ်ထဲ ထိတ်ခနဲ သွေးဆောင်တိုးလာပြီး ရေချမ်း၏ အခန်း ကျဉ်းကလေးဆီ လျှောက်သွားကြည့်မိသည်။

ရေချမ်းရဲ့ အခန်းထဲမှာလည်း မမြင် ...

"အဖေ ... အဖေ့ ကောင်လေးရော"

"ဟဲ့ ဆိုင်ထဲမှာပဲ မဟုတ်လား သမီးရဲ့။ သမီးနဲ့တောင် စကားပြောနေသေးတာရော"

"ဆိုင်ထဲက ထွက်သွားပြီ ... သမီးက အိမ်ပေါ်တက်လာ တယ် မှတ်နေတာ"

"ဘယ်လို ဖြစ်တာပါလိမ့်"

"သူ့ အမေ အကြောင်း မေးလိုက်လို့များ စိတ်ဆိုးသွား သလား မသိဘူး"

ဝေ တကယ်ပဲ စိုးရိမ်သွားခဲ့ပါသည်။ ခပ်စောစောက သူ့ မျက်နှာပေါ် မြင်လိုက်ရသည့် အရိပ်ကို ခုမှ ပြန်မြင် အဓိပ္ပာယ် ဖော်နေမိသည်။ နာကြည်းရိပ်လား ဝမ်းနည်းကြေကွဲ ရိပ်လား ... သူဟာ ... မိခင်ကို ချစ်ခင် တွယ်တာသူလား ... မုန်းတီး နာကြည်းနေသူလား ...

သူ ရောက်လာသည့်နေ့က,စပြီး ဝေ့ ရင်ထဲမှာ မေးခွန်းပေါင်းများစွာ မဖိတ်ခေါ်ပါဘဲ ရောက်ရှိလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူနှင့် ပတ်သက်သည့် မွေးခွန်းများသည် ဝေ့ကို မငြိမ်းအေးစေခဲ့ ...။

တကယ်ပါပဲ ...
စိတ်ရှုပ်စရာပါလား ကောင်လေးရယ် ...။



"နှင် ဘယ်သွားနေတာလဲ"

"ကျွန်တော် မိုးရွာထဲ ပန်းသွားကောက်တာလေ။ ပန်းတွေ အများကြီးပဲ ရခဲ့တယ်။ ဘုရားတင်လို့ ရတယ်၊ အမေလည်း ပန်လို့ရယ်။ မဝေလည်း ပန်လို့ ရတာပေါ့"

သူ့ ကိုယ်မှာ မိုးရေတွေ ရွှဲနင့်ပြီး ကြွက်စုတ်တစ်ကောင်လို ဖြစ်နေသည်။ သူ့လက်ထဲမှာ ပလတ်စတစ်အိတ်နှင့် တစ်လုံး ပန်း ... တွေ။ ခရေပန်း ... တွေ ...

"ဒီမှာ စိတ်ပူနေတာ ... နှင်ကြာ မိုးရွာထဲ လျှောက်သွားနေတာလား။ နေကောင်းတာဖြင့် တစ်ရက်ပဲ ရှိသေးတာ။ မိုးရွာထဲထွက်တော့ ပြန်ဖျားမှာပေါ့။ နှင် တော်တော် ဒုက္ခပေးပါလား။ လာစမ်း ... အိမ်ပေါ်တက် ... ရေစိုဝတ်တွေ သွားလဲ ...

မနက်ကတည်းက ထွက်သွားတာ ထမင်းလည်း ပြန်မစားဘူး။ ငါက ကားတိုက်ပြီး ကြွနေပြီလားလို့တောင် အောက်မေ့နေတာ။ နှင်က တို့အိမ်ကို ဝင်ချင်သလိုဝင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ချင်သလို ထွက်လို့ရတဲ့ ဇရပ်များ အောက်မေ့နေ
သလား ..."

သူ့မျက်လုံးတွေ ချက်ချင်း အရည်လဲ့လာပြီး မျက်တောင်မခတ်ဘဲ ဝေ့ကို စိုက်ကြည့်နေသည်။ ရေချမ်းကို ဆူနေကျအတိုင်း ပိုင်စိုးပိုင်နင်း ဆူပူနေလိုက်ပြီးမှ ဆုံလိုက်ရသည့် သူ့မျက်ဝန်းအကြည့်တွေက ဝေ့ကို ဖျတ်ခနဲ သတိဝင်စေသည်။ အထိတ်တလန့် ဖြစ်စေသည်။

တကယ်တော့ ...ဝေ့ မောင်လေးမှ မဟုတ်တာ နော်။

သူဟာ သူစိမ်း တစ်ယောက်ပဲ ... ,

ဒါပေမယ့် လျစ်လျူရှုထားလို့လည်း မရနိုင်ပြန်။

"သမီးရယ် ... စကားတွေ ကြမ်းလိုက်တာ ... ဝေဒနာသည် တစ်ယောက်ကို အဲလောက် မပြောပါနဲ့"

နေ့လယ်ခင်း တစ်ရေး မှေးစက်နေသည့် အမေ ဘယ်အချိန်က နိုးလာသည် မသိ ...။

"သားလေး ... လာ လာ အဝတ်လဲစမ်းကွယ်။ အအေးမိပြီး ပြန်ဖျားနေဦးမယ် ...။ သားငယ်လေး ... ရေချမ်းရေ ... မင်းအစ်ကို,ကို လဲဖို့ အဝတ်အစား တစ်စုံတစ်လောက် ပေးလိုက်ပါဦး"

သူ့ နှုတ်ခမ်းတွေက ပြာနှမ်း တွန့်လိပ်နေသည်။ အမေ့စကားတွေကို မကြားသလိုပင်။ သူက ကြေကွဲသော နီမြန်းမြန်း မျက်ဝန်းတစ်စုံဖြင့် ဝေ့ကို စိုက်ကြည့်နေဆဲပင် ...။

"သမီး ထမင်းနွှးထားလိုက်မယ် အမေ"



အမေက ဝေ့ ရင်ထဲက တုန်လှုပ်မှုကို မသိ။ မိုးရေတွေ ရွှဲနေသည့် ကောင်လေးကိုသာ အာရုံတွေ စုပြုံလျက် စိုးရိမ်တကြီး ရှိနေသည်။ ရေချမ်းက အဝတ်အစားတွေ ထုတ်လာပြီး သူ့ကို အဝတ်လဲဖို့ အခန်းထဲ ခေါ်နေစဉ်မှာပဲ ဝေ မီးဖိုချောင်ဘက် ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



“မဝေ”

မြတ်စွာဘုရား ...

ဒိတ်ခနဲ ခုန်လှုပ်သွားသည့် နှလုံးအပေါ် ရင်ဘတ်သို့ လက်ဖဝါးဖြင့် အသာဖိထားလိုက်ရသည်။ ခုတလောမှာ ဝေ တစ်ယောက်ဟာ အထိတ်တလန့်ကို ဖြစ်လွန်းပါရဲ့ ...။

သွေ့ခြောက်စ, ဆံပင်တွေကို သပ်သပ်ရပ်ရပ် ဖြီးလျက် လုံးဝခြောက်သွေ့နေပြီဖြစ်သော သူ့ဂျင်း(န်)ဂျာကင်နက်ပြာလေးကို တီရှပ်ပေါ်က ထပ်ဝတ်ထားလျက် ... အညိုဖျော့ဖျော့ တစ်ပတ်နွမ်း ပလေကပ် ပုဆိုးလေး ချပ်ချပ်ရပ်ရပ် စည်းလျက် ...

ဘယ်လိုမှ မုန်းတီးစရာ မကောင်းခဲ့ပါဘူးလေ ...

“ကျွန်တော့်ကို စိတ်ဆိုးနေတာလား”

ရုတ်တရက် ဘယ်လို ပြန်ဖြေရမှန်း မသိ။ တင်းနေသည့် နှုတ်ခမ်းတွေက အလိုလို လျော့ပြေလာသည်။

တောင်းမန်တိုးလျှိုးရိပ်နှင့် အဲသည် မျက်နှာကလေး တစ်ယောက်ဆိုလည်း ဟုတ်သည်။ ရင့်ကျက်တည်ငြိမ်သည့် လူကြီးတစ်ယောက်ဆိုလည်း ဟုတ်သည်။



“မဆိုးပါဘူး ... မင်း ထမင်းစားဖို့ ထမင်းပွဲ ပြင်နေတာပါ”

“ဒါပေမယ့် ... စောစောက ...”

“စောစောကတော့ စိတ်တိုနေတာပေါ့ကွ ...။ မနက်ကတည်းက ထွက်သွားလိုက်တာ ဘယ်သွားမှန်းလဲ မသိ။ ထမင်းစားချိန်လည်း ပြန်မလာ ဆိုတော့ စိတ်ပူတာပေါ့။ နောက်ပြီး မိုးတွေကလည်း ရွာနေတာ၊ မင်းက အိမ်ကလူတွေ စိတ်ပူအောင် လုပ်တာကိုး ...။ နောက်တော့ မိုးတွေရွဲပြီး ပြန်လာသေးတယ် ... မင်း ဖျားတော့ တို့မှာ တစ်ညလုံး မအိပ်ရဘူး”

“ဟုတ်ပါတယ် ... ဟုတ်ပါတယ် ...။ နောက်ကို ကျွန်တော် အဲလို မသွားတော့ပါဘူး”

“ကဲ ... ကဲ ... ထမင်းစားလိုက်ဦး။ ဟင်းချို ပူပူလေး သောက်လိုက်။ အချမ်းပြေသွားအောင်။ နေနေ ... ငါးဟင်း ကြိုက်ရဲ့လား။ ငါးဟင်း ဆိတ်သား ကြက်သား ... မင်း ကြိုက်တာစား ...”

“အကုန်ကြိုက် ... အကုန်ကြိုက်”

“ကဲ ... အကုန်ကြိုက်လည်း ... အကုန်သာ စားဟယ်”

ပြိုင်တူ ရယ်ဖြစ်ကြသည်။ အားရပါးရ ထမင်းစားနေသည့် သူ့ကို မကြာခဏ ခိုးကြည့်ချင်မိတာ ဘာကြောင့်ရယ် မသိ။ အိမ်အလုပ်တွေ ရှိနေသည် ဆိုတာ သတိရနေသည့်ကြားက သူ့အနားမှာ ထိုင်ပြီး သူ့ကို ဧည့်သည်တစ်ယောက်လို ဧည့်ခံနေမိသည်။

“မဝေ တို့က ထမင်းဆိုင် ဆိုတော့ ကျွန်တော်ကြိုက်တဲ့

www.burmeseclassic.com



ဟင်းတွေ နေ့တိုင်းစားလို့ရတာပေါ့နော် ...။ ဒါပေမယ့် အစားကြီးလို့ မောင်းထုတ်မှာ စိုးရတယ်။ ဒီတော့ ထမင်းအလကားစားရအောင် ... ကျွန်တော့်ကိုလည်း မောင်းမထုတ်အောင် ကျွန်တော် မဝေတို့ဆိုင်မှာ အလုပ်သမား လုပ်မယ် ဗျာ ... ဘယ်လိုလဲ ...”

“အံမယ် ... လူတစ်ယောက်စာလောက်တော့ ကျွေးနိုင်ပါတယ်ဟဲ့ ... မောင်းမထုတ်ပါဘူး။ ဒါပေမယ့် လူဆိုတာ ကိုယ့်အိမ်ကိုယ့်ယာ ရှိကြတာချည်းပဲ။ အချိန်တန်ရင် အိမ်ပြန်ရမှာပေါ့ မဟုတ်ဘူးလား”

“ကျွန်တော် ပြောတာ လက်မခံဘူး ဆိုတဲ့ သဘောပေါ့”

သူ့မျက်နှာ နွမ်းရော်သွားသည်ဟုပင် ထင်ချင်သည်။

“ဟုတ်ပါ့ ...။ နင့် ပုံစံက အလုပ်သမားပုံလည်း မပေါက်ပါဘူး။ နုနုနယ်နယ်နဲ့ ငါတို့ နေ့စဉ်လုပ်နေရတဲ့ အလုပ်တွေ နင် လုပ်နိုင်မှာမို့လား ...”

“ဒါကတော့ အလေ့အကျင့် ရှိရင် ရပါတယ်ဗျာ”

မခံချိ မခံသာ လေသံမို့ ဝေ ပြုံးမိသည်။

“ကျွန်တော်က အိမ်မှာ အဲလိုအလုပ်တွေမှ မလုပ်ရတာ”

“ဒါဖြင့် ဘာလုပ်ရလဲ”

“ကျွန်တော်လား ... စာကျက် စာဖတ် ... ဒါပဲ။ ထမင်းစားပြီးရင် ပန်းကန်တောင် မဆေးရဘူး။ ဒါပေမယ့် ကျွန်တော် ဒီမှာ အမေ့ကို ပန်ကန်ဆေးကူမယ်။ ဆိုင်လည်း သန့်ရှင်းရေး လုပ်ပေးမယ်။ စားပွဲထိုးလည်း လုပ်မယ် ...။ ရေလည်း ဆွဲပေးမယ် ...



အဲလိုဆို ကျွန်တော် ထမင်းအလကားစားလို့ ရပြီလား”

ပြုံးစေ့စေ့နေသော ဝေ့မျက်နှာကို သူက ငေးစိုက်ကြည့်နေသည်။ ရေချမ်းကို စ,သလိုပဲ သူ့ကိုလည်း ကျီစယ်ချင်လာသည်။ သူ့မျက်ဝန်းတွေ ဘယ်လိုအရောင်ပဲဖြစ်ဖြစ် အဲသည်မျက်လုံးတွေနှင့် ရင်းနှီးသလို ခံစားရသည်။ အချိန် အခိုက်အတန့်လေးအတွင်းမှာပဲ နေလင်း ဆိုသော ကောင်ကလေးသည် ဝေ့အတွက် ခပ်ပါးပါး ကြိုးတစ်ချောင်း အဖြစ် ပြောင်းလဲလာသည်။

“ကဲ ... ဒါဆို ... ဝေတို့အိမ်မှာ တစ်သက်လုံး စားပွဲထိုး လုပ်မလား”

“တစ်သက်လုံး”

“အင်းလေ”

“တကယ်ပြောတာလား ... နောက်တော့မှ ဘွာတေးမလုပ်နဲ့နော်”

“အံမယ်မယ် ... အဲတာ ငါက ပြောရမှာကွ ... ကောင်းပြီလေ ... , မင်း အိမ်က ပြန်လာခေါ်လို့ ပြန်လိုက်သွားမယ် ဆိုရင် မင်း လျှော်ရမှာ နော် ...”

“ဟင့်အင်း ... မပြန်ဘူး”

ထမင်းလုပ် တန်းလန်းနှင့်ပင် သူ အရုပ်တစ်ရုပ်လို တောင့်တင်းသွားပြန်သည်။

“ကျွန်တော် ... အိမ်မပြန်ဘူး။ ကျွန်တော့်ကို အိမ်ပြန်မပို့ပါနဲ့”

“နေနေ ... နေနေ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... အိမ်မပြန်ချင်ဘူး"

"အေးပါ ... အေးပါ ... တို့ မင်းကို အိမ်ပြန်မပို့ပါဘူး။ ဒီမှာပဲ နေ ...။ မင်းပျော်သလောက် နေပေါ့ ... နော်"

သူ့ မျက်လုံးတွေ အရောင်ချက်ချင်း ပြောင်းသွားမယ် မထိတ်လန့်မိတော့။ သူ့လက်မောင်း လက်ဖျံတွေကို ခပ်နွေးနွေး ဆုပ်နယ်ပြီး နေနေ ဟု တိုးတိုး ခေါ်နေမိသည်။ သူကတော့ "အိမ်မပြန်ဘူး"ဆိုသည့် စကားကိုသာ တတွတ်တွတ် ရွတ်နေခဲ့သည်။ ကသုတ်ကရက် ပြေးလာသည့် ခြေသံကို ကြားရပြီး ...

"မမ ဘာဖြစ်တာလဲ"

ဟု ရေချမ်းက အသက်ရှူသံ ပြင်းပြင်းဖြင့် မေး

"ဘာမှ မဖြစ်ဘူး"

ရေချမ်းကို မော့ကြည့်ရင်း ဘယ်ဘက် မျက်ခွံ ဖျတ်ခနဲ မိတ်ပြလိုက်ရသည်။

"နေနေက တို့အိမ်မှာ စားပွဲထိုး လုပ်မလို့ တဲ့"

"ဟုတ်လား ... , ကောင်းတာပေါ့။ ကျွန်တော်လည်း အဖော်ရတယ်"

"ကျွန်တော် အိမ်မပြန်ချင်ဘူး"

"ကိုနေ့ကို အိမ်မပြန်ခိုင်းပါဘူး။ ဒါပေမယ့် ဒီမှာပဲ နေမှာနော်။ ဟိုဟိုဒီဒီ လျှောက်မသွားရဘူး။ လျှောက်သွား ပြန်လာရင် ထမင်း မကျွေးဘဲ ထားမယ်"

နေနေ့ မျက်နှာက ရှုံ့မဲ့သွားသည်။

"မင်း မကျွေးလည်း အမေက ကျွေးမှာပါ"



"ဟာ ... သေရော"

ရေချမ်းက မီးဖိုချောင် ကြမ်းပေါ် ဖင်ထိုင်ကျလိုက်ရင်း ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"အရူးက တစ်မူးသာ ဆိုတာ အဲဒါပေါ့"

"နင်ကလည်းဟယ် ... မပြောပါနဲ့"

ဝေ့ကို ရေချမ်းက မျက်လုံးပြူးကြည့်ရင်း ...

"မမလည်း မေမေတို့ ဂိုဏ်းဝင် ဖြစ်လာပြီ နော်"

ဟု ထေ့သည်။

"ကျွန်တော် မရူးဘူးနော် ... ကျွန်တော် အရူးမဟုတ်ဘူး"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ကျွန်တော်က မမကို ပြောတာ"

ဝေတို့ မောင်နှမက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၊ သူက ဝေတို့ မျက်နှာ တစ်လှည့်စီကြည့် ... ,

ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်ကြသည်။


ဘယ်လိုပဲဖြစ်ဖြစ် ပျော်စရာ ကောင်းသည်ပင် ...

အဲသည် အပျော်ဖလးတွေကိုပဲ တွယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com





မိုးစက် ဖြောက်ဖြောက်ကျနေသံနှင့် အတူ ဂစ်တာသံ
ကိုပါ ကြားရသည်။ ဂစ်တာသံက မပီမသ စည်းချက်မကျ
သီချင်းတစ်ပုဒ်ရယ်လို့လည်း ပီပီပြင်ပြင် မဟုတ်။ စိတ်ပျက်ဖွယ်
ဆိုပေမယ့်လည်း ကြားနေကျ ဆိုတော့ နားထဲမှာ ရီးသွားပြီ
ပြီးတော့ ကိုယ့်မောင်လေး ဆိုတော့လည်း နှိမ်နှိမ်ချချ ရှုံ့ရှုံ့
အထင်မသေးချင်။ သူ့ဝါသနာပဲလေ ... ဆိုပြီး ခွင့်လွှတ်ရသည်
ဖေဖေ ... မေမေတို့လည်း သည်အတိုင်းပဲ ဖြစ်ပါလိမ့်မည်။

ခုလည်း ဖေဖေက ...

'"မခင်မြင့်ရေ ... မင်း သားရဲ့ တစ်ကိုယ်တော် တေး
ဝိုင်းကတော့ စ,ပြီ"

တဲ့။ မေမေကတော့ တခိခိသာ ရယ်နေပါပြီ

"သူ့ခများလည်း ဆိုင်အလုပ်နဲ့ ကျောင်းစာနဲ့ တစ်
တစ်နေ့ ငြီးငွေ့မှာပေါ့လေ"

ဟုပင် ဖေဖေက သူ့သားဘက်က ဖြေပြော
သေးသည်။ ဘယ်လောက် နှလုံးနှောက်စရာ ကောင်းသည့်



မျိုးပဲ ဖြစ်ဖြစ် ဝေတို့ သုံးယောက်မှာတော့ သည်းခံကြရလေမည်
မို့ ... ... '

သို့ပေမယ့် ... မောင်လေးက အလိုက်သိရှာသည်။
ဂစ်တာလေးဆွဲပြီး ဆိုင်ထဲမှာ တီးသည့်အခါ တီးသည်။ အိမ်ရှေ့
ခရေပင်အောက်မှာ အဖော်အပေါင်းနှင့် တီးသည့်အခါ တီးသည်။
အိမ်ထဲမှာတော့ သိပ်ပြီး ဆူဆူညံညံ မလုပ်။ သူ့အရည်အချင်းကို
လည်း သူသိသည်။

"မောင့် ... , မွေးစားသားပါ အခု အဖွဲ့ကျနေပြီ"

"သူက ..."

"ဟုတ်ပ ...။ ကိုနေ ရေ ... ဂစ်တာ သွားတီးကြမယ်ဆိုပြီး
နှစ်ယောက်သားသွားကြလေရဲ့"

"အရုးနဲ့အနှမ်း ပေါင်းမိကြတာပေါ့ကွာ"

အဖေနှင့် အမေ့ စကားသံတွေကို တိတ်တိတ်နား
ထောင်နေရင်း ဝေ တစ်ယောက်တည်း ကျိတ်ပြုံးမိရသည်။
တစ်နေ့လုံး အနားမရခဲ့ပေမယ့် သည်လို ညပိုင်းတွေဆို တီဗီရှေ့
မှာထိုင်ရင်း မိသားစု အေးအေးဆေးဆေး စကားပြောကြရသည်။
အဖေနှင့် အမေအတွက်တော့ သည်အချိန်ကလေးပဲ တစ်ရက်တာ
၏ အမိုပွာယ် ပြည့်စုံသော အချိန်ကလေး ဖြစ်ရသည်။ ရောင့်ရဲ
လွယ်လွန်းသည်ပဲဆိုဆို ဝေသည် တိုးတက်မြင့်မားမှု၊ ကြွယ်ဝ
ချမ်းသာမှုတွေကို လက်လှမ်းမမီနိုင်လည်း သည်မိသားစုလေး
အတွင်းမှာပင် စိတ်ချမ်းသာ ပျော်ရွှင်နေခဲ့သည်။

ဝေ့အခန်းလေးက ခပ်ကျဉ်းကျဉ်း ဖြစ်နေပေမယ့်
ကောင်လို မှန်တင်ခုံလို နေရာယူသော ပရိဘောဂမျိုး မရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျပ်ညပ်မနေပါ။ ပြီးတော့ မှန်ပြတင်းလေးတစ်ခုရှိနေသည့် အတွက်လည်း မိုးရွာနေပေမယ့် အပြင်သို့ မြင်နိုင်ပါသည်။ မှန်ပြတင်းရှေ့မှာရပ်ပြီး မှန်သားပေါ် လာစင်သည့် မိုးရေစက်တွေကို ငေးမောကြည့်မိသည့် ကာလမျိုး စုဝေလို မိန်းကလေးတစ်ယောက်ထဲမှာ မရှိနိုင်ဘူး ထင်ရပေမယ့် အဲသည် ခံစားချက်ကို ဝေ အမှန်တကယ် နှစ်သက်မိသည်။

... ပျံသန်းမယ့် ... ငှက်ကို ...
... သူတို့မို့ ... တားချင်တာ ...
... ရွှေလှောင်အိမ်မှာ ပျော်လို့ မရပါ ...
... ချစ်တဲ့ ... ကောင်းကင်ရဲ့ ...
... လွတ်လပ်မှုကို ရှာ ...

အံ့မယ် ...

လက်ထဲက စာအုပ်ကို ကြမ်းပေါ် ဖုတ်ခနဲ ပစ်ချလိုက်ပြီး ဝေ ထ,ထိုင်လိုက်မိသည်။ ခပ်သဲ့သဲ့ ကြားရသည့် ဂစ်တာသံနှင့် သီချင်းသံသည် ဝေ့စိတ်အာရုံ အလုံးစုံကို ဖြတ်သန်းဝင်ရောက်လျက် လွှမ်းမိုးထားနိုင်ခဲ့၏။ ဂစ်တာ အတီးကျင့်ဆဲ ရေချမ်းသည် သည်လို ညက်ညောသည့် ရစ်သမ်ဂစ်တာသံမျိုး မဖန်တီးနိုင်ဘူး ဆိုတာ သေချာလှသည်။

ဒါဆို ...

သူ ... သူပဲပေါ့ ...။

သည်လို ကောင်လေးက ... ဖြစ်နိုင်ပါ့မလား ...။



... ပွင့်လန်းမယ့် ... ပန်းကို ...
... သူတို့မို့ ... တားချင်တာ ...
... ထာဝစဉ် ငုံကာ နေလို့ မရပါ ...
... ချစ်တဲ့ ... အလင်းရောင် ... ရဲ့ ...
... နွေးထွေးမှုကို ... ရှာ ...

ပြတင်းပေါင်မှာ ရပ်ပြီး ချက်မချဘဲ စေ့ရုံစေ့ထားသော တံခါးကို တွန်းဖွင့်လိုက်သည်။ လိုက်လှဲကြေကွဲနေသော ...င်သာ ညက်ညောသော သံစဉ်လှိုင်း တစ်ခုသည် ခပ်ဖွဲဖွဲသည်း ...က်လာသော မိုးရေစက်များနှင့်အတူ ဝေ့နှလုံးအိမ်သို့ လာရိုက်၏။ ...သည် တေးသံမှာပင် နာကျင်နေသော သူ့ရင်က ဝေဒနာကို ...လည်ခံစားရသည်ဟု ထင်မိသည်။

သူဟာ ... တစ်ခုခု ဖိအားပေး ခံနေရသူလား ...

ဒါမှမဟုတ် ...

ချစ်ရသူနဲ့များ အကျည်းတန်စွာ ကွဲကွာခဲ့လေသ... ...'

ဝတ္ထုတွေထဲ မကြာခဏ ဖတ်ရတတ်သည့် ဇာတ်...မျိုး စိတ်ကူးယဉ်ကြည့်မိသည်။ သူ့ဦးနှောက်အာရုံကြောတွေ ...ါးရှုပ်ထွေးပြီး အမှန်တရားကို ကြည်ကြည်လင်လင် မဆုံးဖြတ်...သည့်၊ ဘာကိုမှလည်း သေချာနားလည်နိုင်စွမ်း မရှိသည့် ...အနေ ရောက်လာသည်အထိ ဘယ်လောက်ဆိုးရွားသည့် ...အနေမျိုးကို သူ ရင်ဆိုင်ခဲ့ရသည်လဲ။

လှိုက်လှဲတုန်ခိုက်သော သီချင်းသံထဲမှာ သူ့ ခံစား

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ပျော်ဝင်နေလိမ့်မည်ဟု ဝေကတော့ အသေအချာ ယုံကြည်နေမိပြန်သည်။

... ဆုံစည်းမယ့် ဘဝကို ...
... သူတို့မို့ ... တားချင်တာ ...
... ဂုဏ်တွေ ငွေတွေ ... ကာလို့ မရပါ ...
... ချစ်တဲ့ ... ချစ်သူရဲ့ ...
... ယုယ မှုကို .... ရှာ ...

ဒါဟာ နေလင်းကျော်ခေါင်ရဲ့ ဘဝပုစ္ဆာအတွက် အဖြေလားကွယ် ...

... ရှိတာတွေကို ... ရှိပါစေလေ ...
... ဖြစ်တာတွေကို ... ဖြစ်ပါစေလေ ...
... သဘာဝ ဟာ ... သဘာဝပါ ...

ရင်ထဲမှာ လှိုက်ပြီး ဆို့နင့်လာသည်။ စုဝေဟာ သည်လောက် နင့်နင့်သည်းသည်း ခံစားတတ်မည့် မိန်းမမျိုးမဟုတ်ပါဘူးဟု စိတ်ထဲ ထင်မိသည်။ သီချင်းတစ်ပုဒ်ကို သည်လောက်ထိ ရင်ထဲမှာ လှုပ်ခတ်စရာလားကွယ် ...။

မိုးစက်တွေ မျက်နှာပေါ် လွင့်စင်ကျလာသည်ကိုပင် မငြူစူဖြစ်တော့။ တဖြောက်ဖြောက် မိုးစက်ကျသံနှင့် ဂစ်တာသံသည် ယိုင်ဖက်လှသည် ထင်၏။ စည်းချက်ကျနလှသည်ဟု



ရင်ထဲမှာ နှစ်ခြိုက်မိသည်။ လ,မိုက်သည့် ညမို့ ပတ်ဝန်းကျင်သည် မိုးရိပ်လွှမ်းသည့် အောက်မှာ ပိုပြီးမှောင်မိုက်နေ၏။ အရိပ်တွေကိုသာ ခပ်ဝါးဝါး မြင်ရသည်။

သီချင်းဆုံးတော့ ပလက်ကင် ဂစ်တာသံကို ဆက်ပြီး ကြားရပြန်သည်။ သူဟာ ဂီတနှင့် အမြဲရင်းနှီး ကျွမ်းဝင်နေသူ ထင်ရဲ့။ ဖောင်းမို့ပြီး သွေးရောင်လွှမ်းနေတတ်သည့် သူ့လက်ဖဝါးနှင့် လက်ချောင်းသွယ်လေးတွေကို မှတ်မိနေသည်။

နေနေ ဆိုတဲ့ ကောင်ကလေး ...

မိုးသည်းသည်း ညမှာ မမျှော်လင့်ဘဲ ရောက်လာခဲ့ပြီး ဝေ့အတွက် မေးခွန်းများစွာကို သယ်ဆောင်လာခဲ့သူ ...

ဘယ်အချိန်မှာ မသိလိုက်ဘာသာ ပြန်ထွက်သွားဦးမှာလဲ ...။

ရတ်ခြည်းပင် အားအင်ကုန်ခမ်း ပင်ပန်းနုံးခွေသွားသလို ပြတင်းပေါင်ကို ခပ်လျော့လျော့ မှီချလိုက်ရသည်။

သြော် ...

တကယ့်ကို ... ကြိုးမျှင်မျှင်လေး တစ်ချောင်း တွယ်ချိတ်ခဲ့ပါရော့လား ...။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်မှာတော့ ရိုးစင်းလှသည့် ဝေ့မောင်လေး၏ ချီးမွမ်းစကားသံသည် ဝေတို့သားအမိ သုံးယောက်နားထဲ လျှံနေခဲ့တော့သည်။ သူကတော့ ဘာကိုမျှ မသိလိုက်သလိုပင်။ မနေ့ည ဆိုတာကိုလည်း သိသိမှတ်မှတ် မရှိသလိုပင်။ နံနက်စောစော ဆိုင်ကို သန့်ရှင်းပြီးလျှင် ဝေ့တာဝန် ဖြစ်သည့် ခရေပန်းကောက်သည့် တာဝန်ကို သူကယူသည်။ ယောက်ျားလေးတန်မဲ့ ပန်းတွေကို ခုံမင်တတ်တာကိုဖြင့် ဝေက မကြိုက်ပါ။ ဝေတို့မိသားစု နေ့စဉ် ပြုနေကျ တာဝန်ဝတ္တရားတွေကို ခွဲဝေယူရှာပေမယ့် တကယ်တော့ ... သည်အလုပ်တွေနှင့် သူ ရင်းနှီးကျွမ်းဝင်သည် မဟုတ်ပါ။ သူ့လက်ဖဝါးတွေက ပလတ်စတစ် ရေပုံးတွေ ဆွဲရလျှင် ချက်ချင်း နီရဲလာတတ်သည်။ ထမင်း ဟင်းအိုးတွေ မ,ရာမှာလည်း အဆင်မပြေပါ။ နောက်ဆုံး တံမြက်စည်းလှည်းလျှင်တောင် သပ်သပ်ရပ်ရပ်နှင့် အားလုံးပြောင်စင်အောင် လှည်းတတ်သည် မဟုတ်။

သို့ပေမယ့် သူ့ကြိုးစားသမျှကို အားလုံးက ဝိုင်းပြီး အသိအမှတ် ပြုပေးကြရသည်။



"ကိုနေ ... ကျွန်တော့်ကို ဂစ်တာတီး သင်ပေးနော်"

"အေးပါ ... ဆိုကွာ"

"ပလက်ကင် ... ခတ်တတ်တဲ့ အထိ နော်"

"အင်းပါ"

"ကျွန်တော် ဂစ်တာတီး မတတ်မချင်း အိမ်မပြန်ရဘူး နော်"

ရေချမ်းကလည်း ... တကယ့်ကို ကလေးစိတ် ...

"ငါက ဘယ်အိမ်ပြန်ရမှာတုန်း ...။ မင်းသာ စာကျက်မပျက်စေနဲ့ ...။ တော်ကြာ ဂစ်တာချည်း တီးပြီး စာမကျက်ရင် မဝေက ငါကို ပြောနေဦးမှာ"

ကြည့်စမ်းပါဦး ...

အချိန်တိုအတွင်း သူတို့ ရင်းနှီးသွားပုံက တကယ့်သီအစ်ကိုရင်းချာတွေ အတိုင်း ...,

ယောက်ျားလေးတွေများ ... ဝါသနာနှင့် ပတ်သက်လျှင် ရင်းနှီးလွယ်လွန်းလိုက်တာ ...။

ရေချမ်းမှာ စာကျက်ရသည့် အချိန်အပြင် ဂစ်တာတီးသင်ရသည့် အချိန်က ပိုရှာရလိမ့်ဦးမည်။ အိမ်အလုပ်နှင့် ကျောင်းစာနှင့် သူ့မှာ အချိန်မလောက်ရသည့် ကြားထဲ ...။

ခုတော့ အိမ်မှာ နေနေ ရှိနေပြီး ရေချမ်း လုပ်ရမည့် အလုပ်တွေ အတော်များများကို သူ တာဝန်ယူနေသည်မို့ ရေချမ်းမှာစာကျက်ချိန် ပိုရ,နေသည်။ သို့ပေမယ့် ဂစ်တာတီးသည့် ဝါသနာထဲ အာရုံစူးစိုက်သွားလျှင်တော့ ကျောင်းစာမှာ အာရုံလျှော့သွားမှာကို စိုးရသည်။ အဲသည် စိုးရိမ်စိတ်ကို သူ့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကတည်း သိနေသည်။ သူ့ ကြောင်းကျိုးဆင်ခြင်နိုင်စွမ်းတွေ [illegible]သေးဘူးဆိုတော့ သူ့ကို ဝေဒနာသည် တစ်ယောက်လို့ ဘယ်လို သတ်မှတ်မလဲ ...။

ရေချမ်း စက်ဘီးကလေးနှင့် ကျောင်းထွက်သွားသည့် အခါ နေနေသည် အဖေ့ကို ကူညီပြီး စားပွဲထိုးပေးရှာသည်။ စားနေကျ ဖောက်သည်တွေက သူ့ကိုမြင်တော့ အလုပ်သမားလား၊ သားချင်းထဲကလားဟု စိတ်ဝင်တစား စပ်စုကြသည်။ အထည်ချုပ်စက်ရုံက ကောင်မလေးတွေကတော့ ပြောင်ပြောင်တင်းတင်းပင် ...

"စားပွဲထိုး အသစ်က မင်းသားအတိုင်းပဲနော်"

ဟု ခပ်သောသော ကျီစယ်ချင်ကြသည်။ မိန်းကလေးတွေ ရှေ့မှာတော့ သူ့မျက်နှာက ဝါတော်ရ ဘုန်းတော်ကြီးလို တည်ငြိမ်ခဲ့ညားသော ဣန္ဒြေနှင့် ...။

သည်လိုနှင့် ညနေစောင်းသည့်အခါ ဝေသည် အုံ့ဩဖို့ကောင်းလောက်အောင်ပင် သူ့ဂစ်တာသံနှင့် သီချင်းသံကို ငတ်မွတ်လာခဲ့သည်။



"ဟယ်"

ခရေပင်အောက်မှာ သည်လောက်စောစောစီးစီး သူရောက်နေလိမ့်မည် မထင်ပါ။ ခရေပင် ပင်စည်ကို မှီထိုင်နေသည့် ကောင်လေးသည် ဝေတို့ အိမ်ကို ရောက်လာသည့်ညက တီရှပ်အဖြူရောင် ဂျင်း(န်)ဘောင်းဘီနက်ပြာကို ဝတ်လျက် မျက်လုံးတွေက ဟိုအဝေး ... အဝေးကြီးဆီ ငေးမောစူးစိုက်လျက် ငြိမ်သက်နေခဲ့သည်။ နံနက်ခင်း အရုဏ်တက် ရောင်နီ၏ မလင်းတလင်းမပီတပီ အလင်းအောက်မှာ သူ့ကို မြင်လိုက်ရတော့ ဝေသည် သူ ရောက်လာသည့် ညတစ်ညကို ဖျတ်ခနဲ သတိရပြီး ရင်ထဲဆို့ကျပ်သွားခဲ့သည်။

သူဟာ ... ဝေတို့ မိသားစုကို နှုတ်မဆက်ဘဲ ထွက်သွားဦးမှာလား ... ,

အဲသည် စိုးရိမ်စိတ်ဖြင့် ဝေ့ရင်ထဲ ကျဉ်ခနဲ နာသွားခဲ့သည်။ ကိုယ့်ခံစားချက်ကို ကိုယ့်ဘာသာ သေချာနားလည်လိုက်သည့် အချိန်မှာ ဝေ အရမ်းကို တုန်လှုပ်သွားရသည်။

အဲလောက်ထိအောင်ပဲလား ...

www.burmeseclassic.com

www.burmeseclassic.com



ခပ်ပါးပါး ကြိုးတစ်ချောင်းဟု ထင်ခဲ့သည်။

"နေနေ"

သူက ဝေ့ခေါ်သံကို အသိအမှတ်မပြု၊ မျက်တောင်တွေ ခပ်စိုက်စိုက် စင်းကျနေပုံ အသက်မရှုသလို ငြိမ်သက်နေပုံတွေက ဝေ့ကို အထိတ်တလန့် ဖြစ်စေပါသည်။ သူ့နံဘေးမှာ ဝေ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲလှုပ်ပစ်လိုက်သည်။

"နေနေ"

"ဗျာ"

သည်တော့မှ သူက ဝေ့ကို မျက်ဝန်းကြည်ကြည်များဖြင့် မျက်လွှာပင့်ကြည့်လာသည်။

"မဝေ ... ဘာလဲ။ ဘာဖြစ်တာလဲ"

"နင် ... ဘာဖြစ်နေတာလဲ"

"ကျွန်တော် ... ဘာမှ မဖြစ်ပါဘူး"

သူက အေးစက်စက် ပြန်ဖြေရင်း ဝေ့ကိုပင် စူးစူးစမ်းစမ်း အကြည့်မျိုးဖြင့် ကြည့်လိုက်သေးတာမို့ ဝေ ရုတ်တရက် စိတ်တိုသွားပြီး သူ့ကို စကားမပြောတော့ဘဲ ခရေပန်းတွေ စ,တင် ကောက်နေလိုက်မိသည်။ သူက ဝေ့ကို ခပ်ငေးငေးစိုက်ကြည့်နေရင်း နှုတ်ခမ်းတွေက ပြုံးသည်ဆိုရုံ ခပ်ကော့ကော့ ပြုံးနေခဲ့သည်။

သည်နေ့ ခရေပန်းလေးတွေ လန်းဆန်းမွှေးပျံ့နေသည်မှာ မနေ့ညက မိုးမရွာခဲ့သည်မို့ ဖြစ်နိုင်ပါသည်။ မိုးသည်းသည်းရွာလျှင်ဖြင့် ပန်းတွေက သဲတွေ ရွှံ့တွေထဲ နစ်နေဦးမှာ ...,



"ကျွန်တော် တစ်ခုခု ဖြစ်နေတယ် ထင်လို့လား"

"အေးပေါ့ ... နင့် ပုံစံက ..."

"စိတ်ဖောက်လာပြန်ပြီလို့ ထင်နေမှာပေါ့နော်"

"ဟင်"

မျက်ခုံးနှစ်ဖက်ကို ကြုတ်ပြီး ကြည့်ပစ်လိုက်တော့ သူက ဝေ့ကို ခပ်ဖြည်းဖြည်း ခေါင်းယမ်းလျက် လှောင်ရယ် ရယ်မောလေသည်။ အင်မတန်မှ အသည်းယားစရာ ကောင်းလှသည့် အရယ်ပေါ့။ ဒါပေမယ့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည့်အခါ သူ့မျက်နှာက ကလေးတစ်ယောက်လို နုပျိုသန့်စင်သွားတတ်သည် ဆိုတာလည်း ငြင်းဆန်မရပါ။

"ကျွန်တော် နေကောင်းနေပါတယ် မဝေရဲ့၊ အားလုံး ကြည်ကြည်လင်လင်ပါပဲ။ ဒါပေမယ့် အစောကြီး နိုးနေတယ်။ မျက်လုံးကြောင်ပြီး ပြန်အိပ်လို့ မရတော့ဘူး။ ခရေပန်းနံ့လည်း ရ,နေတာနဲ့ ကျွန်တော် ပန်းကောက်ဖို့ လာတာ။ မဝေ အတွက် အလုပ်တစ်ခု သက်သာပါစေတော့ ဆိုပြီး ..."

"အံမယ် ... နင်ကိုယ်တိုင်လည်း စိတ်ကူးယဉ်ချင်တာ မဟုတ်လား"

"ဩော် ... ကျွန်တော် ... နေကောင်းပါတယ်ဆို မဝေကလည်း...။ ဘာဆေးမှ ဆေးသောက်ဖို့ မလိုဘူး။ အားလုံး ပုံမှန်ပဲ ...။ ဆေးတွေနဲ့ ဝေးသွားလို့လား မသိဘူး ...။ ကျွန်တော့် ဦးနှောက်... ကြည်လင် လန်းဆန်းလိုက်တာ ... ..."

www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ ဆက်မကောက်နိုင်ဘဲ သူ့ကို သတိလက်လွတ် မျက်လုံးပြူး မျက်ဆံပြူး ကြည့်နေသည့် ဝေ့အဖြစ်ကိုမြင်တော့မှ သူ့မျက်နှာပေါ်က စပ်ဖြီးဖြီး အရယ်အပြုံးတွေ ရည်ခြည်းလျော့ကျသွားပြီး ပင့်သက်မှျင်းမှျင်း ရှိုက်လိုက်သည်။ ဝေကတော့ သူ့ကို ကြည့်ရင်း ကြည့်ရင်းပင် စိတ်တွေ ရှုပ်ထွေးလာရသည်။ သူ့မျက်လုံးတွေထဲက ကြည်လင်မှုဟာ အစစ်အမှန်ပဲလား ....

အို ...

ဘယ်လိုမှ မခွဲခြားတတ်ပါဘူးလေ ...

ဘယ်လိုမှလည်း နားမလည်နိုင်ပါဘူး ...။

နောက်ပြီး ... သည်လို ဝေဒနာသည်မျိုးနှင့် ဘယ်တုန်းကမှ ပတ်သက်နီးစပ်ခဲ့ဖူးတာလည်း မဟုတ် ...။

မြတ်စွာဘုရား ...

သူဟာ တကယ့် အစစ်အမှန် ဝေဒနာသည် ဟုတ်ပါရဲ့လား ...။ အိမ်ပြေးလား ...။ ဝရမ်းပြေး ရာဇဝတ်ကောင်လား ... အနေရချောင်လို့ ... ဝေတို့အိမ်မှာ ...

"မဝေ ... ဘယ်လိုဖြစ်သွားတာလဲ။ မဝေ ကြည့်ရတာ ... ချက်ချင်း ကျွန်တော့်ကို စိတ်ကုဆေးရုံ ပို့တော့မယ့်ပုံပဲ"

"မဟုတ်ပါဘူး ...။ နင်ပြောတာတွေကို ငါ စဉ်းစားနေတာ။ နင့်ကိုယ်နင် ဘယ်သူ ဆိုတာလဲ သိတယ်။ နေကောင်းသလား ပုံမှန်ဟုတ်သလား မဟုတ်ဘူးလား ဆိုတာလည်း သိတယ် ...။ ဒါဆို နင် ဘာတွေ လုပ်နေတယ် ဆိုတာလဲ နင် သိမှာပေါ့နော် ...။ နင် ... အိမ်မပြန်ဘဲ တို့အိမ်မှာ ဘာလုပ်နေတာလဲ ..."



"ဟော ... မေးပြီ"

"မေးသင့်တယ်လို့ ထင်တယ်လေ"

"ကျွန်တော့်ကို နှင်တော့မယ်ပေါ့။ နှင်မယ်ဆိုလည်း ကျွန်တော် ထွက်သွားရမှာပဲလေ။ ကျွန်တော့်ဘာသာ ဘယ်နေရာရောက်ရောက် ... ခြေဦးတည့်ရာပေါ့ ...။ တကယ်တော့ ဒီမိသားစုဟာ ဘယ်လိုအနေအထားမျိုး ဘယ်သူ ဘယ်ဝါတွေဆိုတာ မသိဘဲ မရွေးချယ်ဘဲ ကျွန်တော် ဒီကိုရောက်လာခဲ့တာပါ မဝေရယ်။ ဒါပေမယ့် ... အဖေတို့ အမေတို့ အရိပ်အောက်မှာ နေရတာ ကျွန်တော် သိပ်စိတ်ချမ်းသာတယ် ... ကျွန်တော် နေပါရစေ ...။ ကျွန်တော် ဒီမှာ ပုန်းနေရပါစေဗျာ ....

ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ ... ကျွန်တော် ဒီမှာ နေပါရစေ ..."

မျက်ရည်လွယ်တတ်သည့် ယောကျ်ားတွေကို အထင်သေးတတ်သည့် ဝေသည် သူ့မျက်လုံးအိမ်တွေ စိုစွတ်နီရဲလာသည့်အခါမှာတော့ ဘာကြောင့် သနားလွယ်ရသည်မသိ။ သူ့ခမျာဝေဒနာသည်ပဲရယ်လို့ ကရုဏာစိတ်များဖြင့် လျော့လျော့ပေါ့ပေါ့ ခဲဖြသိမ့်နေမိပေမယ့် သူ့ဝေဒနာ အမျိုးအစား အတိမ်အနက်ကို ဆ ကိုယ်တိုင်လည်း နားမလည်။ သည် ဝေဒနာမျိုးဟာ ဘယ်လို အချိန်မျိုးမှာ ပြင်းထန်တတ်သလဲဆိုတာ .... ဘယ်လိုအချိန်မှာ သူကောင်းပကတိလို ဖြစ်နေတတ်သလဲဆိုတာ ...

အေးလေ ...

သိထားဖို့ လိုသည်လား ...

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိပ်မကြာခင်မှာ သည်နေရာက ထွက်ခွာသွားမည့်သူပဲ ...

"မဝေတို့ ရေချမ်းတို့မှာ အဖေတို့ အမေတို့လို သိပ်ချစ်တတ်တဲ့၊ သိပ်နားလည်တတ်တဲ့ မိဘမျိုးတွေ ရှိနေတာကံကောင်းလိုက်တာနော် ...။ ကျွန်တော် ဖေဖေ မေမေတို့သား ဖြစ်ချင်လိုက်တာ။ တကယ် ဖြစ်ချင်တာ ...။ ကျွန်တော့်ကို ... ကျွန်တော့်ကို ... တစ်သက်လုံး လက်ခံပါလား မဝေ၊ ကျွန်တော် လိမ်လိမ်မာမာ နေပါ့မယ် ...။ မဝေတို့ စိတ်ညစ်အောင် စိတ်ပူအောင် မလုပ်ဘူး ... ကျွန်တော့်ကို မွေးစားပါလား ဟင် ..."

ပလတ်စတစ်ဆန်ခါလေးကို မြေကြီးပေါ် ... ချထားလိုက်မိသည်။ သူ့ကို နှစ်သိမ့်ရမည်လား ...။ အခြေအနေကို အမှန်အတိုင်း ဖွင့်ချရမည်လား ...

"ဟင့်အင်း"လို့ ဝေ ငြင်းလိုက်လျှင် သူ့ခမျာ ... ဝမ်းနည်း စိတ်ပျက်သွားရှာမည်လား။ သည့်ထက်ပိုပြီး သူ့နှလုံးသားကို ထိခိုက်မသွားဘူးလို့ မပြောနိုင်ဘူးနော် ...။

"အင်း ... မွေးစားချင်ပါတယ် ကွယ် ..."

"ဟာ ... မဝေ ညာနေတာ။ ကျွန်တော့်ကို လက်မခံချင်ဘူး မဟုတ်လား"

အံမယ် ...

သူကလည်း ပါးနပ်သားနော် ...

"နေနေ့ကို မွေးစားတာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် နေနေက ဘယ်သူမှန်းမသိ၊ ဘယ်ကလာမှန်းမသိ၊ ဘာ



ဖြစ်လာမှန်းမှ မသိဘဲ။ တော်တော်ကြာ နေနေနဲ့ ပတ်သက်သူတွေ ရောက်လာပြီး မဝေတို့ကို တစ်မျိုးစွပ်စွဲနေရင် ဘယ့်နှယ် လုပ်မလဲ [illegible]ပြဲ့သနာဆိုတာ ကြိုပြီး ရှောင်ထားကာမှ တန်ရာကျတာ နေ့နေ့ရဲ့ ...။ ပြီးတော့ နေနေ့ကို ကြည့်ရတာလည်း အဆင့်အတန်းမြင့်မြင့် မိသားစုထဲက ထင်ရတာပဲ ...

တော်ကြာ ... မဝေတို့ကို သိမ်းသွင်းပြီး ခေါ်ထားတယ်ဆိုပြီး တိုင်ဟယ် တောဟယ် ဖြစ်ရင်လည်း ဒုက္ခ ..."

"ဟာ ... မဝေရာ ... ဘာတွေလဲဗျာ ...။ ကျွန်တော် အဲဒါတွေ မသိဘူး"

"အေးလေ ... အဲဒါမျိုးတွေ ဖြစ်မလာအောင် နေနေ့အကြောင်းကွေ မဝေတို့ကို ပြောပြထားပါလား ...။ အရေးကြီးတာကတော့ ... နေနေ ဘာဖြစ်လို့ အိမ်က ထွက်လာတယ် ဆိုတာပေါ့ ..."

"ကျွန်တော်လား ... မနေချင်လို့လေ"

"ဘာဖြစ်လို့ မနေချင်ရတာလဲ"

"ပျော်စရာ မကောင်းလို့ပေါ့ မဝေရဲ့"

ဝေ့ မျှော်လင့်ချက် ရေးရေးလေး ... မိုးရွာချလိုက်သည့် ...ပုံလို တအိအိ ပျက်ပြယ်သွားသည်။ သူ့အကြောင်းကို မေ့ထား...င်သူလည်း ဖြစ်လိမ့်မည်။ သို့ပေမယ့် သူ့မျက်နှာပြင်က မိုးသား...ိပ်တွေ ပြည့်နေသည့် ကောင်းကင်လို ချက်ချင်း မှိုင်းညို့လာ...။ ခရေပင် ပင်စည်ကို ကျောမှီချလျက် ဟိုးဝေးဝေးဆီ ငေး...ပြန်သည်။ ပင့်သက် အရှည်ကြီး ရှိုက်နေပြန်သည်။ လတ်လတ်

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ် ခရေပွင့်တွေကိုကောက်ရင်း သူ့နှုတ်ဖျားက ကြားရမည့် စကားကို ဝေ စိတ်လောတကြီး မျှော်လင့်နေမိပေမယ့် သူက မိနစ်များစွာကို ဖြတ်သန်းလျက် နှုတ်ဆိတ်ငေးမောနေခဲ့သည်။ ဝေ မမျှော်လင့်တော့သည့် အချိန်ကျမှ သူ့ထံက စကားသံခပ်တိုးတိုးကို ကြားရပါသည်။

"ကျွန်တော့်အိမ်က မဝေ တို့လို ပျော်စရာ မကောင်းပါဘူး မဝေရယ်။ ကျွန်တော်တို့အိမ်မှာ ပိုက်ဆံတွေ အများကြီး ရှိတယ်။ ဒါပေမယ့် ပျော်စရာ ဆိုတာကတော့ တစ်စက်မှ မရှိဘူး ...။ ပြီးတော့ ကျွန်တော့်အတွက် အဖေတို့ အမေတို့ မဝေတို့ ရေချမ်းတို့လို ဂရုစိုက်ပေးမယ့်သူလည်း မရှိပါဘူး တစ်ခါတလေကျရင် သူတို့က ကျွန်တော့်ကို အခန်းထဲ လှောင်ပိတ်ပြီး သော့ခတ်ထားခဲ့တယ်။ တစ်အိမ်လုံးမှာရှိတဲ့ လူတွေ အပြင်သွားတဲ့ အခါပေါ့ ...။ ကျွန်တော် လမ်းပေ ပျောက်သွားနေမှာစိုးလို့တဲ့ ... လေ။

အိမ်မှာ ဧည့်ခံပွဲတွေ ဘာ့သ်ဒေးပါတီတွေ ရှိရင်လည်း ကျွန်တော့်ကို အခန်းထဲ ထည့်ပိတ်ထားတာပဲ ..."

ဘာ့သ်ဒေးပါတီ ...။

ဝေ ကိုယ်တိုင်ပင် သူ့ အဲသည်အသံထွက် အားကျစိတ်ဖြင့် အံ့သြရသည်။ အရူး ... တဲ့။ မဟုတ်နိုင်ဘူး နော် ...။

ဝေ့ ငယ်သူငယ်ချင်း တစ်ယောက်လို စာတွေအများ လွန်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားတာမျိုးလား။ သူပြောတာ တွေကို ဝေ ဘယ်အတိုင်းအတာအထိ ယုံကြည်လက်ခံရမည်



"ကျွန်တော် သောင်းကျန်းတဲ့ အခါလည်း ရှိချင်ရှိမှာပေါ့။ အဲဒါက ကျွန်တော့်ကို စိတ်ဆိုးအောင် လုပ်လို့ပါ။ ဒါပေမယ့် ... သူတို့က ကျွန်တော့်ကို အရူးဆိုပြီး အရေးမလုပ်ဘူး။ မေမေကလည်း ... ..."

ဝေ စိတ်လှုပ်ရှားပြီး ရင်ခုန်သံ မြန်လာဆဲမှာ သူ့နှုတ်ခမ်းတွေ စေ့ပိတ်သွားသည်။ ဝေ မချင့်မရဲ ဖြစ်ရပြန်သည်။ သူ့မှာ မိခင်ရှိသည်။ သက်ရှိထင်ရှား မိခင်တစ်ယောက် ရှိသေးသည်။

နေလင်းရဲ့ အမေက နေလင်းကို မချစ်ဘူးလား ...

အို ...

ကိုယ့်သားသမီးကို မချစ်တဲ့ မိခင်ရယ်လို့ ရှိမှာတဲ့လား ...။ သက်မဲ့ တိရစ္ဆာန်တွေတောင် သူတို့သားသမီးကို ချစ်ရကောင်းမှန်း၊ စောင့်ရှောက်ရကောင်းမှန်း သိကြသည်။

"ခုဆို ... နေနေ့ မေမေ သိပ်စိတ်ပူနေမှာ ထင်ပါရဲ့ကွယ်"

"မေမေ လား ..."

"အေးပေါ့ ... ကိုယ့်သားတစ်ယောက်လုံး ပျောက်နေတာ"

"မေမေ ... သိချင်မှ သိမှာပါ"

"ဘာဖြစ်လို့လဲ နေနေရဲ့ ..."

"ဒီနေ့ မိုးများမယ့်နေပဲ သိလား ... , မဝေ ..."

ကောင်းကင်ပေါ် မော့ကြည့်ရင်း နေနေက ကောက်ကာငင်ကာ ပြောလိုက်သည်။ ကောင်းကင်က အရုဏ်ကျင်းချိန်မို့ လင်းတလင်းသာ ရှိနေသေးသည်။ နေရောင်ခြည် ထိုးဖောက်လာဖို့ ထွက် စောသေးသည်လား ... ဒါမှမဟုတ် တိမ်လိပ်မည်းတွေက

www.burmeseclassic.com

www.burmeseclassic.com



ပဲ ကာကွယ်ထားလေသည်လား မသိ ...။ ရာသီက လင်းလင်း ရှင်းရှင်း ဖြစ်မနေတာတော့ သေချာပါသည်။ သို့ပေမယ့် ဝေက အဲသည် ကောင်းကင်နှင့် တိမ်လိပ်မည်းတွေကို စိတ်ဝင်စားသည် မဟုတ်ပါ။ စုဝေဟာ ကောင်းကင်ကို မော့ကြည့်ငေးနေဖို့ ပန်းကြွေတွေကောက်ဖို့ အိပ်မက် မက်နေသလို စကားတွေပြောဖို့ မွေးဖွား လာခဲ့သည်မှ မဟုတ်ဘဲ။ သူ့မှာကျတော့ သည်လို အခွင့်အရေး တွေ မွေးကတည်းက ရ,ခဲ့ဟန်တူသည်။

သူ့မျက်လုံးတွေထဲ ဝေက မယုံသင်္ကာ ကြည့်ပစ်လိုက် သည်။ သူ့မျက်လုံးတွေကလည်း ဝေ့မျက်နှာပေါ်မှာ စူးစိုက်နေပြန် သည်။ လူတစ်ယောက်ယောက်ကို စိုက်ကြည့်နေသည့် သူ့အကြည့် တွေက ကြက်သီးထ,စရာ ကောင်းပါသည်။ ဘာကြောင့်ဆိုတာကို တော့ ဝေ ကိုယ်တိုင်လည်း မသိ။ ရံဖန်ရံခါမှာ အဲသည်အကြည့် တွေက သေဆုံးနေခဲ့ပြီး နည်းပါးလှသော တစ်ခါတစ်ရံမှာတော့ မျှော်လင့်ချက်ဖြင့် တက်ကြွနေတတ်သည်။ ဒါပေမယ့်လည်း အများအားဖြင့်တော့ ဘာကိုမှ မသိနားမလည်ခြင်းကိုသာ ခံစား ရနိုင်လေသည်။

"နေနေ ... ဂစ်တာတီးတာ သိပ်ကောင်းတာပဲ"

ခရေပန်းတွေ ကောက်ရင်း၊ သူ့အကြည့်တွေအောက် က မျက်လုံးလွှဲဖယ်ရင်း သူ မပြောလိုသည့် အကြောင်းအရာကို မမေးမိအောင် ရှောင်နေမိသည်။ ဂစ်တာအကြောင်းကို ဝေ စ, ပြောတော့ မှုန်မှိုင်းနေသည့် သူ့မျက်နှာ အနည်းငယ် ကြည်လင် လာသည် ထင်မိ၏။

"ဂစ်တာတီးတာ ကြာပြီလား ..."



"အင်း ... ဆယ့်နှစ်နှစ်သားကတည်းက။ ခြောက်တန်းနှစ် က ဆိုပါတော့"

"ကြာပြီပေါ့ ... နော်"

"အင်း ဟင် ... ကြာပြီပေါ့ ...။ ခုပဲ ... ကျွန်တော့်အသက် က ... အဲ ... ... ဘယ်လောက်လဲ မသိဘူး"

ရယ်ချင်မိသည်ကို ထိန်းချုပ်မနေမိတော့ပါ။ ဝေသည် ဘာကယ်ဆိုလည်း စိတ်ကိုကျုပ်တည်းစွာ ထိန်းချုပ်ထားဖို့ အင်မ တန်ခဲယဉ်းသည့် မိန်းကလေးဖြစ်သည်။ နေနေက ဝေ့ကို တောက် သည့် မျက်လုံးများဖြင့် ခပ်ပြုံးပြုံး ငေးစိုက်ကြည့်နေခဲ့သည်။ အဲသည် အကြည့်ကတော့ တကယ့်ကို အသက်ဝင် ရှင်သန်နေသည့် အကြည့်မျိုး ဖြစ်သည်။ အဲသည်လို အချိန်တွေမှာ သူဟာ ဝေဒနာ သည်တစ်ယောက် ဆိုတာကို ကောင်းစွာ မေ့ထားနိုင်ခဲ့ပါသည်။

"အင်း ... ထားပါတော့ကွယ် ...။ ဆယ့်နှစ်နှစ်သားကတည်း က ဂစ်တာတီးခဲ့တာ ဆိုပါတော့ ...။ အမြဲတမ်း တီး ဖြစ် နေတယ် ထင်တယ်နော် ...။ ဆိုလိုတာက လက် အကျင့် မပျက်သေးဘူး ထင်တယ် ဂစ်တာသံက တအားညက်တာ ပဲ။ ကျွမ်းကျွမ်းကျင်ကျင်နဲ့ အမြဲကို ပိုင်ပိုင်နိုင်နိုင် ရှိနေခဲ့ တာမျိုး ... ဂစ်တာနဲ့ ငယ်သူငယ်ချင်း တစ်ယောက်လို ရင်းနှီးနေတာမျိုး ..."

သူက မငြင်းဆန်ပါ။ သို့ပေမယ့် ဝေ့စကားကို လက်ခံလိုသည့် အနေအထားမျိုးလည်း မဟုတ်ခဲ့ချေ။

"ဟုတ်မယ် ထင်ပါတယ်။ ဂစ်တာဟာ အထီးကျန်နေတဲ့ သူအတွက်တော့ အကောင်းဆုံး အဖော်ပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း စကားလုံးတွေက သိပ်မြင့်တာပဲနော် ...။ မင်းရဲ့စကားတွေက မင်းအကြောင်း တချို့တစ်ဝက်ကို ပြောနိုင်တယ် နေနေရဲ့"

"တကယ်လားဟင် ...။ ကျွန်တော်လည်း သိချင်ပါတယ်။ ကျွန်တော် မသိသေးတဲ့ ကျွန်တော့်ရဲ့ အကြောင်းတွေကို"

"အင်း ... တစ်ခါ တစ်ခါလည်း ငါကိုယ်တိုင် တစ်မျိုးဖြစ်နေပြီလားလို့တောင် ထင်မိတယ် နေနေရယ်။ နင်ကတော့ တကယ့် စကားတောင်စားပဲ ...။ ကဲ ... တကယ့်ကို မိုးရွာတော့မယ် ထင်တယ်နော်"

"မဝေ ... မိုးရွာထဲမှာ တစ်ယောက်တည်း လမ်းလျှောက်ဖူးလား"

"အို ... ကြံကြံစီရာ ...။ ထီး မပါရင်တော့ လျှောက်ရင် လျှောက်ရမှာပေါ့"

"ပျော်စရာ ကောင်းတယ် ... မဝေရ။ ပန်းတွေ ကြွေနေတဲ့ လမ်းမှာ ..."

အို ... အို ...

စိတ်ကို အစိုးမရသူတွေ အဖို့တော့ အချိန်တိုင်းမှာ စိတ်အလျဉ်ဟာ တိမ်စိုင်တွေလို မျောချင်ရာ မျောလွင့်နေတတ်တာမျိုး ... နော် ... ,

"တစ်လမ်းလုံး ပန်းပွင့်တွေက ဖွေးလို့ ...။ ခရေတွေတော့ မဟုတ်ဘူး စကားပွင့်တွေ အဲဒီလမ်းကလေးထဲမှာ စကားပွင့်တွေ ကြွေနေကြတယ်။ မိုးတွေကလည်း သည်းလို့ ...



အဲဒီ မိုးသည်းသည်းထဲမှာတောင် ပန်းရနံ့တွေက မွှေးလို့ သင်းလို့ ...

အဲဒီလို လမ်းမျိုး ... မဝေ လျှောက်ဖူးလား ... ,

ကျွန်တော်တော့ လျှောက်ဖူးတယ် ...။ ငယ်ငယ်တုန်းက ထင်ပါရဲ့ ...။ အင်း ... ချာတိတ်လေးတော့လည်း မဟုတ်ဘူး။ မကြာသေးဘူးလို့လည်း ထင်တယ် ... သိပ်ဝေးသွားသလိုလည်း ထင်တယ် ..."

"တော်ပါဟယ် ... ငါပါ ရူးလိမ့်မယ်"

"ကျွန်တော်နဲ့အတူ လျှောက်ပါလား မဝေ။ ဟောဟိုမှာ ခရေလမ်းကလေး မိုးရွာထဲ လျှောက်ကြည့်ရအောင်လေ"

"ဟဲ့ ... နေနေ"

ဝေ ... တားမြစ်ဖို့ အချိန်မရပါ။ ဝေ့လက်ကို ဆတ်ခနဲ ဆောင့်ဆွဲပြီး သူက ပြေးထွက်မည့်ဟန် ပြင်သည်။ ရုတ်တရက်မို့ ဝေ ထိတ်လန့်သွားရသည်မှာ အသက်ရှုပြင်ရပ်မတတ်ပါဘဲ။ နှလုံးခုန်သံတွေ တဒိန်းဒိန်း မြန်ဆန်လာပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။

"နေနေ ... ဟေ့ ... နေနေ ...။ အဲလို အတင်းကြီးမလုပ်နဲ့။ ငါ မကြိုက်ဘူး ...။ နေနေ သတိထားစမ်းနော်"

သူ့ကို တောင်းပန်တိုးလျှိုးမိသည်။ ဖေဖေ့ကို ရေချမ်းကို အော်ခေါ်ရမလား စဉ်းစားသည်။ တော်ကြာ ... ပတ်ဝန်းကျင်ပါ အထိတ်တလန့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လျှင် ဒုက္ခ ...။

သည်လို စိတ်ကစဉ့်ကလျား လူတစ်ယောက်ကို ဆေးတို့မိသားစုက သိသိနှင့် လက်ခံထားခဲ့တာ ...။

www.burmeseclassic.com

www.burmeseclassic.com



"နေနေ ... မောင်လေး။ မဝေ ပြောတာ နားထောင်စမ်း။ အခု မိုးမရွာသေးဘူး။ မိုးရွာလာမှ တို့ မိုးရေထဲလျှောက်ကြရအောင်နော် ...။ ခု အိမ်ပြန်ပြီး ဂစ်တာတီးကြမယ်"

"မိုးရွာတော့မှာ ... မဝေရဲ့"

"မဝေ စကားကို နားမထောင်ဘူးပေါ့လေ ... ဒါဆို ဖေဖေနဲ့ တိုင်ပြောလိုက်မယ်။ အဲဒါဆို ... ဖေဖေက နေနေ့ကို အိမ်ပြန်ပို့လိုက်မှာနော်"

"ဟင့်အင်း ...ဟင့်အင်း ... ကျွန်တော် အိမ်မပြန်ဘူး"

"ဒါဆို ... အခု နောက်ပြန်လှည့်"

သူက လမ်းခုလတ်မှာ ခြေစုံရပ်ပစ်လိုက်သည်။

"မဝေ ... စကားကို နားထောင်မယ်နော်"

"ဟုတ်ပြီ ... ဒါဆို အိမ်ပြန်မယ် ... မေမေတို့ စိတ်ပူနေမှာနော်"

ကလေးဆိုးကြီး တစ်ယောက်လိုပင် တွန့်တွန့်ဆုပ်ဆုတ် ခြေလှမ်းများဖြင့် သူ နောက်ကြောင်းပြန်လှည့်သည်။ သည်တော့မှပဲ ဝေလည်း တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနင့်နေတာကိုယ့်ဘာသာ သတိထားမိသည်။ ဟင်းခနဲ သက်မကို တိတ်တိတ်ကလေး ချရသည်။

ဒီလိုတော့ ... မဖြစ်ချေပါဘူးလေ ...

သူ့အခြေအနေက ဘယ်လောက်တောင် ဆိုးရွားနေပြီလဲ မသိ ...။

"မဝေ"

"အင်း ဟင်"



"ကျွန်တော် ဘာမှ မဖြစ်ပါဘူး။ ကျွန်တော့်ကို ဆေးရုံမပို့နဲ့နော်"

မြတ်စွာဘုရား ...

ဝေ ခုမှပင် တကယ် ငိုချင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

"သမီးရေ ...၊ သမီးလည်း မြင်တဲ့အတိုင်းပဲ။ ဒီလိုအခြေအနေမျိုးနဲ့ သူ့ကို ဒီမှာ ညည်းထားရက်မှာလား။ ပြီးတော့ ပိုင်ရှင် ပေါ်မလာဘူးဆိုရင် သူဟာ ဒီမှာ တစ်သက်လုံးလည်း နေချင်နေသွားရနိုင်တယ်။ တချို့ ပိုင်ရှင်မဲ့တွေဟာ နှစ်နှစ်ဆယ်လောက် ရှိနေပြီ ဆိုပါလား ...။

နောက်ပြီး သူ့အခြေအနေက ဆိုးဆိုးရွားရွား သတိကင်းမဲ့နေတာမျိုး မဟုတ်ပါဘူးကွယ်။ သူ့မှာ အသိရှိတယ်၊ အသိတရား ရှိနေတယ်။ သူ့ဦးနှောက်ကို သူ့ဘာသာ ကောင်းကောင်း ထိန်းချုပ်လို့ မရတာမျိုးပါ ...

သမီးသဘောက သူ့ကို ဆေးရုံကိုပဲ အပ်လိုက်စေချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ...

မဟုတ်ဘူး ...

ဆေးရုံမှာ ရှိနေသည့် ဝေဒနာသည်များ၏ အခြေအနေကို မြင်တွေ့ပြီးမှတော့ သူ့ကို အဲသည်လို အေးစက်စက်နှင့် တံခါးတွေ အထပ်ထပ် ပိတ်ထားရသည့် အခန်းငယ်တွေထဲမှာ ပိုင်ရှင်မဲ့ ဝေဒနာသည်တွေကြားထဲ ထားခဲ့ဖို့ မဖြစ်နိုင်တော့ပါ။ ဝေ လက်မခံနိုင်ပါ။ ဝေက လက်ခံနိုင်သည် ဆိုလျှင်ပင် ဖေဖေနှင့် မေမေတို့ ဝမ်းနည်းစိတ်ထိခိုက်ရတော့မည်။

ခုတောင် ဖေဖေက မျက်စိပျက် မျက်နှာပျက် ဖြစ်နေပြီ။

တွေဝေ ငေးငိုင်သော၊ အမြဲပြုံးရွှင်နေသော၊ ဒေါသတကြီး ရန်စောင်နေသော မျက်နှာများစွာသည် ဝေတို့ အနီးအပါးမှာ ဝေ့ဝဲလှည့်လည်လျက် ရှိသည်။ သူတို့ကိုကြည့်ရင်း ဝေ့ရင်ထဲမှာ ကြေကွဲထိခိုက်လာသည်။ တစ်စုံတစ်ရာ ဆို့နင့်လာသည်။ နေနေ့ကိုရော ...

အို ... မဖြစ်နိုင်ပါဘူး ...

သူဟာ သည်လို အခြေအနေမျိုးမှာ နေထိုင်အသားကျဖို့ ဘယ်လိုမှ မအပ်စပ်ဘူး ထင်မိသည်။

"ပြန်ကြဖါစို့ အဖေ ရယ်"

တာဝန်ကျ ဆရာမကြီးက သူမ၏ သားသမီးတွေကို မျက်နှာထားတင်းတင်းဖြင့် ဟန်ဆောင်ငေါက်ငမ်းနေရသည်။ သူတို့က အဆောင်တာဝန်ကျ ဆရာမကြီးတွေကို 'အမေ'တဲ့ ...

ဩော် ...



သူတို့ဘဝရဲ့ မိခိုအားထားရာ ခိုလှုံရာ မဟုတ်လား။

"ဒီကို မပို့ဘူးဆိုလည်း အိုပီဒီ ရက်တွေမှာ လာပြီး စစ်ဆေးကြည့်လို့ ရတာပဲ။ အခြေအနေ မဆိုးဘူးဆိုရင် အိမ်မှာ ဆေးစားရုံနဲ့လည်း ရပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင်"

ထဘီပြာဝတ် ဆရာမကြီးကို နှုတ်ဆက်ခဲ့သည်။ အဖေနှင့်ဝေ ဘတ်စ်ကားပေါ်မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်။ အဖေကတော့ ဝေ့မျက်နှာကိုသာ ကွက်ကြည့် ကွက်ကြည့် နေသည်။ အာရုံထဲမှာ စိုထိုင်းထိုင်း ခပ်ကျဉ်းကျဉ်း ပြတင်းပေါက်တွေ မရှိသော၊ သံတံခါးတွေ အမြဲပိတ်ထားသော အခန်းကလေးများ ...

ပြုံးသော၊ မဲ့သော၊ တွေဝေသော မျက်နှာများ ...

"သူ့အိမ်က လာအခေါ်ကိုပဲ စောင့်ကြတာပေါ့နော် အဖေ။ သတင်းစာမှာ ကြော်ငြာလိမ့်မယ်လို့တော့ ထင်တာပဲ"

အဖေ့ မျက်နှာက တိမ်လိပ်မည်းတွေ အရိပ်ကသွတ်သွားသည့် လ,ရောင်လို ကြည်လင်သွားသည်။

"ဒါပေါ့ သမီးရယ်။ ဒါ အကောင်းဆုံးပေါ့ ...။ တို့မှာ လူတစ်ယောက် ပိုကျွေးရလို့ မွဲမသွားပါဘူး။ ပြီး အိမ်မှာကူဖော်လောင်ဖက်တောင် ရသေးတယ်။ သူ့ခမျာ တကယ်ဒုက္ခရောက်နေရှာတာ ..."

"ပြင်ပလူနာဌာနမှာ ပြကြည့်ပြီး သိပ်စျေးမကြီးဘူးဆိုလည်း ဆေးလေး ဘာလေး ဝယ်ကျွေးရင်ကော အဖေ ..."

www.burmeseclassic.com

www.burmeseclassic.com



အဖေက သွားတွေ အကုန်ပေါ်အောင် အားပါးတရ ပြုံးရယ်လိုက်သည်။

"ငါ့သမီး သဒ္ဓါပေါက်လာပြီ"

ဟု ရယ်သံဖြင့် ပြော၏။

ဘတ်စ်ကားဂိတ်ကနေ ဝေတို့အိမ်လမ်းကလေးထိပ်သို့ သားအဖနှစ်ယောက် စကားတပြောပြော လျှောက်လာကြသည်။ အကြောင်းအရာကတော့ ခုတလော ဆွေးနွေးစရာတစ်ခု ဖြစ်နေတတ်သည့် နေလင်းကျော်ခေါင် ဆိုသည့် ကောင်လေးအကြောင်းပင် ...။ ဆိုင်ထမင်း လာစားသူတွေကတစ်ဆင့် လက်လှမ်းမီရာ စုံစမ်းခိုင်းပေမယ့် သစ်ရွက်ကြွေ တစ်ရွက်လို လွင့်ပါးမျောပါလာသည့် သည်ကောင်ငလေးအကြောင်း ခုထိ စုံစမ်းမရနိုင်သေး။

"သူ့မိဘတွေ အပေါ်မှာ နာကြည်းစရာ တစ်ခုခုရှိနေတယ်လို့ ထင်တယ် ဖေဖေ ...။ သူ သတိလည်တဲ့ အချိန်မှာ ပြောတဲ့စကားတွေက အဲဒီလို အဓိပ္ပာယ်မျိုးပဲ ...။ သူ့အဖေအကြောင်း မေးရင်လည်း ဘယ်တော့မှ မပြောဘူး။ ဝေ့လည်ကြောင်ပတ် ... နဲ့ ..."

"ဟုတ်တယ် သမီးရဲ့ ...။ သူ့အဖေကလည်း သားသမီးကို ဆုံးမတဲ့ နေရာမှာ ပြင်းထန်ပုံပဲ။ ခါးပတ်လို ဟာမျိုးနဲ့ တောင် ရိုက်နှက်ဆုံးမတာတဲ့။ ဒီလိုဆုံးမပုံကတော့ မဟုတ်သေးဘူးလေ"

"ဒါကြောင့် သူက အဖေတို့ရဲ့ သား ... သား ... နဲ့ ပါးစပ်ဖျားကမချ တဖွဖွ ကြင်နာနေတာတွေကို ကျေနပ်ပြီး ဒီက မခွာနိုင် ဖြစ်နေတာပေါ့ ..."



"ဒါပေမယ့် အချိန်တန်ရင်တော့ အိမ်ပြန်ရမှာပါ သမီးရယ်၊ သူ ဒီလိုချည်းပဲ နေလို့တော့ ဘယ်ဖြစ်မလဲ။ သူ့အိမ်ကို မရ,ရအောင် စုံစမ်းရမှာပဲ"

သည်လိုပြောသည့် အဖေ့ မျက်နှာမှာ စိတ်ထိခိုက်ဟန်ပေါ်သည်။ သံယောဇဉ်ကြီးတတ်လွန်းသည့် နေရာမှာ အဖေနှင့် အမေက ထပ်တူညီသည်။ တစ်ဘက်သားအပေါ် စာနာစိတ် သဒ္ဓါစိတ်တွေကလည်း ညီလွန်းသည်။ အဲသည်လို အမိအဖမျိုးကို ကံကောင်းထောက်မစွာ ရ,ခဲ့သည်မို့ ... ဟု ခုတော့ နေနေ့ကိုကြည့်ပြီး ဝေ ကိုယ့်ဘဝကိုယ် ကျေနပ်ရ၏။

အထည်ချုပ်စက်ရုံ၏ ဆိုင်းဘုတ်အကြီးကြီး အနီးမှာ စက်ဘီးကိုထောက်လျက် ရပ်စောင့်နေသော နေနေသည် ဝေတို့သားအဖနှစ်ယောက်ကို မြင်တော့ ဝမ်းသာအားရ ပြေးကြို၏။ ခုန်ပေါက်ပြေးလွှားလာပုံက ကလေးငယ် တစ်ယောက်နှင့်ပင် တူသေးသော့။

သည်ကနေ့မှာတော့ သူ့ကို ဝေတို့ မိသားစုဝင်တစ်ယောက်လိုပင် စိတ်ထဲ ခံစားရသည် ...။

"ဟော်ဗျာ ...အဖေပါ,ပါတာကိုး ...။ မဝေက ဈေးသွားတာဆို။ ဈေးခြင်းတောင်းလည်း မပါဘူး"

ဝေ ဈေးသွားဝယ်သည် ထင်ပြီး သူ ထွက်ကြိုသည်ဆိုမှာ ...။ ရင်ထဲမှာ ပီတိ ဖြစ်ရပုံက တစ်မျိုးပါလား ...။ ဂရုတတ်မှုကိုပင် ကျေနပ်ကြည်နူးမိသည်။ တကယ်ဆို ... ရေချမ်းအေးကြီးနေကျပဲနော် ...။

"မဝေ ဈေးသွားတာက ဈေးဝယ်သွားတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဈေးတွေ သွားစုံစမ်းတာ ...။ ခုတလော ဈေးတွေတက်နေဂို့ မဝယ်ခဲ့သေးဘူး"

ပါးစပ်ထဲ တွေ့ကရာ အဖြေတစ်ခု ကောက်ပေးလိုက်တော့လည်း သူက အလွယ်တကူပင် လက်ခံယုံကြည်သွားသည်။

"ဒါဆို အဖေနဲ့ မဝေ စက်ဘီးစီးသွားလိုက်၊ ကျွန်တော် လမ်းလျှောက် လိုက်လာခဲ့မယ်"

အံမယ် ...

အဖေ့ အပြုံးက ကျေကျေနပ်နပ်ကြီးပါလား ...။

"သွားပါကွာ ... မင်းသာ မင်းအစ်မကို တင်နင်းသွား။ အဖေ နောက်က လိုက်ခဲ့မယ် ..."

သူ့တစ်ယောက်တည်း လမ်းလျှောက်လိုက်ရမှာကို မလိုလားပုံနဲ့ ... ,

အဖေတို့များ ...။

"ကဲပါ ... ကဲပါ ... သိပ် အကဲပို မနေကြနဲ့ ...။ အဖေ စက်ဘီးနဲ့ ပြန်နင့် ...။ နေနေနဲ့ သမီး လမ်းလျှောက်ပြန်ခဲ့မယ်။ ဟိုရောက်ရင် အမေ့ကို အကျိုးအကြောင်း ပြောနှင့်ဦး"

"ဩော် ... အေး ... အေး ..."

အဖေက ချက်ချင်း သဘောပေါက်သွားပြီး စက်ဘီးကို ဒေါက်ဖြုတ်လျက် မြေလမ်းကလေးထဲ တွန်းသွားပြီး ခပ်လှမ်းလှမ်းရောက်မှ စက်ဘီးပေါ်တက် နင်းသွားတော့သည်။



"နေနေဟာလေ ယောကျ်ား မဟုတ်သလိုပဲ"

"ဗျာ"

ခရေပန်းရနံ့ကို ခေါင်းမော့ပြီး ရှိုက်မွှေးနေသောနေက ဝေ့စကားကြောင့် မျက်လုံးလေးပြူး ခေါင်းလေး ပြန်ငုံ့လိုက်ပြီး အံ့ဩတကြီး ဖြစ်သွားသည်။

"ဘာဖြစ်လို့ ဒီလောက် ပန်းကြိုက်ရတာလဲ"

"ဟာဗျာ ... ပန်းမကြိုက်ပါဘူး။ ပန်းနံ့က မွှေးလို့ပါ။ ကျွန်တော်က အဲလို အနံ့မွှေးတဲ့ ပန်းမျိုးဆို သဘောကျတယ်။ ပြီးတော့ ဒီလို ပန်းနံ့လေးသင်းပြီး အပင်တွေ တန်းစီနေတဲ့ လမ်းကလေးကို သိပ်ကြိုက်တာပဲ။ အဲဒါကြောင့် ကျွန်တော် စကားပန်းလေးတွေ ကြွေနေတဲ့ လမ်းကလေးကို ခဏ ခဏ လျှောက်ဖြစ်တာပေါ့ ...။ ပန်းကလေးတွေက မိုးစက်တွေ ကြားထဲမှာပဲ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေနေကြတာ သိပ်ကြည့်လို့ ကောင်းတာပဲ မဝေ"

www.burmeseclassic.com



ဝေ သူ့မျက်လုံးတွေထဲ အထိတ်တလန့် ကြည့်မိတော့တာပါပဲ။ ခုတော့ သူ့မျက်လုံးတွေက ကြည်စင်နေသားပင် ...။

"ဟုတ်လား ... မဝေ စောင်စိတ်ဝင်စားလာပြီ။ အဲဒီလမ်းကလေးက ဘယ်မှာရှိတာလဲ။ မဝေလည်း လိုက်ကြည့်ချင်လို့ ..."

"ဘွားဘွားတို့ မြို့မှာ မဝေရဲ့"

"ဟယ် ... နေနေ့မှာ အဘွား ရှိသေးတယ် ..."

"ရှိတယ် ... ဘွားဘွားက ဆံပင်တွေ ဖြူနေပြီ။ ဒါပေမယ့် သိပ် အလှအပ ကြိုက်တာ မဝေရဲ့ ... မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ သနပ်ခါး လိမ်းတော့တာပဲ"

"ကံကောင်းလိုက်တာနော် ... မိဘရော အဘွားရော ရှိသေးတယ်ဆိုတော့ ..."

ခရေပင်တန်းတွေဆီ ခပ်တွေတွေ ငေးကြည့်နေသော သူ့အကြည့်တွေထဲ ဘယ်လိုအရိပ်တွေ ရှိနေမည် ဆိုတာ ဝေ မှန်းဆနိုင်ပြီ။

"ဘွားဘွားက နေနေ့ကို သိပ်ချစ်တာပဲလား"

ချက်ချင်း စကားလွှဲပစ်လိုက်သည့်အခါ သူ မရိပ်မိဘဲ မျက်နှာရိပ်က လင်းလက်လာပြီး ဆတ်ခနဲ ခေါင်းညိတ်၏။

"ချစ်တယ် ... ငယ်ငယ်ကတည်းက အတူနေတာကိုး။ ဒါပေမယ့် တခြားမြေးတွေကလည်း ရှိတော့ ဘွားဘွားက ကျွန်တော့်ကို ပိုချစ်တယ်လို့ ဝန်မခံရဲဘူး"

"အို ... နေနေကလည်း ..."

"အဟုတ် ပြောတာ ...။ တခြား မြေးတွေကလည်း



ဘွားဘွားကို လိုလေးသေးမရှိ ပြုစုကြတာကိုး၊ ကျွန်တော်ကတော့ မပြုစုပါဘူး ...။ ဘွားဘွား အနားလည်း သိပ်မကပ်ဘူး"

"ဟောတော့ ... ဘာဖြစ်လို့လဲ"

"ဘွားဘွားရဲ့ ပိုက်ဆံတွေ၊ ပစ္စည်းတွေ မလိုချင်လို့လေ"

သူ့ အဖြေစကားက ဝေ့ကို တော်တော်လေး အံ့အားသင့်စေပါသည်။ ဝေ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး သူ့ကို တော်တော်နှင့် စကားမပြောဖြစ်ပါ။ သူကလည်း ချက်ချင်း နှုတ်ဆိတ်သွားပြီး နှစ်ယောက်သား တိတ်ဆိတ်လျက် လမ်းကလေးဆီ ခပ်ဖြည်းဖြည်း လျှောက်လာဖြစ်ကြသည်။ ရေစိုနေသော လမ်းထက်မှာ ခရေပွင့်တွေ အများကြီး ကြွေနေခဲ့သည်။ ခရေနံ့သည်လည်း ထုံအီအီ သင်းမွှေးနေပါသည်။ အဆောင်ပြန်လာသော စက်ဘီးကိုယ်စီနှင့် အဆောင်သူတစ်အုပ်က ဝေ့ကို လက်ပြနှုတ်ဆက်ရင်း နေနေ့ကို ခပ်ရှိတ်ရှိတ် ကျီစယ်သွားကြသည်။ ချောမောလှသည် မဆိုသာပေမယ့် ထူးထူးခြားခြား သန့်စင်လှသည့် ရုပ်ရည်ကလေးနှင့် သွေးရောင် နီမြန်းမြန်း ခပ်ထူထူနှုတ်ခမ်းလွှာလေးတွေက ကောင်မလေးတွေကို တစ်မျိုးဆွဲဆောင်နိုင်သည် ထင်ပါရဲ့ ...။

"စိတ်မမှန် နေတာလား။ မယုံပါဘူးနော် ...။ မမကြီး လက်ထဲက သူ့မောင်လေးကို လုသွားမှာစိုးလို့ မဟုတ်လား"

ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်သက် ကောင်မလေးတွေက သည်လို ခပ်ရဲရဲပင် စ,ကြသည်။ ပုဆိုးလေး အင်္ကျီလေး ဆင်ထားပြီး နဂိုသန့်ပြန့်သော စတိုင်လ်လေး ပိုပြီး ထင်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဆိုင်က အလုပ်သမား ဟူ၍လည်း ဒွေပ်စွဲရဲကြတော့။ ဇာစ်မြစ်ကို သိရသူတွေက စုတ်သပ်ကြသည်။ မသိသူတွေကလည်း သူ့ကိုပင် ခင်မင်လို့ ... ,

ရေချမ်း သူငယ်ချင်းတွေကတော့ ညဦးပိုင်းဆို ဆိုင်မှာပဲ စက်ကျနေတော့သည်။ ထမင်းဆိုင် ကူသိမ်းပြီးလျှင် သူတို့ဂီတဝိုင်း စ,လို့ရပြီ ဆိုတော့ ... ...။ ဂစ်တာတီးရာမှာလည်း သူက ဆရာကြီးတစ်ဆူပင် ဖြစ်လို့နေပြန်သည်။

"နေနေတို့ ဘွားဘွားက တော်တော်ချမ်းသာတယ်ပေါ့"

"စောစောက အစ်မကြီးတွေက ဆိုင်မှာ ထမင်းလာစားနေကြနော်"

စကားနှစ်ခွန်းက လမ်းခုလတ်မှာပင် ခလုတ်တိုက်မိသည်။ နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ကြရ၏။ လမ်းအလယ်ထိ လွင့်ကျနေသော ခရေပွင့်လေးတစ်ပွင့် နှစ်ပွင့်ကို သူက လှမ်းကောက်သည်။

"ကျွန်တော့် အကြောင်းတွေ မသိချင်ပါနဲ့ မဝေရယ်။ ကျွန်တော် ကိုယ်တိုင်တောင် မေ့ထားချင်ခဲ့တာ ...။ ကျွန်တော်ဆိုတဲ့ ကောင်မှာ လူတွေ အားကျစရာ အထင်ကြီးစရာတွေ ဘာမှမရှိပါဘူး၊ နှာခေါင်းရှုံ့ချင်စရာ အရောမဝင်ချင်စရာတွေချည်းပဲ ...။

အဲဒီလို လူကို မဝေတို့ မိသားစုက လက်ခံခဲ့တယ်ဆိုတာ ကျွန်တော့်အတွက်တော့ အိပ်မက်လိုပဲ။ အဲဒီအိပ်မက်ကို ဆုံးရှုံးလိုက်ရမှာလည်း ကြောက်တယ်"

ကြည့်စမ်း ... စကားလုံးတွေက ...'



ဝေ ထုတ်ဖော် မအံ့သြဘဲ မနေနိုင်ခဲ့ပါ။

"စကားလုံးတွေက မတန်မရာ ဖြစ်နေလို့လား"

"မဟုတ်ပါဘူး ...။ စာရေးဆရာ လုပ်စားဖို့ ကောင်းတယ် ... လို့"

ဝေ့ အကြောင်းပြချက်က သင့်လျော်သွားခဲ့သည်မို့လားမသိ၊ သူ ခပ်ပြုံးပြုံးနှင့် ကျေနပ်သွားခဲ့သည်။

"ကျွန်တော်က တကယ် စာရေးဆရာ လုပ်ချင်တာ"

"တို့ကတော့ ဝတ္ထုဖတ်ရမှာလောက် ပျင်းတာမရှိဘူး"

"ယုံပါတယ် ... ယုံပါတယ် ... မဝေကတော့ သိပ်လက်တွေ့ဆန်လွန်းတယ်။ နည်းနည်းလေးမှ စိတ်ကူးယဉ်တတ်ပုံ မရဘူး။ အပျိုကြီး ဖြစ်သွားမှာ နော ..."

"အံမယ်လေး ... ဝမ်းနည်းစရာ ကျနေတာပဲ။ ယောကျ်ားမရလို့လည်း လူစဉ်မမီမှ မဟုတ်ဘဲ။ ပိုတောင် ကြိုက်သေး"

"အဲဒါက အချစ်ကို မတွေ့သေးလို့ ပြောနိုင်တာပါ"

"အံမယ် ..."

ဝေ့ပါးစပ်က အလိုလို အာမေဍိတ်သံ ထွက်ကျသွားသည်။ သူ့မျက်နှာကို စိုးရိမ်တကြီးလှည့်ကြည့်မိသည်။ ပြုံးကြည့်နေသည့် သူ့အကြည့်တွေက ကြည်လင်ပြီး ရွှန်းလဲ့နေလွန်းတာမို့ ဆ ကိုယ့်ကိုယ်ကိုပင် ဇဝေဇဝါ ဖြစ်သွားရသည်။

ဖြစ်မှဖြစ်ရလေ ...

ဝေဟာ ဘာကြောင့် သူ့ကို ဝေဒနာသည်လို့ ဘာ်သမတ်တည်း တွေးထားရသည်လဲ ...။

"နေကတော့ အချစ်ကို တွေ့ပြီးပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အချစ် ..."

သူက ဟက်ဟက်ပက်ပက် ရယ်ချလိုက်တော့ ဝေ ကြောင်အမ်းအမ်း ဖြစ်သွားရပြန်ပါသည်။ သူ့ထံက ဘယ်လို အဖြေမျိုးများ ဝေ မျှော်လင့်နေမိပါသလဲ ...။

သူ့အဖြေစကားကို မကြားရခင်မှာ ဝေ ရင်ခုန်နေမိမှန်း သေချာသိလိုက်ရပြီး အဲသည်အသိကပဲ နှလုံးအိမ်ကို ပူနွေးစေပြန်သည်။ သူ့ထံက ကြားရသည့် အဖြေကတော့ ရိုးရိုးစင်းစင်းပါပဲ။

"ကျွန်တော့်လို ရှူးကြောင်ကြောင်ကောင်က အချစ်အကြောင်း ဆွေးနွေးလို့ရမှာလား။ ချစ် ... ကြည့်လိုက်မယ်လို့တောင် တစ်ခါမှ စိတ်မကူးခဲ့ရသေးဘူး"

တဲ့ ...။ ဝေ ဟန်မဆောင်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိတော့သည်။



"မင်း ... အဖြေမှားနေပြီ ရေချမ်း"

"ဗျာ"

"တောင်စောင်းက လိမ့်သွားတဲ့ ကျောက်ခဲရဲ့ အရှိန်ကို ဒီအီကွေးရှင်းသုံးပြီး တွက်လို့ မရဘူးလေကွာ ... သူပေးထားတာက ..."

ခန်းစီးစ,က တစ်ဖက်မှာ ကပ်နေသည်မို့ မြင်ကွင်းသဲ တည့်တည့်ဝင်လာသည့် ရေချမ်း၏ အိပ်ခန်းစာကြည့်စားပွဲဆီသ လှမ်းကြည့်လိုက်မိသည်။ နေနေက စားပွဲရှေ့ခုံမှာ ထိုင်နေသည့် ရေချမ်းနောက်မှာ မတ်တတ်ရပ်လို့။ အသံတွေကိုလည်း ကြားနေရသည်။ သူ ရေချမ်းကို ရူပဗေဒ ပုစ္ဆာတစ်ပုဒ်အကြောင်း ဆောက်ပြနေတာ ...

ရေချမ်းသည် စားပွဲပေါ်က စာအုပ်ပေါ် အာရုံစူးစိုက်နေရာကနေ ဇက်လည်လာပြီး သူ့ကို အံ့သြတကြီး မော့ကြည့်နေလေသည်။ အဲသည် အကြည့်ထဲမှာ အံ့သြခြင်းအပြင် လေးစားခြင်း အထင်ကြီးခြင်းတွေပါ ပျော်ဝင်လျက်ရှိသည်။ ဝေ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက် ရေချမ်း၏ အခန်းရှေ့က ဖြတ်အလျှောက်မှာတော့ ရေချမ်းနံဘေးမှာ ခုံတစ်လုံးနှင့်ထိုင်လျက် စိတ်အားထက်သန်စွာ သင်ခန်းစာတွေ ရှင်းပြနေသည့် နေနေ့ကို အံ့သြစဖွယ် မြင်တွေ့ရလေတော့သည်။

အင်းလေ ...

သိပ်တော့လည်း အံ့သြစရာ မဟုတ်တော့ဘူး ထင်ပါရဲ့ ...။

အများထက် ပိုပြီး မိုးခါးရေ ပိုသောက်မိသူတစ်ယောက် ဆိုကာလောက်ပဲ ဖြစ်မှာပါ။ ဒါပေမယ့် နှမြောစရာကောင်းလှသည်။ သူ့ဘဝဟာ လမ်းကျဉ်းကလေးထဲက ထမင်းဆိုင်လေး တစ်ဆိုင်မှာ တောက်တိုမယ်ရ လုပ်ရင်း အချိန်ကုန်ဆုံးရလျှင် နှမြောစရာ ကောင်းမနေဘူးလား ...။

"သူ့ပညာအရည်အချင်းက ဆယ်တန်းထက်တော့ မနိမ့်ဘူး မေမေ ...။ ဒီထက်တောင် ပိုချင်ပိုဦးမှာ မေမေ သိလား။ သူ ခု ရေချမ်းကို စာပြနေတယ်"

"အို ... ဟုတ်လား ..."

အမေက ရင်ဘတ်ကို ဖိလျက် မျက်လုံးမျက်ဆန် ပြူးလျက် တအံ့တသြ ရေရွတ်သည်။ သည်နေ့ တနင်္ဂနွေနေ့မို့ ဆိုင်မှာ လူရှင်းနေသည်။ ခါတိုင်း နေ့လယ်စာစားချိန်ဆို စက်ရုံ အလုပ်သမားတွေ၊ အလုပ်သမတွေ၊ အဆောင်သူတွေ ဆိုင်မှာမပြတ်။ သည်ကနေ့တော့ ချိုင့်ဆွဲသမားတွေများသည်။ ခပ်စောစောက လူကျလာပြီး ခုတော့ တစ်ယောက်မှ မကျန်အောင်ပင် ရှင်းသွားပြန်ပြီ။ သို့ပေမယ့် တအိအိနှင့်တော့ ရောင်းနေရသည်ပင်။



"အဲလို ကြားရရင် မေမေတော့ သူ့မိဘကိုယ်စား နှမြောလိုက်ရတာ၊ ဘယ်လို အဖြစ်မျိုးများ ကြုံရတယ် မသိဘူးနော်"

"စာတွေ သိပ်ကျက်လွန်းလို့များလား"

"အေး ... ဒါလည်း ဖြစ်နိုင်တာပဲ"

ခြံတိုင်မှာ သတင်းစာသမား ညှပ်သွားသည့် သတင်းစာကို ယူလာပြီး အဖေက ငွေရှင်းစားပွဲရှေ့မှာ ထိုင်ဖတ်နေသည်။

"လူပျောက်ကြော်ငြာလေး ဘာလေးများ မတွေ့ဘူးလား မောင်"

အဲသည် 'မောင်'ဆိုသည့် ခေါ်သံမှာပင် တွယ်တာခြင်း၊ ကြင်နာခြင်းတွေ ပြည့်သိပ်နေသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်လာခဲ့ပြီး ငါးနှစ်ထဲပင် ရောက်လာပြီမို့ မေမေ့ 'မောင်'ခေါ်သံသည် ဘယ်လောက်အထိ စွဲမြဲနေပြီလဲဆို မေမေသည် ဝေနှင့် ရေချမ်းနှင့် စကားပြောသည့်အခါမှာပင် ယောင်မှားပြီး ... ဘယ်လိုလေ မောင်ရဲ့ .... ဆိုတာမျိုး ပြောတတ်ချေသေး၏။ မေမေ့ ခန္ဓာကိုယ်က စည်ပိုင်းရိုက် ဖြစ်ချင်နေပြီဆိုပေမယ့် ဖေဖေကတော့ ကျီစယ်စရာ မြတ်နိုးစရာဟုပင် ထင်မှတ်နေသေးသည်။ ခန္ဓာကိုယ် ဘယ်လောက်ဝ,ဝ မေမေသည် ဖျတ်လတ်ဆဲ ...။ မျက်နှာလေးက ပါးဖောင်းဖောင်းကြီးမှာ ပါးချိုင့်ရာ သေးသေးနှင့် အပျိုဖြန်းလေးလို ချစ်ဖို့ကောင်းဆဲ ... အသံလေးကလည်း ခပ်သေးသေးမို့ 'မောင်'လို့ မေမေ့ခေါ်သံ တစ်ခါကြားလျှင် ဆိုင်မှာ စားနေကျ သောက်သည်တွေက ဖေဖေ့ကို ကျီစယ်မဆုံးတော့။ ရေချမ်းကတော့ မျက်နှာကြီး ရှုပုပ်လို့ ...။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း သူ့ချစ်ဇနီး စည်ပိုင်းလေးကို 'ချိုရေ' 'ချိုရေ'ဆိုပြီး တစ်နေကုန် ချို လိုက်ရတာ ...

လမ်းထိပ်က အငှားကားမောင်းသည့် ဦးလေးကြီးက ထမင်းစားချိန်ဆို ဝင်ဝင်လာပြီး ...

"ချိုနဲ့ တစ်ပွဲပေးဟော့"

ဆိုလျှင် အဖေ့မှာ အူတိုရသေးတာ ...။ ဝေတို့ မောင်နှမနှစ်ယောက်ကတော့ ပျင်းလွန်းသည့် ငြီးငွေ့ဖွယ်နေ့မျိုး ဆိုလျှင် အဖေနှင့်အမေ့ကိုသာ ကျီစယ်ရသည်။

"တွေ့ပါဘူးကွာ ...။ ခုတလောတော့ သတင်းစာရဲ့ ကြော်ငြာကဏ္ဍဖတ်ရလွန်းလို့ အလွတ်တောင်ရနေတော့မယ်"

"ထူးပါဘူးကွယ် ... တို့ပဲ မွေးစားလိုက်ကြစို့"

"အံမယ်မယ် ... ဒေါ်ချိုချိုကြည် ...။ မွေးထားတဲ့ သမီးနဲ့ သားကို ဘယ်ချောင်ပို့မလို့တုန်း"

မျက်နှာကြီး ရှုပွ၊ မျက်လုံးထောင့်ကပ်ပြီး ဝေပြောလျှင် မေမေက သဘောကျပြီး ရယ်နေတော့သည်။

"ချိုကလည်းကွာ ... မွေးစားတာတွေဘာတွေ မလုပ်စမ်းပါနဲ့ ပြဿနာ ရှုပ်ရရှုပ်နဲ့"

"ဟုတ်ပါ့"

ဝေက နှုတ်ခမ်းမဲ့ရွဲ့ပြီး ဖေဖေ့စကားကို ထောက်ခံလိုက်သည်။

"တို့သမီးကြီးနဲ့ ပေးစားလိုက်ရ မကောင်းဘူးလား"

"အမ် ... ဖေကြီးနော်"



"ကောင်းပါ့ ... တော်"

"ဘာကောင်းတာလဲ ... ဘာကောင်းတာလဲ ... စိတ်ကောင်းကို မရှိဘူး ...။ သမီးကို ယောကျ်ားပေးစားတာ ကောင်းကောင်းကန်းကန်းနဲ့ ပေးစားပါလား ..."

မေမေ့လက်မောင်းအိုးကြီးကို ဖျစ်ညှစ်လိုက်ရင်း ဝေ့စိတ်ကြိုက်ဆူပွက်နေတော့ မေမေနှင့်ဖေဖေက တဟားဟား အော်ဟာစ်ရယ်၏။

"အံမယ် ... တို့ မွေးစားသားလေးက ဘယ်လောက်ချောသလဲ ... အသားအရေကလည်း တစ်သွေးတစ်မွေး ဝင်းလို့ ကြည်လို့ ... ပညာလေးလည်း တတ်တယ်။ အိမ်အလုပ်လည်း ဝိုင်းကူတယ် ..."

မေမေက ဝေ့ကို မခံချင်အောင် စ,ပြန်သည်။

"ဒါပေမယ့် ... ဒါပေမယ့် ..."

ဝေ ဆက်ပြောလိုက်သည့် စကားအဆုံးမှာ ဆိုင်နောက်ဘက်ပေါက်ကနေ လှည့်ပြေးသွားသော အရိပ်တစ်ခုကို ဆတို့ သုံးယောက်လုံး မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



... ငယ်စဉ်က ... ကလေးတို့ဘဝမှာ ...
... ပျော်ပါးဖို့ရာ ... လွယ်ပါတယ် ...
... ကိုယ် ရ ... တာနဲ့ ... တင်းတိမ်ရောင့်ရဲ ....
... စားချိန်မှာ ... ဝင်စားမယ် ...
... အိပ်ချိန်မှာ ... ဝင် အိပ်မယ် ...

သီချင်းသံက လေးလေးတွဲ့တွဲ့ ... စည်းချက်မှန်မှန် ထွက်ပေါ်နေခဲ့ပြီး ညက်ညောသည့် ဂစ်တာသံနှင့် သီချင်းစာသားတွေကို နင့်နင့်သီးသီး လှိုက်လှိုက်လှဲလှဲ ဆိုနေသည့် ချိုချိုရှရှ အသံလေးက ဝေ့ရင်ထဲ နင့်သိပ်လာသည့် ဝေဒနာတွေကို ပိုပြီး ဖိအားပေးနေသလိုပင်။ ပြတင်းပေါက်ကို ပိတ်ပစ်ဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် မအောင်မြင်နိုင် ...။ မိုးစက်တွေ လေမှာလွင့်ပြီး မျက်နှာပေါ် လာရိုက်သည်ကိုပင် မေ့မေ့လျော့လျော့ ...။ မိုးရိပ်ကလည်း သည်ညမှာမှ သိပ်သည်းလွန်းသည်။ လ,ရောင်ကိုပင် မမြင်ရ။ မိုးသက်လေ ခပ်ကြမ်းကြမ်း ဝေ့လာသည့်အခါမှာတော့ သိပ်မကြာခင်မှာ မိုးရွာတော့မှာ ဆိုပြီး ခရေပင်ရိပ်က သူ့အတွက် စိတ်ပူပန်စ,ပြုလာသည်။



... အပူ အပင်ကင်းတဲ့ ကလေးလေးဘဝကို
... တစ်ခါပြန်ပြီး ရချင်သေးတယ် ...
... ပြစ်မရှိသေးတဲ့ ကလေးလေး ဘဝကို ...
... တစ်ခါပြန်ပြီး ရချင်သေးတယ် ...

ငိုနေတာလား ...

ဆိုနင့်အက်ရှနေသည့် သီချင်းသံက ငိုသံလိုပဲ ...။

အို ...

ဘာဖြစ်လို့ ပြောမိပါလိမ့် ...

သူ့ကို ဦးနှောက်မကောင်းတဲ့ သူ ... လို့ ... ,

မျက်ဝန်းအိမ်တွေ ပူနွေးလာပြီး လည်ချောင်းထဲမှာလည်း သွေ့ခြောက်လာသည်။ မသိလိုက်ဘာသာ နေလိုက်မည် စိတ်ကူးပြီး ဝေ့ဘက်က အခေါ်အပြော မပျက်နေခဲ့ပေမယ့် သူက သိသိသာသာ စကားနည်း နှုတ်ဆိတ်ပြီး မျက်နှာနွမ်းနေခဲ့သည်။ အဖေက ...

"ခဏနေ သူ မေ့သွားမှာပါ သမီးရယ်"

ဆိုပေမယ့် သည့်တစ်နေ့လုံး ဝေနှင့် မျက်နှာချင်းမဆိုင်မိအောင် သူ ရှောင်နေသည်ပဲ ထင်မိ၏။ ဆိုင်သိမ်းချိန်တွေမှာ အမေ့ကို သူ ကူညီနေကျဖြစ်ပေမယ့် သည်ညတော့ ဝေ ရှိနေသည် မို့လားမသိ။ သူ ပေါ်မလာဘဲ ပျောက်နေခဲ့သည်။ အမေက နှုတ်က ဖွင့်မမေးပေမယ့် မျက်လုံးက သူ့ကို ရှာသည်။ စိုးရိမ်ပူပန်စိတ်တွေကလည်း အမေ့မျက်လုံးထဲမှာ အထင်အရှား ...။

ဆိုင်သိမ်းပြီး မိသားစု ဆုံနေကျဖြစ်သည့် ရုပ်မြင်

www.burmeseclassic.com

www.burmeseclassic.com



သံကြားစက်ရှေ့မှာ သည်ကနေ့တော့ အဖေရယ် ရေချမ်းရယ်ပဲ ရှိသည်။ ဆိုင်သိမ်းပြီး အတော်ကြာသည်အထိ သူ့ခြေသံ မကြား ရတော့ သူ ဘယ်တော့မှ ပြန်မလာတော့ဘူးလားရယ်လို့ ရင်ထဲ မှာ စိုးထိတ်ပူပန်ရပြန်သည်။ ခြံထဲ ဝင်လာသည့် ခြေသံကို နားစွင့်မိသည်။ လမ်းထဲက ခွေးဟောင်သံ ကြားလျှင် သစ်ကိုင်း လေတိုးပြီး တချွတ်ချွတ် မြည်သံကြားရလျှင် ရင်ထဲ ထိတ်ခနဲ ဆောင့်ခုန်ရသည်။

နေနေရယ် ...

ပြန်လာပါတော့ ...

မင်း ... ဘယ်လိုပဲ ဖြစ်ဖြစ် မင်းဟာ ဘယ်သူပဲ ဖြစ်ဖြစ် ...

တို့ မိသားစုဝင်ပဲ ...။

တို့ မိသားစုထဲက အိမ်သားတစ်ယောက်ပဲ ...။

သူ မရှိတော့လျှင် သည်မိသားစုထဲမှာ ကွက်လပ် တစ်ခု ဖြစ်ကျန်ရစ်တော့မည်ဆိုတာ သေချာနေခဲ့ပြီ။

... ဖြူစင်တဲ့ နှလုံးသားလေးဟာ ...
... အရောင် အမျိုးမျိုး ... စွန်း ... ထင်နေပြီ
... ဆန္ဒ လွန်ကဲ စိတ်အလိုလိုက်လွဲ ...
... အသုံးမဝင်တဲ့ နောင်တတွေ
... လှို့ဆော်ကာ ကြေကွဲနေ ...

**မိုးရွာတော့မယ် ...**



မိုးရွာထဲမှာ ဂစ်တာတစ်လက်နဲ့ ဆက်ထိုင်နေဦး မှာလား ...။

မှန်ပြတင်းကို သည်တစ်ကြိမ်တော့ အောင်မြင်စွာ ပိတ်လိုက်နိုင်သည်။ အခန်းထဲက ထွက်ပြီး အပြင်ဘက် အခန်း နံရံမှာ ချိတ်ထားသော ရေချမ်း၏ ဝါးဖတ်ခမောက်ကို ဖြုတ်ယူဆောင်းလိုက်သည်။ အိမ်ရှေ့လှေကားက ဆင်းလာခဲ့စဉ် ခရေပင်အောက်မှာ ထိုင်ပြီး ဂစ်တာတီးနေသည့် ကောင်လေးတစ် ယောက် ဝေ့ ခြေသံကို မကြားပါစေနဲ့ ... ဟု တိတ်တိတ် ဆု တောင်းရသေးသည်။

စိတ်ကူးယဉ်တတ်လွန်းသူ မို့လား ...။

အားနည်းချက်နဲ့ ဆိုပေမယ့် အဲသည် အားနည်းချက် ဟာ တို့အတွက် ကျီစယ်စရာ မဖြစ်သင့်ဘူးဆိုတာ တွေးမိတိုင်း ရင်မှာ နင့်အောင် နောင်တတွေနဲ့ နာကျင်မိပါရဲ့ကွယ် ...။

www.burmeseclassic.com

www.burmeseclassic.com



"ဘရားဖိုး ... ဘရားဖိုး"

အကျယ်ကြီး လက်ခုပ်တီးနေပေမယ့် နည်းနည်းလေး ပင် မလှုပ်ရှားပါ။ ဝေ့ကိုလည်း ခပ်စောင်းစောင်းလေးပင် ငဲ့မကြည့် ပါ။ ဝေကသာ သူအနား ဆောင့်ကြောင့်ထိုင်ရင်း သူ့မျက်နှာ ကို အကဲခတ်ရသည်။ ဒါပေမယ့်လည်း သေချာမြင်ရတာ မဟုတ်ပါ။ မိုးရိပ်က လ,ရောင်ကို ကွယ်ထားသည့်အပြင် ခရေ အရွက်အုပ်အုပ်တွေကလည်း လမ်းဓာတ်မီးတိုင်ကို အလင်း တစ်ဝက်တစ်ပြက် ကွယ်ထားလိုက်သေးသည်။

ဝေ မှန်းဆနိုင်သည်ကတော့ သူ့မျက်လုံးတွေ ရီ မှုန်မှိုင်းနေပါသည်။

"သိပ်ကောင်းတာပဲ ... အဆိုရော အတီးရော"

သူ ဘာမှ ပြန်မဖြေ။ ဝေ့ရင်ထဲ လှိုက်ခါဝမ်းနည်း သွား.ပြီး မျက်ရည်တွေပင် စို့တက်လာချင်သည်။

"ဟော့ ကောင်လေး .. မဝေကို စိတ်ဆိုးနေတာလား"

"မဝေ ..."



"ဟယ် ... မဝေကို မမှတ်မိပြန်ဘူးလား။ ရေချမ်းရဲ့ အစ်မလေ ..."

"သြော် ... မှတ်မိပါတယ် ... မှတ်မိတာပေါ့။ စောစောက ကျွန်တော် တီးနေတဲ့ သီချင်းလေ ...။ အဲဒါ ပြောတာ လား"

ဝေ လည်ချောင်းထဲ ဆို့တက်လာသည့် အပူလှိုင်း တွေကို မျှဉ်းမျှဉ်းရှိုက်ရင်း လျှော့ချလိုက်ရသည်။

သွားပြီ ... ,

သူ မေ့သွားပြီပေါ့ ... ,

စိတ်ဆင်းစရာတွေကို သိမ်းဆည်းမထားဘဲ မေ့ပစ်နိုင် သည့် အခွင့်အရေးနှင့် အစွမ်းသတ္တိ သူ့မှာ ရှိနေသည်။ ဘယ်လောက် ကောင်းလိုက်သလဲ နော် ...။

"အင်း , ဟုတ်တယ် ... သိပ်နားထောင်ကောင်းတာပဲ"

"ဒါဆို ... ကျွန်တော် နောက်တစ်ပုဒ် တီးပြဦးမယ်"

"ဒါပေမယ့် မိုးရွာတော့မှာ နေနေရဲ့။ တို့ အိမ်ပေါ်မှာ သွားပြီး တီးကြ ဆိုကြရင် မကောင်းဘူးလား ... ရေချမ်း တို့ ဖေဖေ မေမေတို့ပါ နားထောင်ရတာပေါ့"

"ဟင်အင်း ... မကောင်းဘူး"

"ဟယ်"

"ကျွန်တော်က မဝေ တစ်ယောက်တည်းကို ဆိုပြချင် တာ"

ပင့်သက်ကို ရှိုက်ရပြန်လေသည်။ ဘယ်လို စိတ်ကူး ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ခုထိ မိုးစက်ဖြောက်ဖြောက် မကျသေးဘူးဆိုတော့ ဝေသည် စိတ်ချလက်ချပင် ဖိနပ်ကို ခုလျက် သူ့နံဘေးမှာ ထိုင်ချလိုက်သည်။

"ကဲ ... ဘာသီချင်း ဆိုမှာလဲ ..."

"ဝတ်မှုံ ..."

ဘုရားရေ ...

ဒါ ဝေ အကြိုက်ဆုံး သီချင်း ...။

ဝေသည် ဘာကိုမှ ဆုံးဖြတ်မရတိုင်း သူ့မျက်နှာ အိမ်ထဲကိုသာ အထပ်ထပ် အခါခါ ကြည့်ပြီး အဖြေရှာမိလေသည်။ သေချာတာ တစ်ခုကတော့ နေ့လယ်က အမှတ်မထင် သူ နားစွန်နားဖျား ကြားခဲ့ရသည့် စကားကို သူ မေ့လျော့သွားပြီ ဒါမှမဟုတ် သေချာနားမလည်လိုက်တာလား ...။ သူ့အသိဉာဏ် ထဲမှာ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေသည့် အကြောင်း အရာတွေ အများကြီးထဲ သူ ကြားလိုက်ရသည့် စကားတစ်ခွ လည်း မြုပ်ချည် ပေါ်ချည်ဖြင့် တဖြည်းဖြည်း ဝေးသွားပါတော့ မည် ...။

... မြိုင်နန်း ပန်းတောထဲမှာ

... ပွင့်လန်းတဲ့ ... ပန်းကလေးတွေ ...

"ဟောတော့ ... ဝတ်မှုံ ... ဆို"

"ဩော် ... အင်း ... မဟုတ်ဘူးနော် ... ဘာပါလိမ့် ..."

ဝေက ဝတ်မှုံ သီချင်းစာသားတချို့ကို ခပ်တိုး ညည်းပြလိုက်သည်။ ဝေဒိုင်တွေဝေ နေရာကနေ သူ ဖျတ် ပျော်မြူးရွှင်ပြသွားပြီး ...



"ဩော် ... ဟုတ်ပြီ ... ဟုတ်ပြီ ... ဒီသီချင်း ကျွန်တော် ကြိုက်တယ်"

ဆိုလျက် ကော့ဒ်ကိုင်သည့် လက်တွေကို နေရာ ရွှေ့ပစ်လိုက်သည်။ မိနစ်တွေ အတော်ကြာအောင် ဂစ်တာကြိုး တွေကို အသံစမ်းရင်း သူ့နှုတ်ခမ်းတွေက တလှုပ်လှုပ် တရွရွနှင့် စကားတွေ အဆက်မပြတ် ရေရွတ်နေလေသည်။

"ဘာတွေ ပြောနေတာလဲ"

ဟု ဝေ ခပ်တိုးတိုး မေးလည်း သူ ပြန်မဖြေပါ။ ဆကသာ ခပ်စင်းစင်း မျက်တောင်များအောက်က အရောင်အဆင်း ကင်းမဲ့ပြီး ကြောင်းငေးငေးနိုင်လှသည့် မျက်လုံးတစ်စုံကို မြင်ရ တိုင်း စိတ်ထိခိုက်ရသည်။ ဝေ့စကားကြောင့်များ သူ့စိတ်တွေ ပြီး ကစဉ့်ကလျား ဖြစ်သွားခဲ့တာလား။ နံနက်ခင်းကတော့ သူဟာ တက်ကြွလန်းဆန်းနေသည့် လူငယ်လေးတစ်ယောက်ပဲ။

ရေချမ်းနှင့်ပင် သီချင်းတွေ လိုက်အော်ဆိုနေသေး ရဲ့ ...။

ဖေဖေဆို သူ့မွေးစားသား လှုပ်ရှားသမျှ လိုက်ကြည့် ပြီး ကျေနပ်လို့ ...

"တို့ဆီ ရောက်တော့ အသားအရေတွေတောင် ပိုပြီး ကြည်လင်လို့ ...။ စိတ်လည်း ပုံမှန်ဖြစ်တဲ့ အချိန်က များပါတယ် ...။ အဆိုးဆုံး အခြေအနေဆိုတာ သူ့ဘာသာ တစ်ယောက်တည်း တတွတ်တွတ် ရွတ်နေတာလောက်ပဲ"

တဲ့ ...။ ဖေဖေ့စိတ်ထဲ သည်လိုပဲ ဖြစ်စေချင်သည် ထင်ပါရဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်လည်း သူ့စိတ်အခြေအနေ အတော်ကောင်းမွန်နေခဲ့တာပါ။

... ပန်းချစ်သူ ပျားကပြုံးတယ် ...

... တောက်ပတဲ့ အဆင်းလည်း ... ရှိတယ် ...

... လိုက်ဖက်မယ့် ... မွှေးရနံ့နဲ့ဆို ...

... တုယှဉ်ပြိုင် ... လာလို့ နိုင်းရင် ...

... ရှုံးကြမှာပဲ ...'

... ရင်ထဲ ရှိရှိသမျှ ... ပြောပြရရင် ... တကယ်လှတယ် ...

"အဲဒါ မဝေကို ပြောတာ"

"ဟောတော်"

ဂစ်တာတီးနေရာကနေ ဖြုန်းခနဲ ရပ်ပြီး သူက ကောက်ကာငင်ကာ ပြောသည်။ ဒူးနှစ်ဖက်ကို ပိုက်ယှက်ထားသည့် လက်ပေါ် မေးတင်ပြီး အကျအန သီချင်းနားထောင်နေသည့် ဝေသည် သူ ပြောလိုက်သည့် စကားကြောင့် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ယင်သွားရအောင်ပင် အကိတ်တလန့် ဖြစ်သွားရသည်။

"မဝေက တကယ်လှတယ်ဗျာ။ မျက်လုံးလေးကလည်း ဝိုင်းလို့၊ မျက်တောင်လေးကလည်း ကော့လို့ နှုတ်ခမ်းလေးကလည်း ဖူးဖူးလေး ..."

"နေနေ"

"ဗျာ"

"သီချင်း ဆိုနေရာကနေ ဘယ့်နှယ် ဖြစ်တာလဲ"

"ကျွန်တော့်မေမေ ငယ်ငယ်တုန်းက ဓာတ်ပုံထဲမှာလေ



မေမေက မဝေလိုပဲ သိပ်လှတာပဲ။ ဒါပေမယ့် မဝေဆံပင်က အရှည်ကြီး ... မေမေ့ဆံပင်က တိုတိုလေးဗျ။ ကျွန်တော် မေမေ့ကို သိပ်ချစ်တာပဲဗျာ ... ဒါပေမယ့် မေမေက ကျွန်တော့်ကို မချစ်ပါဘူး"

"မဟုတ်တာ"

"မဝေကလည်း ကျွန်တော်ကို မချစ်ပါဘူး"

ပြဿနာပဲလား ...။

ဝေသည် ရင်ထဲကလည်း တထိတ်ထိတ်ခုန်၊ ရယ်လည်း ရယ်ချင်ပြီး သူ့ကို ဘာပြောလို့ ပြောရမှန်း မသိအောင်ပင် စိတ်တွေ ထွေပြားနေတော့သည်၊

တကယ်လည်း ရယ်စရာ မကောင်းဘူးလား ...

သည်လို ကောင်လေးမျိုးဆီက ပေါက်ကရ စကားတစ်ခွန်းကို ရင်ခုန်နေချင်သေးတယ်တဲ့။ ဒါပေမယ့် သူလည်း ဘာကိုမဆို ခံစားခွင့် ရှိသည့် လူသားတစ်ယောက်ပဲနော်။ သူ့ကို ခြားဆက်ဆံချင်သည့် စိတ်မျိုးဆိုတာ တကယ်တော့ သူ့ကို ထိခိုက်စေတာပဲ။ အနည်းနှင့်အများတော့ ထိခိုက်စေနိုင်တာပဲ။

"မဟုတ်တာကွယ်"

"ဟုတ်ပါတယ်ဗျာ ...။ ကျွန်တော့်ကို အရူးတဲ့။ ကျွန်တော် မရူးပါဘူး။ ကျွန်တော် တကယ်မရူးဘူး ... ဘာဆေးမှလည်း သောက်ဖို့ မလိုဘူး။ အခန်းထဲမှာလည်း သော့ခတ်ပိတ်ထားစရာ မလိုဘူး"

မြတ်စွာဘုရား ... ,

သူ တကယ်ပဲ ကြားခဲ့တာပေါ့နော် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် သူ စိတ်ထိခိုက်ခဲ့ရတာပေါ့ ..

"ဟင့်အင်း ... မဟုတ်တာ နေနေရယ်။ မဝေက အဲလို မထင်ပါဘူး။ နေနေ ... နေကောင်းနေတာ မဝေသိတာပေါ့။ အခန်းထဲမှာလည်း သော့ခတ်မထားပါဘူး။ ခု နေနေ ဂစ်တာတီးတာကို မဝေ နားထောင်နေတယ်လေ ...။ နေနေ့ မေမေက မဝေနဲ့ တကယ်တူလား ...။ မထင်ပါဘူးကွာ ... နေနေ့ မေမေက ပိုလှမှာပေါ့ နော်"

ကိုယ့်ဘာသာ မသိဘဲ စကားတွေ အဆက်မပြတ် ပြောနေမိသည်။ သူ့ကို နှစ်သိမ့်ချင်တာလား ... ကိုယ့်ကိုယ်ကို နှစ်သိမ့်ချင်တာလား ဆိုတာလည်း ဝေခွဲမတတ်တော့ ...

"မေမေက ကျွန်တော့်ကို မချစ်ဘူး"

ဆိုသည့်စကားကို ထပ်ကာတလဲလဲ သူ ပြောနေသည်။ ဘယ်လို ဖျောင်းဖျရမည်ဆိုတာကို မသိတော့၊ မိုးစက်လေး တစ်ပေါက် နှစ်ပေါက် သစ်ရွက်တွေကြားက ကျလာသည်။ မိုးရွာတော့မည် ထင်ရဲ့ ... သူကဖြင့် ခရေပန်းရနံ့တွေကြားထဲ စိတ်ကူးယဉ် အိပ်စက်ချင်ပုံပင် ...။

"နေနေ့ အမေက နေနေ့ကို ချစ်မှာပါကွယ်"

"မဝေက ကျွန်တော့်ကို မချစ်ဘူးနော်။ ကျွန်တော့်ကို မောင်းထုတ်မှာ မဟုတ်လား"

"အို ... မဟုတ်တာ ... မောင်းမထုတ်ပါဘူး ...။ လာ အိမ်ထဲ ဝင်ကြစို့ နေနေ ... မိုးရွာတော့မယ်"

"ဟင့်အင်း ... ကျွန်တော် မိုးရွာထဲမှာ နေဦးမယ် လမ်းလျှောက်မယ်"



"မလျှောက်ရဘူး၊ ဖျားလိမ့်မယ် ... အိမ်ထဲဝင်"

ဝေက သူ့လက်မောင်းကို အတင်းတွယ်ထားသည်။ သူကလည်း ဂစ်တာကို မလွှတ်တမ်းဖက်ပြီး မတ်မတ်တောင့် တောင့်ကြီး ထိုင်နေသည်။ သူ ရောက်လာသည့် မိုးသည်းညသည် ဝေ့အာရုံထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ လာထင်၏။ သည်လို ညမျိုးမှာ သူ ပြန်ပြီး ပျောက်ကွယ်သွားနိုင်သည် ဆိုတာလည်း အသိစိတ်ထဲမှာ ဖျောက်မရနိုင် ...။

ဝေ့လက်ချောင်းတွေက သူ့လက်မောင်းကို အတင်းကြီး ကုပ်တွယ်ထားမိသည်။

"မိုးရွာထဲမှာ လမ်းလျှောက်ရတာ သိပ်ပျော်စရာ ကောင်းတာ ... ဘောလုံးကန်ရတာလည်း ပျော်ဖို့ကောင်းတာပဲ၊ ပန်းတွေ ကောက်ရတာလဲ ပျော်ဖို့ကောင်းတာပဲ ...။ ကျွန်တော် မိုးရွာထဲ ခဏခဏ ခိုးထွက်ဖူးတယ် ... မိုးတွေ သည်းသည်းရွာပြီဆို အဲဒီမိုးရွာထဲ ကျွန်တော် လျှောက်သွားချင်တာ ... အဲဒီစိတ်ကို ဘယ်လိုမှ ထိန်းလို့မရဘူး ..."

"ဒါဆို ... အခု မင်းက မိုးရေထဲ လျှောက်သွားမယ်ပေါ့"

"အင်းလေ ... မဝေနဲ့ ..."

"ဒီမှာ နေနေ"

ဝေက သူ့လက်မောင်းကို လွှတ်ပြီး လေသံမာမာနှင့် ခေါ်လိုက်တော့ သူ မျက်လုံးဝိုင်းလည်ပြီး ဝေ့ကို လှည့်ကြည့်သည်။

"နေနေ ... အဲလို လျှောက်ထွက်သွားရင် မဝေ နေနေ့ကို မချစ်တော့ဘူး။ တကယ့်ကို မောင်းထုတ်လိုက်မှာနော် ...

www.burmeseclassic.com

www.burmeseclassic.com



နေနေက မဝေတို့ကို မချစ်ဘူးလို့ မှတ်လိုက်မယ်။ မဝေကို မချစ်လို့ မဝေစကား နားမထောင်တာလို့ မှတ်လိုက်မယ်"

"ဟာ ... မဟုတ်ဘူးလေ ... ကျွန်တော် မဝေကို ချစ်တာ ပဲဟာ"

သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ကလေးတစ်ယောက်လို ခပ်နွဲ့နွဲ့ပြောတော့ အဲသည်အပြောလေးကပဲ ဝေ့ရင်ထဲ နွေးထွေးလှုပ်ခတ်သွားစေနိုင်ခဲ့ပါသည်။ ကိုယ်တိုင် ရက်သည့် အိမ်ထဲမှာ ကိုယ့်ဘာသာပဲ မလှုပ်မယှက် နှောင်ဖွဲ့ခံခဲ့ရသည်လား။

"ကဲ ... ဒါဆို ထ, အိမ်ထဲ သွားမယ်"

ဂစ်တာကို ကိုင်ပြီး သူ ထ,ရပ်သည်။

နှုတ်မရသည့် ခြေလှမ်းတွေ လှမ်းမိပြီဟု ကိုယ့်ဘာသာ သိပေမယ့် ကြည်နူးကျေနပ်နေခဲ့၏။



ခရေလမ်းကလေးထက် နေ့ရက်များစွာ သူနှင့်အတူ လျှောက်ဖြစ်ခဲ့၏။ သိစိတ် မသိစိတ် အမြဲလို ရှန်းကန်တိုက်ခိုက်ရဆဲ သူ့အပေါ် သံယောဇဉ်က တစ်နေ့ထက်တစ်နေ့ တစ်ရစ်ပြီး တစ်ရစ် ပိုပြီး ခိုင်မြဲမှုအောင် ဖွဲ့နှောင်ခဲ့ပြီ ထင်သည်။

မိသားစု၏ လိုအပ်ချက် တစ်ခု ဖြစ်လာသော ဆိုကောင်လေးသည် ဝေ့နှလုံးသား၏ လိုအပ်ချက်တစ်ရပ်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သူ့မျက်ဝန်းတွေထဲ အရိပ်တွေကို ဖတ်ရသည့် ဘာသာရပ်သည် ဝေ အနှစ်သက်ဆုံး အကျွမ်းကျင်ဆုံး ဘာသာရပ် ဖြစ်လာခဲ့သည် ...။

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရင် ကျွန်တော် ပျော်တယ် မဝေ ...

မိုးသည်းသည်းထဲမှာ လမ်းလျှောက်ရတဲ့အခါ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ပိုင်နေတယ် ...

ကိုယ် လုပ်ချင်တာကို လုပ်ခွင့်ရနေတယ် ...

ပြီးတော့ ...

ကျွန်တော့်အနားမှာ ကျွန်တော့်ကို အရူးလို့ လှောင်မယ့်သူ တစ်ယောက်မှ မရှိဘူး ...။

ဒါဟာ ကျွန်တော်ရဲ့ ရပ်တည်ပိုင်ခွင့်ပဲ မဟုတ်လား ...။'

ဒါပေမယ့် ...

ပန်းကြွေတဲ့လမ်းမှာ မဝေနဲ့အတူလမ်းလျှောက်ရတော့ ကျွန်တော့်အတွက် အဓိပ္ပာယ်က တစ်မျိုးပြောင်းသွားပြန်ရော ...။

တကယ် စဉ်းစားကြည့်လိုက်တော့ ...



ကျွန်တော်က ... ကျွန်တော့်ရဲ့ ရပ်တည်ပိုင်ခွင့်တွေကို ပေးချင်နေတာကိုး ...

ဟား ... ဟား ... ဟား ...

ရယ်စရာကြီး ... နော် ...

www.burmeseclassic.com

www.burmeseclassic.com








## အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်သည့် သူ့မျက်ဝန်းတွေ
နှလုံးအိမ်ထဲ လျှပ်စစ်လှိုင်းတစ်ခု ဖြတ်စီးသွားသလို ကျဉ်
သွားစေပါသည်။ သည်ရက်တွေမှာ သူ့မျက်လုံးတွေထဲက
ဘယ်အတော်များများကို နားလည်နိုင်ခဲ့ပြီမို့ … အဲသည်လို
ည်နိုင်ခြင်းတွေကပဲ ဝေ့ကို ပိုလို့ နာကျင်စေနိုင်ပါသည်။
ြားလေးတွေကို သူ့လက်ထဲ ထည့်ပေးပြီး …

"သောက်လိုက်နော် …"

ဟု ဝေ ပြောစဉ်အချိန်အထိ သူက ဝေ့ကို စကား
မှ မပြောဘဲ ငြိမ်သက်တန့်ရပ်နေသော မျက်ဝန်းတစ်စုံဖြင့်
၍သာ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... မဝေ စုထားတဲ့ ပိုက်ဆံထဲကနေ ဝယ်ပေးထားတဲ့ ဆေး။ နေနေ ... ခုထက်ပိုပြီး ရှင်းရှင်းနေကောင်းသွား စေချင်လို့ မဝေ တမင် ဝယ်ပြီးတိုက်တဲ့ဆေးမို့ နေနေ သောက်လိုက်နော်။ မသောက်ရင်တော့ မဝေ စိတ် ကောင်းဖြစ်ရမှာ"

"ကျွန်တော် သောက်မှာပါ ...။ ကျွန်တော်က ပုံမှန်ထ နည်းနည်းပိုကောင်းနေတယ်လို့ ဆရာကြီးက ပြောလို့ တယ်လေ ...။ ကျွန်တော့်ကို ဦးနှောက်ပုံမှန် မဟုတ်ဘူး ပြောလိုက်တာပေါ့။ မဟုတ်ဘူးလား"

"နေနေက စိတ်ဆိုးနေတယ်ပေါ့"

ဝေက ရယ်ဟဟ လုပ်ပစ်ရသည်။

"စိတ်မဆိုးပါဘူး ...။ အရင်လည်း ဆေးတွေ သော ခဲ့ရတာပဲ။ ဒါပေမယ့် ... မဝေတို့ ပိုက်ဆံကုန်မှာ

"ပိုက်ဆံကုန်တာ ဘာဖြစ်လဲ ... နေကောင်းဖို့ပဲ အရေး တာ"

"နေကောင်းရင် ကျွန်တော့်ကို အိမ်ပြန်ပို့မှာ မဟုတ်လ

"ဟယ် နေနေ ကလည်း ..."

အဲသည်လို ရည်ရွယ်ချက်မျိုး တစ်ချိန်က အမှန် ရှိခဲ့သော်လည်း သူ့အပြောကို ကြားလိုက်ရတော့ ရင်ထဲ အောင့်မျက်သွားခဲ့သည်။ ဝမ်းနည်းထိခိုက်သွားရသည်။ သူ့ က တိတ်တခိုး စိုးရိမ်စိတ်သည် သူ့ကို အမြဲလို ဖိနှိမ် လန့်နေခဲ့သည်ဆိုတာ ထင်ရှားနေခဲ့သည်။ ဒါပေမယ့် အဲသည် ဖြစ်သင့်သည့် အဖြစ်မှန်ကိုရော ငြင်းဆန်ရနိုင်မှာလား ...



သူ နေကောင်းသွားလျှင် သူ့ကိုယ်သူ အလုံးစုံ ဆင်ခြင်သိတတ်နိုင်ခဲ့လျှင် သူ ဝေတို့ဆီမှာ ဆက်ပြီး နေနိုင်ပါဦးမလား ...။

သူဟာ သည်လို အနေ သည်လို အစားမျိုးကို ရှင်းနီးခဲ့ရသူမှ မဟုတ်တာ ...။

"နေနေ့ကို မဝေတို့က မပြန်စေချင်ပါဘူးကွယ် ...၊ ဒါပေမယ့် နေနေက မဝေတို့ဆီမှာ တစ်သက်လုံး နေနိုင်မှာမှမဟုတ်တာ ..."

ဆေးပြားတွေကို သောက်ချပြီး 'ကျေနပ်ပြီလား' ဆိုသည့် အကြည့်မျိုးဖြင့် သူက ဝေ့ကို ခပ်ပြုံးပြုံး ကြည့်သည်။ ဆေးတွေ ရေခွက်တွေ နေရာတကျ သိမ်းဆည်းနေသည့်အခါ အဲသည်အကြည့်တစ်စုံက ဝေ့နောက်မှာ ကပ်ပါလာခဲ့သည်ဟု စိတ်ထဲ ထင်နေမိသည်။ ဝေ စိတ်ထင့်လာပြီး လှည့်ကြည့်လိုက်သည့်အခါ ဧည့်ခန်းအဝင် သစ်သားကျည်းပေါင်မှာ မှီရပ်လျက် ဝေ့ဆီ ခပ်ပြုံးပြုံး ငေးနေသည့် သူ့ကို မြင်ရလေသည်။

"ဘာကြည့်နေတာလဲ"

သူက ဟက်ခနဲ ရယ်လေသည်။

"မဝေက လှတယ်ဗျာ"

"ဘာရယ်"

"မဝေ စိတ်ဆိုးရင်လည်း ကျွန်တော့် မေမေလိုပဲ။ မျက်ခုံးကြီးတွေက ကုပ်ပြီး တကယ့်အဘွားကြီးအိုက်တင်နဲ့ ... ဟော ... ဟော ... ခုကြည့်နေတဲ့ ပုံမျိုးပေါ့ ...။ ဒါပေမယ့် ကြည့်လို့ကောင်းတာပဲဗျ။ တစ်မျိုးတော့လည်း လှတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေနေ ... ဘာတွေ လာပြောနေတာလဲ ... နင်ဟာလေ"

ဝေ့မျက်နှာ ဖြန်းခနဲ နွေးသွားပြီး ရင်ခုန်သံတွေ လျှင်မြန်စွာ ပြောင်းလဲသွားစဉ်မှာ သူက တဟားဟား အော်ရယ် ရင်း ...

"ကျွန်တော် အမေ့ကို သွားကူလိုက်ဦးမယ်"

ဆိုပြီး စွတ်ခနဲ အိမ်ပေါ်က ပြေးဆင်းသွားလေသည်။



အမြဲတမ်း မျှော်လင့်နေခဲ့ပေမယ့် တကယ်တမ်း ရင်ဆိုင်လာရသည့်အခါ ဝေတို့အဖို့ အဲသည်အဖြစ်အပျက်ကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်ခဲ့ပါ။ အမျိုးမျိုး စိတ်ကူးယဉ် ကြည့်မိပေမယ့် မရေရာလှသော အဲသည် ပုံရိပ်တို့သည် ဝေ မျှော်လင့်ခဲ့သည်နှင့် ဘာတစ်ခုမှ မတူညီဘဲ တိုက်ဆိုင်မှု တစ်ခုဖြင့်သာ ဖြစ်ပျက်လာခဲ့၏။ သို့ပေမယ့် ဝေတို့ အားလုံး တည်တည် ငြိမ်ငြိမ် ရင်ဆိုင်နိုင်ဖို့ ကြိုးစားခဲ့ကြပါသည်။

မိုးရိပ်ကင်းစင်သည့် သောကြာနေ့ တစ်နေ့မှာ နေလယ်စာ စားချိန် ဝေတို့ ဆိုင်သည် စားနေကျ ဖောက်သည်များ၊ ခရီးကြုံများ စသဖြင့် နေ့လယ်စာ စားကြသူ အများအပြားနှင့် စည်ကားနေခဲ့ပါသည်။ သည်လို လူကျချိန်တွေဆို ခပ်ကုပ်ကုပ် ဆိုင်ငယ်ကလေး ဆိုပေမယ့် စားပွဲထိုးရသည့် အဖေနှင့်ဝေသည် ခြေထောက်တွေ မရပ်မနား လှုပ်ရှားနေမှ အကွက်စေ့သည်။ ခုတော့ နေနေနှင့် အဖေက စားပွဲထိုးပြီး ဝေက ကောင်တာမှာ ထိုင်ရသည်မို့ ဝေ့အနေဖြင့်တော့ မပင်ပန်းဘဲ သက်သောင့်သက်

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိသည်။ သို့ပေမယ့် ... တစ်ပတ်နွမ်း ချည်ပုဆိုး၊ အရောင်ခပ်ရွှဲရွှဲ တံရှုပ်ဖြင့် စားပွဲထိုးနေသည့် နေနေ့ကို မြင်ရတိုင်း ဝေ စိတ်မကောင်းပါ။ ဘယ်လိုပဲ ကြည့်ကြည့် နေနေသည် သည်လို လက်လုပ်လက်စား လူတန်းစားထဲက မဟုတ်မှန်း သိသာထင်ရှားနေခဲ့သည်။ နို့နှစ်ရောင် အသားအရေ၊ သွေးရောင်လွှမ်းနေသည့် နှုတ်ခမ်းပြည့်ပြည့် ဖောင်းဖောင်းလေးတွေ ... စိမ်းမြနေသော မေးကြောရှိန်းလေးတွေ၊ ... , ပြည့်တင်းပြီး ဖောင်းအိနေသည့် ခြေဖမိုးလေးတွေက အစ သီးသန့်ကမ္ဘာက လူတစ်ယောက်အဖြစ် သူ့ကိုယ်မှာ အမှတ်သညာတွေက ထင်ရှားနေပြီး ဖြစ်သည်။

ဒါပေမယ့် ... အမေ ပြောသလို ရေစက်ကြုံလို့ပဲ ထင်ပါရဲ့ ...။

အဖြေရှာမရတိုင်း ဝေ သည်လိုပဲ ဖြေသိမ့်တွေးတွေးရသည်။ သူကိုယ်တိုင်ကလည်း ဘယ်လောက်ပင်ပန်း ပင်ပန်း ပျော်ရွှင်တက်ကြွနေတာပါပဲ။ ရေချမ်းကတော့ သူ့အလုပ်တွေ ကူပေးလို့ အဖော်တစ်ယောက် ရ,လာတာမို့ သည့်ထက်မက သူ့ကို စာကူကျက်ပေးဖို့ သူ့ကို ဂစ်တာတီး သင်ပေးဖို့ ... သူ့အကြောင်းတွေ တိုးတိုးကျိတ်ကျိတ် ပြောဖို့ အဖော်တစ်ယောက် ရ,လာတာမို့ နေနေ ရှိနေခြင်းကို ဝမ်းသာအားရပင် လက်ခံခဲ့သည်။ ကျောင်းက ပြန်ချိန်တွေမှာ သူတို့နှစ်ယောက် တတွဲတွဲ နေလွန်းတာကို ဝေ ကြည့်မရအောင်ပင် ဖြစ်ခဲ့ရပါသည်။

ခုဆို သူ့လက်ဖဝါးတွေ ရောက်စကလို မနုတော့။ ရေဆွဲကူရ၊ အိုးတိုက်ကူရနှင့်မို့ သွေးခြေဥမတတ် နုရွနေသည့် အခြေအနေကနေ အနည်းငယ် ကြမ်းတမ်းလာချင်ပြီ။ ဒါပေမယ့်



သိချင်းတကြော်ကြော် အော်ဆိုရင်း အလုပ်နှင့်လက် မပြတ်သည့် သူ့ကို မြင်ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းပါသည်။ သည်ရက်တွေမှာ သူ့အခြေအနေ မဆိုးရွားတော့ဘဲ ပုံမှန်နှင့် လွဲချော်နေသည့် တစ်ယောက်တည်း စကားပြောနေတတ်သည့် အပြုအမူလောက်သာ ရံဖန်ရံခါ တွေ့ရတော့သည်။ မိုးသည်းသည်းရွာတတ်သည့် ညနေစောင်းတွေ ညနေတွေမှာတော့ သူ့ကို သတိထားစောင့်ကြည့်ရပါသည်။

"တို့က ရှင်တို့လို သူဌေးမဟုတ်တော့ ဒီလောက်ပဲ ရမယ်လေ။ စိတ်ကတော့ ယုဇနဂါးခင်းတို့ အိကြွေတိုရိုရယ်တို့မှာ ဘူဖေး ကျွေးချင်တာပေါ့ ... ဒါပေမယ့် ဒီမှာလည်း ဘူဖေးပါပဲနော် ... ကြိုက်တဲ့ဟင်း မှာစား၊ အကြော်၊ အသုပ်၊ ချဉ်ရည်၊ ဆီပြန်၊ အစုံရတယ်။ တို့အန်တီချိုကြီးရဲ့ လက်ရာက ကောင်းမှကောင်း ..."

"ဟုတ်ပါရဲ့ကွယ် ...။ တစ်ခါတလေလာတဲ့ ညော့သည်ကို ထမင်းနဲ့ပဲ ညော့ခံရတာ အားနာစရာတော့ ကောင်းပါရဲ့။ ဒါပေမယ့် နေ့လယ်စာ စားချိန်လည်း ဖြစ်နေပြီ မဟုတ်လား။ ပြီးတော့ ဒီမှာကလေ ရှင်တို့ဆီမှာ မရနိုင်တဲ့ ဖားတို့ ဂဏန်းတို့လည်း ရှိတယ်ကွယ့် ...။ ငါးမွေထိုးကြော် စပ်စပ်ကလေးနဲ့ ငါးပိထောင်းလေးနဲ့ ..."

"ဟော ... ဟော ... ဒေါ်မျိုးပတို့ သွားရည်တွေတောင် ထွက်လာပြီ"

အဆောင်သူတစ်ဦး၏ ဆူဆူညံညံ စကားသံကြောင့် ရေချမ်းတို့လို တက်ကြွသည့် လူငယ်လေးတစ်ယောက်ပါပဲဟု

www.burmeseclassic.com

www.burmeseclassic.com



မြည့်ရွှတ်ဆွေးကြည့်ပေးရင်း နေနေ့ကို လိုက်ငေးနေမိသည့်
စိတ်တွေ ပြန်ပြီး နိုးနိုးကြားကြား ဖြစ်လာရသည်။ ငယ်ရွယ်
တက်ကြွဖျက်လတ်နေသည့် ဆယ့်ရှစ်နှစ်ဝန်းကျင် ကောင်မလေ
တစ်သိုက်ကို ဝေ စိတ်ဝင်စားသလိုပင် နေနေကလည်း စိတ်ဝင်
ပါသည်။ ဝေတို့ လမ်းရှည်ကြီး၏ ဟိုဘက်လမ်းမသည် ကော
ဝင်းဖြစ်ပါသည်။ အဲသည်ကောလိပ်ကို အမှီပြုပြီး ဝေတို့လမ်းထဲ
လည်း ပုဂ္ဂလိက အဆောင်ဖွင့်ထားသူတွေ အတော်များမျ
ရှိသည်။ ဝေတို့ ထမင်းဆိုင်လေးသည်ပင် အဆောင်သူများ
စက်ရုံအလုပ်သမားများအပေါ် မှီခိုနေရသည့် အခြေအနေမျိုး
သူတို့လေးတွေကို ဝေတို့က လိုက်လံချိုသာရပါသည်။ ဒါကလည်
ဝေတို့ မိသားစုအတွက် အပန်းကြီးသည့် အလုပ်မျိုး မဟုတ်ပ

"ဘာဟင်း မှာကြမလဲ ခင်ဗျာ"

ဟော ... ,

ကြည့်စမ်း ... ,

သည်တစ်ခါတော့ တက်ကြွလွန်းသည်ပင် ထင်မိ
ကောင်မလေးတွေ စားပွဲအနား ခြေလှမ်းသွက်သွက်ဖြင့် ရောက်သ
သော နေနေ့ကို ဝေက ပြုံးလျက် စောင့်ကြည့်နေမိသည်။ ကော
မလေးတွေထဲမှာ နပျိုလန်းဆတ်လှပခြင်းတွေက သိပ်မကွာ
ပေမယ့် ဝတ်စားဆင်ယင်ပုံနှင့် ပြောင်လက်တောက်ပမှုတွေကတော့
တချို့ သိသိသာသာ ကွာခြားနေပါသည်။ သို့ပေမယ့် ကလေးမလေး
တွေ မျက်နှာပေါ် တပ်ဆင်ထားသည့် အပြုံးတွေက မျက်နှာ
မဟုတ်မှန်းတော့ ဝေ သေချာသိသည်။ သည်အရွယ်လေးတွေ
စစ်မှန်တဲ့ ခင်တွယ်မှုလေးတွေ ရှိတတ်ပါတယ်လေ ...။



"ကဲ ... ရွှေစင် ... ဘာဟင်း စားမလဲ"

"ကျုပ်ကတော့ ငါးရံ့အူ ... ပြီးတော့ ပြောင်းဖူးနဲ့ မှိုကြော်"

"အုလတ် ... ရှင်ရော ..."

"ဒီနေ့ ... ဂဏန်း ရလား"

"ဟော့ ... နင် ... နေလင်း ... နေလင်း မဟုတ်လား"

တစ်ယောက်တစ်ပေါက် စာကလေးအုပ်လို စူပွပွ အသံတွေက ထူးထူးခြားခြား အထိတ်တလန့် ထွက်လာသော အသံတစ်ခုကြောင့် ဝေ ဆံပင်မွေးတွေ ထောင်ထ,သွားမတတ် ကြက်သီးထ, တုန်လှုပ်သွားရသည်။

"နေလင်း ... နင် ဘယ်လို လုပ်ပြီး ဒီရောက်နေတာလဲ၊ ကြည့်စမ်း အသားတွေလည်း ညိုသွားလိုက်တာ"

ရင်တွေ တဆတ်ဆတ် တုန်နေသည့်ကြားကပင် ဝေသည် အဖေနှင့်အမေထံ လှမ်းကြည့်ဖြစ်သည်။ စည်းချက်မှန်မှန် လှုပ်ရှားနေကြသည့် ဝေတို့အားလုံး၏ လှုပ်ရှားမှုများ ရုတ်တရက် ရပ်ဆိုင်းသွားသည်မှာ အသေအချာပင် ဖြစ်သည်။ ဝေတို့ သုံးယောက်လုံး အဲသည် စားပွဲဆီသို့သာ ငေးကြည့်နေဖြစ်ကြသည်။ ဝေတို့ မရင်းနှီးသော မျက်နှာစိမ်း မိန်းကလေးတစ်ယောက်က သူ့ကို တရင်းတနှီး တအံ့တသြ နှုတ်ဆက်နေသည်။ ကျောလယ်မရောက်တရောက် ဆံပင်လေး ဖားလျားဝဲဖြာလျက် နဖူးအပေါ်ဘက်ကနေ ဆံပင်တွေကို လှန်သိမ်းပြီး ဘီးတုပ်ပြား လားမသိ အပြားကြီးကြီးနှင့် ရှေ့ဆံပင်တွေကို နဖူးရှင်းရှင်းပေါ် အောင် သိမ်းထားလျက် ခရမ်းပြာရောင် ပါးလှပ်လှပ် ရယ်ဒီမိတ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီကျော့ကျော့ကလေးနှင့် ပြောင်ထမီလေး ဝတ်ထားသည့် ကောင်မလေးကို နေနေက ခပ်ကြောင်ကြောင် ငေးကြည့်နေပါသည်။

"နင် ငါ့ကို မမှတ်မိဘူးလား ...။ ငါ ရှေ့နေ ဦးစံခင်ရဲ့ သမီးလေ ...။ အေမီခင်လေဟယ်"

"ဩော် ... အင်း ..."

"နင် ပျောက်သွားလို့ ဆိုပြီး ရှာကြတာ တစ်လမ်းလုံး လူတွေ မနေရဘူး။ ရယကတွေရော ရဲတွေရော ခြံဝင်းတွေနှံ့နေတာပဲ။ အခု ... နင် ... ငါနဲ့ ပြန်လိုက်ခဲ့ပါလား။ နင် ဒီမှာ အလုပ်လုပ်နေတာလား ...။ ဖြစ်ရလေဟယ် ... နင့် အဘွားသာ တွေ့ရင် ..."

"ဟဲ့ ... အေမီ ... အေမီ ..."

အဖော်တစ်ယောက်က လက်ကုတ်သည်ကိုလည်း ကောင်မလေးက သတိထားမိပုံမပေါ်။ သူမ ပြောချင်သည့် စကားတွေကိုသာ တရစပ် ပြောချနေလေသည်။ ဝေတို့ ကောင်လေးကတော့ မျက်လုံးတွေ တဖြည်းဖြည်း ပြူးကျယ်ကြောင်စီလာပြီး ကောင်မလေးကို အဲသည် ခပ်ကြောင်ကြောင် အသက်ကင်းမဲ့လှသော မျက်လုံးသေများနှင့် စိုက်ကြည့်လျက် ကျောက်ရုပ်ကြီး တစ်ရုပ်လို နေရာမှာတင် တောင့်တောင့်ကြီး ဖြစ်နေတော့သည်။

သည်ကောင်မလေးက သူ့တို့ ရုပ်ကွက်ထဲကလား။

သေချာပြီးသားပဲလေ ...

ရင်တုန်ရှိမကဘဲ ဝေ လက်ဖဝါးတွေ နားထင်တွေမှာ ချွေးစေးတွေပါ စိုပြန်လာသည်။ အဖေ သူတို့ စားပွဲအနား ခပ်ဖြည်းဖြည်း လျှောက်သွားနေသည်ကို မြင်ရ၏။ ပြောင်လက်နေ



သော ဒန်အိုးတွေနောက် ထိုင်နေသည့် အမေသည်လည်း မျက်ဝန်းစိုစိုများဖြင့် နေနေ့ကျောပြင်ကို သတိလက်လွှတ် ငေးကြည့်နေလေသည်။

"ဖြစ်ရလေ ... နေနေရယ်။ နင် အိမ်မပြန်တတ်တော့ဘူး ပေါ့နော်။ နင့်ကို ပြန်တွေ့ရင် နင့်အဘွား သိပ်ဝမ်းသာမှာ။ သိတယ် မဟုတ်လား ...။ အဘွား ဒေါ်နွဲ့ယဉ်လေ ...။ အဘွားကိုတော့ နင် မှတ်မိမှာပါ ..."

"မပြန်ဘူး ...။ ကျွန်တော် အိမ်မပြန်ဘူး"

"နေလင်း"

"နေနေ"

အားလုံး မင်သက်နေစဉ်မှာပဲ အဖေ့ကိုယ်လုံးကို တွန်းတိုက်ပြီး ဆိုင်နောက်ဘက်ပေါ်ဆီ တဟုန်ထိုး ပြေးဝင်ပျောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ကျွန်တော် အိမ်မပြန်ဘူး။ ကျွန်တော် ဒီက ဘယ်မှ မသွားဘူးနော်။ ကျွန်တော့်ကို နှင်မထုတ်ပါနဲ့နော်။ သူ့ကိုလည်း ကျွန်တော် မသိဘူး ..."

"အေးပါကွယ် ... အေးပါကွယ် ... သားကို အမေတို့က နှင်မထုတ်ပါဘူး။ ဘာဖြစ်လို့ နှင်ထုတ်ရမလဲ။ သား မကြောက်နဲ့။ အိမ်ထဲမှာ ဘယ်သူမှ မရှိဘူး"

မီးဖိုချောင်တံခါးကို အပြင်ကနေ ခပ်ဟဟ တွန်းလိုက်မိပြီးမှ ကြားရသည့်အသံတွေက ဝေ့ ခြေလှမ်းတွေကို ဆွဲထားလိုက်သလိုပင်။ မီးဖိုခန်း တံခါးဝမှာ ရပ်ပြီး အိမ်ပေါ်တက်သည့် အုတ်လှေကားနှစ်ထစ်၏ အပေါ်တံခါးရွက်ရှေ့မှာ ကုပ်ကုပ်ကလေး ထိုင်နေသည့် ကောင်ကလေးနှင့် မျက်နှာမှာ သွေးဆုတ် ဖြူလျော်လျက် စိတ်ထိခိုက်ခြင်းတွေ ပြည့်သိပ်နေသည့် အမေ့ကို မြင်ရသည်။

"သမီး ... ညည်း ... အဖေ ..."

အမေက ဝေ့ကို မြင်တော့ ဆိုင်ဘက် မေးဆတ်ပြရင်း



မျက်လုံးများဖြင့် ဝေ့ကြည့်ရုံ အဓိပ္ပာယ်ပါသော အမေးဖြင့် မေးလေသည်။

"အဖေ ... အလုပ်ရှိတာ ဆက်လုပ်နေပါတယ် အမေ။ စိတ်မပူပါနဲ့"

"အေး ... အေး ... , ဒီမှာ ညည်းမောင်လေးကို လာချော့ပါဦး သမီးရယ်။ တစ်ကိုယ်လုံးကို တဆတ်ဆတ် တုန်လို့"

"ဟင်အင်း ... အမေ ဒီမှာနေပါ ... မဝေ ... မဝေ ကျွန်တော့်ကို ပြန်ပို့လိုက်မှာ မဟုတ်လား"

"အို"

နေနေရယ် ...

သူ့ရင်ထဲမှာ ဒီလိုပဲ စွဲမြဲနေပြီလား ...

မျက်ရည်တွေ မျက်လုံးအိမ်ထဲမှာ ပြည့်သိပ်လာပြီး ဆ သူ့ကို ကျော့ခိုင်းလှည့်ထွက်လာခဲ့မိတော့သည်။

သူ့ကို ဘယ်လို အပြစ်တင်လို့ ရမှာလဲ ...။

ရင်ထဲမှာ မချိတင်ကဲ ထိခိုက်နာကျင်နေမိသည့် အဖြစ်ကိုသာ အံ့သြရသည်။ မရှည်လျားလှသော အချိန်အခိုက်အတန့်လေးအတွင်းမှာ ကြိုးတစ်ချောင်းဟာ သည်လိုပဲ လျင်မြန်စွာ ခိုင်ခိုင်မြဲမြဲ နှောင်ဖွဲ့တတ်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်ပါ့မလဲ သမီးရယ်။ တစ်နေ့နေ့မှာ ဒီလိုပဲ ဖြစ်လာဖို့ကိုပဲ မျှော်လင့်ထားရတာ မဟုတ်လား၊ ခုတော့ သူ့အဆက်အသွယ် ရသွားပြီဆိုတော့ အဖေတို့က ဝမ်းတောင် သာရဦးမှာ မဟုတ်လား ... အင်းလေ တကယ်လည်း ဝမ်းသာပါတယ် ...။ သူ့ဘဝမှန်ဟာ အဖေတို့ထက် အပုံကြီး မြင့်တာပဲ။ ခုလို ဘဝမျိုးမှာသာဆို သူ နစ်မွန်းသွားမှာပေါ့ သမီးရယ် ..."

ဆိုင်ဘက်က ဂစ်တာသံကို ခပ်တိုးတိုး ကြားနေရသည်။ ရေချမ်း၏ အက်ကွဲကွဲ တစ်ဆို့ဆို့ (သူ့ကို ရှော့စတီးဝဲဟု သူငယ်ချင်းတွေက အမည်သညာ ပြုထားကြသည်) အသံသည်ပင် ရစ်သမ်မှန်သော ညက်ညောသော ဂစ်တာသံနှင့်ဆိုတော့ နားထောင်ကောင်းသည် ထင်ရ၏။ သို့ပေမယ့် သည်ကနေ့မှာတော့ သူတို့ ဂစ်တာသံကို ဘယ်သူမှ အာရုံမစိုက်အားပါ။ အမေက ဘူးသီးတွေ ခရမ်းသီးတွေ ညနေ ချဉ်ရည်တစ်ခွက် ပြင်ဆင်ရင်းပင် နှာတရှုံ့ရှုံ့ အသံကြားနေရသည်။



"အေမီခင်ဆိုတဲ့ ကောင်မလေးက ဘာတွေ ပြောသွားလဲ အဖေ။ လိပ်စာကော ရ,လိုက်ရဲ့လား။ ရန်ကုန် ဘယ်နေရာမှာတဲ့လဲ"

"လိပ်စာ တောင်းထားလိုက်ပါတယ်။ ဒါပေမယ့် ကောင်မလေးက ဒီက ပြန်ရင် သူ့အိမ်သွားပြောပေးမယ်တဲ့။ သူတို့ လာခေါ်မှာပါ ... တဲ့ ...။ စောင့်နေပါ... တဲ့။ သူ့ကို ဘယ်မှ ထွက်မသွားပါစေနဲ့ ... တဲ့"

"လာခေါ်မယ်တဲ့လား"

"အင်း ... လာခေါ်မှာပေါ့ ...။ ဒီနေ့ညတောင် ရောက်ချင် ရောက်လာမှာ။ ရှာနေတာ ကြာပြီ ... တဲ့လေ"

"သတင်းစာထဲ မထည့်ဘူးလား။ တို့ နေ့တိုင်း သတင်းစာ စောင့်ဖတ်နေတာလို့ ...။ ဒါပေမယ့် ဒီကောင်မလေးကလည်း တစ်လမ်းတည်းသားချင်းမို့သာ လူချင်းသိနေတာ။ သူတို့အိမ် အခြေအနေကတော့ သိပ်ထဲထဲဝင်ဝင် မသိဘူးတဲ့ ...။ နောက် သူတို့ လူချမ်းသာ ရပ်ကွက်တွေဆိုတာလည်း တစ်အိမ်နဲ့တစ်အိမ် သိပ် အသွားအလာ ရှိတာမဟုတ်ဘူးမို့လား။ သူ ပျောက်သွားတော့ ကောင်မလေးအိမ် ရှာဖွေ မေးမြန်းကြလို့သာ သိတာတဲ့။ လူကုံထံတွေဆိုတော့ သူတို့ထဲမှာ ဒီလို လူမျိုးရှိတာ ရှက်စရာထင်လို့ပဲ သတင်းစာထဲ မထည့်တာလား မသိပါဘူးကွာ။ နောက်ပြီး ဓာတ်ပုံနဲ့တကွ ထည့်ရတာမျိုးကို ..."

"ဘာပဲဖြစ်ဖြစ်လေ... လူကို တွေ့ရဖို့ထက် ဘာများ အရေးကြီးမှာလဲ။ သူ့မိဘတွေရော မရှိဘူးတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



အမေက မီးဖိုထဲကနေ နားစွန်နားဖျား အကြားကို ဆွင်းချော့သည်။ ကြက်သွန်နီကို အခွံသင်နေသည်မို့ ဝေ့မျက်ဝန်း အိမ်ထဲ မျက်ရည်ဝဲရသည်ကို အဖေက အမှန်အတိုင်း နားလည်နိုင်မည် မဟုတ်။ ကြက်သွန်အခိုးတွေ မွှန်သည်မို့ နှာတရှုံ့ရှုံ့ ဖြစ်နေရသည်သာ ထင်မည်။ ရယ်လည်း ရယ်ချင်စရာ အကောင်းသားပင် ...။

ဝေက ဘာကြောင့် ငိုချင်ရသည်တဲ့လဲ ...။

ဝေက ဘာကြောင့် မျက်ရည်ကျရမည်တဲ့လဲ ... ,

"အင်း ... , ကောင်မလေး ပြောသွားတာတော့ သူ့အဖေနဲ့ အမေကလည်း ကွဲနေတယ် ဆိုလား၊ အိမ်ထောင်ရေး အခြေအနေက သိပ်မကောင်းဘူးတဲ့။ ကောင်လေးက ယယ်ယယ်ကတည်းက စာသိပ်တော်... တဲ့။ ဒါပေမယ့် ဖအေကလည်း သိပ်ချုပ်ချယ်တာတဲ့။ မအေကလည်း သားသမီးကို မခင်တွယ်တဲ့ အမျိုးအစား ထင်ပါရဲ့ကွာ။ သူ ပြောပုံက သိပ်တော့ မကောင်းဘူး"

"အဲဒါကြောင့် ဒီကောင်လေးဟာ သူ့မိဘတွေအပေါ် နာကြည်းချက် ရှိနေတာနော် အဖေ။ ဒါပေမယ့် အမေ့ အကြောင်းတော့ ခဏခဏ ပြောတယ်။ သူ့အမေကိုတော့ ချစ်ရှာသားပဲ"

"အမေ့ကို ချစ်သလောက် အမေက မတုံ့ပြန်တဲ့အခါကျတော့ စိတ်ထိခိုက်ပြီး ဝေဒနာ ဖြစ်ရရှာတာ ထင်ပါရဲ့ ...။ အင်းလေ ... ဒါကြောင့်လည်း သူ့မှာ တို့ကို ခင်တွယ်ရှာတာ။ သူ့ဘဝမှာ မိဘရဲ့ မေတ္တာတရား၊ မိဘရဲ့ အရိပ်အာဝါသကို



မရတော့ တို့ကိုပဲ မိဘအမှတ်နဲ့ တွယ်တာနေတာ ထင်ပါရဲ့ ...။ သူ့ရဲ့ ရှေးရှေးဘဝက ဝဋ်ကြွေးကြောင့်လည်း ပါမှာပါလေ"

စကားသံတွေ တိတ်ဆိတ်သွားသည်။ ဂစ်တာသံကို ကြားနေရဆဲပင်။ သူ ခပ်စောစောက အဖြစ်ကို မေ့သွားပြန်ပြီ ထင်ရဲ့။ ဂစ်တာတီးပြီး သီချင်းတွေဆိုလို့ ...။ သူကတော့ စိတ် ဆက်ပေါ့ပါးလို့ပေါ့ ...။

အို ... ဝေဒနာသည်ဆိုတာ ဒီလိုပဲ ...

ကောင်းချင်လည်း ချက်ချင်း ... ဆိုးချင်လည်း ချက်ချင်း မဟုတ်လား။

သံယောဇဉ် တွယ်ရသည့် ဝေတို့မှာသာ ... ,

သွပ်ပြားပေါ် မိုးစက်ကျသံတွေ တဖြောင်းဖြောင်း ပြည့်လာပြန်ပြီး ဂစ်တာသံက တိုးမှိန်သွားသည်။ နက်ဖြန်ဆို သည့်ဂစ်တာသံကို ကြားရတော့မှာ မဟုတ်ဘူးဟု တွေးမိသည့် အခါ ရင်ထဲမှာ ဖြစ်တည်လာသည့် လပ်ဟာခြင်း ဝေဒနာက အတော်ပင် ခံရဆိုးပါသည်။

"အေးလေ ... ခုလို သူ့အိမ်နဲ့ ဆက်သွယ်ပေးမယ့်သူနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တိုးရတယ်ဆိုတာလည်း နည်းတဲ့ ကုသိုလ်ကံလား ...။ သူ့ရဲ့ ကုသိုလ်ကံ အကျိုးပေးက သိပ် မဆိုးပါဘူးလေ။ သူ့ခမျာ တို့အိမ်မှာ ပင်ပင်ပန်းပန်း အလုပ် လုပ်ရရှာတာ ..."

အမေ့စကားသံက ဘယ်လို ပြောပြော ကိုယ့်ကိုယ်ကို ဖြေသိမ့်နေသည့် လေသံမျိုးဆိုတာ သိသာသည်။ ဝမ်းသာရသည်

www.burmeseclassic.com

www.burmeseclassic.com



မှန်သော်လည်း လှိုက်လှဲသည် မှန်သော်လည်း တက်တက်ကြွကြွ ခြိုး အားပါးတရ မရှိ။ ရင်ထဲ လှုပ်ခတ် ထိခိုက်သည့် လှိုက်သံဝင် သီသာနေခဲ့သေးသည်။

"သမီးမှာတော့ ဆရာဝန် သွားပြဖို့ ချော့မော့လိုက်ရ ... ဆေးတွေ ချော့တိုက်လိုက်ရ ... နဲ့"

"ဟဲ့ ... ဒါတွေက အလကား မဖြစ်ပါဘူး သမီးရယ်။ ခုလည်း သူ့ အခြေအနေ အတော် တိုးတက်လာသားပဲ မဟုတ်ဘူးလား"

"ဒါပေမယ့် သမီး ကြားထဲက အချောင် ပိုက်ဆံကုန်ရတာ ပေါ့ အဖေရဲ့ ..."

အဖေက ဝေ့စကားကို သဘောကျပြီး တဟက်ဟက် ရယ်သည်။

"ချို့သမီးက ဈေးတွက် တွက်နေပြန်ပြီ"

ဆိုပြီး အမေ့ထံ တိုင်တည် လိုက်သေးသည်။ ဝေကတော့ ငိုချင်နေလျက်နှင့် နှုတ်ခမ်းကြီးကို စုပုပ်ထားရသည်။ မျက်လုံးအိမ်ထောင့်မှာ ရစ်ဝဲပြည့်အိုင်လာသော မျက်ရည်စက်များကို မျက်တောင်တဖျပ်ဖျပ် ခတ်လျက် ထိန်းရသည်။

"စေတနာဆိုတာ ဘယ်တော့မှ အလဟဿ မဖြစ်ပါဘူး သမီးရယ် ...။ ကိုယ့်ကို ပြန်ပြီး အကျိုးပေးမှာပါ။ သမီး သူ့အပေါ်ထားတဲ့ စေတနာလည်း အလကား မဖြစ်ဘူး။ တစ်နေ့နေ့ တုံ့ပြန်ရလာမှာပဲ သမီးရဲ့ ...

သည်စကားတွေက ဖေဖေ မေမေရဲ့ လက်သုံး စကားမို့ ဝေ အလွတ်ရနေပြီ။ သို့ပေမယ့် အဲသည် စကားတွေ



နေ့စဉ်နားထောင်နေရသော်ငြားလည်း ဝေ့နှလုံးသားထဲထိ စွဲမြဲစိမ့်ဝင်သည် မဟုတ်။ ဝေကတော့ အကောင်းအဆိုး ဘယ်အရာမဆို အတိုင်းအတာ အကန့်အသတ် ရှိသည်ဟုပင် ယုံကြည်သည်။ ခုခေတ်ကြီးမှာ လူတွေက စိတ်ရင်းကောင်းသူ၊ သဘောဖြူသူတွေ အပေါ် ပိုပြီး အနိုင်ကျင့် အခွင့်အရေး ယူချင်ကြသည်ဟု ဝေ့ အတွေ့အကြုံများစွာကို အရင်းတည်ပြီး သည်လိုပဲ သတ်မှတ်သည်။ ဖေဖေ မေမေတို့၏ သဘောဖြူ အူစင်းလွန်းသည့် ရိုးသားမှုကို ဝေကတော့ ရာနှုန်းပြည့် လက်မခံနိုင်တာမို့ သည်မိသားစုမှာဆို ဝေကပဲ သဘောဆိုးသူ စိတ်ပုပ်သူ ဖြစ်ရသည် ...။

သူလို ... ဝေဒနာသည်ကတောင် ...

[မဝေ ... ကျွန်တော့်ကို ပြန်ပို့လိုက်မှာ မဟုတ်လား]

တဲ့ ...။

သည်လောက်တောင်ပဲလား ... ,

ဝေ့မျက်လုံးထဲမှာ သူ့အပေါ် မလိုလားနိုင်သည့် အရိပ်အယောင်တွေ ရှိနေဆဲမို့လား ...။

တကယ်ဆို ... သူ့အပေါ် တွယ်မိသည့် ကြိုးက ... ဝေ့ကိုယ်ဝေ မယုံကြည်နိုင်လောက်အောင်ပင် ခိုင်မြဲနေခဲ့ပါပြီ ...။

"သူ မရှိတော့ရင် နည်းနည်းတော့ ပျင်းစရာကောင်းသွား မလားပဲ နော် ..."

ဝေ့အသံတွေ တိမ်ပြီး အက်ကွဲနေခဲ့သည်။

"သူကတော့ နေကောင်းသွားရင် ဝေတို့မိသားစုကို ဘယ် သတိရပါတော့မလဲနော် ... အားလုံးကို မေ့သွားတော့မှာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေ တိတ်ဆိတ်သွားသည်။ ဝေ့စကားကို ဘယ်သူကမှ **အသိအမှတ်** မပြုလေဟန် ဒါမှမဟုတ် တုန်လှုပ်**နေသည့်** ဝေ့စကားသံကိုပဲ ရိပ်မိသွားလေသလား ...။

ခရေ ရနံ့ ဝေ့ခနဲ သင်းပျံ့လာတော့ မိုးရေစက်တွေ ကြားမှာပင် ပန်းအတူ ကောက်ဖြစ်ခဲ့သည့် နံနက်ခင်းလေးတွေကို သတိရလာသည်။ နောက်ဆို ခရေပင်အောက်မှာ ဝေတစ်ယောက်တည်း ... သူ့ကိုများ တမ်းတနေမိဦးမှာလား ...

ဟင်အင်း ...

စုဝေဟာ စိတ်ကူးယဉ်တတ်သူ မဟုတ်ဘူးလေ။



မျှော်လင့်နေရသည့် စက္ကန့်တွေ မိနစ်တွေက ရှည်လျားလွန်းသည် ထင်မိ၏။ ဝေသည် အိမ်ခြံဝင်းရှေ့က သစ်ရွက်လေတိုးပြီး လှုပ်ခတ်သံလေးကိုပင် မကြားရဲခဲ့ချေ။ သို့ပေမယ့် မျှော်လင့်နေမိတာကလည်း အမှန်ပင်။ ခပ်သဲ့သဲ့ ကြားရသည့် အသံကိုပင် ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။ ရှားပါးလှသော ကားတစ်စီးတစ်လေ အိမ်ရှေ့က ဖြတ်သွားခဲ့လျှင် ဝေသည် အဝေးကြီးကတည်းက နားစွင့်နေပြီး ရင်တဒိတ်ဒိတ် ခုန်နေရသည်။ ဝေတို့ အိမ်ရှေ့ကနေ ဖြတ်သွားတတ်သည့် ကားတွေက များသောအားဖြင့် အထည်ချုပ်စက်ရုံက ကားတွေသာ ဖြစ်တတ်သည်။ တစ်နေ့ကို ကား ဘယ်နှစ်စီး ဖြတ်သွားသည် ဆိုတာ ရေတွက်၍ ရပါသည်။ အဲသည် ရှားပါးလှသော ကားစက်သံတွေကို ဝေ ဘယ်တုန်းကမှ အမှတ်ထားခဲ့သည် မဟုတ်။ သည်ကနေ့ တစ်ညနေလုံး ဝေ့နားထဲမှာ ညက်ညောတိုးတိမ်သော ကားစက်သံတွေကိုသာ ကြားနေမိသည်။ သို့ပေမယ့် ဝေတို့ အိမ်ရှေ့သို့ ကားတစ်စီးမှ လာမရပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညနေ မှောင်ရီဖျိုးဖျမှာ မိုးတွေ ရုတ်တရက် ညို့လာပြီး မိုးစက်ကလေးတွေ တဖြောက်ဖြောက် ကျလာသည်။ အဲသည် မိုးသည် တော်ရုံနှင့် မတိတ်ဘဲ ခပ်ဖွဲဖွဲ ရွာနေခဲ့သည်မို့ ဆိုင်မှာ လူပါးပြီး ပျင်းရိဖွယ် ကောင်းနေခဲ့သည်။ အမေက ...

"မောင်ရေ ... ဒီနေ့ ဆိုင် စောစောသိမ်းရအောင်။ ချို သိပ်နေမကောင်းချင်ဘူး"

ဟု ဆိုသောအခါ အဖေကလည်း မငြင်းမဆန် ...

"ကောင်းသားပဲ"

ဟု ခပ်လွယ်လွယ် ပြောလေသည်။ ရေချမ်းတို့နှစ်ယောက်ကတော့ စက်ဘီးတစ်စီးနှင့် ထမင်းချိုင့်တွေ လိုက်ပို့ပြီး ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွပင်။ ရေချမ်းက နေ့လယ်ခင်းက အဖြစ်ကို မသိ။ ကျောင်းက ပြန်လာပြီးကတည်းက နှစ်ယောက်သား ဂစ်တာတီးကြ၊ ဆိုကြနှင့် ပျော်ရွှင်နေပြီး ထမင်းချိုင့်တွေ ဆွဲလျက် ညနေစာ ထမင်းချိုင့် လိုက်ပို့ကြသည်။ ထမင်းချိုင့် ပို့ပြီး ပြန်လာတော့ သူတို့နှစ်ယောက် မိုးတွေရွဲနေပြီ။ သည်လိုသာဆို သူ့ကို မိုးရေထဲ လျှောက်ထွက်သွားမှာ စိတ်ပူစရာ မလိုဘူးဟု တွေးမိရင်း တစ်ယောက်တည်း ရင်နင့်စွာ ပြုံးမိပြန်သည်။ ဆိုင်မှာ လူသူ ရှင်းနေသည်မို့ ငါးယောက်လုံး တက်ညီလက်ညီ ဆိုင်သိမ်းလိုက်ကြသည်။

မိုးသံတဖြောက်ဖြောက် ကြားနေရသည့် ရှည်လျားသော ညသည် ပင့်သက်ရှိုက်သံတွေများစွာကို တိုးတိမ်စေနိုင်စွမ်း၏။ ရုပ်မြင်သံကြားရှေ့မှာ ရေချမ်းနှင့်နေနေ နှစ်ယောက်သာရှိသည်။ သူတို့နှစ်ယောက်ထဲက အဆက်မပြတ် စကားအခွန်းပေါင်းများစွာ



ကို ပြောနေခဲ့ပြီး အဓိပ္ပာယ်မဲ့လှသော စကားများသာ ဖြစ်သည်။ ဆကတော့ အခန်းတံခါးပိတ်ပြီး မှန်ပြတင်းကနေ ခပ်စောင်းစောင်းသာ မြင်ရသော လမ်းကလေးဆီမှ ကားမီးရောင် တစ်ခုတလေကို မြင်ရနိုးဖြင့် စိတ်မောစွာ စောင့်နေခဲ့မိလေသည်။

သည်ကနေ့တော့ မလာဖြစ်ဘူး ထင်ရဲ့။

သည်နေ့ မရောက်လည်း နက်ဖြန်တော့ ရောက်မှာပါပဲလေ '...။

သူ ... ရောက်လာကတည်းက သည်လိုခွဲရမယ်လို့ သတ်မှတ်ပြီးသား မဟုတ်လား ...။

www.burmeseclassic.com

www.burmeseclassic.com



နီးတစ်ဝက် ပျော်တစ်ဝက် အိပ်စက်ခြင်းပေါ်မှ
အစိုးမရဘဲ တစ်ရေးနိုးလာသည့်အခါ နှလုံးအိမ်က ဒိတ်ခ
ဆောင့်ခုန်လာသည်။ အာခေါင်တွေထဲ ခြောက်သွေ့နေသည်
ဝေ့အိပ်ခန်းမီးက လင်းနေဆဲပင်။ အိပ်မက်တွေထဲမှာ ကားသံတွေ
ဆူညံနေအောင် ကြားရသည်။ ဝေသည် အကျင့်ဖြစ်နေကျအတိုင်း
အိမ်ရာက နိုးနိုးချင်း မှန်ပြတင်းဆီ လှမ်းကြည့်ဖြစ်၏။ မှန်ပြတင်း
အပြင်ဘက်သည် ဖွင့်ထားသော ဝေ့အိပ်ခန်းမီးကြောင့် ပျပျလင်
နေသည်။ မိုးတွေက အဆက်မပြတ် ကျနေဆဲပင်။ ညဦးပိုင်းက
ဖြိုးဖြိုးဖြောက်ဖြောက် လွင့်ရုံစင်ရုံ မိုးမျိုးတော့ မဟုတ်။ သိပ်
သည်းမည်းသည်လည်း မဟုတ် ... ခပ်မှန်မှန်ရွာနေပြီး သည်တစ်
လုံး တစိမ့်စိမ့် ရွာနေသည့်မိုးမျိုးပင် ...။

တံခါးရွက် ပွင့်သံလိုလို ခပ်အုပ်အုပ် အသံတစ်
ကြားလိုက်ရသည့်အခါ ဝေသည် အိပ်ရာထ,ထိုင်လျက်သား ဖြစ်
ပြီး ခဏတော့ ငြိမ်နားစွင့်နေမိသေးသည်။ ပြီးတော့ မတ်တတ်
ပြီးမှ တံခါးမှာ မျက်နှာအပ်လျက် အပြင်ဘက်ဆီသို့ ကြည့်မိသည်



အတော်လေးကြာသည့်အခါ ခြံတံခါးဆီမှ လမ်းကလေးအတိုင်း ခပ်ဖြည်းဖြည်း လျှောက်သွားသည့် သဏ္ဌာန်ကို လျှပ်ရောင်ဝင်းခနဲ အလက်မှာ ထင်ထင်ရှားရှား မြင်လိုက်ရ၏။

"နေနေ ..."

ဝေ ဘာကိုမှ သတိမရဘဲ အခန်းတံခါးကို ဖွင့်လျက် ပွင့်လျက်သား အိမ်ရှေ့တံခါးကနေ မိုးရေတွေထဲ ပြေးထွက်သွားမိတော့သည် ...။

www.burmeseclassic.com

www.burmeseclassic.com



“နေနေ … ဘယ်သွားမလို့လဲ”

“ … … … ”

“နေနေ မဝေလေ မဝေပါ။ မိုးရွာကြီးထဲ နေနေရယ်။ ပြန်လာပါ။ ပြန်လိုက်ခဲ့ပါနော် … မိုးမိပြီး ဖျားနေတော့မယ်”

ဝေ ဖတ်ကြည့်နေကျ သူ့မျက်လုံးတွေကို သဲသဲကွဲကွဲ မမြင်ရပါ။ သူ့လက်မောင်းကို ဆုပ်ကိုင်ထားပြီး ပါးစပ်က ဂါထာရွတ်သလို တတွတ်တွတ် ရွတ်နေမိသည်။

သူ ဘာကြောင့် ထွက်သွားမှာလဲ …။

သူ့လက်မောင်း ကြွက်သားတွေက ကျောက်သားတွေလို ကျစ်လစ်မာကျောနေပြီး သူ့တစ်ကိုယ်လုံးလည်း အေးစက်နေခဲ့သည်။ ဝေ့ပါးစပ်က ‘နေနေ’ ‘နေနေ’ ဟု အဆက်မပြတ် ရေရွတ်အော်ခေါ်နေရင်း ဝေ့မျက်ဝန်းအိမ်တွေ ပူနွေးလျက် မျက်ရည်တွေ ပြည့်လျှံကျလာသည်ကို ကိုယ့်ဘာသာလည်း သတိမထားဖြစ်။



“နေနေ ဘယ်သွားမှာလဲ … မိုးရွာထဲ လမ်းလျှောက်မလို့လား၊ လမ်းထိပ်အထိပဲနော်။ လမ်းဆုံးရင် တို့ ပြန်လှည့်လာကြမယ် … နော်”

“မဝေက ကျွန်တော်နဲ့အတူ လိုက်မှာလား”

သူ့အသံက မိုးစက်တွေလို အေးစက်နေခဲ့သည်။

“အင်း … လိုက်မှာပေါ့”

“တကယ်လား၊ အဝေးကြီးကို သွားမှာနော်”

“အဝေးကြီးကိုတော့ မလိုက်ရဲဘူး”

သူ့စိတ်ထဲ ဖတ်ကြည့်နေကျ စိတ်အထင်ဖြင့် ခန့်မှန်းနေကျ ဆိုပေမယ့် သည်တစ်ခါတော့ … ဝေ သူ့ကို ဘယ်လိုမှ မှန်းဆတတ်ခဲ့ချေ။

“ဘာဖြစ်လို့ သွားမှာလဲ နေနေရယ်။ မသွားပါနဲ့ …။ နက်ဖြန် မနက်ကျ နေနေနဲ့မဝေ ခရေပန်း အတူကောက်ကြမယ်လေ …”

“ကျွန်တော် အိမ်မပြန်ဘူး”

“ဟုတ်ပါပြီ …။ ဘယ်သူက အိမ်ပြန်ရမယ် ပြောလဲ”

“သိတာပေါ့ … ကျွန်တော် အရူးမှ မဟုတ်ဘဲ။ ကျွန်တော့်ကို အိမ်ပြန်ပို့ဖို့ စီစဉ်နေကြတာ။ ဟိုခပ်ကြောင်ကြောင်ကောင်မလေး ပြောသွားတာတွေကို ယုံပြီးတော့ …”

ဝေ … မပြုံးမိတော့ပါ။ အော်ဟစ်ပြီးတော့သာ ငိုပစ်လိုက်ချင်ပါသည်။ သည်အချိန်မှာ ဘယ်လိုဟာသမျိုးကမှ ဆွေ့နွတ်ခမ်းတွေကို ပြုံးရယ်စေဖို့ တတ်နိုင်တော့မည် မထင်ပါ။ မိုးရေတွေ စွဲနစ်တုန်ခိုက်နေလျက် အေးစက်သော လက်ချောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ဘ သူ့လက်မောင်းကို မလွတ်တမ်း ဆုပ်ကိုင်ဖက်တွယ်ထား
သည်။

"နေနေ တကယ် သွားတော့မှာလား ...။ အဲဒါဆို နေနေ
မဝေတို့နဲ့ ဘယ်လိုလုပ်ပြီး ပြန်တွေ့လို့ရပါတော့မလဲ
နေနေ့ကို ဘယ်လိုက်ရှာရမှာလဲ ..."

"ကျွန်တော် အိမ်မပြန်ပါရစေနဲ့ မဝေ ...။ ကျွန်တော်
မဝေတို့ဆီကို ပြန်လာမှာပါ"

"ပြန်လာမယ် ...။ ဘယ်လို ပြန်လာမှာလဲ ...။ နေနေ
ထွက်သွားချင်ရာ ထွက်သွားနေတော့ လူတိုင်းက မဝေတို့
သဘောကောင်းပြီး နေနေ့ကို ထမင်းကျွေးထားမယ် ထင်
သလား။ နေနေ အစားဆင်းရဲ အနေဆင်းရဲနဲ့ ဒုက္ခတွေ
ရောက်နေမှာကို မဝေက ခွင့်ပြုရမှာလား ...

မဝေစကားကို နားထောင်ပါ မောင်လေးရယ်
အိမ်ပြန်လိုက်သွားရင် မဝေတို့ နေနေ့ကို အမြဲလာတွေ့လို့
ရတယ်။ နေနေလည်း မဝေတို့ဆီ မကြာခဏ လာလည်လို့
ရတယ်။ မောင်လေး ခုလို ပျောက်သွားတော့ မောင်လေးရဲ့
အိမ်က လူတွေက မဝေတို့ကို အထင်လွဲမှာပေါ့ ...

တမင် ဖွက်ထားတယ်လို့ ထင်ပြီး ရဲတွေဘာတွေ
တိုင်ရင် ဘယ့်နှယ်လုပ်မလဲ ...။ အဲလိုဆို ဖေဖေလည်း
အချုပ်ထဲရောက်မှာ ..."

"ဟာ ... မဝေ"

"အဖေ ... အဲဒီလို ဒုက္ခရောက်မှာကို နေနေ မြင်စေချင်
လား။ မဝေတို့ မိသားစုကို ဒုက္ခတွေထဲမှာ ထားခဲ့မလို့



လား။ နေနေတို့ မိသားစုရဲ့ အပြစ်တင်တာ၊ အထင်လွဲတာ
ခံရရင် မင်း ဝမ်းသာမလား ... မင်းသာ အိမ်ပြန်လိုက်သွား
ရင် မဝေတို့ ခဏ ခဏ လာလည်မှာပေါ့။ နေနေသာ
နေကောင်းသွားရင် မဝေလောက် ဝမ်းသာတဲ့သူ ဒီကမ္ဘာ
မှာ ရှိမှာ မဟုတ်ဘူး ...

နေနေ ... ဘယ်မှ မသွားနဲ့ ...။ မဝေ စကားကို
နားထောင် ... နော် ..."

"ကျွန်တော် ..."

"မဝေ တောင်းပန်ပါတယ် နေနေရယ်"

နီးစပ်ရာ ခရေပင်တစ်ပင်အောက် သူ့ကို အတင်းဆွဲ
ရသည်။ မိုးစက်တွေ သိပ်သိပ်သည်းသည်း ဒဏ်က အနည်းငယ်
တော့ သက်သာရာ ရ,သွားသည်။ သူကတော့ အရုပ်တစ်ရုပ်လိုပင်
က်မဝင်ဘဲ တောင့်တောင့်မတ်မတ်နှင့် ဝေ့ကို ငုံ့ကြည့်ဆဲ။
ငေးမောဆဲ ...။ သူ့စိတ်အာရုံထဲ ရှင်းရှင်းလင်းလင်း ဝေခွဲ
ာင် ဝေ ဘယ်လို ကြိုးစားရမည် မသိ ...။

"နေနေ ထွက်သွားရင် မဝေတို့ အားလုံး စိတ်ဆင်းရဲကြ
မှာ။ အဲဒါကိုတော့ နေနေ သိမှာပါနော် ... မဝေတို့အားလုံး
နေနေ့ကို ဘယ်လောက် ချစ်လဲ ...၊ နေနေ မသိဘူး
လား"

"သိပါတယ်"

သူက အသံ တိုးတိုးရှရှဖြင့် ဖြေသည်။

"နေနေ ... မဝေတို့ကို မချစ်ဘူးလား ဟင်"

"ချစ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မသွားနဲ့ပေါ့"

"မဝေကရော"

"ဟင်"

"မဝေကရော ကျွန်တော့်ကို တကယ် ချစ်လို့လား။ ကျွန်တော့်ကို အိမ်ပြန်စေချင်နေပြီးတော့ ..."

"အို ... ချစ်တာပေါ့။ တကယ် ချစ်တာပေါ့ ..."

"ကျွန်တော်လည်း မဝေကို ချစ်တယ်"

"ဟဲ့ ... နေနေ"

ဝေက အထိတ်တလန့် ဖြစ်သွားပေမယ့် သူ့နှုတ်ခမ်းတွေကတော့ ပြုံးရယ်လာခဲ့သည်။ အေးစက်လာသည့် ဝေ့လက်ချောင်းတွေကို သူက ပြန်ပြီး ဖမ်းဆုပ်ထားလျက် ...

"ကျွန်တော် မဝေကို ချစ်နေတာဗျ။ မဝေ စိတ်ဆိုးမှာစိုးလို့ မပြောတာ။ ပြီးတော့ မဝေကလည်း ကျွန်တော့်ကို သိပ်မကြည်လင်ဘူးလားလို့ ..."

ဟု စိတ်လှုပ်ရှားမှုကြောင့် အသက် ရှူသံတွေ ပြင်းထန်နေလျက် ဝေ့ကို စူးစိုက်ငေးမောနေသော မျက်လုံးများဖြင့် ကြည့်လျက် ပြောသည်။ မိုးရေတွေ ရွှဲနေသည့် ဝေသည် သူ့ရင်ခွင်ထဲ တိုးဝင်မိတော့မတတ် နီးကပ်နေပြီး ပြင်းထန်လှသော အသက်ရှူသံများ ပုံမှန်ထက် ကျယ်နေသည့် သူ့နှလုံးသံများ ကောင်းစွာ ကြားနေနိုင်ခဲ့သည်။ သူကတော့ ဝေ့လက်ဖဝါးတွေ ဆုပ်ကိုင်ထားဆဲပင် ...။ သတိလက်လွတ် စိတ်လှုပ်ရှားနေသော ဝေ, ကိုယ်တိုင်ကလည်း မရုန်းဖယ်မိ ...။

မိုးက သည်းမည်းလှပေမယ့် လျှပ်ရောင်က တစ်ချက်



တစ်ချက် ဝင်းခနဲ လက်သွားတတ်သည်။ ညက မှောင်သည်ထက် မှောင်လာသည်ဟု စိတ်ထဲမှာထင်မိ၏။ ခရေပွင့်ကြွေတွေ တဖြုတ်ဖြုတ် ကျလာတတ်သည်ကိုလည်း သတိမထားမိ။ မိုးရေတွေ တဖြည်းဖြည်း ရွှဲနင့်လာပြီး တစ်ကိုယ်လုံး အေးစက်နေတာကိုလည်း မေ့မေ့လျော့လျော့ ... ,

"မဝေကို ကျွန်တော် ချစ်တာကလေ ... အဓိပ္ပာယ်တွေ အများကြီးပဲ။ ချစ်တယ်လို့ နှစ်လုံးတည်း ပြောလို့မရဘူး။ တွယ်တာတယ်၊ လေးစားတယ်၊ အားကိုးတယ်၊ အထင်လည်းကြီးတယ်။ ပြီးတော့ မြတ်နိုးတာရော ... တန်ဖိုးထားတာရော ... စုံလို့ပဲဗျာ ...။ မဝေနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ခံစားချက်တွေ ပြည့်သိပ်နေတယ် ...။ ဒါပေမယ့် ရင်ထဲမှာ ခံစားနေရုံလေးပါပဲ။ ဒီထက်ပိုပြီး ဘာမှ မဖြစ်ချင်ပါဘူး။ ကိုယ်က ပေးပေမယ့် ပြန်ရရှိနိုးနဲ့ မျှော်လင့်နေရတဲ့ အခြေအနေမျိုးက တော်တော် စိတ်ပျက်စရာကောင်းတယ် ဆိုတာ ကျွန်တော် သိတယ် ...။

ငယ်ငယ်တုန်းကတော့ ကျွန်တော် အများကြီး မျှော်လင့်ခဲ့ပါတယ်။ မျှော်လင့်စရာတွေ အများကြီး ရှိတယ်လို့ ထင်ခဲ့တယ်။ တဖြည်းဖြည်း ကြီးလာတော့ ကျွန်တော့်မှာ မျှော်လင့်ချက်တွေ မဲ့လာတယ်။ ကျွန်တော်ဆိုတဲ့ကောင်က လူတွေဆီက တစ်ခုခုရဖို့ မွေးလာခဲ့တာ မဟုတ်ဘူးဗျ ... ဖေဖေကလည်း ကျွန်တော့်ကို မချစ်ဘူး၊ မေမေကလည်း လုံးဝ ... ဂရုမစိုက်ဘူး။ ကျွန်တော့်ကြောင့် ဖေဖေနဲ့မေမေ ခဏခဏ ရန်ဖြစ်တယ်။ ဒီတော့ မေမေက ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်။ ကျွန်တော့်ကို ဂြိုဟ်ကောင်လို့ ခေါ်တာ ...။ ဆွေတွေ မျိုးတွေ ကြားမှာလည်း ကျွန်တော်က ကျီးမည်းပါဗျာ။ ကျွန်တော့်ကိုဆို လှောင်စရာလိုပဲ သဘောထားကြတာ။

အဲဒီလူတွေကို ကျွန်တော် မုန်းတယ်ဗျာ။ သူ့တို့တွေ မျက်နှာတွေကို ကျွန်တော် မမြင်ချင်ဘူး။ ဖေဖေ့ကိုလည်း မုန်းတယ်။ ကျွန်တော့်ကို သူ့သား မဟုတ်ဘူးတဲ့။ လမ်းပေါ်မှာ ရ,လာတဲ့ကောင်တဲ့။ မေမေ့ကိုလည်း မုန်းချင်တယ်။ မေမေက ကျွန်တော့်ကို လုံး၀ အရေးမစိုက်ဘူး။ သူ နေချင်သလိုနေ ... သွားချင်ရာသွား ...။ လူတွေဟာ မုန်းစရာကြီးနော်။ ကျွန်တော့်ကို ကြည့်တဲ့ မျက်လုံးတွေက တစ်မျိုးကြီးပဲ ...။ ကျွန်တော့်အနားမှာ ရှိနေတဲ့ လူတွေကြောင့် ကျွန်တော် တစ်ခါမှ မပျော်ခဲ့ရဘူး ...”

ဘုရား ... ဘုရား ... ,

သူ ...

သူ့စိတ်တွေ ပိုပြီး အခြေအနေ ဆိုးလာပြီလား ...။

တကယ်လို့များ ... သူ ... ခုထက်ပိုပြီး ...

စကားလုံးတွေ တတွတ်တွတ်နှင့် အဆက်မပြတ်ရွတ်နေပုံက ကျောင်းသားတစ်ယောက် စိုးရိမ်တကြီး စာကျက်နေပုံမျိုးပင် ဖြစ်သည်။ သည်လို အခြေအနေမျိုးကို တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးတာမို့ သူ့ကို ဝေ ဘယ်လို ဖျောင်းဖျနှစ်သိမ့်ရမှန်းမသိ။ ဘယ်လောက်အထိ ဆိုးဆိုးရွားရွား ဖြစ်နိုင်သည် ဆိုတာလည်းမမှန်းဆတတ်ခဲ့။ အဖေ့ကို ဒါမှမဟုတ် ရေချမ်းကို အော်ခေါ်လိုက်



လျှင် ရ,ပေမယ့် တခြားအိမ်တွေ ကြားသွားလျှင် အထိတ်တလန့်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်မှာ ...။

ဝေ့လက်ကို သုဆုပ်ကိုင်ထားဆဲမို့ အဲသည် အနေအထားအတိုင်း သူ့ကို ဆွဲခေါ်ဖို့ ကြိုးစားရမည်။ သူ ပြောချင်ရာပြောပါစေပေါ့ ...။

နက်ဖြန်ကျလျှင်တော့ ညက အဖြစ်အပျက်ကို သူ မေ့သွားမှာပါ။

မေ့သွားမှာပေါ့နော် ...

သူ ပြောခဲ့သည့် စကားတွေကိုလည်း သူ လွယ်လွယ်ကူကူပဲ မေ့သွားတော့မှာပေါ့။

ရင်ထဲမှာ ကြေကွဲနာကျင်နေခဲ့တာ သိသာပါသည်။ အဲသည် နာကျင်မှုတွေက ဘယ်က လာသည်မသိ။ မျက်ရည်တွေက မိုးပေါက်တွေကျသလိုပင် ပါးပြင်ပေါ် တစ်ပေါက်ပေါက် ကျနေသည်။ လျှပ်ရောင်အလက်မှာ မျက်တောင်စင်းစင်းတွေ ငြိမ်သက်လျက် အမှောင်ထဲသို့သာ စူးစိုက်နေသည့် သူ့မျက်လုံးတွေကို ဒုတ်ခနဲ မြင်ရသည်။ အရုပ်တစ်ရုပ်လို၊ အသက်မဲ့နေသလို အေးစက်လျက် ခပ်တောင့်တောင့် ရပ်နေသော ခန္ဓာကိုယ်ကို လှုပ်ရှားပါလာဖို့အတွက် ဆုပ်ကိုင်ထားခြင်း ခံရသော လက်ဖ၀ါးကို မရုန်းဖယ်ဘဲ ကျန်လက်တစ်ဖက်ဖြင့် လက်မောင်းကို တွန်းထိုးခေါ်ရသည်။ သူ့ကို တတွတ်တွတ် ချော့မော့ရသည်။ ရင်ထဲက ဆဒနာကို ကိုယ့်ဘာသာ သိနေရပြီး သူ့ကို မှသားတွေချည်း ပြောခဲ့ရသည့်အတွက် ပိုပြီး စိတ်ထိခိုက်ရသည်။ သူကတော့ သူ့ဘာသာ တစ်ယောက်တည်း တိုးတိုး ရေရွတ်လျက်ပင် ...။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းတွေကိုတော့ ကျွန်တော် ချစ်တယ်။ မိုးတွေရွာရင် သိပ်ပျော်တယ်။ မိုးရေတွေနဲ့ ကျွန်တော့်ရင်ထဲမှာ ရှိသမျှ ဆေးကြောပစ်နိုင်မလား။ မဝေနဲ့ မိုးရွာထဲမှာ ခရေပန်းတွေ ကောက်မယ်လေ ... အိမ်ကို မပြန်တော့ဘူး၊ ကျွန်တော် အိမ်ကို မပြန်တော့ဘူး ...။

မဝေကို ကျွန်တော် ချစ်တယ်။ အဖေရယ် အမေရယ် ရေချမ်းရယ် ... အားလုံးကို ကျွန်တော် ချစ်တယ်။ ကျွန်တော် ဒီမှာ တစ်သက်လုံး နေမယ်နော် ..."

သူ့လက်မောင်းမှာ ပါးအပ်ပြီး မျက်ရည်တွေကို သုတ်ပစ်သည်။ လည်ချောင်းတွေထဲ ပူပြင်းအက်ကွဲနေခဲ့သည်။

မိုးစက်တွေက ရင်ကိုတော့ ငြိမ်းအောင် မတတ်နိုင်ခဲ့။ ကြိုးတစ်ချောင်းသည် ရစ်ပတ်ငြိတွယ်ဖို့ သည်မျှ လွယ်ကူသည် ဆိုတာကို ဝေ ဘယ်လိုမှ နားမလည်နိုင်ပေမယ့် သည်ညမှာတော့ဖြင့် လက်ခံယုံကြည်လိုက်ရပြီ ...။



## အခန်း(၅)

သူ့ကို လာခေါ်သည့်ကားကြီးက နောက်တစ်နေ့ က်မှာ အမှန်တကယ်ပင် ရောက်လာခဲ့ပါသည်။ ဝေ့နားထဲ ခ်ညလုံး ကားတစ်စီး၏ စက်သံသဲ့သဲ့ကို အဝေးကြီးကနေ ားနေခဲ့ရပြီး အိပ်၍လည်း မပျော်ခဲ့။ မိုးရေတွေ ရွှဲနေသည့် နေ့ကို ဆံပင်တွေ ရေသုတ် အဝတ်လဲပြီး ဧည့်ခန်းထဲမှာ ွေးထွေးထွေး အိပ်စေခဲ့ပေမယ့် ဝေ ကိုယ်တိုင်က အိပ်မပျော်ခဲ့။ ယောက်တည်း တတွတ်တွတ် ပြောနေသည့် သူ့စကားသံ ကို ကြားနေရပြီး မသဲကွဲလှသော စကားသံများကပင် ဝေ့ အိမ်ကို နာကျင်စေခဲ့သည်။ သူ အိပ်ပျော်သွားသည့် အချိန် ဝေ မျက်လုံးတွေ ကြောင်နေဆဲ ...

[မဝေကို ကျွန်တော် ချစ်တယ်]

www.burmeseclassic.com

www.burmeseclassic.com



[အဖေရယ် အမေရယ် ရေချမ်းရယ် အားလုံးကို ကျွန်တော် ချစ်တယ်]

နားထဲမှာ အဲသည် စကားတွေက ပဲ့တင်ထပ်နေခဲ့သည်။ ဘုန်းကြီးကျောင်းဆီက ကုလားတက်သံ ကြားလိုက်ရသည်အထိ အိပ်မပျော်ခဲ့တာ သေချာပါသည်။ အိပ်ရာထ, နောက်ကျသည့် ဝေ့ကို ...

"ညက အိပ်မပျော်ဘူးလား"

ဟု အမေက မေးသည်။ ညက အဖြစ်အပျက်ကို ပြန်ပြောပြရတော့ ဝေ့မျက်နှာ အနည်းငယ် ပူဆွေးနေခဲ့ပါသည်။ အမေကတော့ ဝမ်းနည်း မျက်ရည်ဝဲရင်းပေါ့ ...။

စိတ်မောရင်း မျှော်လင့်ခဲ့ရသည့် နေနေ့မိသားစုတွေ ရောက်လာသည့်အခါမှာတော့ နေနေသည် ဆိုင်ထဲက စားပွဲခုံပေါ် မှာ မျက်နှာအပ်လျက် ငြိမ်သက်တွေဝေနေမြဲ သူ့ဟန်ပန်အတိုင်း ရှိနေခဲ့သည်။ ကြွရွ တောက်ပြောင်နေသည့် အဖြူဆွတ်ဆွတ် ဖိမ်ခံကားကြီးသည် ဝေ့ကို ရင်သပ်ရှုမော အံ့သြစေခဲ့တာ အမှန်ပင် ဝေ့တစ်သက်တာမှာ အဲသည်လို အဆင့်အတန်း မြင့်မား ငွေကြေးချမ်းသာလှသည့် အဝန်းအဝိုင်းနှင့် မရင်းနှီးခဲ့ဖူးတာလည်း အမှန်ပင်။

ကားရပ်လျှင်ရပ်ချင်း အေမီဆိုသည့် ကောင်မလေး ပြေးဆင်းလာခဲ့သည်။ သူမနောက်မှ ... နေနေ့ မိခင်ဟု ထင် လောက်သည့် ခေတ်ဆန် အထက်တန်းကျလှသည့် အမျိုးသမီး တစ်ယောက်နှင့် အသက်ကြီးကြီး အရပ်မြင့်မြင့်နှင့် မျက်နှာထား ခပ်တင်းတင်း အမျိုးသမီးကြီးတစ်ယောက် ပါလာသည်။ ရုပ်ချော



သန့်သန့်ပြန့်ပြန့် လူလတ်ပိုင်း အမျိုးသားတစ်ယောက်လည်း ကားနောက်ဖက်မှာ ရပ်လျက် ပတ်ဝန်းကျင်ကို အကဲခတ်နေ၏။ အမေနှင့် အဖေကတော့ သူတို့ထုံးစံအတိုင်းပင် အိမ်ပေါ် ရောက် လာသမျှ ဧည့်သည်ဆိုလျှင် ဖော်ရွေမဆုံး၊ ဧည့်ဝတ်ကျေပွန်မဆုံး။ ရေချမ်းနှင့် ဝေကတော့ ဆိုင်ဖွင့်ဖို့လည်း ပြင်ဆင်ရင်း နေနေ့ အရိပ်အခြည်ကို စောင့်ကြည့်ရသည်။ ရေချမ်းက စကားသံကိုတိတ် ပြီး မျက်နှာညိုနေသည်။ ဝေကတော့ မီးဖိုထဲ အလုပ်ရှုပ်ဟန်ပြင် ရင်း ဧည့်ခန်းထဲက ဧည့်ကောင်းဆောင်ကောင်းတွေ အသံတွေ ဟန်တွေကို နားစွင့်ပြီး စိတ်ကူးကြည့်နေမိသည်။ အိမ်မှာရှိနေသည့် ကော်ဖီပန်းကန်စုံတွေထဲက အကောင်းဆုံး ကော်ဖီပန်းကန်တစ်စုံ ကို ယုတ်ပြီး ကော်ဖီမစ်စ် အထုပ်များဖြင့် ကော်ဖီဖျော်ပြီးချိန်မှာ ဧည့်ခန်းထဲက မေမေ့ ခေါ်သံကို ကြားရသည်။ ကော်ဖီဗန်းကလေး ကိုင်ပြီး ဧည့်ခန်းထဲ ဝင်ခဲ့ရသည့် ဝေ့ရင်တွေ တဒိတ်ဒိတ် ခုန်နေ ခဲ့သည်။

"ဒါ သမီးအကြီးပါ ... စုဝေ ... တဲ့"

ဝေတို့ ဧည့်ခန်းကျဉ်းကလေးသည် တောက်ပ အဖိုးတန်လှသည့် စိန်ရွှေအရောင်များ အောက်တွင် သေးနုပ်မှိန် ကုပ်နေခဲ့သည်ဟုပင် ထင်မိအောင် ဝေမြင်ရသည့် နေနေတို့ အသိုင်းအဝိုင်း၏ အရှိန်အဝါက မြင့်မားလှပါသည်။ ကြွေရောင် တောက်ပနေသည့် အရပ်တစ်ရပ်၏ မျက်နှာမျိုးဖြင့် နေလင်း၏ မိခင်သည် အမှန်တကယ် ချောမောပြီး နူးညံ့သည့် ကြောင်ကလေး တစ်ကောင်နှင့်လည်း တူပါသည်။ ဆံပင်တို ခွေခွေကောက်ကောက် ကလေးတွေ ပခုံးပေါ် ကပိုကရို ကျနေပြီး သောကပြင့် နွမ်းဖျော့

www.burmeseclassic.com

www.burmeseclassic.com



နေသည့်ဟန်ပန်သည်ပင် တစ်မျိုး ချစ်စရာကောင်းနေခဲ့သည်။ အသားအဲရေကလည်း တကယ့်ကို နုညက်ဝင်းမွတ်နေသည့် နို့နှစ် ရောင် ...

ဪ ...

ဆုတောင်းကောင်းခဲ့သူ ထင်ပါရဲ့။

"သမီးက ကျောင်းသူလား၊ ကျက်သရေရှိလိုက်တာနော် တကယ့်ကို မိန်းကလေး ပီပီသသလေးပဲ နေနေ့ကို စောင့် ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်ကွယ် ..."

မျက်နှာထား တင်းလှသည် ထင်ရသည့် မိန်းမကြီး က ရှွန်းရှွန်းဝေအောင် ပြောသည်။ နေနေ့ဘွားဘွား ထင်ပါရဲ့။ ထိုအမျိုးသမီးကြီး၏ မျက်လုံးတွေထဲမှာပင် ဝေသည် သူမ၏ အတွင်းစိတ် အလုံးစုံကို ပြန်မြင်နေရလေသည်။ အတ္တကြီး ပကာသနကို ခင်တွယ်တတ်သူဟု မှတ်ချက်ချလိုပေမယ့် နေနေ့ ချစ်သည့် အဘွားဆိုသည့် အသိတစ်ခုနှင့်ပင် ဝေသည် ထိုအမျိုး သမီးကြီးကို နှစ်လိုခင်မင်မိလေသည်။ နေနေ့မိခင်ကိုတော့ အသ မကြားရပါ။ သူမသည် ကြောင်ကလေးတစ်ကောင်လိုပင် ခပ်ကု ကုပ် ထိုင်လျက် ဝိုင်းစက်သော်လည်း အရောင်မှိန်လှသည့် မျက် လုံးမျိုးဖြင့် ညှော့ခန်းကျဉ်းလေးထဲ ဝေ့ကြည့်နေလေသည်။

"နေနေ့ကို ပြန်ခေါ်သွားဖို့လေ ...။ ဒီမှာ ဆရာဝန်လည်း ပါတယ်။ သူ့ကို အသေအချာ ချက်ကျအပ်ပ် လုပ် ခေါ်သွားမယ်လေ။ လိုအပ်ရင် ဆေးလေးဘာလေး ထိုး အောင်ပေါ့။ ဒီကလေးကလေ သေချာစောင့်ကြည့်နေ



ကြားက ဘယ်က ဘယ်လို ထွက်သွားလိုက်သလဲ မသိပါဘူး ကွယ်။ သူနဲ့ပတ်သက်ရင် ဘွားတို့မှာ အခါခါ စိတ်ပူရ တယ်။ သူ့အဖေက လိုက်လာမယ်လို့ပဲ။ သူက အဖေကို ကြောက်တော့ ပြန်မလိုက်ရဲမှာစိုးလို့ ....

ဒါနဲ့ ... နေနေရော ...။ ကျန်းမာရဲ့လား ..."

"ဟုတ်ကဲ့ ... သူ နေကောင်းပါတယ်။ သမီး နေနေ့ကို ခေါ်ချေလေကွယ်"

မေမေက ပူပန်စိုးထိတ်သည့် အကြည့်တစ်ချက် ဝေ့လျက် ပြောသည်။

"ဆိုင်မှာ အလုပ်ကူနေတယ်ဆို ...။ အေမိလေးက ပြောတယ်။ ဒါ ... သူ ကျန်းမာနေလို့ပေါ့"

"ဟုတ်ကဲ့ ... ဒီမှာတော့ သူ အလုပ်ကူလုပ်ပါတယ်။ သူ စိတ်ရှိလို့ လုပ်ချင်လည်း ဝင်လုပ်။ မလုပ်ချင်လည်း သူ့ ဘာသာ ဂစ်တာတစ်လက်နဲ့ ထိုင်ငေးနေတာပဲ။ ငြိမ်နေရင် လည်း ငြိမ်နေတာပဲ။ ဘယ်သူ့မှတော့ အနှောင့်အယှက် မပေးပါဘူး"

အဖေကတော့ ဘယ်လို ဝက်ဝုတ္တိကိုမှ သိပ်နားမ လည် တွေးလည်းမတွေးတတ်သူပီပီ အရိုးခံအတိုင်းသာ ပြောသည်။

"အိမ်မှာတော့ ငြိမ်ပြီး တစ်ယောက်တည်း စကားတွေ ပြောချင်နေတာပဲ။ စာဖတ်ချင်လည်း ဖတ်နေတာ၊ ဘယ်သူနဲ့ မှ အရောတဝင် နေတာမဟုတ်ဘူး"

"ပတ်ဝန်းကျင်နဲ့ အသိုက်အဝန်းနဲ့ ထိတွေ့ ဆက်ဆံလာ

www.burmeseclassic.com



တယ်၊ အရောတဝင် နေလာတယ်ဆိုတော့ သူ့အနေအထား တိုးတက်လာတယ်လို့ ပြောနိုင်ပါတယ်။ အဲဒါ ကောင်းပါတယ် အန်တီ။ အိမ်မှာလည်း ခုလိုပဲ သူ့ကို အပေါင်းအသင်းနဲ့ မိသားစုပုံစံလေးနဲ့ နွေးနွေးထွေးထွေး နေပေးပါ။ ပုံမှန်လူတစ်ယောက်လို သဘောထားပေးပါ။ သူတစ်ယောက်တည်းနေဖို့ သိပ်ပြီး ခွင့်မပြုပါနဲ့ ...

ခု ကြားရတဲ့ အနေအထားဆိုရင် သူ့အခြေအနေ အတော်လေး ကောင်းနေပါတယ်”

ဆရာဝန်က ဝင်ပြောသည်။ နေနေ့မိခင်ဟု သိရသည့် အမျိုးသမီးသည် အရုပ်တစ်ရုပ်လို ထိုင်နေရာကနေ အနည်းငယ် ပြုံးဖော်ရလာ၏။ အိမ်ရှေ့ဝင်ပေါက်ဆီ ဧည့်ခန်းအတွင်းဝင်ပေါက်ဆီ မကြာခဏ မျက်လုံးဝေ့ကြည့်သည်။ သို့ပေမယ့် ဝေကတော့ သည့်ထက်ပိုပြီး လှိုက်လှိုက်လှဲလှဲ စိတ်လှုပ်ရှားသင့်သည်ဟုသာ ထင်မိလေသည်။

နေနေ သိပ်ချစ်သည့် သူ့မိခင် ...

နေနေ မုန်းချင်တယ် ဆိုခဲ့သည့် မိခင် ...။

လောကမှာ ‘မိခင်’ဆိုသည့် အမျိုးအစားထဲ တစ်သားတည်း ရှိသည်ဟုသာ ဝေက ထင်ခဲ့သည်။ ခုတော့ ...

‘မိခင်’ ဆိုသည်မှာလည်း အမျိုးမျိုး ရှိနိုင်တာပဲနော်။

ဝေါဟာရ မကွဲပြားပေမယ့် မိခင်တွေရဲ့ စိတ်အခြေခံက စ,ပြီး နှလုံးသားခံစားမှုတွေဟာ ကွဲပြားနိုင်သေးတာပဲ ...။



သူမ၏ အရုပ်တစ်ရုပ်လို မျက်နှာကို ဆက်မကြည့်ချင်။ အဲသည်လို အတွေးကိုလည်း ဆက်မတွေးချင်ဘဲ ဝေသည် လူတွေစုံညီနေသည့် ဧည့်ခန်းထဲက ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



“နေနေ မင်း မေမေနဲ့ ဘွားဘွား ရောက်နေပြီ။ မင်းကို မတွေ့လို့ စိတ်ပူနေကြတယ်။ လာ, သွားတွေ့ရအောင် နော်”

သူက စားပွဲနှင့် မျက်နှာအပ်ထားရာက ဝေ့ကို မော်ကြည့်သည်။ အဲသည် အကြည့်တွေကိုလည်း ဝေ နားလည် နိုင်သည်ပင်။ မနေ့ညကနေ သည်နေ့ နံနက်ခင်းအချိန်အထိ သူ့ခံစားမှုတွေက သူ့ဝေဒနာတွေကို သိပ်သည်းအောင် တွန်းပို့ပေး ကြသည်လည်း ဖြစ်နိုင်သည်။ သူ့မျက်လုံး သူ့အကြည့်တွေက ဝေ့ကို ရင်းနှီးခင်တွယ်သော နေနေ မဟုတ်ပါ။ ဖြစ်လွယ်၊ ပျက် လွယ်၊ ပြောင်းလွယ်၊ ပြင်လွယ် သူ့စိတ်အခြေအနေကို နားလည် နေလျက်ကပင် မေ့ပျောက်လွယ်သော သူ့ဦးနှောက် အသိဉာဏ် ထဲ ဝေသည် စုဝေဟူသော အမည်နာမကို တစ်သက်တာ စွဲမြဲ စေချင်၏။

ဝေက သူ့လက်မောင်းကနေ တွဲထူလိုက်သည်။ ရေချမ်းက ဝေ့ အပြုအမူတွေကို ခပ်တွေတွေ ခပ်ငေးငေး ကြည့်



နေပေမယ့် ဘာတစ်ခွန်းမှ ဝင်မပြော။ ခုလိုအဖြစ်တွေကို မနှစ်မြို့ နိုင်ဘူး ဆိုတာလည်း သူ့မျက်ဝန်းက အထင်းသား ဖော်ပြနေခဲ့ သည်။

“နေနေ”

“ကျွန်တော် သိပါတယ်”

“သိရင်လည်း ထ,လေကွာ”

“ကျွန်တော် သွားမှာပါ မဝေ”

ခပ်တိုးတိုး စကားသံက ဝေ့ရင်ထဲမှာတော့ ဗုံးတစ် လုံးပေါက်ကွဲခဲ့သလိုပင်။ သူက သည့်ထက်ပိုပြီး မပြော။ ရေချမ်း ကသာ ...

“မမကလည်းဗျာ ...”

ဟု အလိုမကျသည့် လေသံဖြင့်ပြောသည်။

“အဲလောက်ကြီးတော့လည်း ...”

“ဟဲ့ ...။ သူ့ကို မတွေ့ရင် တောင်ထင် မြောက်ထင်နဲ့ တို့ကို တစ်မျိုးတွေးမှာပေါ့ ...။ နင် နားမလည်ပါဘူး ရေချမ်းရယ်”

“ထင်ချင် ထင်ပေါ့ဗျာ ... အရေးမပါလိုက်တာ”

“နင် ငါ့ကို ပြန်အော်မနေနဲ့”

ဒေါသတွေက ရေချမ်းအပေါ် စုပြုံ ကျသွားသည်။ မျက်အိမ်တွေ ပူနွေးလာပြီး မျက်ရည်ခိုးများဖြင့် ဝေ့ မြင်ကွင်းသည် အရာရာ ပိတ်ကွယ်သွား၏။ သူက ဝေ့ကို စကားတစ်ခွန်းမှ မဆို ဘဲ တံ့ဆိုင်းလေးကန်သော ခြေလှမ်းများဖြင့် ဆိုင်၏ အရှေ့ဘက် တံခါးပေါက်ဆီသို့ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ... သူဟာ ဝေ့ ရှေ့ကနေ ပျောက်ကွယ်သွားခဲ့တော့တာပါပဲ ...။ နောက်ဆုံးရယ်လို့ စိတ်က တွေးမိသွင်ဖြင့် ဝေ့ ရင်တွေ ဘယ်လိုနာကျင်မှန်းမသိ။ သူ့နောက် လိုက်မသွားဘဲ ဆိုင်ထဲမှာပဲ ပေထိုင်နေမိသည်။ ပိတ်ထားသည့် သစ်သားဘာဂျာတံခါးများ၏ နောက်မှာ မောင်နှမနှစ်ယောက်သည် မျက်လုံးချင်း မဆုံမိဘဲ ရင်ထဲက စကားကိုယ်စီဖြင့်သာ တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ အချိန်တွေက ရှည်ကြာလွန်းလှပြီး နာရီလက်တံ ရွေ့လျားမှုတွေ နှေးကွေးလွန်းသည်ဟု ထင်ပါသည်။ စားပွဲပေါ်မှာ လက်သုတ်ပဝါတွေ ဖွန်း ခက်ရင်း စိုက်သည့် ပလတ်စတစ်ခွက် ရှည်မျောမျောလေးတွေ၊ ဆေးလိပ်ခွက်တွေ လိုက်ချရင်း ရေချမ်းသည် သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး လေချွန်နေ၏။

... ဝတ်မှုံ ရယ် ...

... နင်နဲ့ နှိုင်းရင် ရှုံးကြမှာပဲ ...

ဆိုသည့် 'ဝတ်မှုံ'ဆိုသည့် သီချင်း ... ,

ဝေ့လက်ချောင်းတွေကို မသယ်ချင်လောက်အောင် ပင် ပင်ပန်းနွမ်းနယ်နေခဲ့ပြီ။ ဝေ့မျက်ခွံတွေ လေးလံ အိပ်ငိုက်ကျပြီး မျက်ရည်ပူတွေကို ထိန်းထားရသည့်အတွက် ပူလောင်ကျိန်းစပ်နေပြီ။

သွားပါတော့ ...

နှုတ်မဆက်ဘဲသာ ထွက်သွားလိုက်ပါတော့ ...။

သံယောဇဉ်ဆိုတဲ့ တွယ်ငြိခြင်းက သူ့ချည်းသက်သက် မဟုတ်ဘူး ဆိုလျှင်တော့ ... ,

မတွယ်ငြိချင်ပါဘူး ...။



ဘယ်အရာကိုမှ မတွယ်ငြိချင်ပါဘူးကွယ် ...။

နှုတ်ဆက်စကားသံတွေ ကြားရသည်။ အရုပ်လိုမိန်းမသည် သားကို ပြန်ရသည့်အတွက် ဘယ်အတိုင်းအတာအထိ ဝမ်းသာပျော်ရွှင်လေသည်လဲ ...။ သိချင်ပေမယ့် နှုတ်ဆက်ခြင်းကို ရင်မဆိုင်ရဲသည်မို့ ဝေ ဆိုင်ထဲမှာပဲ တိတ်တိတ်ကလေး နေမိသည်။

သူဟာ ... ကားပေါ်တက်ချိန်မှာ ဝေ့ကို ရှာနေဦးမှာလား ...။

"သား ... ဦးတို့ အန်တီတို့ကို နှုတ်ဆက်လိုက်လေကွယ်"

ချို့ရှနေသော စကားသံကို ကြားရသည်။ သမရိုးကျစကားတစ်ခွန်း ဟုတ်ပါရဲ့လား မသိ။ သူ့နှုတ်ဆက်သံကိုတော့ မကြားရ။ သူဟာ တွေဝေ ငိုက်မြည်းနေတဲ့ မျက်လုံးမျိုးနဲ့ အားလုံးကို ငေးကြည့်နေမှာပါပဲ။ ပြီးတော့ ဝမ်းနည်းစွာ တိတ်ဆိတ်နေလိမ့်မည်။ စကားတွေ တရစပ် ပြောသည့်အခါ ပြောပြီး၊ ရယ်နေတတ်သော ထိုကောင်လေးသည် တိတ်ဆိတ် ငြိမ်သက်စွာ ငိုကြွေးတတ်သည် ဆိုတာကိုလည်း ဝေ ခုတော့ သိနေခဲ့ပြီ ...။

"နှုတ်မဆက်ပါနဲ့ကွယ် ...။ အမေတို့ လာတွေ့မယ်နော် သား။ ဆေးတွေ မှန်မှန်သောက်။ ကျန်းမာအောင်နေနော်။ လူကြီးတွေကို စိတ်ပူအောင် မလုပ်နဲ့ ..."

အမေ့အမှာစကားတွေက ငိုသံပါကြီးနဲ့ ...

နားထောင်မကောင်းပါဘူး အမေရယ်။

ကားထွက်သွားရင်တော့ ငိုပေါ့နော် ...။

ကားစက်နှိုးသံ ကြားရသည့်အခါမှာတော့ ရေချမ်းသည် ဆက်ပြီး ဟန်မဆောင်နိုင်တော့ဘဲ ဆိုင်ထဲမှ ပြေးထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အအေက အမေ့ကို ချော့မော့နှစ်သိမ့်နေသံလည်း ကြားသည်။ အအေ ငိုနေမှာပါပဲ။ ဝေလည်း ငိုချင်နေတာပါပဲ ...။

ဒါပေမယ့် ... ဝေက ငိုလို့ မဖြစ်ဘူးလေ ...။

ကားစက်သံက တဖြည်းဖြည်း ဝေး ... ဝေး သွားတော့သည်။ ခရေလမ်းကလေးကို ဖြတ်သွားရမှာပါပဲ။ ခရေတွေ ဖွေးနေအောင် ကြွေတာကို သူ မြင်မှာပါပဲ ...။

ပန်းကြွေတဲ့ လမ်းကလေးကို မနက်ဖြန်ဆို မင်း မေ့သွားမှာပါနော် ...။

မေ့နိုင်ခဲ့ရင် မင်းအတွက် အကောင်းဆုံး မဟုတ်လား။



သူ မရှိတော့သည့် ဝေတို့မိသားစု၏ နေ့စဉ် လည်ပတ်နေကျ ယန္တရားကတော့ ပြောင်းလဲမသွားပါ။ ပြန်သွားပြီး နောက်တစ်ရက်မှာ သူ့အကြောင်းကို ဘယ်သူမှ မပြောကြတော့တာကလည်း ပုံမှန်မဟုတ်ပါ။ တမင် ထိန်းချုပ်ပြီး နေရသည်မှန်း သိသာလွန်းနေသည်မို့ မိသားစုအတွင်းမှာ သူ့အကြောင်းကို ရှောင်လွှဲနေရသည်က အလုပ်ပိုတစ်ခုလို ဖြစ်နေသည်။ စိတ်မောသည်ကတော့ အသေအချာပေါ့ ...။ သူ့ကို ဘယ်သူမှ မတမ်းတဖြစ်သယောင် ဟန်ဆောင်နေကြသည့် အထဲမှာ ဝေ့စိတ်ပင်ပန်းမှုကတော့ အဆိုးရွားဆုံး ဖြစ်မည်ထင်သည်။

မိုးသည်းသည်းရွာသည့် ညများမှာတော့ ဝေသည် မှန်ပြတင်းမှာ မျက်နှာအပ်ပြီး ခပ်စောင်းစောင်း မြင်နေရသည့် လမ်းကလေးဆီသို့သာ ငေးမောကြည့်မိ၏။ မှန်ပြတင်းပေါ် ရေစက်တွေ လာရောက်ထိမှန်ပြီး ရေစီးကြောင်းတွေ အဆက်မပြတ် စီးနေသည့်အခါ ရှေ့မြင်ကွင်းကို သဲသဲကွဲကွဲ မမြင်ရပါ။ သို့ပေမယ့်လည်း ဝေသည် မှန်ပြတင်းက မခွာမိ။ ရိပ်ခနဲ ဖြတ်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com



သင်္ကြာန်တစ်ခုဖြစ်စေ ခပ်နွေးနွေး လျှောက်သွားသည့် တစ်စုံတစ်ယောက်ဖြစ်စေ မြင်လျှင် ဝေ့ရင်က မသိမသာ အခုန်မြန်လာတတ်သည်။ နံနက်စောစော ထ,ပြီး ခရေပန်းတွေ ကောက်ဖို့တော့ ဝေ သုံးလေးရက် ပျက်ကွက်ခဲ့သည်။ ခရေပင်အောက်ကို ဝေ မသွားချင်ပါ။

[မဝေကို ကျွန်တော် ချစ်တာကလေ ... အဓိပ္ပာယ်တွေ အများကြီးပဲ ... ]

ခရေပင်တွေအောက်က ဖြတ်သွားရသည့် အခါတိုင်း သူ ပြောခဲ့သည့် အဲသည်စကားတွေကို ကယောင်ကတန်း ကြားယောင်မိတာကို သိစိတ်က ကိုယ့်ဘာသာ ပြန်ရှက်ရသေးသည်။

အဓိပ္ပာယ်မဲ့လိုက်တာ ...။

အချစ် ... ဆိုတာကို သူက ဘယ်လို နားလည်မှာလဲ ...။

စိတ်ကူးယဉ်လွန်းလှသည့် ကောင်လေးတစ်ယောက်ထံက အစစ်အမှန် ဆိုတာကို ဝေက မျှော်လင့်နေမိတာ ရယ်စရာမကောင်းဘူးလား ...။

အိပ်မက်တွေ မကြာခဏ မက်သည်။ ဝေ့အိပ်မက်တွေက မိုးသည်းညတွေ ဖြစ်တတ်၏။ မိုးသံလေသံ ကြားမှာ ညက်ညောလှသည့် ကားစက်သံကိုလည်း ကြားရသည်။ တစ်ခါတစ်ရံလည်း ခရေရနံ့ကို ရသည်။

အိပ်မက်ထဲမှာ သူနှင့် မျက်နှာချင်းဆိုင်ရလျှင် ...

"မဝေ ... ကျွန်တော် အိမ်မပြန်ဘူးနော် ..." တဲ့



## အခန်း(၆)

သီတင်းကျွတ်ဖို့ နီးလေ မိုးက ပိုစိပ်ပြီး သိပ်သည်းလေမို့ ခုတလောမှာ ဝေတို့ဆိုင်လည်း အရောင်းရကျဲလှသည်။ နေ့စဉ် ဖောက်သည်တွေကတော့ မပျက်မကွက် အားပေးကြသည်ပင်။ မိုးသိပ်သည်းလျှင် စောစော ဆိုင်သိမ်းပြီး စောစော နားကြသည်။ မိုးတွေ ညို့နေသည့်အခါ ခရေပင်ရိပ်များကြောင့် အုပ်ဆိုင်းနေသော ခရေလမ်းကလေးသည် အထီးကျန်လှသည့် အငွေ့အသက်ဖြင့် မှိုင်းမှုန်နေတတ်လေသည်။ တစ်ခါတစ်ရံ လျှပ်စစ်မီးပျက်လျှင် ဘာဆိုဘာမျှ မမြင်ရဘဲ မိုက်နေအောင် မှောင်တတ်သည့် ဝန်းကျင်ကိုပင် မိုးညတွေမှာ မှန်ပြတင်းကို ဖြတ်သန်းလျက် ဒဝ ငေးမောဖြစ်ဆဲပင်။ ရေချမ်းကတော့ စာကျက်ချိန်၊ ကျူရှင်ချိန်တွေနှင့် မအားလပ်သည့်ကြားကပင် ညဥ့်နက်သန်းခေါင် ဂစ်တာတဒေါင်ဒေါင် တီးဆဲပင် ...။

www.burmeseclassic.com

www.burmeseclassic.com



[စာတွေများလွန်းလို့ ... ကြာတော့ ညည်းငွေ့လာတယ်]

ဆိုတော့လည်း ခဏတဖြုတ်ပဲလေ ဟု ခွင့်လွှတ်ရပြန်သည်။

ခုလည်း အဖေနှင့်အမေက ညော်ခန်းထဲမှာ မြဝတီအငြိမ့် ကြည့်နေပြီး ရေချမ်းက မီးဖိုခန်းအဆင်း တံခါးပေါက်မှာ ဂစ်တာ တီးနေသည်။ ဝေကတော့ အငြိမ့်လည်း မကြိုက်တတ်တာမို့ ဝတ္ထုရှားတစ်ခုလိုပင် ပြတင်းပေါက်အနားမှာ ရပ်မိပြန်လေသည်။

လမ်းမီးရောင်က ခပ်မှိန်မှိန်သာ ကျရောက်သည်မို့ ခရေလမ်းကလေးထက် လင်းသည်ဆိုရုံမျှ ပျပျသာ လင်းသည်။ အဲသည် လမ်းထက်မှာ ခရေပွင့်ကလေးတွေ မရေမတွက်နိုင်အောင် ကြွေလိမ့်မည်။

[ပန်းလေးတွေက မိုးရေစက်တွေ ကြားထဲမှာပဲ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေနေကြတာ သိပ်ကြည့်လို့ ကောင်းတာပဲ မဝေ]

ကိုယ့်အဖြစ်ကိုယ် သဘောကျလျက် ဝေတစ်ယောက် တည်း ပြုံးမိသည်။ မမေ့နိုင်ခြင်းဆိုတာက ဝေ့အတွက် ဖြစ်နေပါရောလား ...။ သူ ပြန်သွားခဲ့တာ ရက်နှစ်ဆယ် ပြည့်ခဲ့ပြီ။ အဲသည် ကာလအတွင်း သတိရခြင်း ဆိုတာကတော့ သိပ်ပြီး အံ့သြလောက်စရာ မဟုတ်ပါဘူးလေ။ သံယောဇဉ် လက်ကျန်ဆိုတာကတော့ ရှိ,မှာပေါ့နော်။

ကိုယ့်ကိုယ်ကို ဖြေသိမ့်မိတာ ဖြစ်နိုင်ပေမယ့် ခ... ကျေနပ်သွားခဲ့ပါသည်။



... ပန်း ချစ်သူ ... ပျားက ပြုံးတယ် ...
... တောက်ပတဲ့ အဆင်းလည်းရှိဇယ် ...
... လိုက်ဖက်မယ့် မွှေးရနံ့နဲ့ဆို ...
... ဝတ်မှုံရယ် ... နင်နဲ့ရှိုင်းရင် ...
... ရှုံးကြမှာပဲ ...။

ဟော ...

ဒိတ်ခနဲ ခုန်သွားသည့် ရင်ဘတ်ကို လက်ဖဝါးဖြင့် ...ပ်ဖိထားရင်း ဝေ အသံထွက်အောင်ပင် ရယ်မိသည်။ ဝေလည်းပဲ ...တ်တွေ မူမမှန်ချင်တော့ဘူး ထင်ပါရဲ့။ စိတ်ထဲ ရုတ်တရက် ...ော့်ရွှင်လာမိပြီး ဂစ်တာတီးနေသည့် ရေချမ်းဆီ ထွက်လာခဲ့သည်။ ...ရေချမ်းကို မစ, မနောက်ဖြစ်တာ ကြာပြီ ထင်ပါရဲ့။ သည်ရက် ...နှစ်ဆယ်လောက်မှာ ဝေတို့ မိသားစုထဲ အမှောင့်ပယောဂ ဝင်နေ...သလို တိတ်ဆိတ်ခြောက်ကပ်ပြီး ရယ်သံတွေ ဆိတ်သုန်းနေခဲ့သည်။

ဘာကြောင့် ဒီလို ဖြစ်ရမည်လဲနော် ...။

ညော့်သည်တစ်ယောက် အချိန်တန်လို့ အိမ်ပြန်သွား...တာပဲ ...။

ဒါပေမယ့် ... သည်အိမ်မှာ အေးစက်ပြတ်တောက်...ယ်သည့် ဝေကိုယ်တိုင်က မမေ့နိုင်ခဲ့တာ မဟုတ်လား။

"ရေချမ်း"

ရေချမ်း လက်တွေက ဂစ်တာတီးမပျက်ဘဲ ဝေ့ကို ...ကြည့်ပြီး မေးဆတ်ပြသည်။

"အဲဒီ သီချင်းကို မတီးစမ်းနဲ့"

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"နင် ဆိုတာ နားထောင်လို့ မကောင်းဘူး"

ရေချမ်းက စိတ်ထွက်လာပြီး ဝေ့ကို ခပ်စောင်စောင် ကြည့်လျက် ...

"မမနော် ...။ ရန်စ မနေနဲ့"

ဟု အံကြိတ်ပြီး ပြောသည်။

"တခြား သီချင်း တီးစမ်းပါဟယ် ...။ နင့်ကို နေနေက သီချင်းတွေ အများကြီး သင်ပေးသွားခဲ့တာပဲ"

ဂစ်တာတီးနေသည့် လက်တွေကို ဖြန်းခနဲ ရပ်လိုက်ပြီး ရေချမ်းက ဝေ့ကို တစ်ချက် မေးဖို့ ပါးစပ်ပြင်သည်။ ပြီးတော့ ငြိမ်သက်သွားပြန်၏။ နေနေ' ဆိုသည့် အမည်နာမကိုပင် သူတို့ ကြားမှာ မကြားခဲ့ရတာ ကြာပြီ။ ရေချမ်း၏ မျက်နှာက ချက်ချင်း အပြောင်းအလဲ ဖြစ်သွားသည်။ ဂစ်တာကြိုးတွေကို တို့ထိကစားနေသည့် ရေချမ်း၏ လက်ချောင်းကလေးတွေကလည်း နေနေ့လက်ချောင်းကလေးတွေလိုပင် ရှည်သွယ်ပါသည်။ သို့သော် မယ့် နုဖတ်ပြီး ဖောင်းအိနေသည့် လက်ချောင်းလေးတွေလို ကဗျာမဆန်လှဘူးပေါ့လေ ...။

"ပလက်ကင်လေးတောင် ဆက်မသင်လိုက်ရဘူးဗျာ –"

"ကိုယ့်ဘာသာ ကျင့်ပေါ့ဟယ်"

"ကျင့်တော့ ကျင့်တာပဲ မမရဲ့။ ဒါပေမယ့် သူ တီး အသံနဲ့ မတူဘူး။ သူ့လက်ချောင်းတွေနဲ့ ထိလိုက် ကြိုးတွေထဲက အသံတွေဟာ ခုန်ပေါက်ပြီး ထွက် သလိုပဲ"

ဝေ ... , ပြုံးရုံ ပြုံးရင်း ရေချမ်းကို စိုက်ကြည့်



လိုက်မိသည်။ နေနေ့အပေါ် ရေချမ်း၏ လိုအပ်ချက်က ဝေတို့နှင့် ဘူချင်မှ တူပါလိမ့်မည်။ သို့ပေမယ့် သူလည်း နေနေ့ကို သူ့ နည်းသူ့ဟန်နှင့်တော့ တွယ်တာသည်ပင်။

"သူ့ကို ထူးဆန်းတယ်လို့ မထင်ဘူးလားဟင် မမ"

"ဘာဖြစ်လို့လဲ"

ဝေက ရေချမ်း အနားမှာ တံခါးရွက်ကို မှီပြီး ထိုင်ချလိုက်သည်။ ရေချမ်း စကားကပင် ဝေ့အတွက် အတော် ထူးဆန်းပြီး စိတ်ဝင်စားစရာ ကောင်းနေခဲ့ပြီ။

"စိတ်ရောဂါသည် တစ်ယောက်ဖြစ်ပြီး ကျောင်းစာတွေကျတော့ သိပ်တော်တာပဲ။ ပြီးတော့ ဂစ်တာတီးတဲ့ နေရာမှာလည်း သိပ်ကျွမ်းကျင်တာပဲ။ သူက ကျွန်တော့်ကို ပြောတော့ သူဆယ်တန်းအောင်ပြီးပြီတဲ့ ...။ ကျောင်းဖွင့်ရင် ဆေးတက္ကသိုလ် တက်မှာဆိုပဲ။ ပြီးတော့ သူ့အဖေဟာ အနုပညာသမားတဲ့။ ခု အိမ်က သူ့အဖေက အဖေရင်း မဟုတ်ဘူးတဲ့"

"နင်ကလည်းဟယ် ...။ ဒီလိုလူမျိုးရဲ့ စကားကို ယုံစရာလား"

ဝေ့စကားကို ဝေ့ဘာသာ ပြန်ကြားပြီး ရင်ထဲ ငြိသီးသွားခဲ့ပါသည်။

"ဟာ ... မမကလည်း ...။ သူပြောတာတွေလည်း ဖြစ်နိုင်တာပဲလေ။ သူ သိပ်စာတော်နေတာရော ...၊ ကျွန်တော် နားမလည်တဲ့ စာတွေကို သူက လွယ်လွယ်ကူကူ သဘော ပေါက်အောင် ရှင်းပြနိုင်တယ်လေ။ သူကိုယ်တိုင် သိပ်ကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်နေလို့ အဲဒီလို ရှင်းပြနိုင်တာပေါ့။ ဂစ်တာတီး သိ
ကျွမ်းတာရော၊ သူ့ရဲ့ စကားအပြောဆိုတွေရော ... သေချာ
ဆန်းစစ်ကြည့်ရင် သူ ပြောတာ ဖြစ်နိုင်တယ်လို့ ကျွန်တော်
ထင်တယ်။ ကျွန်တော်ဖြင့် သူ့ကို ရောဂါသည်လို့ လုံးဝက
မထင်မိဘူး ...။ အဲ ... သူ တစ်ခါတစ်ခါ စိတ်ဖောက်ပြ
မိုးရွာထဲ လျှောက်သွားတာတို့၊ တစ်ယောက်တည်း ငေါင်နေ
တာတို့ ...၊ စကားတွေ အရမ်းများနေတာတို့ ...။ အဲဒ
အချိန်တွေက လွဲပြီးပေါ့လေ ...”

“အင်း ... စိတ်ဝင်စားစရာပါပဲ ...”

“ဒါပေမယ့် ... လူ့စိတ်ဆိုတာလည်း ပြောရခက်သာ
ဆိုတော့ ...”

“အံမယ်မယ် ... လူကြီးမင်းက ...”

ဝေ ဟက်ဟက်ပက်ပက်ပင် ရယ်လိုက်မိပါသည
ရေချမ်းကတော့ ဝေ့ကို ပြန်ပြီး မကျေမနပ် ရန်လုပ်ဖို့
မေ့လျော့နေဟန်တူ၏။

“ဦးနှောက်ထဲမှာ အကန့်တွေ အခန်းတွေက အများကြ
ဆိုတော့ ... အခန်းတစ်ခန်း ချို့ယွင်းပေမယ့် တခြားအခ
တွေက ကောင်းနေသားပဲလေ။ အဲလို တွေးကြည့်တော့လည်
သူဟာ လူကောင်းတစ်ဝက် ဖြစ်နေသားပဲ မဟုတ်လာ
သူဟာ လုံးဝ လူကောင်းတစ်ယောက်သာ ဖြစ်ခဲ့ရင်ဆေ
တော်တော် တန်ဖိုးရှိတဲ့လူ ဖြစ်မှာပဲနော် မမ”

“အင်း ... ဖြစ်နိုင်တာပေါ့ မောင်လေးရယ်။ စိတ်ရောဂ
ဆေးရုံက ဆရာဝန်ကြီး ပြောတာကတော့ ဒီလို ဆေ



မျိုးဟာ ဆေးသောက်ရုံတင်၊ ဆေးဝါးရဲ့ ကုသမှုတင်
မကပဲ ပတ်ဝန်းကျင် အသိုက်အဝန်းရဲ့ ကုသမှုကလည်း
အဓိက ကျတယ်တဲ့။ သူ့ကို စောင့်ကြည့်ပြီး သူ စိတ်အခြေ
အနေပေါ် လိုက်ပြီး ပတ်ဝန်းကျင်ကပါ သူ့ကို ဖေးမကုသဖို့
လိုတယ်။ သူ့အတွက် သူ လိုအပ်တဲ့ ပတ်ဝန်းကျင်မျိုး
ဖန်တီးပေးနိုင်ဖို့ လိုတယ် ... တဲ့ ...။

ကြည့်ရတာတော့ သူ့ဘေးမှာ အဲဒီလို ပတ်ဝန်းကျင်
မျိုး ရှိပုံ မရဘူး ...”

“သူ ဘယ်လို နေသလဲလို့ ကျွန်တော် သွားကြည့်ချင်
တယ်”

“အံမယ် ... ဘယ်မှာနေမှန်း မသိဘဲ”

“သိတယ်ဗျ ... သူ့လိပ်စာ ကျွန်တော့်မှာ ရှိတယ်”

“ဘာရယ်”

ဝေ့ ခန္ဓာကိုယ်ထဲက အကြောအခြင်တွေ တောင့်
တောင့်မတ်မတ်ကြီး ဖြစ်သွားသည်။

“သူ ကျွန်တော့်ကို ရေးပေးသွားတာ။ သူ့လက်ရေးက
သိပ်လှတာပဲ မမရာ။ ပန်းချီဆရာ လက်ရေးအတိုင်းပဲ။
ကျွန်တော်နဲ့တော့ တခြားစီ”

ရေချမ်းက ဂစ်တာကို နံရံမှီထောင်ခဲ့ပြီး သူ့အခန်း
ဘက် ထ,သွားချိန်မှာ ဝေတစ်ယောက်တည်း ငေးကြောင်ကြောင်
ကြီးကျန်ခဲ့သည်။

သူ ဘယ်မှာနေသည် ဆိုတာ သိဖို့ လိုအပ်ဘူး
မဟုတ်လား ...။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖန် ပြန်လည်ကြုံကြိုက်ဖို့ ခဲယဉ်းသည့် ကြယ်ကြွေခြင်းတစ်ခုလိုပဲ သတ်မှတ်ခဲ့သည် မဟုတ်လား။ ဘကယ်တော့ သေချာမဝေခွဲနိုင်သူ တစ်ယောက်ကို လိမ်ညာခဲ့တာနော် ...။

"ဒီမှာ မမ"

ဝေ့လက်ထဲ ရေချမ်းက စာအုပ်လာထည့်သည်။

တကယ့်ကို ပန်းချီဆန်လှသည့် လက်ရေးပါပဲ။

သူဟာ ... ဝေတို့ လိုက်လာလိမ့်မယ်လို့ အခိုင်အမာ မျှော်လင့်နေခဲ့တာနော် ...။

ဩော် ...

ကောင်လေးရယ် ...။



# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

ပုလတ်စတစ် ဆန်ကာလေးထဲမှာ ခရေပွင့်တွေ တစ်ဝက်လောက် ရှိနေပြီ။ ခရေရနံ့သည် ဝေ့ အနီးအနားမှာ ထုံအီနေအောင် မွှေးနေ၏။ ခရေတွေက ပွင့်လည်း ပွင့်နိုင်ကြသည်။ ကြွေလည်း ကြွေနိုင်ကြသည်။ ရေချမ်း ကျောင်းပိတ်ရက်မှာတော့ ခရေကုံးတွေသီပြီး ကောင်တာပေါ်မှာ ဆန်ကာနှင့် တင်ထားမည်။ ဒါမှမဟုတ် အထက်ခပ်မြင့်မြင့်မှာ ချိတ်ထားမည်။ စက်ရုံအလုပ်သမလေးတွေ၊ ကျောင်းသူလေးတွေက ခရေကုံးလေးတွေ ပန်ဖို့ဖြစ်စေ လွယ်အိတ်ထဲ ဆောင်ထားဖို့ဖြစ်စေ နှစ်သက်ကြသည်။ ဝေ့ တစ်နေ့တာ အလုပ်တွေထဲ နံနက်စောစော ပန်းကောက်ရသည့် အလုပ်က ဝေ့ကို အမြဲ စိတ်ချမ်းသာစေပါသည်။ သည်တာဝန်ကို ဘယ်သူကမှ ခိုင်းသည်လည်း မဟုတ်။ ကိုယ့်ဘာသာ

www.burmeseclassic.com



[illegible]ခဲ့လို ကျေကျေနပ်နပ် ယူခဲ့ပြီး မိုးမရွာသည့် နံနက်ခင်းတွေ၊ ဈေးမသွားရသည့် နံနက်ခင်းတွေတိုင်းမှာ ဝေ ပန်းကောက်[illegible]။

အင်း ...

မိုးစက်တွေ ခပ်စိပ်စိပ် ကြားထဲမှာလည်း ပန်းကောက်ခဲ့ဖူးတာပါပဲ။

ဒါပေမယ့် ဝတ္တရားတစ်ရပ်လိုတော့ မဟုတ် ...။ တစ်ယောက်သောသူရဲ့ ဆန္ဒကို ဖြည့်ပေးချင်သည့် စေတနာသက်သက်သာ ဖြစ်သည်။

သူကလေးက မိုးတွေ ရွာနေတာကို ပျော် ... သတဲ့။

ပန်းကြွေတွေ ကောက်ရတာကို နှစ်သက် ... သတဲ့။

လက်ခုပ်ထဲက ခရေပွင့်ကြွေတွေကို ဆန်ကာထဲ ထည့်လိုက်သည်။ ဝေ ခေါင်းပြန်မမော့နိုင်ခင်မှာ ဝေ့အပေါ် ခရေပန်းကြွေတွေ အများကြီး ပြန့်ကြဲ ကျလာခဲ့သည်။

အို ...

ဘယ်လိုပါလိမ့် ...။

ဆံပင်တွေ့ နောက်ကျောမှာ ဝဲဖြာသွားအောင် ခေါင်းယမ်းပစ်လိုက်ရင်း အလောတကြီး မော့ကြည့်လိုက်မိလေသည်။





"ကျွန်တော် ပြန်လာပြီလေ မဝေကို ပြောခဲ့သားပဲ။ မဝေကို ခရေပန်းတွေ ကောက်ပေးမယ်လေ ...။ ဒီနေ့ ပန်းတွေ အများကြီးပဲဗျ ... နော် ..."

"နေနေ ..."

အသံကုန် ဟစ်ပြီး အော်ပစ်လိုက်ချင်စိတ်ကို ဝေ မနည်း ထိန်းချုပ်နေရသည်။ ရင်ထဲမှာ ဘယ်လိုတွေ လှုပ်ရှားပြောင်းလဲနေသည် ဆိုတာလည်း မဝေခွဲတတ်ပါ။ အံ့သြခြင်းသက်သက်တော့ မဟုတ်ဘူး ဆိုတာ သေချာသည်။ ပျော်ရွှင်နေမိတာလား ...။ ရင်တွေက တဒိတ်ဒိတ်ခုန်ပြီး ဝမ်းသာအံ့သြနေတာလား။ သည်လောက်နှင့်လည်း မလုံလောက်နိုင်သေးပါဘူးလေ ...

တစ်ခုခုကိုလည်း ပူပန်စိုးထိတ်နေတာ ...။

ကြည့်စမ်း ...

သူ့မျက်လုံးတွေထဲ တက်ကြွ ပျော်ရွှင်နေလိုက်ပုံက အစားကွင်းအလယ်မှာ ရောက်နေသည့် ကလေးတစ်ယောက်လိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် မိုးတွေလည်း ရွာမနေပါ ...။ သူ့အဝတ်အစားသည်း ခြောက်သွေ့လို့ ...။ သူ့မျက်လုံးတွေကလည်း ကြည်လင် ... လို့ ...။ ပြီးတော့ ... နံနက်ခင်းကလည်း မိုးရိပ်မှုဆင် ...။ မှောင်မိုက်သည့် ညအခါလည်း မဟုတ်ပါဘဲ ...။

"နေကောင်းသွားပြီလား နေနေ"

"သိပ်ကောင်း ..."

"အိမ်က ထွက်ပြေးလာတာတော့ မဟုတ်ပါဘူးနော် ..."

"ကျွန်တော် အဖေတို့ အမေတို့ဆီ လာလည်တာပါ။ အဲဒါဆို ဖြစ်တယ် မဟုတ်လား"

"အို ... မင်းစကားကလည်း ..."

မျက်လွှာပင့်ပြီး သူ ကြည့်လိုက်သည့် အကြည့်တစ်ချက်မှာ ဝေ မျက်ရည်ဝဲချင်လောက်အောင် စိတ်ထိခိုက်သွားခဲ့ရသည်ဆိုတာ သူ မသိပါ။ သူ့ကို ဝေက ဘာကြောင့် မလိုလားနိုင်ရမှာလဲ ...။

တကယ်ဆို ...

တကယ်ဆို ... မိုးသည်းသည်း ညတစ်ညကို ဝေ အမြဲ အောက်မေ့ပြီး ရူးနှမ်းမိုက်မဲစွာ မျှော်လင့်စောင့်စားနေခဲ့ရတာပါ။

"မဝေတို့ နေနေ့ကို အမြဲသတိရနေတာပါ"

သူ ဘာမှ မပြောဘဲ နှုတ်ခမ်းတွန့်ရုံ ပြုံးလေသည်။ အဲသည် သူ့အပြုံးက အေးစက်စက်နဲ့ ... ရက်စက်စိမ်းကားလှသည့် အပြုံးမျိုး ... ,

"နေနေ ... ဘာစားခဲ့ပြီးပြီလဲ... မဝေ ထမင်းကြော်ထားတယ်။ ငါးခူးကြော် စပ်စပ်လေးလည်း ပြန်နွေးထားတယ်၊ သွားစားရအောင် နော်"



ဝေက ရုတ်တရက် အထ,မှာ သူက ဝေ့လက်ဖဝါးကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်သည်မို့ ဝေ့ခြေထောက်တွေ ဟန်ချက်ပျက်ပြီး ခန္ဓာကိုယ်က သူ့အပေါ် ယိမ်းယိုင်ကျသွားသည်။

"ဟဲ့ ..."

သန်မာကျစ်လစ်ပြီး အင်အားအပြည့်ပါသော သူ့လက်မောင်းတွေကြားထဲ ဝေ ရောက်သွားခဲ့ပြီး အတင်းရုန်းကန်ဆ,တော့ သူက အသာတကြည် ပြန်လျှော့ပေးလိုက်ရင်း ခပ်တိုးတိုးရယ်မောနေခဲ့သည်။ ဒါ ... ဝေ့ကို ကျီစယ်လိုက်တာပေါ့လေ ...

"နေနေ"

သူ့အပြုံးအရယ်တွေ ချက်ချင်း လျော့ကျသွားသည်။ သူ့မျက်နှာတွေ ချောင်ကျပြီး မျက်လုံးတဝိုက်မှာ ညိုလျက် နားထင်တွေ ချိုင့်ဝင်နေလောက်အောင် ပိန်ကျသွားခဲ့သည်ဆိုတာ ဝေ ခုမှပင် သတိထားမိရသည်။ ဂျင်း(န်)ဘောင်းဘီအနက်၊ ရှပ်အဖြူနှင့် ဂျင်း(န်)ဂျာကင်ကတော့ နေနေ၏ ပင်ကိုယ်စတိုင်လ်ဟု ပြောရလောက်အောင်ပင် မပြောင်းမလဲ ... ,

ရုတ်တရက် စကားမပြောနိုင်ဘဲ မျက်နှာလေး ခပ်သွယ်သွယ်နှင့် အသားအရေတွေ ပိုပြီး ခြောက်သွေ့သွားသော ကောင်လေးကို ဝမ်းနည်းထိခိုက်စွာ ငေးကြည့်နေဖြစ်သည်။ သူက လက်ဖဝါးတွေကို ခပ်ဖွဖွ ဆုပ်နယ်နေရင်းက တိုးတိုးတိမ်တိမ်အသံကလေးဖြင့် ...

"သိပ်သတိရတာပဲ မဝေရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန်တုန်လှုပ်လှုပ် ပြောတော့ ပူနွေးလာသည့် ခက်ဝန်းအိမ်ထဲက မျက်ရည်တွေ ထိန်းမရနိုင်ဘဲ ပါးပြင်ပေါ် လျှံကျလာတော့သည်။

၁၉



"ကဲ ... , ဘယ်နှယ့်လုပ်ကြမလဲ သမီးရေ ..."

ဂစ်တာ တဒေါင်ဒေါင်ဖြင့် သီချင်းတွေ အော်ဟစ်ဆိုနေသော လူငယ်နှစ်ယောက်ဆီ မေးဆတ်ပြရင်း အမေက မေးသည်။ သည်တစ်ခါတော့ ဝေ ဟက်ဟက်ပက်ပက် ရယ်နိုင်ပြီ။ ပြတ်ပြတ်သားသား ဖြေနိုင်ပြီ။ ဝေတို့ဘက်က ဝတ္တရားမှန်သမျှ ပျက်ကွက်ခဲ့သည် မဟုတ်ဟု ယုံကြည်သည်။ သွေးသားရင်းချာလို သံယောဇဉ်ဖြင့် ဝေတို့မိသားစုက သူ့ကို စောင့်ရှောက်ခဲ့သည်။

"ဘယ်တတ်နိုင်မလဲ အမေရယ် ...။ သူတို့ လာခေါ်လိမ့်မပေါ့။ လိပ်စာလည်း မပေးခဲ့ ...။ ဖုန်းနံပတ် လည်းမပေးခဲ့ဘဲ သမီးတို့က ဘယ်လို ဆက်သွယ်မလဲ။ သမီးတို့ဘက်က ဆက်သွယ်မှာစိုးလို့ သူတို့က လမ်းစ ဖြတ်ထားခဲ့တာကိုး"

"ရေချမ်းဆီမှာ လိပ်စာ ရှိတယ်ဆို"

"ဒါက နေနေက ရေးပေးခဲ့တာ"

"အဲဒါနဲ့ အကြောင်းကြားရင်ကော ..."

"ပူမနေနဲ့ အမေ ...။ ပျောက်သွားပြီ ဆိုကတည်းက

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဒီအိမ်ကို စဉ်းစားမိမှာပဲ။ သေချာပေါက်ကို ရောက်လာလိမ့်မယ် ... အမေ စိတ်ပူမနေနဲ့”

“အေးဟယ် ... ကလေးလည်း ပန်းသွားလိုက်တာ”

“သူ့ရဲ့ ပတ်ဝန်းကျင်က မပြောင်းလဲဘူးနဲ့ တူပါရဲ့ အမေ”

“ဘာရယ်”

အမေက ဝေ့စကားကို နားမလည်။ ဝေ ကိုယ်တိုင်ကလည်း ဇဝေဇဝါပင်။ သူ့မိသားစုအကြောင်း၊ မိဘတွေအကြောင်း သိလိုတာ အမှန်ပင်။ သို့ပေမယ့်လည်း သူ့စကားတွေကို အမှန်တရားရယ်လို့ ဘယ်လို အတည်ပြုမလဲ။ ပြီးတော့ သူကိုယ်တိုင်လည်း မပြောလိုဘူး ထင်မိသည်။ အမေ့ကို ချစ်သော ကောင်လေးသည် သူ့အပေါ် မခင်တွယ်သည့် မိခင်အကြောင်းကို ပြောလိုမည် မဟုတ်။

“သူ့မိဘတွေနဲ့ သူ့အိမ်အကြောင်း ... အမေ ဘာသိလို့လဲ”

“ဟင်အင်း”

အမေက ထမင်းအိုးကို ချွေးစစ်နေရင်းက ခေါင်းခါသည်။

“မသိဘူး ...။ သူတို့ကလည်း သိပ်ပြောချင်ပုံ မရဘူး ...။ လာခေါ်တဲ့နေ့ကလည်း ကျေးရွာတင်ကြောင်းနဲ့ ဆယ်တန်းဖြေတဲ့နှစ်ကစ,ပြီး ခုလို ဖြစ်သွားတာလို့ ပြောတယ်။ အဲဒါကြောင့် ကျောင်းလည်း ဆက်မတက်ရဘူးတဲ့။ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့အောင်ပြီး ဆေး



တက္ကသိုလ် ဝင်ထားတာတဲ့ ...။ ပထမနှစ် တက်လိုက်သေးတယ်တဲ့။ ဒုတိယနှစ်မှာတော့ အခြေအနေ ပိုဆိုးလာလို့ ဆက်ပြီး မတက်ရတော့ဘဲ အိမ်မှာပဲ ကုနေကြတာတဲ့။ ကျန်တာတော့ သိပ်မပြောကြပါဘူး ...။ အမေလည်း မမေးဘူး”

အမေ ပြောသည့် အကြောင်းအရာတွေက ရေချမ်းကို သူ ပြောခဲ့သည့်စကားများ အစိပ္ပာယ်အတိုင်းပင် ဖြစ်သည်။ သည့်လိုဆို သူဟာ အမှန်တွေကိုချည်း ပြောခဲ့တာပေါ့။ သူ့ဦးနှောက်မှာ ဘယ်နေရာချို့ယွင်းနေသလဲ ...။ ဝေ မသိပါ။ တစ်ခါတစ်ရံ မမှန် ဖြစ်တတ်တာကလွဲပြီး သူဟာ ဘာကိုမှလည်း အမှတ်မထင် မေ့လျော့နေတာမျိုး မရှိ။ အမေ့ခြေထောက်ကို ဘယ်ဆေးလိမ်းမည် ဆိုတာကို မှတ်မိနေပြီး အမြဲ သတိပေးနေတတ်သည်။

“သူ့အိမ်မှာ သူ မပျော်ဘူး အမေ။ အိမ်မှာ မိသားစုမှာ သူ မနေချင်ဘူး ...။ အဲဒီမိသားစုထဲမှာ သူ့အတွက် ပြဿနာတစ်ခုခု ရှိပုံရတယ်။ အဲဒီလို ပြဿနာကို မပြင်ဆင်မချင်း သူ့ရဲ့ပတ်ဝန်းကျင်ကို မကျေနပ်တဲ့စိတ်က ရှိနေမှာပဲ။ အဲဒါဆိုရင် သူဟာ ပုံမှန်လူကောင်းတစ်ယောက် ပြန်ပြင်နိုင်ဖို့မလွယ်ဘူး”

“ဟုတ်ရဲ့လား သမီးရယ် ... စိတ်အထင်နဲ့ ...”

“သူပြောတဲ့ စကားတွေကို မှန်းကြည့်ရတာပဲ အမေရယ်။ သမီးတော့ သူ ဒီမှာ ပျော်ရင်လည်း နေပါစေတော့လို့သာ ပြောလိုက်ချင်တာပဲ ...”

“ဩော် ... သူတို့က ဘယ် ... ခွင့်ပြုနိုင်မှာလဲ သမီးရဲ့”

www.burmeseclassic.com

www.burmeseclassic.com



... ပျံသန်းတဲ့ ... ငှက်ကို ...
.... သူတို့မို့ ... ဖမ်းချင်တာ ...
... ရွှေလှောင်အိမ်မှာ ... ပျော်လို့မရပါ ...
... ချစ်တဲ့ ... ကောင်းကင်ရဲ့ ... လွတ်လပ်မှုကိုရှာ...

ဩော် ...

ကောင်းကင်မှာ အတောင်ဖြန့် ပျံဝဲချင်တဲ့ ငှက်ကလေး ...။

တို့တွေရဲ့ မေတ္တာတရားနဲ့ ... မင်းရဲ့ ရင်ဏ ဒဏ်ရာတွေ ပျောက်လွင့်နိုင်ကောင်းရဲ့ ...။



ဝေ ခန့်မှန်းသည့်အတိုင်းပင် ညနေခင်းမှာ နေနေတို့အိမ်က ပါရာဒို လင်ခရူဇာကားကြီး ပေါက်ချလာပြီး နေနေ့ကို ပြန်ခေါ်ဖို့အတွက် သူ့ဖခင်ကိုယ်တိုင် လိုက်လာခဲ့ပါသည်။ သည်တစ်ခါတော့ ဆရာဝန် မပါပါ။ သူ့မိခင်လည်း မပါ,လာပါ။ နေနေ့ဖခင်သည် ဝေ ဘယ်လိုမှ မျှော်လင့်မထားခဲ့သည့် (ဝေ ... မျှော်လင့်ထားသည်နှင့် သီးခြားဖြစ်သည့်) ပုံစံမျိုးဖြစ်နေခဲ့သည့်အတွက် ဝေ အံ့သြခဲ့ရသေးသည်။ အထက်တန်းလွှာ အမျိုးကောင်းသားတစ်ယောက်၏ စရိုက်လက္ခဏာမျိုး ထိုပုဂ္ဂိုလ်မှာ နည်းနည်းမှ မတွေ့ရပါ။ အဖေနှင့် အသက်ချင်း မတိမ်းမယိမ်း (ငါးဆယ်သက်တမ်းနီးနီး) ရှိပြီဖြစ်သော ထိုလူကြီးသည် နေနေ့လိုပင် ဂျင်း(န်)ဘောင်းဘီနှင့် အဝါဖျော့ရောင် တီရှပ်နှင့် လက်မှာလည်း သုံးကျပ်သားခန့်ရှိသော ရွှေဟန်းချိန်းကြီးနှင့်။ ဆံပင်ကနေနေ့လို ဖြောင့်စင်းမနေဘဲ လှိုင်းတွန့်အနည်းငယ်ရှိပြီး ငွေးဆိုရောင် ပေါက်နေတာမို့ ဆံပင်ရှည်ရှည်ကို လည်တိုင်နောက်မှာ သားရေပင်နှင့် စည်းထားသည့် စတိုင်လ်က ကိုယ့်ယို့ကားယား

www.burmeseclassic.com

www.burmeseclassic.com



...သေယ့် ဝမ်းဗိုက်ကတော့ ခပ်ရှုရှုပင်။ အရပ်ကလည်း ထောင်...ထောင်မောင်းမောင်းမို့ သူ့ပုံစံသည် အတော်ထင်ထင်ရှားရှား မျက်စိထဲမှာ ကန့်လန့်ကြီးဟု ဆိုရလောက်အောင်ပင် ...

သို့သော် ထိုလူကြီးသည် နေနေ့ဖခင်ဖြစ်သည်။

သူ့မျက်လုံးတွေက လူတကာကို အလွယ်တကူ အထင်သေးနိမ်ချတတ်သည့် မျက်လုံးမျိုးဖြစ်သည်။ မေးကြောများကတော့ ငေးနေချင်စရာကောင်းလောက်အောင် စိမ်းဖန့်နေပြီး နေနေနှင့် တူသည်ပြောရမည့် တစ်ချက်က နေလောင်ပြီးထားသော အသားအရေမျိုး မဟုတ်ဘဲ နေနှင့်လေနှင့် မထိတွေ့ရသလို ဖြူဖွေးနုဖတ်နေသော နို့နှစ်ရောင် အသားအရေမျိုး ဖြစ်သည်။

ဝေတို့အိမ်ရှေ့ ကားအကောင်းစားကြီး ထိုးရပ်လာသည်နှင့် ဘယ်လိုကားအမျိုးအစားမဆို သူတို့အိမ်က ကားသာဖြစ်မည်ဟု သေချာပြီးဖြစ်သည်။ ဝေတို့နှင့် ပတ်သက်လျှင်တော့ သည်လို အဖိုးတန်ကားမျိုးလာဖို့ မရှိဘဲ။ အလွန်ဆုံး အငှားယာဉ်မောင်းနေသည့် အဖေတူတွေ ကားရပ်ပြီး ခဏဝင်နှုတ်ဆက်ရုံလောက်သာပါပဲ။

ကားပေါ်က နေနေ့ ဖခင် ဆင်းလာသည့်အခါ လှမ်းထားသည့် အဝတ်တွေရုပ်ဖို့ အိမ်ရှေ့လှေကားမှ ဆင်းလာသည့် ဝေနှင့် 'တန်းတိုးလေသည်။

"နေလင်း ရှိသလား ဟော့"

အဲသည် မေးပုံကို ဝေ စက်ဆုပ်လှပါသည်။

"ဦးက ဘယ်သူပါလဲ ...။ နေနေနဲ့ ဘာတော်သလဲ"



နေနေ့ ဖခင်ဟု လုံးဝ မျှော်လင့်မထားသည့် ဝေက သူ့မေးပုံကြောင့် ခပ်ချဉ်ချဉ်ကလေး ပြန်မေးလိုက်သည်။ ဂါရဝတရားကို နားလည်ပေမယ့် အဲသည် လူငယ်စတိုင်လ်ဖမ်းထားသည့် လူကြီးကိုက လူမှုရေးအသိ နည်းပါးလှတာမို့ ဝေ့နှုတ်က ယဉ်ကျေးပျူငှာသည့် ကြိုဆိုဖိတ်ခေါ်စကားတွေလည်း အလျှိုလျှို ပျောက်ကွယ်ကုန်တော့သည်။

"ငါ ... နေရှင်း အဖေပဲ။ နေလင်း ဒီရောက်နေတယ် မဟုတ်လား"

"သားကလည်း စိတ်လောလိုက်တာကွယ်။ ဖြည်းဖြည်း မေးပါတော့ ..."

သည်အသံကြားကတည်းက ဝေသည် ခြံဝဘက် လှမ်းမျှော်ကြည့်စရာ မလိုဘဲ အာရုံထဲမှာ မြင်ယောင်ပြီးဖြစ်သည်။ ရွှေကြိုးပြားပြားကြီး ရင်ညွန့်အထိ တယမ်းယမ်းနှင့် ကြံဆစ်လက်ကောက်တွေ အသံတချွင်ချွင်နှင့် သည်အသက်အရွယ်အထိ နှုတ်ခမ်းဆိုးဆေး အရောင်ရဲရဲဆိုးတတ်သော ခေတ်ဆန်ဆန် အဘွားကြီး။ မျက်နှာထားကလည်း ခပ်ချိုချိုမို့ ဝေက ကြည့်မရချင်ပါ။ သို့သော်လည်း ထိုအမျိုးသမီးကြီးက အပြောအဆိုတော့ ညက်ညောသည်။

သူမရင်ထဲကို မြင်ကြည့်ဖို့ မလွယ်ကူရအောင် စကားလုံးလှလှများဖြင့် ပိတ်ဆို့ကာကွယ်ထားတတ်သည်။ ခုချိန်ထိ ဝေသည် နေနေတို့ မိသားစုဝင်များ၏ အခြေအနေကို ကောင်းစွာ မမှန်းဆနိုင်သေး။ သူ့ပြောစကားတွေကို လိုက်ပြီး သနားမည့်သာ သနားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေနေ ရယ်လေ ...။ ထွက်သွားပြန်ပြီ သမီးရယ် ...။ အဲဒါ ဒီအိမ်ပဲ မှတ်မိနေတော့ ဒီကို ရောက်လာသလား လို့"

"ဟုတ်ကဲ့ ... မနက်ကပဲ ရောက်လာပါတယ် ဘွား"

"အေး ... , ထင်တယ် ထင်တယ် ...။ ဒီပဲ ရောက်လာမှာ လို့ ...။ သူက လိုက်ပို့ပေးဖို့ မကြာခဏ ပူဆာတယ်ကွဲ့။ တို့များမှာလည်း ဘယ်သူမှ မအားကြတော့ လိုက်မပို့ဖြစ် ဘူး။ အဲလိုနဲ့ပဲ မနက်အစောကြီး ထ,ထွက်သွားတယ် ထင်တယ်"

အမျိုးသမီးကြီးက အကြိမ်ကြိမ် ၃င်ထွက်သွားလာပြီး ရင်နှီးနေကျ ဟန်မျိုးဖြင့် စကား ဟက်ဟက်ပက်ပက် ဆိုလျက် သူမက အလျင် အိမ်ပေါ်လှမ်းတက်သည်။

"ဖေဖေတို့ရော ..."

"ရှိပါတယ် ဘွား ... အိမ်ပေါ်မှာပါ ...။ မေမေလည်း ရှိ ပါတယ်"

"အင်း ... ဂစ်တာသံ ကြားတယ်၊ ဟိုကောင် ဆိုင်ထဲမှာ ထင်ပါရဲ့"

နေနေ့ဖခင်ဟု မဲချမင် မိတ်ဆက်ခဲ့သည့်အမျိုးသား ကြီးက အိမ်ပေါ်သို့ မတက်ဘဲ ဝေတို့ ထမင်းဆိုင်လေးဘက် ပေစောင်းစောင်း ကြည့်ပြီး ဆိုင်နောက်ဘက်တံခါးကနေ ဆိုင်ထဲ ဝင်သွားသည်။ ညနေ ထမင်းစားချိန်ရောက်ဖို့ စောလွန်းသေး တာကြောင့် ဆိုင်ထဲမှာ နေနေနှင့် ရေချမ်းကလွဲလျှင် ထမင်းလာ စားသူ မရှိပါ။ နေနေ့ဖခင်ဟု သိလိုက်ရပြီးသည့်နောက်မှာတော့



သသည် အံ့ဩလွန်းသည့် ခံစားချက်တစ်ခုသာ ပိုပြီး ထူးခြားလျက် နေ့စ်မြို့နိုင်သည့် စိတ်ခံစားမှုကတော့ ပိုပြီး ထူးခြားမလာပါ။ ခင်နှင့် ပတ်သက်ပြီး နေနေ့ သဘောထားသည် မှားယွင်းတိမ်း စောင်းနေသည်ဟု ဝေ မထင်မိတော့။

နေလင်း ... တဲ့ ...။

အဲသည်လို ခေါ်သံမှာ နူးညံ့ခြင်းနှင့် အကြင်နာတရား သုံးဝမပါဝင်။

ဝေသည် သူ့မိသားစုနှင့် ပတ်သက်ပြီး ဥပေက္ခာပြု ထားချင်ပေမယ့် လုံးဝ မအောင်မြင်ပါ။ ဆိုင်နောက်ဘက်တံခါးဆီ ခြေလှမ်းတွေက အလိုလို လှမ်းမိလျက်သား ဖြစ်နေသည်။ နေနေသည် အိမ်ရှေ့မှာ ကားရပ်ကတည်းကပင် သူ့အဖေအသံကို ကြားရပြီး ဖြစ်ဟန်ရှိသည်။ ရေချမ်းက ဂစ်တာတီးနေပြီး နေနေ ကတော့ ထမင်းစားပွဲတစ်လုံးပေါ် လက်နှစ်ဖက်ယှက် မျက်နှာ အပ်လျက် ငြိမ်သက်နေခဲ့သည်။ ပထမတစ်ကြိမ်ကလိုပါပဲ ဝေ့ ရင်ထဲမှာ အဲသည်လူကြီးလက်ထဲ သူ့ကို ပြန်မထည့်လိုသည့် ဆန္ဒနှင့် ယူကျုံးမရ စိတ်ထိခိုက်ရခြင်းတွေ စုပြုံတွန်းထိုးနေ၏။

သို့ပေမယ့် ဝေ့မှာ သူ့အပေါ် သက်ရောက်စေမည့် ဘယ်လို အခွင့်အာဏာမျိုးမှ မရှိပါ။ သူနှင့် ဝေတို့မိသားစုသည် ရှေးရေစက်ကြောင့်သာ အခိုက်အတန့် တွေ့ဆုံရသည်လည်း ဖြစ်မည်။ တစ်နေ့နေ့မှာတော့ သည်မိသားစုကို သူ မေ့သွားမှာပါ။

"နေလင်း ..."

အို ...

သူ့မှာ ဘယ်လိုဖခင်မျိုး ရှိနေတာပါလိမ့် ... ,

www.burmeseclassic.com

www.burmeseclassic.com



သည်အခိုက်အတန့်မှာပင် ဝေသည် မိဘနှင့် သား သမီးကြား ရှိနေသည့် (အမြဲရှိနေသည်)ဟု ယူဆခဲ့သော မေတ္တာ တရားနှင့် ပေးဆပ်ခြင်းသက်သက်သာ ဖြစ်သည် ဟူသော မိဘ ၏ မေတ္တာရိပ်ဆိုတာကို သံသယ ရှိလာသည်။ သည်လို ဖခင်မျိုး ရှိနေမှတော့ ...

အင်းလေ ...

ဒါလည်း ... ဝေ့ရဲ့ ဝေဖန်ပိုင်ခွင့် မဟုတ်ပါဘူး။

"ကြည့်စမ်း ... ဒီလောက် ညစ်ပတ်တဲ့ ခုံတွေပေါ် ..."

ရေချမ်းသည် ဂစ်တာတီးနေရာက ဆတ်ခနဲ ခေါင်း မတ်လာပြီး ဆိုင်ထဲ ပိုင်စိုးပိုင်နင်း ဝင်လာသည့် ထိုအမျိုးသားကြီး ကို စေ့စေ့ကြည့်နေ၏။ သို့ပေမယ့် ရေချမ်းက ရန်လိုတတ်သူ မဟုတ်။ ရန်ဖြစ်တတ်သူ မဟုတ်။

"မင်း ... တော်တော် အောက်တန်းကျတဲ့ကောင်ပါလား"

ဝေ ပင့်သက်ကို ရှိုက်ရင်း ပခုံးတွန့်ရင်း တံခါးဝကို ကျောခိုင်းလိုက်သည်။ ဝေ့က ရေချမ်းလို ခန္တီပါရမီ ပြည့်စုံခဲ့သူ မဟုတ်ပါ။ ပြီးတော့ ဝေသည် မိန်းမတန်မဲ့ စော်ကားလာသူကို ပိုးစိုးပက်စက် ပြန်ပြောဖို့ ဝန်မလေးတတ်သော ကြက်ခေါင်းဆိတ် မခံတတ်သည့် စိတ်ဓာတ်မျိုးနှင့် ဖြစ်သည်။

ဒါပေမယ့်လေ ...။

သူ့ကို မငဲ့ညှာမိဘူး ဆိုလျှင်တော့ ... ,





စိတ်ပင်ပန်းရသည့် နေ့တစ်နေ့ ဖြစ်ပါသည်။ ပြောင် လက်မြင့်မားသည့်ကားကြီး အိမ်ရှေ့က ပြန်ထွက်သွားသည်နှင့် ဝေတို့ မိသားစုတတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လျက် ပင့်သက်ကိုယ်စီ ရှိုက်ဖြစ်ကြသည်။ ဖေဖေက ...

"ဘယ်လို အမျိုးအစားတွေပါလိမ့်ကွာ ..."

ဟု ညည်းညူ နေသည်။ အဖေ ဘာကို ရည်ရွယ် သည်ဆိုတာ ဝေတို့အားလုံး သေချာသိပါသည်။

"အဖေအရင်းမှ ဟုတ်ရဲ့လား မသိဘူးနော်"

မေမေက ဝေ့ကို မေးသည်လား မသိ။ ဘယ်သူ့ကို ရည်ရွယ်မေးမှန်း မသိဘဲ မေးသည်။ အမျိုးသမီးကြီးကတော့ အမြဲ ရွှန်းရွှန်းဝေပြီး လူမှုရေးနားလည်သိတတ်ဟန် ဆောင်လျက် ပါပဲ။ ဒါပေမယ့် သည်မိသားစုအတွင်းမှာ တစ်စုံတစ်ရာ ပုံမမှန်ဘူးဆိုတာတော့ သိသာထင်ရှားနေသည်။

"အဘွားကြီးရဲ့ သား ... ဆို ...။ အဘွားကြီးက မြေးကို တော့ တုန်နေအောင် ချစ်ပုံပါပဲ။ ဒါပေမယ့် သားသမီးကို

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အကြောက်တရားနဲ့ ဖိနှိပ်ထားတာတော့ လွန်လွန်းတယ်ကွာ ...။ နောက်ပြီး ကျောင်းစာနဲ့ မျက်နှာမငွားရအောင် ကျက်မှတ်ခဲ့ရတာ ...၊ အဖေကိုယ်တိုင်က အကြင်နာမဲ့တဲ့ မျက်နှာနဲ့ စည်းကမ်းတင်းကျပ်လွန်းတာ၊ မိခင်ကလည်း တစ်ဦးတည်းသော သားရယ်လို့ ဂရုတစိုက် မရှိတာ ... အဲဒါတွေဟာ ဒီလို ဝေဒနာသည်မျိုးကို ပိုပြီး ဖိအားပေးသလို ဖြစ်မနေဘူးလား။ ကိုယ့်သားသမီးမှာ ဝေဒနာရှိတယ်ဆိုတာလည်း သိရက်နဲ့ ...”

အဖေက 'အင်း' ခနဲ သက်ပြင်းရှည်ကြီး ရှိုက်လျက် ...

“အဲလို မိဘတွေကြောင့်ပဲ ကလေးမှာ စိတ်ရောဂါ ရ,သွားသလား မသိပါဘူးကွာ”

ဟု ညည်းညူ ရေရွတ်လေသည်။

“အေးလေ ... ကမ္ဘာသကာပေါ့ ... ဘာတတ်နိုင်မှာတုန်း ဒီကလေးနှယ်။ ဘာကြောင့်များ ကိုယ့်ဝမ်းထဲ မဝင်ခဲ့တာပါလိမ့် ...”

“အံမယ်မယ် ... အမေတို့ အဖြစ်သည်းနေပုံများ ... သားသမီး အရင်းခေါက်ခေါက်တွေ ရှေ့မှာထားပြီး နော်”

ရေချမ်း စကားကို ရယ်စရာ အရွှတ်အနောက်စကားဟု သိပေမယ့် ဝေ လိုက်ရယ်မောဖို့ မေ့လျော့နေခဲ့သည်။

“ပြန်ဦးမယ် မဝေ ...။ ကျွန်တော် ပြန်လာခဲ့ဦးမှာနော်”

ခြံစည်းရိုးတိုင်အကွယ်မှာ ခပ်တိုးတိုး ပြောခဲ့သည့် စကားသံကို ပြန်ကြားယောင်သည်။ စိတ်မတည်ငြိမ်သည့် လက္ခဏာ



မျိုး မတွေ့ရဘဲ သူ့ဖခင် ခေါ်ရာနောက် ပြန်လိုက်သွားခဲ့သည့် ထိုကောင်လေးသည် တကယ်ပဲ စိတ်ဓာတ်ချို့ယွင်းအားနည်းနေခဲ့တာလား ...။ ဒါမှမဟုတ် သူရှင်သန်ရသည့် ပတ်ဝန်းကျင်မှာ မပျော်ပိုက်နိုင်တာလား ...။

ကျွန်တော် ပြန်လာခဲ့ဦးမှာနော် ... တဲ့ ...။

သည်လိုမျိုးတော့ စိတ်ပျက်စရာပါပဲ နော် ...။

စကားဝိုင်းမှာ ဝင်ရောက်ဆွေးနွေးဖို့ စိတ်မပါလှသည့် ဝေသည် မိုးဖြောက်ဖြောက် ကျနေသည့် ဆိုင်ရှေ့ ခရေလမ်းကလေးဆီ ငေးမောရင်း လက်ချောင်းတွေက သိုးမွေးထိုးအပ်နှစ်ချောင်းကို ကိုင်ပြီး လှုပ်ရှားနေခဲ့သည်။ ရင်ထဲမှာ လောလောလတ်လတ် ခံစားနေရသည့် လပ်ဟာမှုကို သိုးမွေးချည်ခင်များဖြင့် အစားထိုးဖို့ ကြိုးစားနေမိတာလား ကိုယ့်ဘာသာလည်း မသိပါ။ မိုးစက်တွေ ကြွေသလို ခရေပွင့်တွေလည်း တဖြုတ်ဖြုတ် ကြွေနေပါလိမ့်မည်။

[သိပ် သတိရတာပဲ ... မဝေရယ် ...]

အို ...

ဘာကြောင့်များ နှလုံးအိမ်က လှုပ်ခတ်နာကျင်သွားရတာလဲ ...။

ပြာလွင်လွင် သိုးမွေးတဘက်စ,လေးအပေါ် မျက်ရည်တစ်စက် ပေါက်ခနဲ လွင့်ကျသွားသည်ကို ဝေ မယုံနိုင်စွာ ငုံ့ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

အရုပ်တစ်ရုပ်လို မျက်နှာကို ဒုတိယအကြိမ် ပြန်သည်မျက်နှာချင်းဆိုင်ရသည့် နေ့သည် မိုးသည်းထန်သော ညတစ်ညကို လွန်မြောက်ပြီး နံနက်ခင်း ပွင့်သစ်စ,မှာ ဖြစ်ပါသည်။ ညက သည်းသည်းမည်းမည်း ရွာခဲ့သည့် မိုးသည် သူ မဟုတ်သသို့ပင် ကောင်းကင်မှာ ကြည်လင်စွာ နီရောင်သမ်းနေခဲ့ပြီး နေရောင်ခြည် တောက်ပမည့် နေ့တစ်နေ့၏ ရှေ့ပြေးနိမိတ်ကိုပင်ထင်ဟပ် ပြနေခဲ့သည်။ ညက်သြောတိုးသက်လှသော ကားစက်သံကြောင့် ဝေ အိပ်ရာက နိုးခဲ့ရသည်ဆိုလျှင် လွန်မည် မထင်ပါ။ ခု နောက်ပိုင်းမှာ ဝေသည် ကားစက်သံတွေကို စိတ်အနှောင့်အယှက် တစ်ခုလို ထိတ်လန့်နေတတ်ပြီး အိမ်ရှေ့သို့ ရုတ်တရက်ရောက်လာတတ်သည့် ကားတွေဆိုလျှင်ပင် အလိုလို မုန်းတီးမိတော့မလို ထင်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ ... သမီး ဦးနှောက်မှ ကောင်းသေးရဲ့လား မသိဘူး
ဟု တစ်ခါတစ်ရံ ကျီစယ်မိလျှင် အမေက ဝေ့ကို
အထိတ်တလန့် မျက်လုံးပြူးပြီး ကြည့်တတ်သည်။ အိပ်ရာက
နိုးချိန်က စောလွန်းသည်ဟု မဆိုနိုင်ပါ။ ခရေပန်းကောက်ဖို့
အတွက် သည်လို အချိန်ဆို ဝေ အိပ်ရာက နိုးမြဲပင် ဖြစ်သည်။
သို့ပေမယ့် အဲသည်နံနက်ခင်းကတော့ ကားသံကြောင့် ဝေ ဆတ်
ခနဲ အိပ်ရာက နိုးသည်။

အိပ်ချင်စိတ် မပြေသေးဘဲ ကပိုကရို ဆံပင်ဖြင့်ပင်
အိပ်ရာထက်က ထ,ပြီး အိမ်ရှေ့ ဧည့်ခန်းတံခါးချက်ကို ဖွင့်ကြည့်
မိသည်။ နံနက်ခင်း၏ နီရောင်ပြေပြေ ကောင်းကင်သည် အပြ
မလေး၏ ရှက်သွေးဖြာနေသည့် မျက်နှာနှင့်ပင် ဆင်တူပါသည်။
အဲသည်လို နှင်းဆီသွေးရောင် နံနက်ခင်း အလင်းရောင်အောက်
မှာ တန်ဖိုးကြီး ကားဖြူကြီးပေါ်က ဆင်းလာသော အရုပ်ကလေး
တစ်ရုပ်လို လှပသည့် သူမကို မြင်လိုက်ရသည့် အခါ
ဝေသည် မတ်တတ်ကြီး အိပ်မက် မက်နေမိလေသလားဟု ကိုယ့်
ကိုယ်ကို ထင်မိအောင်ပင် အံ့သြခြင်းကြီးလျက် ကြိုဆိုနှုတ်ဆက်
စကားပင် မဆိုဖြစ်ခဲ့။

"စုဝေ"

အား ...။

ဒီကာယ့်ကို အံ့သြစရာကြီးပါလား ...

သူမက ဝေ့ နာမည်ကို မှတ်မိနေသတဲ့ ...။

အိမ်လှေကားသုံးထစ်ကို ဝေ ဘယ်လို ကျော်နင်း
မြေကြီးပေါ် ရောက်သွားသည် မသိတော့ပါ။



"နေနေ ... လာလား"

"ဟင့်အင်း"

"ညက နေနေ ရောက်လာသလားလို့"

သူမက ဝေ အိပ်ချင်မူးတူး ဖြစ်နေတာလို့ ထင်လေ
သည်လား မသိပါ။ ဝေက နှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး ခေါင်း
ယမ်းပစ်လိုက်သည်။

"တကယ် မလာဘူးလား"

"မလာပါဘူး အန်တီ။ အန်တီ့ကို ဝေ လိမ်စရာအကြောင်း
မရှိ ... ..."

"အဲဒါဆိုရင်တော့ ... ဒုက္ခပဲ"

အင်း ...

အဲသည် ဒုက္ခတွေက သူတို့နှင့်သာ သက်ဆိုင်ပတ်
သက်သည် ဖြစ်လျက် ဘာကြောင့်များ ဝေတို့ မိသားစုထံ များ
ယွင်းရောက်လာရတာပါလိမ့် ...။

ဘယ်လိုပဲ ပြောပြော ရင်ထဲက ပူပန်စိတ်ကိုတော့
ဖုံးဖိ ငြင်းကွယ် မရပါ။

"ပျောက်သွားပြန်ပြီလား အန်တီ"

အန်တီလို့ ခေါ်ရတာ အားနာစရာ ကောင်းလောက်
အောင်ပင် လေးဆယ်ကျော် အသက်အရွယ်ထက် သူမ များစွာ
နုပျိုနေပါသေးသည်။ အရုပ်ကလေးသည် နံနက်စောစောမို့လား
မသိ မိတ်ကပ် နှုတ်ခမ်းဆိုးဆေး မရှိ။ ပကတိ ကြွေသားရောင်
မျက်နှာနှင့်ပင် ...။

"မနေ့ညက တို့ အိမ်ပြန်ရောက်တော့ မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာတော့ ညတွင်းချင်း ထွက်ရတာပဲ။ ဒါပေမယ့် ညသန်းခေါင်ကျော်နေပြီ ဆိုတော့ ...”

မြတ်စွာဘုရား ...

အိမ်ထောင်ရှိ မိန်းမတစ်ယောက် မိခင်တစ်ယောက်ရဲ့ အိမ်ပြန်ချိန်က ... ညသန်းခေါင် ... တဲ့လား ...

“မေမေကတော့ ဒီရောက်နေမှာပဲ မနက်ကျမှ သွားခေါ်ပေ့လို့ သေချာပေါက် ပြောတာ ...။ အဲဒါကြောင့် ...”

“သူ ပြန်သွားတာ လေးငါးရက်ပဲ ရှိသေးတယ် အန်တီ”

“ဟုတ်တယ် ... ဟုတ်တယ် ... ခုတစ်ခေါက် အခြေအနေဆိုးလို့ ...”

“ရှင်”

“ခတ်ထားတဲ့ အခန်းသော့ကို ရိုက်ချိုးပြီး ... ခြံတံခါးကိုကျော်ပြီး ...”

“အခန်းကို သော့ခတ်ထားတယ် ...”

ဟန်မဆောင်နိုင်ဘဲ ဝေ နာကျင်စွာ ခပ်ကျယ်ကျယ်ရေရွတ်လိုက်မိသည်။ နာကြည်းစက်ဆုပ်သည့် စိတ်တွေ ဝေ့မျက်နှာပေါ် အထင်းသား ပေါ်လွင်နေမည် ဆိုတာ သေချာပါသည်။ သို့ပေမယ့် ဝေသည် စိတ်ခံစားမှုကို သိုသိပ်စွာ ဖုံးကွယ်ဖို့ ဘာ... တုန်းကမှ ကြိုးစားခဲ့သည် မဟုတ်ပါ။

သူမက စကားကျွံသွားသည်ကို သတိရပြီး မျက်... ပျက်သွားသည်။

“အင်း ... ဟိုလူက သူ့ကို ဆေးရုံပို့မယ်လို့ ခြိမ်းခြောက်... တော့ သောင်းကျန်းတော့တာပေါ့ ...။ နောက်ဆုံး ထိန်း...



မရတော့ အခန်းထဲထည့်ပြီး သံပန်းတံခါးကို သော့ခတ်ထားတာ ထင်ပါရဲ့။ ည ... တို့ ပြန်ရောက်တဲ့ အချိန်ကျတော့ သော့ကပျက်ပြီး တံခါးပွင့်နေတယ်။ သူလည်း မရှိတော့ဘူး ...

သူ့အဘွားနဲ့ အိမ်က ဝိုင်းဆွဲတဲ့ လူတွေလည်း ကုတ်ဖဲ့ထားတာ ဒဏ်ရာတွေရလို့။ သူလည်း ဟိုအမူးသမားက ထိုးကြိတ်လိုက်သလား မသိပါဘူး ...”

နူးညံ့လှသည် ထင်ရသော ကြောင်လေးတစ်ကောင်လို ခပ်ကုပ်ကုပ် နေတတ်သော အမျိုးသမီးရယ်လို့ ဝေက မှတ်ချက်ချခဲ့မိတာ ...။

ခုတော့ ...

အဲသည် စကားတွေကို သူမက စိတ်သောကတွေကြားကပင် မျက်နှာထားတင်းတင်း ပြောနေနိုင်သေးသည်။ အံ့သြရပါလား ...။

သူတို့ တစ်အိမ်လုံး abnomal တွေများလားဟုပင် ...သသည် ဟာသစွက်ပြီး လှောင်ချင်ချင် တွေးမိသေး၏။ အဲသည်လို ...းကြောင်ကြောင် မိသားစုမျိုးလည်း နီးနီးစပ်စပ် မဟုတ်ပေမယ့် ...ဆ ကြုံခဲ့ဖူးပါသည်။ သမီးက ပုံမမှန် မိခင်က ကိုယ်အင်္ကျီချွတ်...ပြီး မနာလိုစိတ် ပြင်းထန်သူ ... ဖခင်ကတော့ ကိုယ့်ကိုယ်ကို ...ထင်ကြီးမှု လွန်ကဲပြီး သွေးနားထင်ရောက်နေသူ ...။

အင်း ...

သူတို့လည်း ... အဲသည်လိုများလား ... ,

“သမီးရေ ... ဧည့်သည်လား ...”

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်က အမေ့အသံကြားမှ ဝေသည် လုပ်သင့်သည့် အလုပ်ကို မေ့လျော့နေခဲ့ပြီဟု ချက်ချင်း သတိပြန်ရသည်။

“အိမ်ပေါ်တက်ပြီး နားပါဦး အန်တီ”

“ဟင့်အင်း ... တို့ ... ...”

“ဝေတို့ ကူရှာပေးပါ့မယ်။ ဒီကိုလာတဲ့ လမ်းတစ်လျှောက် ခပ်ဖြည်းဖြည်း ပြန်ရှာကြည့်ကြတာပေါ့နော် ... သူ ... ဒီကိုပဲ လာမှာပါ”

သေချာ ခိုင်မာသည့် ယုံကြည်ချက်က ရင်ထဲမှာ ရှိနှင့်သည်။

“ညက မိုးတွေ သိပ်ကြီးတာ ... လမ်းမှာများ ... တစ်ခုခု”

“ဟယ် ... နေနေ အမေလား။ နေနေ ဘာများဖြစ်လို့လဲ ... အိမ်ပေါ်တက်ပါဦး ... လာပါ ... အစောကြီး ရောက်လာတယ်နော် ...။ တစ်ယောက်တည်းလား ...”

အမေ့ လောကဝတ် စကားတွေထဲ သူမ စိတ်မရှိ သွားပုံရသည်။ အမေ နိုးလာပြီမို့ ညှော်ဝတ်မကျေမှာကို ဝေ စိတ်မပူတော့ပါ။ နေနေ ... ဘယ်ကိုများ ရောက်နေပါလိမ့် ...

စိတ်ဖောက်နေတုန်း ... ဆိုတော့ ... အိမ်ကိုလာသည့် လမ်းများ မှားနေလေသလား ...။ ဒါမှမဟုတ် ... ဝေတို့အိမ်ဟာ သူ့မှတ်ဉာဏ်ထဲမှာ ရှိမှ ရှိသေးရဲ့လား။

“ဝေ ... ဒီလမ်းထဲ စက်ဘီးနဲ့ လိုက်ကြည့်လိုက်ဦးမယ် အန်တီ။ ခရေပင်တန်းတွေ ကြားများ ရောက်နေသလား မိုးတွေရွှဲပြီး အိပ်များ ပျော်နေသလား ...”



“ဟင့်အင်း ... မဖြစ်နိုင်ဘူး ...။ သူက တစ်ညလုံး အိပ်တာမဟုတ်ဘူး ...။ ဒါပေမယ့် ... ဒါပေမယ့် ... ကားတွေ ဘာတွေများ ...”

“ဘုရား ... ဘုရား ...။ ဟဲ့ ... စုဝေ ... အမြန်လိုက်ကြည့်ချေပါ သမီးရယ် ...”

မီးဖိုထဲမှာထားသည့် စက်ဘီးကို ထုတ်ပြီး အလင်းရောင် မပြန့်နှံ့သေးသည့် ခရေပင်လမ်းကလေးဆီ ခြေသွက်သွက် နင်းခဲ့သည်။ ခရေရနံ့သည် ရင်ကို နာကျင်စေအောင်ပင် စူးရှသွန်းသည် ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



စကားပြောတတ်သော သံပါတ်ရုပ်တစ်ရုပ် ခုတော့ အသက်မဲ့သွားပြန်လေပြီ။ ပိုက်ကြည်ကြည်ထဲ တစ်ပေါက်ချင်းကျနေသည့် ဝါရောင်သမ်းရုံ ဆေးရည်စက်တွေကို စောင့်ကြည့်ရင်း အသက်ပင် ရှူရဲ့လား အောက်မေ့မိသည်။ မျက်ရည်ဝေ့သည်ဆိုရုံ စိုစွတ်နေသည့် မျက်ဝန်းတွေက ခုတင်ပေါ်မှာ အိပ်ပျော်နေသည့် (သတိလစ် မေ့မြောနေသည့်) ပြာနှမ်းနှမ်းမျက်နှာနှင့် ကောင်လေး၏ မျက်ဝန်းမျိုးလို အတော်ပဲ ဆင်တူလှသည်။ မျက်ခွံတွေက အပေါ်သို့ ခပ်ဖြည်းဖြည်း ပွင့်လာလိုက်၊ ပိတ်ကျသွားလိုက် ...။ နှုတ်ခမ်းတွေက တရွရွ လှုပ်ရှားလာလိုက် ... တင်းတင်းစေ့သွားလိုက် ...။

သူမ၏ လှုပ်ရှားမှုတိုင်းက ငေးကြည့်နေဖို့ ကောင်းလှသည်။ သို့ပေမယ့် ... ခုချိန်မှာတော့ ဝေသည် အသက်လေးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦး၏ ရင့်ကျက်သည့်အလှ (သည်လိုလည်း မပြောနိုင်ပါ)ဆိုတာထက် သူမ ရင်ထဲက သောကဆိုတာကိုသာ ဘယ်အတိုင်းအတာအထိ ဆိုတာ နားလည်သိမြင်ချင်လှသည်။ သူမဟာ မိခင်တစ်ယောက်ပါပဲ ...။



သူစိမ်းသက်သက် ဖြစ်သော ဝေ့မိခင်သည်ပင် သူ့ခုတင်နံဘေးမှာ နှုတ်ခမ်းတွေ တလှုပ်လှုပ်တရွရွနှင့် ဂုဏ်တော်တွေ အဆက်မပြတ် ရွတ်ဆို နေခဲ့သည် ဆိုလျှင် ...

သူမဟာ သူမ ရင်ထဲက သောကတွေကို မျိုသိပ်သိမ်းဆည်းထားခဲ့တာ ဖြစ်မှာပါပဲ ...။

"အမေ ... ပြန်ချင်ပြန်လေ ...။ ဟိုမှာ အဖေနဲ့ ရေချမ်း..."

"ဟင့်အင်း ... မပြန်ပါဘူး သမီးရယ်။ တစ်ရက်တလေပဲ။ ဒီမှာ လိုအပ်တာ လုပ်ပေးဖို့ နေဦးမယ်လေ။ ပြီးတော့ ... သူလည်း သတိမရသေးဘူး"

"ထမင်းချိုင့်တွေက ရှိသေးတယ် အမေ။ အမေပြန်ပြီး ရေချမ်းကို လွှတ်လိုက်ပါ။ ဒီနေ့ ကျောင်းမတက်နဲ့လို့ ..."

"ဩော် ... အေး ... အေး ...။ တစ်ခုခု ထူးခြားရင် အမေ့ကို အကြောင်းကြားနော်"

"ဟုတ်"

"ဆေးတွေ ဘာတွေ ဝယ်ဖို့လိုရင် သမီးပဲ ဝယ်ပေးလိုက်နော်။ သူ့ခမျာ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး၊ လုပ်တတ်ရင်တောင် လုပ်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ... အမေရဲ့။ စိတ်ချပါ ..."

ဝေတို့ သားအမိ တိုးတိုးကျိတ်ကျိတ် ပြောနေသည့် စကားတွေ သူ မကြားနိုင်သည်လား ...။ စိတ်အာရုံက ဟိုးအဝေးကြီးဆီ မျောလွင့်နေပုံရသည်။ ခုတင်ပေါ်မှာ ပြာနှမ်းနှမ်းပျော့ဖတ်ဖတ်နှင့် ပင်ပန်းစွာ အသက်ရှူနေရသည့် ကောင်လေးသည် သူ့အနားမှာ သူမြတ်နိုးခင်တွယ်လှသည့် မိခင် ရောက်ရှိနေခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကတွေ ပြည့်သိပ်နေသော မျက်ဝန်းတစ်စုံဖြင့် သူ့ကို စောင့်ကြည့်နေသည် ဆိုတာကို လုံးဝမသိခဲ့။ သူ့စိတ်ဝိညာဉ်က ခရေပင်တန်းတွေဆီမှာ လွင့်မျော ဝေ့ဝဲနေဆဲ ရှိလေမလား ...။

မျက်ဝန်းမှာ ပြည့်လျှံပြီး လွင့်ကျလာလုဆဲဆဲ မျက်ရည်စက်တွေကို မျက်တောင်ရှည်များဖြင့် သိမ်းကွယ်ရင်း ... သူ့ကို ကျောခိုင်းရပ်မိသည်။

ဝေ ဟန်မဆောင်ချင်ပါဘူးကွယ် ...

ရင်ထဲမှာ သိမ်းထားရတာ ပင်ပန်းလွန်းလှပါတယ်။

ဒါပေမယ့်နော် ...

မဖြစ်နိုင်တာလား။ မပြတ်သားရဲတာလား။ မဖြစ်သင့်ဘူးရယ်လို့ တွေဝေတာလား ...။

တကယ်တော့ ... မှန်ထက်မှာ လာစင်သော မိုးရေစီးကြောင်းတွေကို မပြတ်မသား၊ မသဲမကွဲ ပုံရိပ်များသာ ဖြစ်သည်။ အနာဂတ် ဆိုတာကို ဘယ်လိုမှ မြင်နိုင်စွမ်း မရှိသော ဝေဖော့ဝါးဝါး မှန်တစ်ချပ်သာ ဖြစ်သည်။

ရယ်စရာတော့ မကောင်းဘူးလား ...။

အချိန်ကာလ ဆိုတာကို ဖမ်းဆုပ်မရနိုင်သလို လွင့်မျောနေသည့် ခံစားချက် ဆိုတာကိုလည်း ဖမ်းဆုပ်မရနိုင် ...။ ရွေ့လျားနေသော အချိန်ကာလ ဆိုတာကို မြင်နိုင်ပေမယ့် လွင့်မျောနေသည့် ခံစားမှုကို မမြင်နိုင်။

သို့ပေမယ့် ...

သေချာနေခဲ့သားလေ ...။

သူ ရှိနေတာယ်လို့ သေချာသိနေရသည်ပဲလေ ...။



ရုပ်ဝတ္ထု ဆိုတာတွေရဲ့ လှမ်းမိုးခြင်း၊ ဆင်ခြင်တုံဉာဏ်ရဲ့ လွှမ်းမိုးခြင်း ...။

အဲသည်ရဲ့ တစ်ဘက်ကမ်းမှာတော့ ... သေချာနားလည်နိုင်မည့် နှလုံးသားခံစားမှု ဆိုတာ အမှန်တကယ်ကို ရှိနေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... အိမ်မပြန်ချင်ဘူး ...။ မေမေ ... ကျွန်တော် အိမ်မပြန်ချင်ဘူး။ ကျွန်တော့်ကို အိမ်ပြန်မခေါ်ပါနဲ့ မေမေ အသက်ရှူကျပ်တဲ့ နံရံတွေကြားမှာ မနေပါရစေနဲ့။ ကြောက် စရာကောင်းတဲ့ မျက်လုံးတွေအောက်မှာ မနေပါရစေနဲ့။ ကျွန်တော့်ကို ရယ်နေတဲ့ အသံတွေ ကျွန်တော် ကြားရတယ် အိမ်မှာ ကျွန်တော် မနေချင်ဘူး။ မေမေလည်း အိမ်မှာမ ချင်ဘူး ...။ ကျွန်တော် သိတယ်။ မေမေ ကျွန်တော့် တစ်ယောက်တည်းထားပြီး လျှောက်သွားနေတယ် ... ကျွန်တော် ဖေဖေ့ကို ကြောက်တယ် ...။ မေမေ့ကို ... မ တယ် ...။ မချစ်ချင်ဘူး ...။ မေမေ ကျွန်တော့်ကို မ ဘူး"

မျက်ရည်တွေကို ထိန်းထားရသည့် ဝေ့မှာ နားထင်ကြောတွေ တင်းပြီး တဒိန်းဒိန်း သွေးဆောင့်တိုးလ မျက်လုံးတွေက ပူလောင်ကျိန်းစပ်နေသည်။ သူ့အသံက တိုး



ကလေး ဖြစ်သွားလိုက်၊ တဖြည်းဖြည်း ကျယ်လာလိုက် ပြန်ပြီး တိုးသွားလိုက် ...။ သူ့မျက်လုံးတွေက မျက်နှာကြက်မှာ ခပ်ဖြည်းဖြည်း လည်နေသည့် ပန်ကာကိုသာ စိုက်ကြည့်နေသည် ...။ သူမသည်လည်း ဝေ့လိုပင် မျက်ရည်တွေကို ထိန်းသိမ်းထားရဟန် တူရဲ့။

ဒါပေမယ့် ... ငိုလိုက်ပါလား ...

မိခင်တစ်ယောက် အနေဖြင့် သူမမှာ သားတစ်ယောက်အတွက် မျက်ရည်ကျဖို့ အခွင့်အရေး ရှိသည်လေ ...။ သူမ၏ သောက ပရိဒေဝကို ဘယ်သူကမှ တားဆီးဖို့ ပိတ်ပင်ဖို့ အခွင့်ရှိသည် မဟုတ်။ နီရဲနေသည့် မျက်ဝန်းတွေကို လက်ကိုင်ပဝါဖြင့် အသာတို့ရုံပဲ ... သူမက ကြေကွဲပြသည်။ မျိုသိပ်တတ်သည့် မိန်းမမျိုးကို ဝေကတော့ ကိုယ်ချင်းစာ မရချေ။

"အဖေ့လို အဖေမျိုး ကျွန်တော့်မှာ ဘာလို့ မရှိရတာလဲ။ ကျွန်တော် ရေချမ်း ဖြစ်ချင်တယ် ... ဆရာဝန် မဖြစ်လည်း ကျွန်တော် ရေချမ်း ဖြစ်ရင် တော်ပြီ ...။

ကျွန်တော်က မုန်းစရာကောင်းတဲ့ သားတစ်ယောက် ဖြစ်နေလို့လား မေမေ ...။ ဟုတ်လား ... မဝေ ...။ ကျွန်တော်က မုန်းစရာကောင်းတယ် ...။ အဟုတ်လား ...။ ကျွန်တော်ကတော့ မဝေကို ချစ်တယ်။ ခရေပန်းတွေကိုလည်း ချစ်တယ်။ မိုးစက်တွေကိုလည်း ချစ်တယ် ..."

ဝေ ရုတ်ခနဲထ,ပြီး အခန်းအပြင် ထွက်လာခဲ့သည်။ ... ရှိမနေသင့်ဘူး ထင်ပါရဲ့။ သူ့ကို ဘယ်လိုဖျောင်းဖျရမည် ဘာ သူ့ရဲ့မိခင်က ဝေ့ထက် ပိုသိမှာပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်ချိုးလေးမှာ ခပ်ကွယ်ကွယ် ရပ်မိဆဲ ခဲ့ကို မျက်မှန်းတန်းမိနေပြီဖြစ်သော စိတ်ရောဂါကု ဆရာဝန်ကြီးနှင့် တည့်တည့်ကြီး ရင်ဆိုင်လိုက်ရတော့သည်။



"တော်တော်ကြီး ... အခြေအနေ ကောင်းလာပြီးမှ ဘယ်လိုဖြစ်သွားတာလဲ။ ဆေးတွေရော မှန်မှန်သောက်ခိုင်းရဲ့လား။ ဒီလိုရောဂါမျိုးက ဆေးဝါးနဲ့ ရေရှည်ဆွဲကုရတာမျိုး ...။ ဥပမာ ဆိုပြီး အကြောဆေးသွင်းရုံ ဆေးထိုးရုံနဲ့ မန်းမှုတ်သလို ပျောက်တဲ့ ရောဂါမျိုး မဟုတ်ဘူးနော် ...။ ကာယကံရှင်က တော့ မသောက်ဘူး၊ မသောက်ဘူး ငြင်းမှာပဲ။ ချော့တစ်မျိုး ခြောက်တစ်မျိုး ဆေးဝင်အောင် တိုက်ရမယ် ...။

ခု ... အဖျားဝင်တော့ ပိုဆိုးတော့တာပေါ့။ သူ့ကို တစ်ယောက်တည်း အကြာကြီး ပစ်မထားနဲ့လို့ ဆရာမှာတယ်လေ ..."

ဝေ့ကို လှည့်ငေးနေသော မျက်လုံးတစ်စုံကို ပထမဆုံး ကရုဏာစိတ် ဝင်ရသည်။ သို့ပေမယ့်လည်း ... ဝေသည် ဆရာကြီး၏ အပြစ်တင်စကားမှန်သမျှကို တုံ့ပြန်ရှင်းပြရန် တကယ်ဆော့ ဘာတာဝန်မှ မရှိသူ ဖြစ်သည်။ နေနေ့ကို ဝေ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးထံမှာ နှစ်ကြိမ်ပြသ ဆေးကုသခံခဲ့ဖူးပြီး မေးခွန်းတွေ မေးလွန်းတတ်သူမို့ ဆရာကြီးက ဝေ့ကို မစပ်စု ဟု နာမည်ပြောင်ဖြင့် ကျီစယ်ရလောက်အောင် မျက်မှန်းတန်းမိခဲ့ပြီး ဖြစ်သည်။ အဲသည် နည်းပါးလှသော အကြိမ်အရေအတွက်ဖြင့်ပင် ဆရာကြီးက နေနေ့ အခြေအနေကို ကောင်းစွာ ခန့်မှန်းနိုင်ခဲ့ပြီ ဖြစ်သည်။ အဲသည် နောက်ပိုင်းမှာတော့ နေလင်းကျော်ခေါင်၏ ဆေးကုသမှု မှတ်တမ်းစာအုပ်ကလေးသာ ဝေတို့အိမ်မှာ ကျန်ရစ်ခဲ့လျက် သူကိုယ်တိုင်ကတော့ ... သည်အခြေအနေထက် ပိုပြီးပြည့်စုံကောင်းမွန်သော အနေအထား တစ်ခုဖြင့် ဆေးကုသမှု ခံယူနေရပြီဟု ဝေတို့က နားလည်ခဲ့သည်။

သည်လို မဟုတ်ခဲ့ဘူးလားဟု မေးရမှာ တော်တော်အားနာဖို့ ကောင်းပါသည်။

“ဟုတ်ကဲ့ပါ ... ဆရာ ...။ ဆရာပြောတဲ့အတိုင်း ဆေးတွေကို တိုက်ပါတယ် ...။ ဒါပေမယ့် လူနာက ရန်ကုန်ကို ပြောင်းသွားခဲ့တာ ဆိုတော့ ...”

ဝေ ဘာဆက်ပြောရမှန်း မသိဘဲ အကျဉ်းအကျပ်ဖြစ်နေချိန်မှာ ဒေါ်ထရီဇာလှိုင်က ဝေ လုံးဝမထင်မှတ်ထားသည့် စကားတစ်ခွန်းဖြင့် လူနာ၏အခြေအနေမှန်ကို ဖွင့်ဟဝန်ခံခဲ့ပါသည်။

“ကျွန်မတို့ဘက်က အားနည်းချက်တွေ ရှိခဲ့ပါတယ် ဒေါက်တာ ...။ တကယ်တော့ ... ကျွန်မကြောင့် နေနေ ခုလို ဖြစ်ခဲ့ရတာပါ ...”

သူမ မျက်လုံးအိမ်မှာ မျက်ရည်တစ်စက်မှ မရှိပါ။



ထို့အတူပင် နောင်တ,တရားများကိုလည်း မမြင်ရပါ။ မထင်မှတ်သည့် ရဲဝံ့မှုကိုပင် မြင်နိုင်ခဲ့သေးသည်။

“ခုတော့ ... ကျွန်မ သားကို ဆရာ့လက်ကို အပ်ပါတယ်။ ပြီးတော့ ... ဟောဒီက စုဝေတို့ မိသားစုရဲ့ လက်ထဲကို အပ်ပါတယ်။ ဒီက ပတ်ဝန်းကျင်နဲ့ မိသားစုဆက်ဆံရေးဟာ သူ့အတွက် အများကြီး အဆင်ပြေလိမ့်မယ်။ သူ့ကို စိတ်ချမ်းသာမှု ပေးနိုင်လိမ့်မယ်လို့ ခုတော့ ကျွန်မ နားလည်ပါပြီ ဆရာ ...

လူနာရဲ့ ရာဇဝင်ကို စုဝေ ကတော့ ရှင်းပြနိုင်မှာ မဟုတ်ဘူး ...။ ဘာကြောင့်လဲ ဆိုတော့ စုဝေနဲ့ သားဟာ သူစိမ်းသက်သက်ပါ ဒေါက်တာ ...။ ဒေါက်တာ့အတွက် လိုအပ်မယ်ထင်ရင် ကျွန်မ ရှင်းပြပါ့မယ် ...”

ဆရာကြီးက ခပ်လေးလေး ခေါင်းဆတ်သည်။ မျက်မှန်အောက်က မျက်လုံးတွေထဲမှာ စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို မြင်ရ၏။ ဒေါ်ထရီဇာလှိုင်သည် ခုမှပင် အသက်ဝင် ရှင်သန်လာသည်ဟု ဝေက ထင်သည်။ သံပါတ်ပေးထားသည့် စက်ရုပ်တစ်ရုပ် မဟုတ်တော့။ ပြုံးပြ ရယ်ပြ နှုတ်ဆက်တတ်ရုံ ကြောင်မယ်လေး မဟုတ်တော့ ...။ သူမ၏ နှလုံးသားမှာ ကိန်းဝပ်နေသည့် မိခင်တစ်ယောက်၏ ဗီဇစိတ်သည် ခုမှ ရုပ်လုံးကြွလာသည် ထင်၏။ သူမ၏ မျက်ဝန်းများသည် ခပ်မှိုင်းမှိုင်းနှင့် အရှိန်အဝါ ကင်းသည့် မျက်လုံးများ မဟုတ်တော့ဘဲ မျက်ရည်စက်များကြောင့် စိုလဲ့ တောက်ပလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ နေနေနှင့် ပတ်သက်ပြီး ... ဝေ အမြဲသိချင်ခဲ့သော အကြောင်းအရာများကို ဒေါ်ထရီဇာလှိုင်က စ,တင် ပြောပြသည်။ ဆရာကြီးအတွက် လူနာ၏ ရောဂါရာဇဝင်နှင့် အရေးပါသည့် မှတ်တမ်းများ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ဝေ့အတွက်တော့ မိန်းမသား ဖြစ်ရသည့် တစ်ဖက်သတ်အရှုံးနှင့် နာကြည်းခံစားရချက်များ အဖြစ်သာ နားလည်ရသည်။ နေလင်းကို ... သူ့ရဲ့မိခင်က မလိုချင်ခဲ့ဘူးတဲ့ ...။ မလိုလားခဲ့ဘူးတဲ့ ...ဝမ်းမြောက်ဝမ်းသာ လက်ခံမွေးဖွားခဲ့တာ မဟုတ်ဘူး ... တဲ့။

ထို့ကြောင့် မိခင်၏ လျစ်လျူရှု ပစ်ပယ်ထားမှုနှင့် ဖခင်၏ အေးစက်တင်းမာမှု စသည့် အခြေအနေဆိုးများက သူ့ရောဂါ၏ အခြေခံ အကြောင်းရင်း ဖြစ်ခဲ့သည်။ ပြီတော့ နေလင်းဟာ ကျောင်းစာနှင့် ပတ်သက်ပြီး လောဘကြီးလွန်းသတဲ့ ...။ အနိုင်ရလိုဇောကြီးသူ ဖြစ်သတဲ့ ...။

ဝေ ရင်းနှီးရသည့် ကောင်လေးကတော့ အဆိုးအတောက်ကင်းပြီး သနားစဖွယ်ပင် ဖြစ်နေသေးရဲ့။

"အမှန်ပြောရရင် သားရဲ့အခြေအနေ တဖြည်းဖြည်း ပြောင်းလဲလာတာကို ကျွန်မ လုံးဝသတိမထားမိခဲ့ဘူး။ ကျွန်မဟာ ငယ်ငယ်ကတည်းက သားကို တယုတယ မနေခဲ့ပါဘူး။ ငယ်ငယ်ကတည်းက ကလေးထိန်းရဲ့ လက်ထဲမှာပဲ ကြီးခဲ့ရပြီး ကျောင်းတက်တဲ့အရွယ် ရောက်လာတော့လည်း ကျောင်းစာကလွဲပြီး သူ့ရဲ့ပတ်ဝန်းကျင်က သိပ်ကျယ်ကျယ်



ပြန့်ပြန့် မရှိခဲ့ဘူးလေ ...

ပြီးတော့ သားက စာသိပ်ဖတ်တယ်။ လူပျိုပေါက်အရွယ် ရောက်လာတဲ့အထိ အပေါင်းအသင်းလည်း များများမရှိဘူး။ သူ တစ်ယောက်တည်းပဲ နေရခဲ့ရပြီး တစ်ယောက်တည်း စကားပြောနေတာ၊ မိုးရွာထဲထွက်ပြီး သစ်ပင်အောက်ထိုင်နေတာ ... တစ်ညလုံး မအိပ်ဘဲနေတာကို သူ့အဘွားက ကျွန်မကို ပြောပေမယ့် ကျွန်မ သေချာမစစ်ဆေးခဲ့ဘူး။ ဆယ်တန်းစာမေးပွဲ ရက်တွေက သူတစ်ညလုံး မအိပ်ဘူး ...။ စာမေးပွဲ ဖြေပြီးသွားတော့လည်း ည ည မအိပ်ဘဲ စာကျက်နေတယ် ...

ကျွန်မက 'နေနေ ... စာမေးပွဲ ပြီးသွားပြီ'လို့ ပြောတော့ သူက 'မပြီးသေးဘူး၊ သူ့မှာ ဖြေစရာ စာမေးပွဲတွေ အများကြီး ရှိသေးတယ် ...' တဲ့။ အဲဒီ အချိန်ကျမှ သူ့မျက်လုံးတွေကို ကျွန်မ သတိထားမိခဲ့တာပါ။ ဆရာဝန်ကြီးတွေနဲ့ ပြ,ပေမယ့်လည်း သူ့ရဲ့ ပတ်ဝန်းကျင်ကိုတော့ ပြုပြင်မပေးနိုင်ခဲ့ဘူး ...

ပြီးတော့ ... abnomal ကလေးတစ်ယောက် ရှိနေတယ် ဆိုတာလည်း ကျွန်မ လက်မခံချင်ဘူး။ အဲဒါကိုက ကျွန်မစိတ်ရဲ့ အားနည်းချက်ပဲ ..."

ရုပ်ရှင်ကားတစ်ကား ကြည့်နေရသလို ဝေ့ အာရုံမှာ ရုပ်လုံးကြွလာသည့် ပုံရိပ်သည် နေလင်းကျော်ခေါင်သည့် လူငယ်တစ်ယောက်၏ ကလေးဘဝ ဖြစ်သည်။ အဲသည်လေးငယ်သည် မလိုလားခြင်းတွေသာ ဝန်းရံထားသည့် လောက

www.burmeseclassic.com

www.burmeseclassic.com



[illegible] ရောက်ရှိလာခဲ့ရသည်။ ဘယ်လောက်များ ဝမ်းနည်း[illegible] ကောင်းလိုက်ပါလိမ့် ...

သနားကြင်နာစိတ်တွေက ဝေ့ ရင်ထဲမှာ လှိုက်လှဲပြည့်သိပ်နေတော့သည်။



စီးကရက် မီးခိုးငွေ့တွေက ဟင်းလင်းပြင်ဟု ထင်ရသည့် လေထုထဲ တလိပ်လိပ် ဟလွင့်လွင့် မြင့်တက်သွားသည်။ သူမ နှုတ်ခမ်းမှာ အဖြူရောင်စီးကရက်တစ်လိပ် ခိုတွယ်နေတာက အတော်ကြည့်ကောင်းပါသည်။ စီးကရက် မီးခိုးငွေ့တွေကို မှုတ်ထုတ်ရင်း ရှည်လျားသည့် မျက်တောင်ကော့တွေကို မှေးစင်းထားပုံကလည်း ... နိုင်ငံခြား ရုပ်ရှင်ကား တစ်ကားကို ကြည့်နေရသလိုပါပဲ။ အောက်ဘက်သို့ ငုံ့ကြည့်လျှင်တော့ ချိုင့်တွေ ကျင်းတွေ ပြည့်နေသော ကတ္တရာလမ်းပေါ် ဆိုက်ကားတွေ၊ စက်ဘီးတွေ၊ ကားတွေ ဖြတ်သန်းသွားနေသည်ကို မြင်ရသည်။ ဝါး မနီး မီးသွေးအိတ် စသဖြင့် တင်ထားသည့် လက်တွန်းလှည်းတွေ၊ သုံးဘီးကားတွေလည်း ရုံဖန်ရံခါ ဖြတ်သွားတတ်ပါသည်။ လမ်း၏ တစ်ဘက်ခြမ်းမှာတော့ ထမင်းဆိုင်၊ စာရေးကိရိယာဆိုင်၊ ဆေးဆိုင်၊ ဆိုင် စသည့် ဆိုင်တန်းလျား ရှိသည်။ တစ်ခါတလေ အဲသည် ဆိုင်တန်းလျားဆီက ခပ်ကျယ်ကျယ် သီချင်းသံကို ကြားရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေနှင့် မရင်းနှီးလှသော ဆေးရုံနံ့သည် တစ်မနက် ... ဘင်းမှာပင် ဝေ့အတွက် အသားကျသွားပြီး ... သိပ်မဆိုးလှပါ ... ဟု လက်ခံချင်လာသည်။ ဆေးရုံသို့ နံနက်အစောကတည်းက ရောက်လာခဲ့ပြီး ခုချိန်ထိ ဝေတို့ တစ်ခုခု စားသောက်ဖို့ သတိမရပါ။ ခဏနေလျှင်တော့ ရေချမ်းတစ်ယောက် ထမင်းချိုင့်ဆွဲပြီး ပေါက်ချလာလိမ့်မည်ဟု ဝေ ထင်သည်။ တကယ်တော့ ခုမှ ဆယ်နာရီခွဲသာသာ ရှိသေးတာ ...။ မိနစ်တွေက ဖြတ်သန်းချိန် ကြာရှည်လွန်းလှသည်ဟု ဝေ ထင်သလိုပင် ဒေါ်ထရီဇာလှိုင်လည်း သည်လိုပဲ ထင်နေမည် ထင်ပါရဲ့ ...။

"ဆရာဝန်ကြီးက ရန်ကုန် ပြန်ခေါ်ချင်ရင်လည်း ရပါတယ်လို့ ပြောသားပဲ။ အခြေအနေလည်း သိပ်မဆိုးဘူးဆိုတော့ ခေါ်သွားရင် ရ,မှာပါ။ အန်တီ ဘယ်လို စဉ်းစားသလဲ"

သူမက ဝေ့ကိုပင် မေ့လျော့နေသည် ထင့်၏။

စကား စ,လိုက်မှ ဆတ်ခနဲ တုန်သွားပြီး ...

"ဟင့်အင်း"

ဟု အဓိပ္ပာယ် မပြည့်စုံသည့် ဝါကျဖြင့် ငြင်းဆန်လေသည်။ ဝေ နားမလည်နိုင်ဘဲ သူမကိုသာ ငေးစိုက်ကြည့်နေမိသည်။ တကယ်ဆို နေနေ့ကို ပြန်ခေါ်ဖို့ သူမ ဒီကို ရောက်လာခဲ့တာ မဟုတ်လား။

ပြီးတော့ ... ရန်ကုန်လို နေရာမျိုးမှာမှ အရာအားလုံး ပြည့်စုံကောင်းမွန်သည်လို့ ယူဆထားသူတွေဆိုတော့ ...

"တို့ စဉ်းစားတာက ဒီလိုလေ ...။ ဒီမှာလည်း ... စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ရှိနေမှပဲ ... စုဝေတို့



လည်း နေနေ့ကို သူနဲ့ကုသဖူးတယ် ဆိုတော့ ..."

"ဒါပေမယ့် ... ဝေတို့က ဆေးရုံမှာပဲ ပြင်ပလူနာအနေနဲ့ စမ်းသပ်ဖူးတာပါ။ ဆေးဝါးတွေကလည်း စျေးသိပ်မကြီးဘဲ ... ..."

"ဟုတ်ပြီ ဟုတ်ပြီ ... တို့ နားလည်ပါတယ်။ ဘယ်က ရောက်လာမှန်းမသိတဲ့ ဘယ်လိုဇာစ်မြစ်မှန်း မသိတဲ့ စိတ်ဝေဒနာသည် တစ်ယောက်ကို စုဝေတို့က ကျွေးမွေးစောင့်ရှောက်ထားတဲ့အပြင် ဆေးဝါးကုသပေးဖို့တောင် ကြိုးစားခဲ့တယ် ဆိုတော့ စုဝေတို့ မိသားစုရဲ့ စေတနာကို တို့ ဘယ်လို ချီးမွမ်းရမှန်း မသိဘူး။ ပြီးတော့ ... နေနေ့ကို ပြန်ခေါ်သွားတုန်းက နေနေ့ ဘောင်းဘီအိတ်ထဲမှာ သူ ထည့်ထားတဲ့ ပိုက်ဆံတစ်သောင်းကျော်ဟာ ဒီအတိုင်း ပြန်ပါလာတယ်။ သူ့ နာရီ လက်စွပ် အားလုံး သူ့အတိုင်းပဲ ...။

အဲဒီ ကတည်းက စုဝေတို့ မချိုတို့ရဲ့ အကျင့်စာရိတ္တ အဆင့်အတန်းမြင့်တဲ့ မိသားစု ဆိုတာ တို့ သိလိုက်တယ်။ နေနေက ပိုက်ဆံမသုံးတတ်ဘူး။ ပျောက်သွားတဲ့ မနက်ကမှ သူ့ အဘွားဆီက ပိုက်ဆံတစ်သောင်း တောင်းသွားတယ်။ ဆေးစာအုပ် ဝယ်မလို့လို့ ပြောပြီး တောင်းတာမို့ သူ့အဘွားက သူ့လက်ထဲ ပိုက်ဆံပေးပြီး အိမ်က ကား ဒရိုင်ဘာနဲ့ သူ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကား လျှောက်မောင်းခိုင်းလိုက်တာပဲ။ ညအိပ်တဲ့အခါ သူ့ဆီက ပိုက်ဆံကို ပြန်သိမ်းထားမယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ လုပ်နေကျလေ ...။

အဲဒါ ... ညနေပိုင်းမှ မိုးတွေက အရမ်းသည်းပြီး သူ ပျောက်သွားခဲ့တာ ...”

“သူ ... ဝေတို့လမ်းထဲ ဘယ်လိုရောက်လာသလဲ မသိဘူး နော်”

“သူ့ရှေ့ရောက်လာတဲ့ ကြုံရာကား တက်စီးလာတာ ဖြစ်မှာပေါ့ ...။ ဒါပေမယ့် ... ဒီနေရာကို ပြန်ရောက်အောင် သူ လာနိုင်တာပဲ။ သူ့ဦးနှောက်ထဲမှာ သေချာမှတ်ထားတာ ဖြစ်မှာပေါ့”

“ဝေတို့ လိပ်စာကို သူသိတယ်။ လိပ်စာပြောပြီး ကားငှားစီးလာရင်ကော ...”

“သူ့မှာ အဲဒီလောက်ပိုက်ဆံ ... အဆင်သင့်ရှိမယ် မထင်ပါဘူး ...။ အေးလေ ... ပြောတော့ မပြောနိုင်ဘူးပေါ့။ သူ့အဘွားဆီက ရနိုင်တာပဲ။ ဒီတစ်ခေါက်ကတော့ အဲဒီလိုလာရင်းနဲ့ ... မဖြစ်နိုင်ဘူး ထင်တယ်နော် ...”

သူမ စကားကို သူမဘာသာ ခေါင်းယမ်းလျက် —

“တွေးလို့တောင် မရပါဘူးလေ”

ဟု ညည်းညူရေရွတ် နေလေသည်။

“သူ အခြေအနေ ကောင်းလာမှ မေးကြည့်ကြတာပေါ့ အန်တီရယ်”

“ဟုတ်တယ် ... နေဦး ...။ စောစောက ပြောနေတဲ့စကား ဆက်ရအောင် ... ..., တို့ သူ့ကို ဒီမှာပဲ ထားချင်တယ် ဘယ်လိုလဲ”



“ရှင်”

သူတို့ထဲက ဘယ်တစ်ယောက်ကိုမှ ဝေ နားမလည်နိုင်ဘူး ထင်မိသည်။ သူတို့မိသားစုဝင် တစ်ယောက်ချင်းဟာ ဝေ့အတွက်တော့ ပဟေဠိပုစ္ဆာလိုပဲ ...။

ငယ်ရွယ်လှပသော မိခင်က သူမရဲ့ တစ်ဦးတည်းသော သားကို ဒီမှာ ထားရစ်ခဲ့ချင်သတဲ့ ...။

ဘယ်လို အတွေးအခေါ်ပါလိမ့် ...။

“သူ့အတွက် စားစရိတ် နေစရိတ် ဆေးကုသစရိတ်တွေလည်း ပေးခဲ့မယ်။ တို့လည်း လာ,လာ ကြည့်မယ်။ အဲဒါဆို စုဝေတို့ တာဝန်ယူပေးနိုင်မလား ...”

“ရှင်”

အံ့ဩနေရုံကလွဲပြီး တုံ့ပြန်စကားပြောဖို့ကိုပင် ဝေ မေ့လျော့နေခဲ့သည်။

နားမလည်နိုင်ဘူး ... နော် ...

သားတစ်ယောက်ကို သူစိမ်းတွေချည်းရှိသည့် အိမ်မှာ ဘယ်လောက်ကြာကြာ အပ်ထားဖို့ သူမ စိတ်ကူးရလေသည် မသိ။ ရင်ထဲမှာ လှပ်ခနဲ အေးစက်ပြီး ခုန်လှုပ်သွားခဲ့ရတာကိုတော့ ဝေ့ဘာသာပဲ မေ့ချင်ဟန် ဆောင်ခဲ့ရသည်။ အမှတ်တမဲ့ဟန်ဆောင်ခဲ့ရသည်။ ဝမ်းသာ ပျော်ရွှင်မိရသည်ဆိုလျှင် အဲသည်စိတ်ခံစားမှုက ကိုယ့်ကိုယ်ကို လိမ်ညာ၍ မရနိုင်ပါ။

“ဟို ... တို့ အပြောအဆို တစ်မျိုးဖြစ်သွားသလား မသိဘူး။ တို့က အကူအညီ တောင်းချင်တာပါ။ သူက ... အိမ်မပြန်ချင်ဘူးလေ ...။ ဒီမှာပဲ သူ ပျော်နေတယ်။ အိမ်

www.burmeseclassic.com



ကိုသာ ပြန်ရရင် သူ့အတွက် လောကငရဲ ဖြစ်မှာပဲ ...
အေးလေ ... တကယ့်ကို ငရဲပါပဲ ..."

"ဝေကော လက်ခံလို့ ရပါတယ် အန်တီ ... ဝေတို့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး။ သူလည်း ဒီမှာ ပျော်နေတာပဲ ဟာ ...။ ဒါပေမယ့် ... ဝေ တစ်ယောက်တည်း သဘောနဲ့ မဖြစ်လို့ပါ။ အဖေနဲ့ အမေ့ကိုလည်း ခွင့်တောင်းရမှာမို့ပါ"

"အို ... ဟုတ်တာပေါ့။ ဟုတ်တာပေါ့ ... ဝေ့မေမေကို တို့ ပြောပါ့မယ် ..."

"နေစရိတ် စားစရိတ် ဆိုတာတော့ မလိုပါဘူး အန်တီ။ ဝေတို့က ထမင်းရောင်းနေတာ ဆိုတော့ လူတစ်ယောက် အတွက် မနက်စာ ညစာက ပြဿနာမရှိပါဘူး။ နေတာ ကလည်း သူ့အတွက် တကူးတကန့် လုပ်ပေးရတာမှ မဟုတ်ဘဲ။ ဒါပေမယ့် ... အန်တီတို့ အိမ်မှာလိုတော့ ဇိမ် မကျဘူးပေါ့လေ ..."

"ကိစ္စမရှိဘူး ... စုဝေ ...။ သူ ဒီအတိုင်း ပျော်နေတယ်ဆို ဒီအတိုင်းပဲ ထားပေးလိုက်ပါ ...။ သူ့စိတ်ချမ်းသာဖို့ သူ ပျော်ရွှင်ဖို့ တို့ ဖြည့်ဆည်းမပေးနိုင်ခဲ့ဘူး ...။ ဒီကြားထဲက သူ့ဘာသာ စိတ်ချမ်းသာနေတဲ့ အခြေအနေလေးကို ဖျက် ဆီးပစ်ဖို့ မသင့်ပါဘူး ...။ သူ ပျော်တဲ့နေရာမှာ နေပါစေ လေ ...။

လူတစ်ယောက်ဟာ သူ့ဘဝအတွက် ဘာကို လိုအပ် တယ်ဆိုတာကို သိပြီး သူ လိုအပ်တာကို ရယူနိုင်ခွင့်တော့ ရှိသင့်တာပေါ့ ...။ နေနေရဲ့ ဘဝဟာ အခိုပွာယ်



နေခဲ့တာ ကြာပါပြီ။ သူ့ဘဝကို တို့တစ်တွေက အခိုပွာယ် ကင်းမဲ့အောင် လုပ်ပစ်ခဲ့ကြတာ။ တကယ်တော့ သူ့မှာ အပြစ်မရှိပါဘူး ...။

သူ့မှာ ဘာမှ အပြစ်မရှိပါဘူး ... ..."

သူမက ဝရန်တာကို ကျောခိုင်းလျက် စီးကရက်တို ကို မီးငြိမ်းသတ်လိုက်ပြီး ကော်ရစ်ဒါထောင့်က အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်သည် ...။

"အန်တီ"

ဝေ့ ရင်ထဲက မေးခွန်းများသည် လည်ချောင်းဆီ အထိ တလိပ်လိပ်တက်လာပြီး တစ်ဆို့နေခဲ့၏။ သူက ဝေ့ကို မေးဆတ်ပြရင်း နှာတံထိပ်ပေါ် တလှုပ်လှုပ် ဝဲကျလာသည့် ဆံခြည်မျှင်ကလေးကို လက်ချောင်းများဖြင့် အသာသိမ်းဖယ်လိုက် သည်။

"သူ့ကို ဘာဖြစ်လို့ မချစ်ခဲ့တာလဲဟင်"

ဒေါ်ထရီဇာလှိုင်၏ ကြေကွဲနေသော အပြုံးက အရမ်း ကို လှပပါသည်။ သူ့ကို စ,တွေ့ပြီး နောက်ရက်များမှာ ဝေသည် သူ့မျက်နှာ၊ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းတွေကို ကြည့်ရင်း သူ့ မိခင်ကို စိတ်ကူးပုံဖော် ကြည့်ခဲ့ဖူးသည်။ ချောမောလှပသူ တစ် ယောက် ဖြစ်မည်ဆိုတာ သိပေမယ့် ဝေ့အာရုံထဲက ဝိုးတဝါးပုံရိပ် သည် သူမ မဟုတ်ခဲ့ပါ ...။

သည်မျှ ပြည့်စုံသည့်အလှ ... ပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်ထားပြီးပါလျက် ...

"မချစ်ချင်ခဲ့တာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မချစ် ချင်တာ ..."

"ဟုတ်တယ် ...။ မချစ်မိချင်တော့ မချစ်ဘူးလို့ပဲ သတ်မှတ်ခဲ့တယ်။ မွေးပြီးကတည်းက လှည့်ကိုမကြည့်တော့ဘူး ...

ဒါပေမယ့် ... ဦးနောက်က မချစ်ချင်ဘူးလို့ သတ်မှတ်ထားတာကို နှလုံးသားက လက်မခံတော့ ဘာတတ်နိုင်မှာလဲ ...။ တကယ်တော့ တို့က သူ့ကို ကိုးလ ဆယ်လ ဝမ်းမှာလွယ်ပြီး မွေးခဲ့ရတာပါ။ မချစ်ဘဲ ဘယ်နေနိုင်ပါ့မလဲ ...။ တကယ်တော့ မချစ်ဘဲ ဘယ်နေနိုင်ပါ့မလဲ ...။

တို့ သူ့ကို ချစ်ပါတယ် ...။ ဒါပေမယ့် အဲဒီလို ချစ်ပါတယ်လို့ ဝန်ခံနိုင်ဖို့ ကိုယ့်ကိုယ်ကို အများကြီး ဆုံးမခဲ့ရတယ်။ ဖျောင်းဖျခဲ့ရတယ် ... မာနတွေ ချခဲ့ရတယ် ...

အေးလေ ... ဒီအကြောင်းတွေ တို့ တစ်ယောက်ယောက်ကို ပြောပြချင်ပါတယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှ ပြောပြလို့ မဖြစ်နိုင်ခဲ့ဘူး ...။ နေလင်းကို ဘာကြောင့် ကိုယ့်သားဖြစ်ရက်နဲ့ မချစ်ချင်ဘူးလဲ ... လို့ မင်းက မေးမယ် ...

သူက နေလင်းကျော်ခေါင် ဖြစ်နေလို့။ ကျော်ခေါင်ရဲ့သား ဖြစ်နေလို့ ..."



၄

"ကျွန်တော် ... အိမ်ပြန်မလိုက်ဘူး"

သူ့မိခင်၏ ဖိမ်ခံကား အဖြူရောင်ကြီးကို မြင်လိုက်တော့ မြွေတစ်ကောင် မြင်လိုက်သလို သူ့ခန္ဓာကိုယ်က ဆတ်ခနဲတွန့်သွားပြီး ဝေ့လက်ဖဝါးကို ဖမ်းဆုပ်ထားလိုက်သည်။ သူ့လက်ဖဝါးတွေက အေးစက်နေပါသည်။ ကားရှေ့ပိုင်း တံခါးပေါင်ကို မှီလျက် သူ့ကို ရပ်စောင့်နေသော ဒေါ်ထရီဇာလှိုင်သည် နှုတ်ခမ်းလွှာတွေကို လျှာဖြင့်သပ်လျက်၊ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်လျက် ဝမ်းနည်းစိတ်ထိခိုက်မှုကို ကြိုးစားသိမ်းကွယ်လိုက်ဟန်ရှိသည်။

"အို ... နေနေ့ကို အိမ်ပြန်မခေါ်ပါဘူး။ ဒါဖြင့် နေနေ ဘယ်သွားမလဲ"

"မဝေတို့ အိမ်ကို ပြန်မှာ ..."

"မေမေနဲ့ အတူမလိုက်တော့ဘူးပေါ့ ..."

သူ ခဏတော့ တွေဝေသွားသည်။

"မေမေက ကျွန်တော့်ကို ပစ်ထားခဲ့ဦးမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မေမေ ပစ်မထားတော့ပါဘူး။ နေနေ့ အနားမှာ မေမေ အမြဲစောင့်ပေးမယ်လေ။ မေမေတို့ သား အမိနှစ်ယောက် အတူနေကြမယ်လေ ..."

"ဟင့်အင်း ... အဲဒီ အိမ်ကိုတော့ မပြန်ချင်ဘူး။ ဖေဖေက ကျွန်တော့်ကို ရိုက်ဦးမှာ။ ဖေဖေ့ဆီ ကျွန်တော် မလိုက်ဘူး၊ ဘယ်တော့မှ ပြန်မလိုက်ဘူး ..."

ဖြတ်သွားဖြတ်လာတွေက ဝေတို့ဘက် စောင်းငဲ့ကြည့်သွားကြသည်။ တချို့ကလည်း သိသိသာသာပင် ရပ်ပြီးစပ်စုသည်။ စပ်စုတတ်သည့် အကျင့်စရိုက်ကို နှာခေါင်းရှုံ့ချင်ပေမယ့် စုဝေ ကိုယ်တိုင်လည်း မိန်းမသဘာဝမို့ စပ်စုလိုသည့် စိတ်ကလေးက ရံဖန်ရံခါ ခေါင်းပြူထွက်တတ်သည်။

သည်တော့လည်း စပ်စုတတ်သူတွေကို ဝေ မသိဟန်ဆောင်ထားလိုက်နိုင်ပါသည်။

"ဒါဆိုလည်း ... စုဝေတို့ အိမ်ကိုပဲ သွားကြတာပေါ့နော်"

"မေမေပါ လိုက်မှာလား"

"လိုက်မှာပေါ့ ... မေမေ လိုက်ပို့မယ်လေ ... နော် သား"

ကလေးတစ်ယောက်လို ရွှင်မြူးသွားသည့် သူ့မျက်နှာကို မြင်လိုက်ရသည့် အန်တီထရီဇာ့ မျက်လုံးအိမ်မှာ ချက်ချင်းပဲ မျက်ရည်တွေ ပြည့်လာခဲ့သည်။

"မေမေ ... သားနဲ့အတူ လာနေမယ် ဆိုရင်ကော ..."

"တကယ်လား"

"တကယ် လာနေမယ် ဆိုရင် သား ဝမ်းသာမှာလား၊



သားနဲ့ မေမေ နှစ်ယောက်တည်း အိမ်လေးတစ်လုံးမှာ နေကြမယ်ကွာ ... ဘယ်လိုလဲ"

ကားတံခါးကို ဆွဲဖွင့်လိုက်ရင်း ကလေးတစ်ယောက်ကို ကျီစယ်နေသလို ဒေါ်ထရီဇာက ခပ်ပြုံးပြုံးပြောသည်၊ ဝေ့ရင်ထဲမှာတော့ ဘာကြောင့်ရယ်မသိ။ ကြည်နူးပီတိ စိတ်များဖြင့် ရင်တစ်ခုလုံး နွေးထွေးလာခဲ့သည်။


"ဒီ တစ်ညတော့ တို့ကို တည်းခွင့်ပေးဖို့ ဝေ့ မိဘတွေဆီမှာ ခွင့်တောင်းရမှာပဲ"

မေမေတို့တော့ ဝမ်းသာအားရ အလုပ်တွေ ရှုပ်ဦးတော့မှာပဲဟု ဝေက ကျေနပ်စွာ တွေးမိသည်။ သူကတော့ ဘာကိုမှ နားမလည်နိုင်သည့် အကြည့်မျိုးဖြင့် သူ့မိခင်ဆီ ငေးစိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

ဆေးတန်ခိုးဖြင့် မျက်ရောင်တွေပိတ်လျက် အိပ်မော ကျနေသည့် သားငယ်ကို ကြင်နာစွာ စိုက်ကြည့်နေသည့် မိခင် တစ်ယောက်၏ ရုပ်ပုံလွှာက ကျက်သရေ ရှိလှသည် ထင်မိ၏။ ဆံနွယ်အခွေလေးတွေ ပခုံးပေါ် ကပိုကရို ကျနေသည့် အလှသည် အသက်မဲ့နေသည့် အရုပ်တစ်ရုပ်သက်သက် မဟုတ်တော့ ...။ ရွှန်းစိုဝိုင်းစက်နေသော မျက်လုံးအစုံမှာ ကရုဏာရိပ်ဖြင့် နူးညံ့လျက် ဖိတ်လျှံကျတော့မတတ် အရောင်လက်နေခဲ့သည်။

ဘယ်လောက် လှပတင့်တယ်လိုက်သည့် ပန်းချီကား ပါလိမ့် ...။

ခြင်ထောင်ပါးပါးကလေး ချလိုက်ပြီးသည့်အခါ သူမက အခန်းဝမှာ ရပ်နေသည့် ဝေ့ကို ခပ်ဖွဖွ ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညင်သာသည့် ခြေလှမ်းများဖြင့် အခန်းဝသို့ လျှောက်လာသည်။

"ရေချမ်း ဘယ်မှာ အိပ်မလဲ"

"ဧည့်ခန်းထဲမှာ အိပ်လိမ့်မယ် အန်တီ ...။ လာ ... ရေနွေးလေး ဘာလေး သောက်ပါဦးလား"

"ဟင့်အင်း ... တို့ ရေနွေးမကြိုက်ဘူး။ မချို တို့ရော ..."

"ဆိုင်သိမ်းနေတယ် အန်တီ"

ဘုရားစင်ခြေရင်းက ပြတင်းပေါက်ဆီ ရောက်လာတော့ ပြတင်းပေါက်ဆီ သူမက ကိုယ်တစ်ပိုင်း ထွက်ကြည့်လိုက်သည် ...

"ဒီနေ့ ... လ,သာလို့ပါလား ... ထူးထူးခြားခြား ...။ လာ ... စုဝေ တို့တွေ လမ်းထွက်လျှောက်ရအောင်"

အို ...

ဘယ်အရာမဆို သူ့အလိုအတိုင်း ဖြစ်ရမည့် ယုံကြည်မှုမျိုးနှင့်ပါလား ...။

အောင့်သက်သက် ဖြစ်ရပေမယ့် ဝေ မငြင်းဆန်လိုက်မိချေ ...။



"ကျော်ခေါင်နဲ့ တို့ဟာ အရင်ကတည်းက ရန်ဘက်ပဲကွဲ့။ ကျော်ခေါင်က တို့ကို ရ,ဖို့ကြိုးစားခဲ့ဖူးတယ်။ တို့က ငြင်းလိုက်တော့ သူ သိပ်စိတ်ဆိုးသွားတယ်လေ ...။ သူက သိပ်မာနကြီးတဲ့ကောင်။ သူ့ကိုယ်သူ ဘဝင်မြင့်နေတဲ့ကောင်။ ကျော်ခေါင်ရဲ့အမေ တို့ယောက္ခမကြီးကတော့ တို့မေမေ ပိုင်ဆိုင်သမျှ ပစ္စည်းတွေကို မျက်စိကျနေတဲ့သူပေါ့ ...။ အဲလိုနဲ့ပဲ တို့အမေကို ကျလောက်အောင်ပေါင်းပြီး သူ့သားနဲ့ပေးစားဖို့ အတင်းစီစဉ်တော့တာပဲ ...။ တို့ကလည်း မေမေက အသည်းကင်ဆာနဲ့ ဆုံးတော့မယ့်ဆဲဆဲမှာ မေမေ့ဆန္ဒအတိုင်း သူ့ကို ယူခဲ့ရတယ်လေ ...

အဲဒီရက်တွေက စ,ပြီး တို့ဘဝဟာ ငရဲကျခဲ့တာပေါ့။ လောကကြီးမှာ တို့ အမုန်းဆုံးလူဟာ တို့ရဲ့ယောက်ျားပဲ ..."

နီမြန်းမြန်း ဖြစ်နေသော ပါးပြင် သွေးကြောမျှင်တွေ က်ဖြာနေသော မျက်အိမ်နှင့် တဆတ်ဆတ်တုန်ယင်နေသော

www.burmeseclassic.com

www.burmeseclassic.com



နှင်းခမ်းများဖြင့် စိတ်လှုပ်ရှားနေသည့် အမျိုးသမီးတစ်ယောက်၏ အသွင်သည် လ,ရောင်အောက်မှာ တစ်မျိုး စိုးထိတ်ဖွယ်ဖြစ်သည်။ သူမကို ကြည့်ရင်း ဝေ အလိုလို မောလာသည်။ သူမ၏ဘဝသည် လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော်ကတည်းက သေဆုံးပြီးခဲ့ပြီ ... တဲ့။ ဘယ်မျှ ကြောက်မက်ဖွယ် ကောင်းလိုက်ပါလိမ့် ...။

သည်နှစ်နှစ်ဆယ်ကျော် အတွင်းမှာ သူမတို့ဟာ သံယောဇဉ်ဆိုသည့် စကားသုံးလုံးကို အမှန်ပင် မေ့ထားခဲ့ကြသည်လား။ အမုန်းတွေ၊ အငြိုးအတေးတွေနှင့် စိတ်မချမ်းမြေ့ဖွယ် ဘဝကြီးကို ကျော်လွှားဖြတ်သန်းဖို့ မကြိုးစားခဲ့ကြတော့ဘူးလား ...။ ယောကျ်ားနှင့် မိန်းမ ဆိုသည့် အတူနေ ရင်းနှီးငြိတွယ်မှုတွေက သူတို့နှစ်ယောက်ရဲ့ အမုန်းတရားတွေ၊ မာနတွေ၊ အာဃာတတွေကို မဖျက်ဆီးပစ်နိုင်ဘူးတဲ့လား ...

ပြင်းထန်လှသည့် စိတ်အစွဲတွေက ကြောက်စရာပဲနော် ...။

"တို့ မေမေ ဆုံးပြီးတဲ့ နောက်မှာ သူတို့ဟာ တို့ပါတွေရဲ့ စည်းစိမ်ပုံကြီးကို သိမ်းပိုက်ဖို့ ကြိုးစားခဲ့တော့တာပါ။ သားအမိနှစ်ယောက်တည်း ဖေဖေ ရှာထားခဲ့သမျှနဲ့ ဘိုးဘွား အမွေအနှစ်တွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ စားနေရာက မေမေ ဆုံးသွားတော့မှ ဟိုလုပ်ငန်း ဒီလုပ်ငန်းနဲ့ လုပ်ငန်းတွေထောင်ဖို့ အကြောင်းပြပြီး တို့ဆီက ငွေတွေထွက်အောင် ဆွယ်တယ်လေ ...။ တို့ကလည်း သူတို့လုပ်ချင်တဲ့ လုပ်ငန်းမှန်သမျှကို တို့နာမည်နဲ့ပဲထားပြီး ကျော်ခေါင်းမှန်နေဂျာ သဘောလောက်ပဲ နေရာပေးထားတော့ သူ



တို့ကို လုံးဝမကျေနပ်ဘဲ သူ့ကိုယ်ပိုင် လုပ်ငန်းထောင်မယ် ဆိုပြီး ဖြစ်ရော ...။ တို့က ငွေထုတ်မပေးတော့ တို့လုပ်ငန်းက ရသမျှငွေတွေကို နည်းအမျိုးမျိုးနဲ့ လှည့်ထုတ်ပြီး အရက်သောက်တဲ့ လုပ်ငန်းကို လုပ်တော့တာပဲလေ ..."

နာကြည်းရိပ် လွှမ်းနေသော သူမ၏ မျက်ဝန်းတွေကိုလည်း မမြင်ချင်ပါ။

ခရေ လမ်းကလေးကတော့ လ,ရောင်အောက်မှာ ငြိမ်းချမ်းစွာ လှပနေခဲ့ပါသည်။ ခရေရနံ့ သင်းနေဆဲ ဖြစ်ပေမယ့် ခရေပွင့်တွေက အကြွေ နည်းသွားပြီ ...။ မကြာခင် ဆောင်းရက်တွေ ရောက်လာတော့မည် ...။

ဝေကတော့ ခရေပွင့်တွေ ကြွေသလောက် ကောက်ရဦးမှာပါပဲ ...။

"အိမ်ထောင်သက် နှစ်,နှစ်ကြာတော့ နေနေ့ကို ကိုယ်ဝန်ရတယ်။ သူက ... တို့ကို လော်မာတဲ့ မိန်းမလို့ စွပ်စွဲတယ်။ သူ့ကလေး မဟုတ်ဘူးလို့ အရက်မူးမူးနဲ့ ပေါက်ကရတွေ လျှောက်ပြောတယ် ...။ အမှန်ပြောရရင် ကိုယ်ဝန်မရအောင် သတိထားနေတဲ့ကြားက သူနဲ့ ကလေးတစ်ယောက် အဖတ်တင်ခဲ့ရတာကို တို့က စိတ်ဆင်းရဲပြီး သူ့ကို မုန်းသလို ကလေးကိုပါ မုန်းနေခဲ့တာ။ ဒီကလေးကို လုံးဝ မမွေးချင်ခဲ့ဘူးလေ ...။

အဲလို မမွေးချင်ဘဲ ကလေးရ,ခဲ့တာကို စိတ်ဘုန်နေတဲ့ကြားက သူက တို့ကို ပေါက်ကရတွေ လျှောက်စွပ်စွဲတော့ သူ့ကိုယ်ထဲက ... ပါ,နေတဲ့ အဲဒီကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ရောပြီး စိတ်နာခဲ့တော့တာပဲ။ ဒါကြောင့် ကလေးမွေးပြီးကတည်းက ..., ကလေးကို မခင်တွယ်မိအောင် အထိန်းနဲ့ပဲ ပစ်ထားခဲ့တယ်။ ကလေးဟာ သူ့အဘွားနဲ့ ကလေးထိန်းရဲ့ လက်ထဲမှာပဲ ကြီးရရှာတာ ...။ ဒါပေမယ့် နေနေဟာ ငယ်ငယ်ကတည်းက သိပ်ချစ်စရာ ကောင်းပါတယ်။ မိခင်နို့ မစို့ခဲ့ရတော့ အမေကိုလည်း သိပ်မကပ်ဘူး ...။ သိပ်လည်း မတွယ်ဘူး ...။ အဲလိုနဲ့ပဲ ဘာသိဘာသာ နေလိုက်ရာကနေ ကျောင်းတက်တော့ သူငယ်ချင်းတွေရဲ့မိဘတွေနဲ့ ကိုယ့်မိဘရဲ့ အနေအထား ကွာဟနေတာကို တွေ့လာတယ် ထင်ပါရဲ့။ အမေ အဖေနဲ့ ရုပ်ရှင်သွားချင်တာတို့ ပစ်ကနစ် ထွက်ချင်တာတို့ ကလေးက ပူဆာလာတယ် ...

တို့ကလည်း အဲလို ပြောလေ သူ့ကို မုန်းလေပဲ။ သူ့အဖေကလည်း မူးလာရင် ကလေးကို ငါ့သားမဟုတ်ဘူး ဘာညာပြောပြီး ရိုက်နှက် ...။ အမူးပြေတော့ သူ့ဘာသာသူ ထွက်ပေါက်ရှာ၊ မိန်းမတွေနဲ့ ပျော်ပါး ... မိန်းကလေးငယ်ငယ်တွေနဲ့ ရည်းစားလိုလို အပျော်မယားလိုလို တွဲပြပြီး တို့ သဝန်တိုလာအောင် လုပ်တယ် ထင်ပါရဲ့ ...။

တို့ကလည်း သူ့ကို တစ်စက်ကလေးမှ ကြည့်မရ ခဲ့တာ ဆိုတော့ ... သူ့ဘာသာ ဘာဖြစ်ဖြစ်ပေါ့။ နေနေ ဆယ်နှစ်သားမှာ ကွာရှင်းဖို့ တို့ ပြောပေမယ့် သူက လုံး ကွာရှင်းမပေးခဲ့ဘူး။ တစ်သက်လုံးလည်း ကွာရှင်းပေးမှာ မဟုတ်ပါဘူးလေ ...။ တို့ရဲ့ ဘိုးဘွားပိုင် အိမ်ကြီးပေါ်မှာ တို့ပိုင်ဆိုင်တဲ့ အမွေအနှစ်တွေနဲ့ တို့ရှာသမျှ ပိုက်ဆံ



ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘဲ ထိုင်ဖြုန်းနေနိုင်တဲ့ အခွင့်အရေးမျိုး သူ ဘယ်မှာ ရမလဲ ...

တို့ကို အရွဲ့တိုက်ပြီး ... အိမ်က စီးပွားရေးလုပ်ငန်းမှာ ဘာတစ်ခုမှ ဝင်မလုပ်တော့ဘူး ...။ ဆယ်နှစ်လောက် အိမ်ထောင်သက် ကြာလာတဲ့အချိန်မှာ အစ,ပိုင်းက မေမေ့ဆန္ဒမို့ လိုက်လျောခဲ့ရပြီး အိမ်ထောင်ရှင် မိန်းမတစ်ယောက်မို့ ကြိုးစားသည်းခံခဲ့ရာက သည်းခံနေရတာကို ကိုယ့်ကိုယ်တိုင် မနှစ်မြို့နိုင်တော့ဘူးလေ ...။

အဲဒါကြောင့် အားလုံးကို အရွဲ့တိုက်ခဲ့တယ်။ အလုပ်ထဲမှာ စိတ်ကိုမြှုပ်ထားဖို့ ကြိုးစားတယ်။ အလုပ်ချိန်ကပြီးရင် ရုပ်ရှင်ကြည့်တယ်၊ ဈေးထွက်ဝယ်တယ်။ တစ်ခါတလေ အဖွဲ့ကောင်းရင် ညဥ့်နက်တဲ့ အထိတောင် တွေ့ဆုံဖြစ်လိုက်ကြသေးတယ် ...။

နေနေဟာ မြေစာပင်ပေါ့ကွယ်။ ဒါကို သိရက်နဲ့ တို့ ကျိတ်မှိတ်နေခဲ့တာ ... ဖွတ် ဥပေက္ခာပြုထားခဲ့တာ ... တို့လောက် နာကြည်းစရာကောင်းတဲ့ အမေမျိုး ရှိပါဦးမလား။ ဒါကြောင့် နေနေဟာ တို့ကို မခင်တွယ်တော့တာ ... မချစ်တော့တာပေါ့ ...။

မုန်းတောင် မုန်းနေနိုင်တာပေါ့နော် ...”

“ဟင့်အင်း ... နေနေက အန်တီ့ကို တကယ် မမုန်းပါဘူး။ တကယ်တော့ မိခင်ရဲ့မေတ္တာကို သူ့ခမျာ အရူးအမူး လိုချင်ရှာတာပါ ...။ အဖေနဲ့အမေကို သူ ဒါကြောင့် အစားထိုးပြီး တွယ်တာနေတာပေါ့ အန်တီ ...”

www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေ ရုတ်တရက် တိတ်ဆိတ်သွားသည်။ ပုစဉ်းရင်ကွဲ အော်သံတွေက ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းထားခဲ့၏။ ညဉ့်ဆိုပေမယ့် လ,ရောင်ဖြာကျနေသည်မို့ ခရေပင်အုပ်အုပ်တွေကြားက လမ်းကလေးသည်ပင် လ၏အလင်းရောင်မှုန်ပျပျ ကျနေခဲ့သည်။ ကွေ့ကောက်သွားသည့် လမ်းကလေးပေါ်မှာ လျှောက်ရင်း မိုးဖြောက်ဖြောက်ကျသည့် ညမှာ ပူပန်စိုးထိတ်စွာ လူပျောက်ရှာခဲ့ရတာကို သတိရသည်။ သူနှင့် နံနက်စောစောပန်းကောက်ကြသည့် ပုံရိပ်တွေကို ပြန်မြင်ယောင်သည်။

မိုးသည်းသည်းမှာ သူ့အလိုလိုက်ပြီး ခရေပင်တွေအောက် ရောက်ခဲ့ရတာရော ... ,

သြော် ...

ဝေးသွားရလျှင် ကြေကွဲအောက်မေ့ရမည့် အမှတ်တရတွေပါလား ...

"စဝေကိုလည်း သူ ... အတော်တွယ်တာပုံ ရတယ်"

မျက်နှာပြင်မှာ ဖြန်းခနဲ ပူနွေးသွားပြီး ရင်ခုန်သံဒိတ်ခနဲ ဆောင့်တိုးသည်။

"ဝေ ကတော့ ... ရေချမ်းလိုပဲ သူ့ကို ငေါက်လည်းငေါက် အလိုလည်း လိုက်တာမို့ ..."

"ဒါပေမယ့် ... ဒီထက် မကဘူး ထင်တာပဲ"

"ရှင်"

သူမ နှုတ်ခမ်းတွေ ပြုံးတုံ့တုံ့နှင့် မျက်လုံးကတော့ အဝေးဆီ ငေးနေခဲ့ပါသည်။

"နေနေက မိန်းကလေးတွေနဲ့ မရင်းနှီးတတ်ဘူးကွယ့်။



သက်တူရွယ်တူ မိန်းကလေးသူငယ်ချင်းရယ်လို့ မရှိဘူး။ ကျောင်းမှာလည်း သူက တစ်ယောက်တည်းနေတာ။ အဲဒါကြောင့် တို့ ထင်တာ သူဟာ တစ်သက်လုံး အထီးကျန်ဘဝနဲ့ ဒီဝေဒနာဆိုးကြီးနဲ့ ...

အမြဲတမ်းများ နေရမလားလို့ ...။ ခုတော့ ... သူ ဝေ့ကို တွယ်တာနေတယ်လို့ တို့ထင်တယ် ...။ တို့ပြောတာ နားလည်လား ...။ အရွယ်ရောက်နေတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ သဘာဝကျတဲ့ နှလုံးသား ခံစားမှု၊ အဲလိုမျိုး လှုံ့ဆော်တဲ့ စိတ်မျိုးနဲ့ ... စဝေကို ချစ်နေတယ်လို့ တို့ထင်တယ်"

"ဟာ ... အန်တီ။ မဟုတ် ... မဟုတ် ..."

"ဟေ့ ...။ စဝေဟာ ပွင့်လင်းတဲ့ ဟန်မဆောင်တတ်တဲ့ မိန်းကလေးလို့ တို့ ယူဆထားတာနော်။ စဝေရော အဲဒီလို ခံစားရသလား။ သူ့စိတ်ထဲမှာ အဲဒီလို ရှိလိမ့်မယ်လို့ ထင်သလား"

"ဟင့်အင်း ..., ဝေ မပြောတတ်ဘူး။ ဝေ့အပေါ် သူ ချစ်တယ်ဆိုတာ မောင်နှမလို အချစ်မျိုးနဲ့ပဲလား ... အဲလို မဟုတ်ဘူးလား ... ဆိုတာ ..."

[မဝေကို ကျွန်တော် ချစ်တာကလေ အဓိပ္ပာယ်တွေ အများကြီးပဲ ...။ ချစ်တယ် ... လို့ နှစ်လုံးတည်း ပြောလို့ မရဘူး။ တွယ်တာတယ် လေးစားတယ် အားကိုးတယ် အထင်လည်းကြီးတယ် ... ပြီးတော့ မြတ်နိုးတာရော ... တန်ဖိုးထားတာရော ...]

www.burmeseclassic.com

www.burmeseclassic.com



မိုးည တစ်ညက သူ့စကားသံတွေ ပြန်လည်နိုးကပ်လာခဲ့သည်။ သည်တုန်းကတော့ တသိမ့်သိမ့် ရင်ခုန်ခဲ့ပေမယ့် မယုံမရဲ ရှိနေခဲ့တာနော် ...။

ဘာကြောင့်များ သည်လို မေးခွန်းတွေ မေးနေတာပါလိမ့်။

မိခင် တစ်ယောက် သားရှင် တစ်ယောက် အနေနဲ့ ...'

"အဲဒီလို ဆိုရင်လည်း သူ့အတွက် ကောင်းတာပဲ၊ သူဟာ အထီးကျန် မဖြစ်တော့ဘူးပေါ့။ နွေးထွေးတဲ့ မိသားစုလေးထဲမှာ သူဟာ အနည်းဆုံးတော့ ဂရုစိုက်ပေးမှုနဲ့ အချစ်ဆိုတာကို ရနိုင်တာပဲပေါ့ ...။ အဲလိုဆိုရင် ..."

"အန်တီ ..."

ဝေတို့ နှစ်ယောက်လုံး အထိတ်တလန့် ဖြစ်သွားခဲ့ကြသည်။ နှေးကွေးလှသော ခြေလှမ်းတွေကို သူမ ရုတ်ခနဲ ရပ်ပစ်လိုက်ပြီး ဝေ့လက်ဖဝါးကို လှမ်းဆုပ်ကိုင်လျက် ဝေ့မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်နေ၏။ သူမမျက်ဝန်းထဲမှာ ကြေကွဲရိပ်ဖြင့် မျက်ရည်တွေ ချက်ချင်း စိမ့်အိုင်လာခဲ့ပါသည်။

"ဆောရီးပဲနော် ... ဖြစ်ချင်တာတွေ လျှောက်ပြောနေမိတယ်။ အေးပေါ့လေ ... သူဟာ ပုံမှန်မဟုတ်ဘူးဆိုတော့လည်း မိန်းကလေးတစ်ယောက်အတွက်တော့ ..."

"ဟာ ... အန်တီ အဲဒီလို မပြောပါနဲ့ ...။ ဝေ့စိတ်ထဲမှာ အဲလို အတွေးမျိုး မရှိဘူး ...။ နေနေဟာ ... ဝေဒနာသည် တစ်ယောက် ဆိုပေမယ့် သိပ်တန်ဖိုးရှိတဲ့ လူငယ်တစ်ယောက်



ပါ။ သူ့စိတ်တွေ ပုံမှန်ဖြစ်သွားမယ် ဆိုရင် သူ့အတွက် ထိုက်တန်တဲ့ အိမ်ထောင်ဘက်ဆိုတာ မရှားပါဘူး အန်တီ။ ဝေတို့က လက်လုပ်လက်စားတွေပါ။ ဈေးသည်လို့ ပြောရင်လည်း ရပါတယ် ...။ ဝေတို့ဟာ အန်တီတို့ အနေအထားထက် အဆ,ပေါင်းများစွာ နိမ့်ကျပါတယ် ..."

"ဟို ... တို့ကိုများ စိတ်ဆိုးသွားသလား"

ဝေသည် စိတ်ရှုပ်ထွေးလာပြီး ခေါင်းကိုမော့လျက် ခပ်ကျယ်ကျယ် ရယ်မောပစ်လိုက်မိလေသည်။

"စိတ်မဆိုးပါဘူး ... အန်တီ။ ဝေ အံ့သြသွားတာပါ။ အန်တီက တကယ် ပွင့်လင်းတယ်နော်။ ပြီးတော့ ... လူငယ် သိပ်ဆန်တာပဲ ..."

"တို့ကို မရင့်ကျက်ဘူး လူကြီးမဆန်ဘူးလို့ ပြောချင်တာပေါ့လေ"

မကျေမနပ် ... ဟု ဝေက ထင်ပေမယ့် သူမက ရယ်မောနေခဲ့ပါသည်။

"လူကြီးမဆန်ဘူးဆိုလည်း ဘာဖြစ်သလဲနော် ...။ လူကြီးတွေဆိုတာ အရာရာမှာ မျိုသိပ်ဟန်ဆောင်နေရတာ မဟုတ်ဘူးလား အန်တီ။ လူကြီးတွေဆိုတာ ပွင့်လင်းရိုးသားခွင့်တွေကို အလိုလို ဆုံးရှုံးနေရတဲ့ သူတွေ မဟုတ်ဘူးလား။ ဝေကတော့ ... အန်တီ့ပုံစံကို သဘောကျပါတယ် ... ဒါပေမယ့် ... နေနေ့ အတွက်တော့ သူ့အမေဟာ Hero (သူရဲကောင်း)တစ်ယောက် ဖြစ်စေချင်မိတာပဲ"

စီးကရက်မီးခိုးတွေ သီးမတတ် သူမက အဆက်မ

www.burmeseclassic.com

www.burmeseclassic.com



ပြတ် ရယ်မောနေခဲ့သည်။ နောက်ကြောင်းပြန်လှည့်ဖို့ အချိန်သင့်ပြီဟု ဝေ က ထင်မိ၏။

သူမက ဝေ့ကို ငေးစိုက်လျက် ရယ်ရင်းပင် ...

"စုဝေ ... မင်းဟာ သိပ်သဘောကျဖို့ ကောင်းတာပဲ ..."

တဲ့ ...။



"ဟောတော် ... မောင်မင်းကြီးသား"

"ဟာ ... ကျွန်တော့်နာမည် မောင်မြဖေ မဟုတ်ပါဘူး မဝေရဲ့"

သူ့စကားကြောင့် ဝေ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ဆရာမင်းသိင်္ခ၏ ဝတ္ထုခေါင်းစဉ်ကို သတိရသည်။ လန်းဆန်းသော အပြုံးတစ်ခု ခိုတွယ်နေသော နှုတ်ခမ်းလွှာများသည် ပန်းရောင် ခပ်ဖျော့ဖျော့ပေမယ့် စိုစွတ်နေ၏။ ဆံပင်တွေက မှယောင်းယောင်းနှင့် ရှည်လျားနေပြီမို့ ချောင်ကျသွားသော မျက်နှာကို ညှင်းသိုးသိုး ဖြစ်နေစေသည်။ အမြဲသပ်ရပ်သန့်ရှင်းနေသည့် သူ့ပုံစံသည် သည်ကာလတွေမှာ အနည်းငယ် တိမ်းစောင်းခဲ့ပြီ။

"စောစောစီးစီး ဟံခါးဝမှာ ဘာထိုင်လုပ်နေတာလဲ နေ့နေရယ်။ ရာသီက အေးလာပြီနော် ... နာလန်ထ,လေးရဲ့ ...။ ကျန်းမာရေးကဖြင့် ကောင်းတာမဟုတ်ဘဲနဲ့ ...။ မနေ့က သူနိုးမှာစိုးလို့ ဧည့်ခန်းတံခါးတောင် မဖွင့်ဘဲ မီးဖိုထဲက ပတ်လာတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သိနေတယ်လေ ... ကျွန်တော်ကလည်း မဝေ နိုးမယ့် အချိန်ကို နားစွင့်နေတာ"

"ညက မအိပ်ဘူးပေါ့"

"အိပ်ပါတယ် ...။ အစောကြီး နိုးနေတာပဲ။ ဘုန်ကြီးကျောင်းက တုံးခေါက်သံ ကြားတယ်။ အဲဒီကတည်းက နိုးနေတာ"

"ဟုတ်လား ... အဲဒါကြောင့် အိပ်ရေးတွေပျက်ပြီး မျက်နှာတွေ ချောင်ကျနေတာပေါ့။ မင်း မေမေ ပြန်လာရင်တော့ မဝေ တို့ကို ပြောတော့မှာ"

"မပြောပါဘူးဗျာ ... မေမေက အဲလောက်ကြီးလည်း ဂရုတစိုက် ရှိတာ မဟုတ်ပါဘူး။ ပြန်လာချင်မှလည်း လာမှာပါ"

"နေနေ"

"ဗျာ"

သူက ရယ်ကျဲကျဲ မျက်နှာဖြင့် လေကားထက်က အပြေးတစ်ပိုင်း ဆင်းလာသည်။

"ကိုယ့်အမေကို ဒီလိုမပြောပါနဲ့ကွယ် ...။ သူက မင်းကို ချစ်ပါတယ်။ သူ့မှာ စိတ်ဆင်းရဲစရာတွေ နာကြည်းစရာတွေ များလွန်းလို့ သူ့စိတ်ကို သူ့ကိုယ်သူ မဝေခွဲတတ်အောင် ဖြစ်နေတာပါ"

"ဟုတ်မှာပါ ... ဟုတ်မှာပါ ... ကျွန်တော်တို့ ပန်းသွားကောက်ရအောင် နော်"

"မဝေ ... ဒီနေ့ ဈေးဝယ်ရမှာ"



"ဒါဆို ... ကျွန်တော် စက်ဘီးနဲ့ လိုက်ပို့မယ်လေ နော်"

"ဟင့်အင်း ... လိုက်မပို့နဲ့။ နေနေ့ကို မဝေက ပြန်ပြီး စိတ်ပူနေရဦးမယ်။ တော်ကြာ လူတွေကြားထဲ ပျောက်သွားလို့ ဘယ်လိုက်ရှာရမှန်းမသိ ဖြစ်နေဦးမယ်"

"ဟာ ... အဲလောက်ကြီးလည်း မဟုတ်ပါဘူး မဝေရာ။ လိုက်ခဲ့မယ်နော်။ မဝေ ဈေးဝယ်တော့ ကျွန်တော် နောက်က ခြင်းတောင်းလိုက်ဆွဲပေးမှာပေါ့ ..."

"မင်းဟာလေ ... ဇွတ်တရွတ်ကြီးပဲ ...။ လိုက်ချင်လည်း လိုက်ခဲ့ အပြန်ကျ ဆံပင်ညှပ်ရမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စက်ဘီးထားသည့် မီးဖိုချောင်ဘက် သူက ခြေလှမ်းသွက်သွက် ထွက်သွားသည်။ ခရေရနံ့လေး သင်းနေဆဲ ခရေပင်အောက်ဆီ ဝေ ခပ်ဖြည်းဖြည်း လျှောက်ခဲ့၏။ ခြံဝင်းအတွင်းဘက်မှာပင် ခရေပွင့်ကလေးတွေ ပြန့်ကြဲလို့နေသည်။ ကောင်းကင်သည်လည်း မိုးရိပ်ကင်းစင် ကြည်လင်နေခဲ့ပြီ။ မိုးသည်းသည်းမှာ လမ်းလျှောက်ချင်တတ်သည့် ကောင်လေးအတွက်တော့ သူ့ဝေဒနာတွေကို ရင်ဖွင့်တိုင်တည်ဖို့ မိုးရေစက်ကလေးတွေက ရောက်မလာတော့ဘူးပေါ့ ။

မရောရာလှသည့် အခြေအနေတစ်ခုကို မျှော်ကြည့်တိုင်း ဝေ စိတ်မောရသည်။ ထိခိုက်ကွဲရှလွယ်သည့် တန်ဖိုးကြီးပစ္စည်းတစ်ခုကို အပ်ထားခံရသလိုပါပဲ ...။

အဓိပ္ပာယ် ရှိလှသည့်လို့လည်း မထင် ...။

သူ့ဝေဒနာ လုံးဝပျောက်ဖို့ မျှော်လင့်ချက် ...

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ် ချမ်းသာပျော်ရွှင်ဖို့ မျှော်လင့်ချက် ...
အဲဒါတွေဟာ အရာထင်လာပါ့မလား ...။

"မဝေ"

လည်ကုပ်အစပ်ဆီမှာ ခပ်နွေးနွေး လေနုနုကလေး ဖြတ်သွားသည်။ ရုတ်တရက် မြန်ဆန်လာသည့် ရင်ခုန်သံဖြင့် ဝေ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

"ဘာတွေ စဉ်းစားနေတာလဲ ...။ ကျွန်တော် ရောက်နေတာ ကြာလှပြီ"

"လန့်လိုက်တာ နေနေရယ်"

"စိတ်ကူးတွေ ယဉ်နေတာကိုး"

"သွားစမ်းပါ ... ဘာစိတ်ကူးယဉ် ရမှာလဲ"

"စိတ်ကူးယဉ်စရာတွေ ရှိချင် ရှိနေမှာလေ ... ဟိုလို ဒီလို ပေါ့ ..."

စက်ဘီးကို ဝေ့နံဘေးက ဖြတ်တွန်းသွားပြီး ခရေပင်အောက်မှာ ဒေါက်ထောက်ရပ်သည်။ ကြိမ်ခြင်းကြီးကို ကယ်ရီယာမှာ ပလတ်စတစ်ကြိုးဖြင့် ချည်ထား၏။

"ကျုပ်က ဘယ်မှာ ထိုင်ရမှာတုန်း"

ဝေက အသံခပ်မာမာဖြင့် မျက်ခုံးကြုတ်ကြည့်လျက် မေးလိုက်သည်။

"ဘားတန်းမှာ ထိုင်ပေါ့"

ဟု သူကလည်း ခပ်တည်တည် ဖြေ၏။ ဝေတို့ စက်ဘီးက ရယ်လေးစက်ဘီး ပုံဟောင်းကြီးမို့ မြင့်လည်းမြင့် ကြီးလည်းကြီးသည်။ ကယ်ရီယာ အပြားကြီးကြီးနှင့် ဘားတန်းပ



သည်။ များသောအားဖြင့် ဆိုက်ကားတပ်သော စက်ဘီးမျိုးဖြစ်သည်၊

"မထိုင်ချင်ဘူး ကျဉ်းကျဉ်းကျပ်ကျပ်နဲ့"

"ချွေးစော် မနံပါဘူးဗျ ... မယုံရင် နမ်းကြည့်ပါလား"

သူက ဝေ့ မျက်နှာနား ကိုယ်ကို ကိုင်းလာတော့ ဝေ ကမန်းကတန်း မျက်နှာလွှဲလိုက်ရသည်။

"ဟဲ့ ... ကောင်လေး"

"ကျွန်တော့် ရင်ခွင်ထဲ မလိုက်ချင်ဘူးပေါ့"

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ကျွန်တော့်ကို မချစ်ဘူးပေါ့"

"နေနေ"

"ဟိုတစ်ခေါက်ကပြောတော့ ကျွန်တော့်ကို ချစ်တယ်ဆို"

"ဟေး ... ဘာတွေ လျှောက်ပြောနေတာလဲ ...။ လာ ... လာ ... ဈေးသွားမယ်။ နောက်ကျနေလိမ့်မယ်"

ဝေ့ နှုတ်ခမ်းတွေ ပါးပြင်တွေပေါ် အကောင်သေးသေးလေးတွေ တရွရွတက်လာသလို စပ်ဖျဉ်းဖျဉ်း ပူနွေးလာပြီး လက်ဖျား ခြေဖျားတွေ အေးစက်လာသလိုပင် ...။ သည်လို မအူမလည် ရည်းစားစကား ပြောဟာမျိုးလည်း တစ်ခါမှ မကြုံခဲ့ဖူးပါဘဲ ... အကြိမ်ပေါင်းများစွာ ရည်းစားစာပေး၊ စကားလိုက်ပြောဆိုတာမျိုးတွေ တုန်းကတောင်လည်း ခုလို ရင်ခုန်လှုပ်ရှားတာမျိုး မဖြစ်ခဲ့ရ ...။ အတွေ့အကြုံ နုနယ်သေးသည့် ဆယ့်ကျော်သက် ကလေးလည်း မဟုတ်ပါဘဲ သည်ကောင်လေး၏ လူလည်ကျလှ

www.burmeseclassic.com

www.burmeseclassic.com



သည့် ချစ်စကားလား ... လူပျိုစကားလား ... ဒါမှမဟုတ် ... ဘယ်လိုအဓိပ္ပာယ်မှန်း မရေရာလှသည့် စကားတစ်ခွန်းမှာ တုန်လှုပ်ပျော်ဝင် ချင်မိတာ ...။

နီးစပ်မှု ... ဆိုတာကြောင့်လား ...

ဟင့်အင်း ...

မဟုတ်ရပါဘူးနော် ...။

သည်လို မခိုင်မာသည့် အချစ်မျိုးကို ဝေ ကိုယ်တိုင် ဘယ်တုန်းကမှ အထင်ကြီးခဲ့သည် မဟုတ်။

သူ့ရှေ့က ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခဲ့သည်။ သူက စက်ဘီးကို တွန်းရင်း ဝေ့နံဘေး ဖြတ်ခနဲဆို ရောက်လာခဲ့၏။

"မဝေ ... စက်ဘီးပေါ်တက်လေ"

"မတက်ဘူး"

ဘာကြောင့် ငြင်းမိသည်မှန်း ကိုယ့်ကိုယ်ကိုပင် မသေချာပါ။ သည်လောက်ထိ ထူပူ ရှက်ရွံ့နေဖို့ မလိုအပ်ဘူးဟု ကိုယ့်ကိုယ်ကို ဆင်ခြင်နိုင်စွမ်းတွေလည်း မရှိတော့ပါ။

"တက်ပါဗျာ စိတ်ဆိုးနေတာလား။ ချစ်တယ် ပြောတာ စိတ်ဆိုးစရာလား။ ချစ်လို့ပဲ ချစ်တယ်လို့ ပြောတာပဲ"

"မင်း ... တော်တော့ကွာ ပေါက်ကရတွေ လျှောက်ပြော မနေနဲ့။ ရှက်စရာကြီး"

"မရှက်ပါဘူး ...။ ပေါက်ကရလည်း မဟုတ်ဘူး။ မဝေကို ချစ်တယ် မဝေကိုချစ်တယ် ...။ မဝေကို ကျွန်တော်အရမ်း ချစ်တယ်ဗျို့"



"အံမယ်လေး ... ဒုက္ခပါပဲ"

တကယ့်ကို ဗရုတ်သုတ်ခ ကောင်လေးပါပဲ ...

ဝေ သူ့နားရွက်ကို အတင်းဆွဲလိမ်ပြီး ပါးစပ်ကို အတင်းအုပ်ထားလိုက်သည့် ကြားကနေ ပလုံးပထွေး အသံပြကြီးနှင့် အော်ဖို့ ကြိုးစားသေးသည်။

"တော်ပါဟဲ့ ... နေနေရယ် ... မဝေ တောင်းပန်ပါတယ်"

စက်ဘီးတစ်စီးနှင့် ဝေတို့နှစ်ယောက် ခရေပင်တွေအောက်မှာ ပလုံးပထွေး ဖြစ်နေတာကို နံနက်စောစော လင်းအားကြီးမို့ လှောင်ရယ် ရယ်မည့်သူ မရှိတာ တော်သေးရဲ့ ... ဟု အောက်မေ့ရသည်။ ဝေ့မှာဖြင့် ခြေတွေ လက်တွေ အေးစက်ပြီး အော်ငိုချပစ်ချင်လောက်အောင် စိတ်ညစ် စိတ်ရှုပ်ပြီး ရယ်လည်း ရယ်ချင် ရင်တွေပေည်း ခုန် ...

သူကလည်း လက်တစ်ဖက်က စက်ဘီးကို ထိန်းအားရင်း ကျန်တစ်ဖက်ဖြင့် သူ့ပါးစပ်ပေါ် အုပ်ထားသည့် ဝေ့လက်ကို ဆွဲဖယ်ဖို့ ကြိုးစားသည်။ စောစောစီးစီး ဝေ့ တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနစ်နေတော့သည်။

"မအော်ရဘူးနော် နေနေ။ မအော်ရင် လွှတ်မယ်"

ကြောက်ကြောက်လန့်လန့်နှင့် ပြောသာပြောရသည်။ သူ့အင်အားကိုလည်း မယှဉ်နိုင်တာမို့ လက်ကလျှော့ပေးလိုက်ပြီ။

"မအော်ရရင် တိုးတိုးလေးပြောမယ်။ မဝေ နားရွက်လိမ်ဆွဲတာ တအားနာတာပဲ။ ဆရာမလုပ်ဖို့ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မင်းက တကယ်အော်တာကိုး ..."

"မအော်ပါဘူးဗျာ လူကိုများ ... အရူးထင်နေလား မသိဘူး။ ကဲ စက်ဘီးပေါ် တက်တော့ ... ဈေးနောက်ကျနေမယ်"

အံမယ် ဒီလိုတော့လည်း လိမ္မာသားပဲ"

"ချစ်တာကိုးဗျ"

"ဝေ ဒ်ပြီ"

ဟု နောက်ထပ် အထွန့်မတက်ရဲတော့ဘဲ စက်ဘီးရှေ့ ဘားတန်းပေါ် တက်ထိုင်လိုက်သည်။ စက်ဘီးအရှိန်ရအောင် အနည်းငယ် တွန်းလိုက်ပြီး သူ လွှားခနဲ စက်ဘီးပေါ် ခုန်တက်လိုက်၏။ ဝေကတော့ ခုထိ ရင်တဆတ်ဆတ် ခုန်ဆဲရှိသည်။

ပြီးတော့ ...

ပျော်သလိုလိုပဲ နော် ...။

"ကဲ ... ဘာတတ်နိုင်သေးလဲ။ ခုချိန်မှာ ကျွန်တော် ဘာ လုပ်မယ် ထင်လဲ"

"နေနေ"

ဝေ့ အသံတွေ တုန်ခါနေတာကို သူ သတိထားမိသွားပြီး ကိုယ့်ကိုကိုင်းလျက် အားစိုက်နင်းရင်း ဟက်ဟက်ပက်ပက် ရယ်နေပါတော့သည်။

တော်တော်ဆိုးတဲ့ ကောင်လေး ...။

"စ,တာပါဗျာ ...။ လန့်သွားတယ် ထင်တယ်။ အသံတွေ တောင် တုန်လို့ ...။ ကိုယ့်ရည်းစားလေး စိတ်ညစ်အောင် ဘယ်သူက လုပ်မှာလဲ"

"အံမယ် ... ဘယ်သူလဲ ... မင်း ရည်းစား"



"ဂျစ်ကန်ကန် မပြောနဲ့နော် ... လက်ရှိ အခြေအနေကို သဘောပေါက် ..."

ဝေ အတော့်ကို အသည်းယားလာပြီး သူ့နှာတံထိပ် လုံးလုံးလေးကို ဖျစ်ညှစ်ဆွဲခါလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... နေနေ။ ရပ် , ရပ်ဦး"

"ဟင် ဘာလဲ ဘာလဲ"

လိမ်းထိပ်မရောက်ခင်မှာ ထိတ်ထိတ်ပျာပျာဖြင့် ဝေပြောတော့ သူက အရှိန်ရနေသည့် စက်ဘီးကို ကြိုးစားထိန်းပြီး ရပ်လိုက်သည်။

"ပိုက်ဆံအိတ် မေ့ကျန်ခဲ့ပြီ"

"ဟာ"

"အဲဒါ သူ့ကြောင့်ပေါ့။ ကြောက်ပြီး ရင်တုန်နေရတာနဲ့ပဲ"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အတောမသတ်နိုင်အောင် ရယ်မိကြသည်။




# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၀)

တစ်ပတ် နှစ်ပတ်လောက် ပျောက်နေခဲ့ပြီးမှ သူ့မိခင်ကို ပြန်တွေ့ရတော့ နေနေ အံ့သြနေပုံရပြီး သိသိသာသာ ဝမ်းသာပျော်ရွှင်နေသည်။ ဆေးရုံက ဆင်းခဲ့ရပြီး တစ်ရက် နှစ်ရက်မှာ တစ်ယောက်တည်း ငေးငိုင်တွေဝေနေခဲ့ပေမယ့် ရေချမ်းနှင့်ဝေက အဆက်မပြတ် အကြောင်းအရာ တစ်ခုမဟုတ် တစ်ခု ရှာဖွေပြီး သူ့ကို စကားဝိုင်းထဲ ရောက်လာအောင်၊ အခန်းထဲက အပြင်ထွက်လာအောင် ဆွဲဆောင်စည်းရုံးနေခဲ့သည်မို့ အချိန်တိုတိုအတွင်းမှာပင် ပုံမှန်အနေအထား ဖြစ်လာခဲ့သည်။ အဲသည် အချိန်ကာလမှာ သူ့အပေါ် အလျင်ကနှင့်မတူ ထူးခြားပြောင်းလဲပြီး ကြင်နာယုယလာသော မိခင်ဖြစ်သူနှင့် တရင်းတနှီး နေခွင့်ရပြန်တော့ သူ့မျက်နှာက ပြာနှမ်းနှမ်း မှုန်ကုပ်ကုပ် ဖြစ်မနေဘဲ လှုငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ နှပျိုတက်ကြွမှုမျိုးနှင့် ကြည်လင်လန်းဆန်းနေတော့သည်။

"သူတို့ အဖြစ်ကလည်း ဝဋ်ကြွေးကြီးလိုက်တာနော်။ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်မိသားစုနဲ့ နေနိုင်ရက်နဲ့ ဒီမှာလာပြီး ခိုးတွေ့နေရသလိုပဲ"

ဝေတို့ မိသားစုတတွေ ဆိုင်ထဲမှာ ဆုံဖြစ်ကြတော့ မေမေက သည်လို ညည်းညူပါသည်။ ဝေကတော့ ဘယ်လိုပဲဖြစ်ဖြစ် သူ စိတ်ကြည်လင် ချမ်းမြေ့နေလျှင် ကျေနပ်ပြီ။ သူ့ဝေဒနာတွေ အမြန်ဆုံး ပျောက်ကင်းပြီး သူ လိုချင်မက်မောခဲ့သည့် အဆင့်မြင့်ပညာကို ဆုံးခမ်းတိုင် ပြီးစေချင်သည်။ သူဟာ ပုံမှန်စိတ်ဓာတ် ကျန်းမာသည့် လူငယ်တစ်ယောက်သာ ဖြစ်ခဲ့လျှင် သာမန်ဆရာဝန်တစ်ယောက် အဖြစ်ထက် ပိုပြီး သည့်ထက်မက မြင့်မားသည့် အခြေအနေမျိုးကို မျှော်လင့်နေရမည့် လူငယ်တစ်ယောက်ဖြစ်သည်။ အဲသည်လို မျှော်လင့်ဖို့ ထိုက်တန်သည့် လူငယ်တစ်ယောက်လည်း ဖြစ်သည်။

ချောင်ကျကျ ကုပ်ချိချိ ထမင်းဆိုင်လေး တစ်ဆိုင်မှာ စားပွဲထိုး လုပ်နေဖို့ သူ့ကို မွေးဖွားခဲ့တာ မဟုတ်ဘူးဆိုတာ သိပ်ကို သေချာလှသည်။

ပြန်သွားပါတော့ကွယ် ...

မခွဲချင်ပေမယ့် ခွဲရက်ရမှာပဲမို့ ... ... '

အမြန်ဆုံး ပကတိအတိုင်း ကောင်းမွန်ပြီး မင်းလေးရဲ့ အံဝင်ခွင်ကျဖြစ်မယ့် အသိုက်အမြုံလေးတစ်ခုဆီ သွားပါတော့

"ဆရာကြီး ရေးပေးတဲ့ ဆေးညွှန်းအတိုင်း ဆေး



ရှာဝယ်လာတယ်။ ဟိုက လှမ်းမှာဖို့တောင် မလိုပါဘူး။ ခ တော်တော်များများ စုံစုံလင်လင် ဝယ်လို့ရ,နေပြီလေ။ သူ့ကိုသာ မှန်မှန်တိုက်ပေးပါနော် စုဝေ ...။ သူ တော်တော်နေကောင်းလာတယ်နော်။ မျက်လုံးလေးတွေ ကြည်လို့"

နေနေက ခွေးငယ်လေး တစ်ကောင်လို အမေအနားမှာ ခွေကပ်နေသည်။ မိခင်အပေါ် နာကြည်းရိပ်တွေ မရှိတော့ပေမယ့် မယုံမရဲ သံသယနှင့် စိုးရွံ့စိတ်တွေတော့ ရှိမြဲပင်။ သည်အရိပ်တွေက မျက်ဝန်းထဲမှာ အထင်းသား ပေါ်လျက်ပင်။

"အန့်တို့သား ... နေကောင်းနေပါပြီ ...။ အမေ လာလို့ ခွဲနေတာ ..."

ဝေ အနားရောက်လာတော့မှ သူက ကလေးတစ်ယောက်လို အမေ့ ရင်ခွင်ထဲ ခေါင်းဝှေ့နေချင်သည့် သားငယ်ကလေးအဖြစ်ကနေ ရှန်းထ,လျက် ခပ်ရှက်ရှက်ဖြင့် မျက်နှာနီမြန်းနေသည်။

"ဟော့ ... ကလေး လုပ်မနေနဲ့တော့လေ"

"မလုပ်ပါဘူး။ ကလေးမှ မဟုတ်ဘဲ ..."

ခုတော့လည်း သားအမိနှစ်ယောက် ရေချမ်းရဲ့ အခန်းကလေးထဲမှာ မခွဲနိုင် မခွာရက် ပူးကပ်တိုးဝှေ့လို့ ...

"သား ... မေမေနဲ့ အိမ်ပြန်လိုက်မလား"

ဟု ခပ်တိုးတိုး မေးသံ ကြားရသည့် အခါမှာတော့ မျက်ရည်မဝဲမိအောင် ခေါင်းငုံ့ထားခဲ့ရသည်။ ပြီးတော့ ... သူတို့သားအမိရှေ့က လွင့်မျော ပြေးထွက်ချင်လှသည်။ တကယ်တော့ နေလင်းနဲ့ သက်ဆိုင်သမျှ ဘာကိုမှ မပိုင်ဆိုင်ဘူးနော် ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ဝမ်းမသာသင့်မှန်း သိပေမယ့် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လောက်အောင်ပင် သူ့အဖြစ်ကားမှာ ပျော်ဝင်ယစ်မူးလျက် ဝမ်းသာခဲ့ရသည်။ ဘယ်လိုအကြောင်းပြချက်မျိုးနှင့်ပဲ ဖြစ်ဖြစ်ပါ။

သူ ... အနားမှာ ရှိနေဖို့ အခွင့်အရေး ရှိနေသေးသမျှပေါ့လေ ...။

"မေမေနဲ့ အတူမနေချင်ဘူးလား သားရယ်။ မေမေလေ ... မေမေ့ဘက်က တာဝန်မကျေခဲ့သမျှ စိမ်းကားရက်စက်ခဲ့သမျှ သားကိုပြန်ပြီး ပေးဆပ်ချင်ပါတယ်။ တကယ်တော့ မင်းအဖေကို ခါးခါးသီးသီး မုန်းခဲ့မိလို့ အပြစ်မရှိတဲ့ သားကိုပါ မေမေ မုန်းချင်ခဲ့တာပါ။ ဒါပေမယ့် မမုန်းနိုင်ပါဘူး သားရယ် ...။

သား ... ခုလို ဖြစ်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ မေမေလေ ... ကိုယ့်ကိုယ်ကို ငရဲကျနေသလို ခံစားရပါတယ်။ ကျိတ်ပြီး စိတ်ထိခိုက်ခဲ့ရပါတယ်။ သားကို မေမေ မုန်းလို့မရဘူး ဆိုတာကိုလည်း ပို,ပိုပြီး နားလည်လာခဲ့ပါတယ်။

သား အိမ်ကို မပြန်ချင်ဘူး ဆိုရင်လေ ... မေမေနဲ့ သား နှစ်ယောက်တည်း အတူနေကြမယ်နော် ... တခြား တစ်နေရာရာမှာပေါ့။ ဘယ်လိုလဲ ..."

အဓိပ္ပာယ် မရှိလိုက်တာ ...

ကိုယ်မွေးထားတဲ့သားကို မုန်းဖို့ကြိုးစားရတယ်သိ



ဝေသည် ခါးသက်မိသလို ဖြစ်လာပြီး သူတို့သားအမိရှေ့က ရုတ်ခနဲ ထ,ထွက်လာမိသည်။ သူတို့အိမ်တွင်းရေးကိစ္စတွေဟာ ဝေနဲ့ ဘာဆိုင်လို့လဲ နော် ...။

တကယ်တော့ ဝေဒနာသည် တစ်ယောက်ကို လက်ခံစောင့်ရှောက်ထားတာပဲ မဟုတ်လား ...။

သည်လို ငြင်းကွယ်နိုင်ဖို့ ကြိုးစားပေမယ့်လည်း ဝေ့ နှလုံးအိမ်က လက်ကြမ်းကြမ်းဖြင့် ဆုပ်ညှစ်ခံထားရသလို နာကျင်နေခဲ့သည်။

သူ ပျောက်ကွယ်သွားခဲ့လျှင် ဝေ ဘယ်လို ရပ်တည်နေခဲ့ရမှာပါလိမ့် ...

ခရေပန်းရနံ့လေးတွေ မွှေးပျံ့ပါတော့မည်လား ...

ခရေလမ်းကလေးသည်လည်း လှပနိုင်ပါတော့မည်လား ...။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... တရားရုံးကနေ ကွာရှင်းခွင့် ဦးတိုက်လျှောက်ထားခဲ့ပြီးပြီ။ ရှေ့နေကောင်းကောင်းလည်း ငှားထားပြီးပြီ။ ကျွန်မသားနဲ့ ကျွန်မ နှစ်ယောက်တည်း ရပ်တည်နေတော့မယ်။ အရင်ကတော့ ကျွန်မဟာ သူတို့နဲ့ခွဲပြီး နေဖို့ကို မပြတ်သားနိုင်ခဲ့ဘူး ...။ အဲလို မပြတ်သားနိုင်ခဲ့တာ ကျွန်မရဲ့ ဘိုးဘွားပိုင် အိမ်ကြီးကို မစွန့်နိုင်လို့လို့ ကျွန်မက ထင်ခဲ့တာ ...။ တကယ်တော့ ...

ကျွန်မ သားကို ကျွန်မ မစွန့်နိုင်ခဲ့တာ ... လို့ အခု ကွဲကွဲပြားပြား သိတယ် ...။

ကျွန်မ ... အားလုံးကို ရင်ဆိုင်တော့မယ်။ သူတို့ကို ဒီအိမ်ကြီးက ဖယ်ခိုင်းမယ် ...။ သူတို့ဆိုတာ အမေ ကတော့ ကျော်ခေါင်ပေါ့ ...။ ကျော်ခေါင်နဲ့ကျွန်မ ပြတ်ပြတ် သားသား ရှင်းလင်းပြီးတဲ့ အချိန်ကျရင် သားနဲ့ ဘဝသစ်ကို ပြန်စ,မယ် ..."



မေမေသည် ပါးစပ်အဟောင်းသားနှင့် အံ့ဩနေဟန် ရှိ၏။ ရိုးရိုးကုပ်ကုပ်နှင့် ဘဝကို အေးချမ်းစွာ ဖြတ်သန်းခဲ့ရသည့် စဝေ၏မိခင်သည် ... ရှုပ်ထွေးပွေလီလှသော၊ ခါးသီးထိတ်လန့်ဖွယ်ဖြစ်သော သည်လို ဘဝမျိုး၊ သည်လို အခြေအနေမျိုး၊ သည်လိုအိမ်ထောင်ရေးမျိုး သည်လောကကြီးထဲမှာ ရှိနေသည် ဆိုတာကို နားလည်နိုင်ပုံ မရချေ။ ကိုယ်ချင်းစာပါတယ်'ဟု ပါးစပ်က ပြောပေမယ့် တကယ်တမ်းမှာ ဘယ်လို ကိုယ်ချင်းစာလိုက်ရမည် ဆိုတာ သိပုံမပေါ်ချေ ။

နေနေကရော ...

သူ့မိခင်၏ ... နှလုံးအိမ်ထဲက လှိုက်နေအောင် ခါးသက်လှသည့် အမုန်းကို နားလည်ပါရဲ့လား။ မေတ္တာတရား ဆိုတာကို လုံးဝထူထောင်ခွင့် မရလိုက်ဘဲ အနိုင်ကျင့်ခံရသည်နှင့် ဘူလှသည့် မိန်းမတစ်ယောက်၏ အကျည်းတန်လှသော အိမ်ထောင်ရေးဘဝမှာ သူ့မိခင်အတွက် လူ့ဘဝအဓိပ္ပာယ် ခါးသက်ခဲ့ရသည် ဆိုတာကို နားလည်ပေးနိုင်မှာလား ...။

ယခုတော့ သူသည် ဘာကိုမှ နားမလည်နိုင်သည့် မျက်လုံးမျိုးဖြင့် သူ့မိခင်ကို ငေးကြည့်လျက် သူ့မိခင်ပြောသမျှကို ငြိမ်သက် နားထောင်နေ၏။

"သူ့အဘွားကတော့ ... သား ပြန်မလိုက်လို့ ထားခဲ့တယ် ဆိုတာကို သိပ်သဘောမကျဘူး။ အဘွားကြီးကတော့ သားကို သိပ်ချစ်ရှာပါတယ်။ သူများ သူစိမ်းတွေအိမ်မှာ ထားခဲ့ရမလားပေါ့ ...။ ချော့မော့ခေါ်ပြီး ဒီမှာပဲ ဖိဖိစီးစီးလေး ကုသရမှာပေါ့။ ဒါပေမယ့် ... အမြဲမှုံးနေတဲ့ သူ့

www.burmeseclassic.com



အဖေနဲ့ ထိပ်တိုက်တွေ့နေမှာပဲလေ။ အိမ်က ထွက်ပြေးတဲ့ အဖြစ်မျိုး မကြာခဏ ဖြစ်နေမှာပဲ။ ဒီထက်ဆိုးတဲ့ အခြေအနေမျိုး ဖြစ်မလာစေချင်ရင် ခုအခြေအနေက အကောင်းဆုံးပဲလို့ ကျွန်မတော့ ယူဆတယ် ...

ကျွန်မက ဒေါ်ချိုတို့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမှာ တစ်ခုကိုပဲ ..."

"ဟင့်အင်း ... အဲလို မဖြစ်ပါဘူး"

သိသားပင် ...။

အမေ အဲသည်လို ပျာပျာသလဲ ငြင်းတော့မည်ဆိုတာ သိသားပင် ...။ သူတစ်ပါးကို အားနာတတ် ကိုယ်ချင်းစာတတ်လွန်းသည့် အမေသည် သံယောဇဉ်တွယ်တတ်လွန်းသည်မှာလည်း လွန်ပါရော ...။ ခုလည်း သည်ကောင်လေးကို သူ့မိခင်ပြန်ခေါ်သွားမှာကိုပင် အစိုးရိမ်ကြီးနေပုံရသည်။

အင်းလေ ...

ဘာထူးလဲ ...။ အားလုံး သည်လိုပါပဲ ...

ဝေ ကိုယ်တိုင် အပါအဝင်ပေါ့ ...။

"ကျွန်မတို့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး။ ကျွန်မတို့ကလည်း သူ့ကို ကိုယ့်သွေးသားလိုပဲ သံယောဇဉ်တွယ်နေမိတာ ...။ ဒါပေမယ့်လေ ... ချို ပြောချင်တာက နေစရိတ်စားစရိတ် ဆိုတာကတော့ ပိုက်ဆံတွေ ယူရတာ အားနာတယ် ညီမရယ်။ ကိုယ့်အတွက် ဘယ်လောက်မှလဲ အပန်းကြီးတာ မဟုတ်ဘဲနဲ့ ...။ စိတ်ထဲ မလုံဘူး ...။ ရက်စရာကြီးလိုပဲ ...။



ခဏတဖြုတ် နေတာပဲဟာ။ ကိုယ့်အိမ် ဧည့်သည်လာတာလိုပေါ့ကွယ် ...။ သူ ကြိုက်တတ်တဲ့ စားစရာ သွားရည်စာလေး ဘာလေး ဝယ်လာရင် ရပါပြီ။

ကိုယ်ကတောင် သူ့ကိုပြန်ပြီး သနားနေရတာ။ သူ့ခမျာမှာ တို့လို ဆင်းတောင့်ဆင်းရဲ နေရမယ့် အခြေအနေမျိုးမှ မဟုတ်ပါဘဲဟာ ..."

"သူ့ရဲ့ အတိတ်က ပြုခဲ့တဲ့ကံ ပါလာလို့ပဲ အောက်မေ့ရမှာပေါ့လေ။ ကျွန်မတို့ သားအမိဟာ ကံကြမ္မာရဲ့ ဝဋ်ကြွေးတွေ ပါလာခဲ့လို့ပေါ့ ...။ ခုဘဝမှာ နိုင်သလောက်လည်း ဆပ်ခဲ့ပြီးပြီ ထင်တာပဲ။ ဒါပေမယ့် ... သူ့ကိုတော့ ဒီထက်ပိုပြီး ဆည်းမခံနိုင်တော့ဘူး။ ကလေးကိုလည်း စကားလုံးတွေနဲ့တစ်မျိုး ကိုယ်ထိလက်ရောက်တစ်မျိုး နှိပ်စက်ခဲ့တာ"

"သူ့စိတ်ထဲမှာတော့ လှိုင်တို့ သားအမိရဲ့ မေတ္တာကို လိုချင်နေတာများ ဖြစ်မလားဟင်။ လှိုင် ကိုယ်တိုင်က သားကို သူ့ရဲ့သွေးသားအစစ်ပါလို့ ထုတ်ပြောပြီး ကလေးကို ချစ်ဖို့ ကြင်နာဖို့ တောင်းပန်တာကို မျှော်လင့်နေတာများ ဖြစ်မလား ..."

"မဖြစ်နိုင်ဘူး ... မချို ...။ သားအသက် နှစ်ဆယ် ရှိခဲ့ပြီပဲ။ သူ့ဘက်က သူ့အကျင့်တွေပြင်ဖို့ သားတစ်ယောက်နဲ့တင် လုံလောက်နေပြီပဲ။ သူ သားကို မချစ်ပါဘူး ...။ ချစ်ကိုမချစ်ခဲ့ဘူး။ ဝတ္ထုရားတစ်ခု အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရတာမျိုးလောက်ပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ ... တော်လိုက်ကြပါစို့နော် ...။ ဒီနေ့
နေ့လယ်ခင်း ငှက်ပျောသီးနဲ့ အုန်းနို့ပေါင်းထားတယ်။
နေနေကလည်း အဲဒါ သိပ်ကြိုက်တာ အန်တီရဲ့"

နေနေ့ မျက်နှာကို ကြည့်နေသူမို့ သူ့မျက်ဝန်းတွေထဲက အရိပ်အကဲကို အလိုလို နားလည်တတ်နေသည်။ မှိုင်းညို့ပြီး နာကြည်းရိပ်တွေ သမ်းလာသည့် မျက်ဝန်းတစ်စုံသည် ဝေ့စကားကြောင့် ချက်ချင်း အသွင်ပြောင်းသွား၏။ ခံစားလွယ် မေ့ပျောက်လွယ်တာလား ...။ ဒါမှမဟုတ် မေ့ပျောက်ထားချင်သည်မို့ပဲ မေ့စရာ အကြောင်းပြချက် တစ်ခုခုကို ရှာဖွေနေရသူမို့လား ...။

မိခင်အနားက ထ,ပြီး ဝေ့အနား ရောက်လာသည့် ကောင်လေးက ...

"ချစ်ဖို့ ကောင်းလိုက်တာနော်"

ဟု တိုးတိုးကလေး အနားကပ်ပြောတော့ သူ့မျက်နှာကြည့်ပြီး စိတ်ပင်ပန်းနေရသည့် ဝေသည် သူ့ကို မျက်တောင်းလဲ့လဲ့ဖြင့်ကြည့်ရင်း ပင်ပန်းသမျှ ပြေရတော့သည်။

ဒဏ်ရာဒဏ်ချက်တွေ ကြားမှာပဲ သူ့ကို နစ်မြုပ်မနေစေချင်ပါဘူးကွယ် ...။



## ၆

"ကျွန်တော် ကျောင်းဖွင့်ရင် ကျောင်းပြန်တက်ချင်ပြီ မေမေ"

ကျောင်းပြန်တက်ချင်ပြီ ...

ဟုတ်သားပဲ ...

မနှစ်က ... နည်းနည်း အခြေအနေ ပိုဆိုးလာလို့ ဘစ်နှစ် နားထားလိုက်ရတာတဲ့ ...။

ခရေပန်းတွေ နည်းလှပေမယ့် ဝေက အဲသည်ခရေ န်းတွေကိုပဲ အပ်ချည်ကြိုးဖြင့် ထိုင်သီနေမိသည်။ အိမ်ရှေ့တံခါးဝ, ာ ခရေပန်းသီရင်းဖြစ်စေ တစ်ချောင်းထိုး ထိုးရင်းဖြစ်စေ ဝေ ိုင်နေကျ ဖြစ်ပါသည်။ နေ့လယ်ခင်း အချိန်တွေမှာ အဖေက ိုင်စောင့်ရင်း ဆိုင်ထဲမှာ လူရှင်းသည့်အချိန် တစ်ရေးတစ်မောအိပ်၊ မေက အခန်းထဲမှာ ခဏနားရင်း အိပ်ပျော်၊ ရေချမ်းကကျောင်း ားသည့်ရက်တွေမှာ ဝေ တစ်ယောက်တည်း အဝတ်လျှော် မီးပူ က်ပြီးလျှင် အိမ်ရှေ့တံခါးဝမှာ သည်လိုပဲ ထိုင်တတ်မြဲဖြစ်သည်။ နေ ရောက်လာတော့ အအိပ်အနေ နည်းပါးလှသည့် ကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးသည် ဝေ့အတွက် အဖော် ဖြစ်ခဲ့၏။ တစ်ခါတစ်ရံ တစ်ယောက်တည်း ဂစ်တာတီး၊ ဒါမှမဟုတ် ငေးမောငြိမ်သက်နေလျှင်ပေ သူ့မျက်လုံးတွေရဲ့ အရိပ်ကို နားလည်ရသည်။ သူ့စိတ်တွေ ပေါ့ပါးပျော်ရွှင်နေလျှင်တော့ ဝေ့အနားမှာ ထိုင်ပြီး စကားတွေပြော၊ မေးခွန်းတွေမေး ...

သည်လိုနှင့်ပဲ ... သူဟာ ဝေ့ရင်ထဲ တစ်စ တစ်စနဲ့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ခဲ့တာပေါ့ ...။

ဒါပေမယ့် သူဟာ ...

အယောင်ဆောင်ပြီး ... ရောက်လာခဲ့တဲ့ ရွှေမင်းသားလေးလိုပဲ ...။

သန်းခေါင်ယံ ... နာရီထိုးသံကြားရင် ဖွတ်ခနဲ ပျောက်ကွယ်သွားတော့မလိုဘဲ ...

ဝေ့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ...။

"အိုကေ ... တက်ရမှာပေါ့"

"တကယ်လား မေမေ"

"တကယ်ပေါ့ ...။ သားကို မေမေ လောလောဆယ် အိမ်ခန်းတစ်ခန်း စီစဉ်ပေးမယ်"

"သား တစ်ယောက်တည်း နေရမှာလား"

"မေမေနဲ့ပေါ့ သားရဲ့ ..."

"ဟာ ... , မေမေ ..."

ဝေ့ နှုတ်ခမ်းတွေ အလိုလို ပြုံးမိသွားသည်။ ရှေ့ ... ခိုင်းထားပေမယ့်လည်း ဝေ့အာရုံထဲမှာ သူ့ပုံရိပ်က အမြဲရှိနေခဲ့ ... ဆိုတော့ ...



ခုလည်း သူဟာ သူ့မိခင်ကို ဖက်ပွေ့လိုက်တာ ဖြစ်မလားပဲ ...။

ဝေ့ လက်ဖဝါးကို ခပ်ကြမ်းကြမ်း ဆုပ်ညှစ်လိုက်သလို မျိုးပေါ့ ...။

"ဒါပေမယ့် ... သား ... ဆေးတွေ မှန်မှန်သောက်ရမယ် နော်"

"ခုလည်း သောက်နေတာပဲ မေမေရာ ...။ ဆေးသောက်ချိန်ကျရင် မဝေက ဆေးရုံက မေထရွန်ကြီး မျက်နှာမျိုးနဲ့"

"ဟဲ့ ... ကောင်လေး"

"မေမေ ... , သားတို့ အိမ်ခန်းမှာ မဝေကို ခေါ်ထားလို့ ရမလားဟင်"

"စုဝေ ... ကို ။ ဘာဖြစ်လို့လဲ သားရဲ့ ..."

"ထမင်းချက်ခိုင်းမယ်လေ မေမေရဲ့"

"ဟဲ့ ဒီကောင်လေး"

"ခွေးစုတ်လေး"

ဧည့်ခန်းကျဉ်းကျဉ်းလေးထဲ ရယ်သံများဖြင့် ပြည့်သိပ်ကျပ်ညပ်သွားခဲ့သည်။ ဝေက ခရေပွင့်တွေ ထည့်ထားသည့် ... ခါဖြင့် သူ့ကို ပစ်ပေါက်လိုက်ပေမယ့် သူ့ဏ စိတ်ဆိုးဟန်မရှိ။ ... မ်းခင်းပေါ် ပြန့်ကြဲသွားသည့် ခရေပွင့်များကို တစ်ပွင့်စီလိုက် ... ကောက်ရင်း နှုတ်ခမ်းထော်လန်နေအောင် တမင်စုပွထားသည့် ... ကို နှာခေါင်းရှုံ့ပြလိုက် မျက်လုံးပြူးပြလိုက်ဖြင့် သဘောကျ ... ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဝေကို ထမင်းချက်ခိုင်းမယ်၊ အဝတ်လျှော်ခိုင်းမယ်၊ ကျွန်တော် ကျောင်းက ပြန်လာရင် နင်းခိုင်းမယ်၊ လက်သည်းညှပ်ပေးခိုင်းမယ်၊ ရေချိုး ခေါင်းလျှော်ပြီးရင် ဆံပင်သုတ်ခိုင်းမယ် ... နော် ... မေမေ ... မကောင်းဘူးလား"

"မကောင်းပါဘူး"

ဒေါ်ထရီဇာလှိုင်က ပြုံးတုံ့တုံ့ မျက်နှာပေးဖြင့် သူမ၏ တစ်ဦးတည်းသော သားကို ချစ်မြတ်နိုးစွာ ကြည့်ရင်း ပြောသည်။

"ဟာ ..., ဘာလို့ မကောင်းရမှာလဲ မေမေရဲ့"

"အဲဒါက မင်း အိမ်ထောင်ကျမှ မင်းရဲ့အိမ်သူကို ခိုင်းရမှာလေ"

"ဒါဆိုလည်း ... မဝေကိုပဲ ကျွန်တော့်အိမ်သူ လုပ်ခိုင်းမယ်လေ"

"နေနေ"

မျက်ရည်တွေ မျက်ဝန်းအိမ်ထဲ ပြည့်လာပြီး ရယ်ရ... ခက် ငိုရခက်ဖြင့် ဝေ အော်ပစ်လိုက်တော့သည်။ ဝေတို့တတွေ နားမလည်နိုင်သည့် သူ့မိခင်ကတော့ သားဖြစ်သူစကားကို သဘော... တွေကျလို့ ...။

"ဒါမျိုးကျတော့ မင်း ဦးနှောက်က ကောင်းလှချည်လား ကောင်လေးရဲ့"

တဲ့ ...။

"ဟာ ... မေမေကလည်း ကျွန်တော် အားလုံးကောင်း... တယ်။ ကောင်းနေပါပြီ"



"အံမယ်မယ်"

"မေမေ ... ပေါက်ကရ လျှောက်မပြောနဲ့။ တော်ကြာ မဝေက ကျွန်တော့်ကို မယူဘဲ နေဦးမယ်"

"အေးပေါ့ ... မင်းလိုကောင်ကို ..."

"ဟာဗျာ ... တော်ပါတော့ မေမေရာ။ ကျွန်တော် ကောင်းပါတယ်ဆို"

ခရေကုံးလေးကို လက်မှာကိုင်ပြီး ဝေ ထွက်ပြေးခဲ့ရပါတော့သည်။

ကျိုးစယ်စရာ မဟုတ်ပါဘဲကွယ် ...


မျှော်လင့်စရာလို့ မထင်ရဲပါဘူး ...။ ဒါပေမယ့် ရင်ထဲမှာ နှောင်တွယ်နေမိတဲ့ ကြိုးကို ဖြတ်တောက်ပစ်ဖို့တော့ ... ခု မစဉ်းစားချင်သေးဘူး ...။

မစဉ်းစားသေးဘူးကွယ် ...။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၁)

"အမိပ္ပာယ်မရှိတဲ့ လုပ်ရပ်ကြီးပဲကွယ် ...။ ဘယ့်နှယ် ... ကိုယ့်သားကို သူစိမ်းတွေလက်ထဲထားပြီး ဆေးကုရမယ်လို့။ ကိုယ့်အိမ်လောက်ကောင်းတဲ့နေရာ ရှိပါဦးမလား ... ဘာများ လိုလေသေး ရှိသလဲ ... ဒီကလေးမလေးရဲ့ အတွေးအခေါ် က သိပ်မဟုတ်ဘူးကွယ့် ... မောင်စိုးအောင်ရဲ့။ အန့်တီက ချွေးမမို့ ဆုံးမရခက်တဲ့ အနေအထားမျိုး ...။ ဆုံးသွားတဲ့ သူ့အမေကလည်း ကိုယ့်လက်ထဲ အပ်ခဲ့တာ ...။ ဒါပေမယ့် သူက တစ္ဆွတ်ထိုး၊ ကိုယ်လုပ်ချင်ရာလုပ်တာ ခုအသက် အရွယ်အထိပဲလေ။ ဒါကြောင့် အိမ်ထောင်ရေးလည်းအဆင် မပြေဘူး။ အန်တီ့သား အရက်သမား ဖြစ်ရတာလည်း သူ့ကြောင့်ပဲလေ ...။ တစ်ချိန်လုံး သားကို ပစ်ထားခဲ့ပြီးမှ ခု ဘယ်လိုစိတ်ကူးမျိုး ဝင်ရပြန်သလဲ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့သားကိစ္စကို သူ့သဘောနဲ့သူ စီစဉ်ပိုင်ခွင့် ရှိတယ် တဲ့လေ ...။

ကလေးကို လှည့်မကြည့်ဘဲ သူသွားချင်ရာသွား၊ လုပ်ချင်ရာ လုပ်နေတုန်းက ဒီဘွားအေကပဲ ထိန်းကျောင်းခဲ့ရတာ မဟုတ်လား ...။ ဒီ ဘွားအေ လက်ပေါ်မှာ ကြီးခဲ့ရတာပါ။ သူ စီစဉ်ချင်တိုင်း စီစဉ်လို့ ရမှာလား ...။ အန်တီ ပြန်ခေါ်သွားမယ် ...။ နေနေ့ကို ပြန်ခေါ်သွားမယ်။ ဟိုရောက်မှ သူနဲ့ ဘယ်လိုပဲ ရင်ဆိုင်ရ ... ရင်ဆိုင်ရ ...”

စက်ဘီးပေါ်က ခုန်ဆင်းပြီး ခြံစည်းရိုးရှေ့မှာ ရပ်ထားသည့် ကားကြီးကို ဖြတ်သွားရုံရှိသေး ...။ အိမ်ထဲက ခပ်ကျယ်ကျယ် စကားသံကို ကြားလိုက်ရ၏။ နေနေက စက်ဘီးကို ဆက်မတွန်းတော့ဘဲ ခြေစုံရပ်လျက် ဝေ့ကို လှည့်ကြည့်သည်။

“မေမေ မဟုတ်ဘူး ... ဘွားဘွား”

“နေနေ့ကို ခေါ်သွားမှာ ... တဲ့”

“ဟင့်အင်း ... ကျွန်တော် မလိုက်ဘူး”

ဝေ ဘာလုပ်ရမှန်း မသိဘဲ အိမ်ပေါ်လည်း မတက်ရဲသေးဘဲ အိမ်ရှေ့လမ်းကလေးပေါ်မှာ ခြေစုံရပ်နေမိသည်။ ခုလေးတင်ပဲ ဆေးရုံက ပြန်လာခဲ့ပြီး ဆရာကြီးက အချိန်တိုအတွင်း ပြန်လည်တိုးတက်လာခြင်းကို ဝမ်းသာအားရ ချီးမွမ်းနေခဲ့တာ ...။ ကျောင်းလည်း ပြန်တက်ဖို့ အခြေအနေ ကောင်းနေပြီ ... တဲ့။ ပုံမှန် ဆေးသောက်ပြီး ခုလို ပတ်ဝန်းကျင်မှာ သဟဇာတ ဖြစ်စွာ ပျော်ဝင်နေထိုင်သွားနိုင်ပြီဆိုလျှင် ပုံမှန်ကောင်းမွန်ဖို့ အလှမ်းမဝေးတော့ဘူး ဆိုခဲ့သည်။



တစ်ယောက်တည်း တောင်တောင်အီအီ လျှောက်မတွေးဖို့ ...

ဟိုဟိုသည်သည် ထွက်မသွားဖို့ ...

ဆေးတွေ မှန်မှန်သောက်ဖို့ ...

ပတ်ဝန်းကျင်နှင့် ရဲရဲတင်းတင်း ဆက်ဆံဖို့ ...

အထပ်ထပ် မှာခဲ့သည်။ သူက ... ဆရာကြီးကို ...

“ကျွန်တော် ရည်းစားထားလို့ ရပြီလား”

ဟု ကျီစယ်ခဲ့သည်မို့ အပြန်လမ်း တောက်လျှောက်ဆူပူ လာခဲ့တာ ...။ ဆရာကြီးကလည်း ...

“မင်း ... ဒီလောက်ဆို အခြေအနေ သိပ်ကောင်းနေပြီ။ မြန်မြန်သာ မိန်းမယူလိုက်တော့ ...”

ဆိုပြီး သူ့ကို ပြန်လည် နောက်ပြောင်ခဲ့သေးသည်။

“အေးပါ ... အေးပါ ... မလိုက်ရပါဘူးကွယ်။ အခြေအနေကို စောင့်ကြည့်ပါဦး”

နောက်ပြန်လှည့်ပြေးမည့် ဟန်ပြင်နေသည့် နေနေ့လက်မောင်းကို အတင်းဖမ်းဆုပ်ထားရင်း ဘာတစ်ခုမှ မသိနားမလည်သည့် မျက်နှာထားမျိုးနှင့် အိမ်ပေါ်တက်ဖို့ ကြိုးစားရသည်။

“ဟော ..., ပြန်လာကြပြီ။ ဒီနေ့ ဆရာဝန်ကြီးနဲ့ သွားပြီး စစ်ဆေးခံတာလေ။ ဆရာကြီးက ဘာပြောသေးလဲ ... သမီး”

အမေက ဝေ့ကို လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ကောင်းပါတယ်တဲ့။ ကျောင်းလည်း ဆန္ဒရှိရင် တက်လို့ရတယ်တဲ့။ ဆေးသောက်တာကိုတော့ မပျက်စေနဲ့တဲ့"

"ဟုတ်လား ၊ ကျောင်းတောင် တက်လို့ ရပြီတဲ့လား။ ဝမ်းသာစရာကြီးကွယ်။ သားလေး နေနေ ဘွားနဲ့ပြန်လိုက်မယ် မဟုတ်လား။ ကျောင်းတွေလည်း ဖွင့်တော့မှာဆိုတော့ သား အိမ်ပြန်လိုက်မှ ဖြစ်မယ်လေ ..."

"ကျွန်တော် ... ပြန်မလိုက်တော့ဘူး ဘွား"

"အို ... သားရယ်။ ပြန်မလိုက်လို့ ဖြစ်မလား။ ဒီမှာက ကိုယ့်အိမ် ကိုယ့်ယာမှ မဟုတ်တာကွယ်၊ မောင်စိုးအောင်တို့ မချိုတို့လည်း အားနာစရာကြီး။ ပြီးတော့ သားက ကျောင်းလည်း ပြန်တက်ရဦးမှာ ဆရာဝန် မြန်မြန်ဖြစ်ချင်တာဆို။ ဘွားဘွား ရင်ကျပ်နေတာ ကုပေးချင်လို့ဆို ..."

စကားကြွယ်လှသည့် အမျိုးသမီးကြီးနှင့် ရင်မဆိုင်လိုလှဘဲ ညှော်ခန်းထဲက မသိမသာပဲ ထွက်လာခဲ့သည်။ နေနေ့ ဘွားဘွားသည် သည်မြေးကလေးပေါ်မှာတော့ တကယ့်ကို ချစ်ခင်တွယ်တာလှသည်မှန်း သိသာပါသည်။ သို့သော်မယ်လည်း အဆင့်အတန်း ခွဲတတ်သော၊ ပကာသနကို ခုံမင်လှသော သူမ၏အတွင်းစိတ်သည် မျက်လုံးတွေထဲမှာ သိသာထင်ရှားစွာပင် ပေါ်လွင်နေ၏။ တန်ဖိုးကြီး အင်ဒိုနီးရှားပါတိတ် ကြက်ဥနှစ်ရောင်လို အရောင်မျိုးကို ရွေးချယ် နှစ်သက်တတ်တာကတော့ အမြဲနုပျိုနေချင်သည့် အတွင်းစိတ်အခံကို သိသာစေသည်။ အသက်ခြောက်ဆယ်ကျော် အဘွားက နုတ်ခမ်းဆိုးဆေး ရဲရဲဆိုးတတ်ပြီး ရွှေကြိုးပြားကြီးကြီး



နှင့် စိန်လော့ကက်ကြီးကိုလည်း ဝင့်ကြွားဂုဏ်ယူလိုဟန်ရှိ၏။ နားမှာ ခြယ်နားကပ် အကြီးကြီးကလည်း လည်တိုင်ကို ငုံ့လိုက်တိုင်း တဖျပ်ဖျပ် အရောင်တွေ လက်နေလေသည်။

နှစ်ရှည်လများ ... ရင်းနှီးခဲ့သည် မဟုတ်လေတော့ဝေသည် ... အဲသည် မိသားစုထဲမှာ ဘယ်သူမှန်ပြီး ဘယ်သူမှားသည် ဆိုတာကို သေချာမဝေဖန်နိုင်ပါ။ ရှုပ်ထွေးလှသည့် လူ့ဘဝကြီးဟု ကြားဖူး ဖတ်ဖူး မှတ်ဖူးပေမယ့် တကယ့်ကို ပဟေဠိဆန်သည့် ပြဿနာပေါင်းစုံနှင့် သူတို့မိသားစုနှင့်ကျမှ ဆုံကိုဆုံတတ်ပလေဟု စိတ်မော ပင့်သက်ရှိုက်ရုံသာ ဖြစ်သည်။ ဒါပေမယ့် ... အမြဲကြည်လင်လန်းဆန်းခဲ့သည့် နှလုံးသားက ... ခုတော့ ... သစ်နွမ်းပင်ပန်းခဲ့ရပြီ ...။

ကရုဏာနှင့်ယှဉ်သည့် အချစ်စိတ် ထင်ပါရဲ့ ... ,

အို ...

ပြန်ခေါ်လျှင်လည်း ခေါ်သာသွားပါတော့ ...။

ဒီနေ့ မဟုတ်လည်း တစ်နေ့နေ့တော့ ရင်ဆိုင်ရမှာပဲ။

"ကျွန်တော် ကျောင်းတက်မှာပါ ဘွားရဲ့။ ဒါပေမယ့် အိမ်တော့ ပြန်မလိုက်ချင်ဘူး။ ကျွန်တော် မေမေ့အိမ်ကနေ ကျောင်းတက်မှာ"

"ဟင် ... ဘယ် မေမေ့အိမ်လဲ"

"သား ... ကျောင်းတက်ဖို့ မေမေက အိမ်တစ်လုံး ဝယ်ပေးမယ်တဲ့။ အဲဒီအိမ်မှာ မေမေလည်း ကျွန်တော်နဲ့ အတူနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ...။ ဒါတွေ ဘွားဘွားမသိပါလား။ မင်းမေမေ ဘာတွေလုပ်နေသလဲ။ မဖြစ်နိုင်တာကွယ်။ သူ့မှာ နေစရာ အိမ်မရှိတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် ... အဲဒီအိမ်မှာ ကျွန်တော် မနေချင်ဘူး။ မေမေလည်း မနေချင်ဘူး"

"ဘာဖြစ်လို့လဲ ...။ ဘာဖြစ်လို့လဲ သားရယ်"

ဘွားဘွား၏ စကားသံက လှိုက်လှဲကြေကွဲနေခဲ့သည်။ ညှို့ခန်းနောက်ဖက် နံရံမှာ ကျောမှီလျက် မျက်စိစုံမှိတ်လျက် အိမ်မြှောင်တစ်ကောင်လို ဝေ ငြိမ်သက်နေမိ၏။

ဘယ်လိုတွေများ ဆက်ဖြစ်ကြဦးမှာပါလိမ့် ...။

နေနေ ... ဘာတွေ ပြောလိုက်မှာလဲ ...။

"ဖေဖေနဲ့ မနေချင်လို့ ...။ ဖေဖေ့ကို မုန်းလို့ပေါ့"

"ဟင် ... ကိုယ့်မိဘကို ဘယ်လိုများ ပြောလိုက်တာလဲ သားရယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ မင်း အဖေပဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

"ဟင်"

"ဖေဖေက ကျွန်တော့်ကို သားလို့ တစ်ခါမှ မခေါ်ဘူး။ ကျွန်တော်က သူ့သားမဟုတ်ဘူးတဲ့။ မေမေနဲ့ တခြားတစ်ယောက်က မွေးတာတဲ့ ...။ ပြီးတော့ ကျွန်တော့်ကိုရိုက်တယ်၊ ဆဲတယ်၊ အခန်းထဲပိတ်ပြီး သော့ခတ်ထားတယ်။ ဘွားဘွား အသိပဲ မဟုတ်လား။ ဘွားဘွားလည်း မြင်နေကြားနေတာ မဟုတ်ဘူးလား ...။

ဖေဖေ့မျက်နှာကို မြင်တိုင်း အထိတ်တလန့် ဖြစ်ရ



ရတဲ့ ခံစားမှုကို ကျွန်တော် မုန်းတယ်။ ဖေဖေ့ မျက်နှာကို မမြင်ချင်ဘူး ...။ အဲဒီအိမ်ကိုလည်း မပြန်ချင်ဘူး။ ပြီးတော့ ကျွန်တော့်မှာ မေမေရှိပြီ။ မေမေ အရင်လို မဆိုးတော့ဘူး။ ကျွန်တော့်ကို ပစ်မထားတော့ဘူး ...။ ဒီက အဖေနဲ့အမေက လည်း ကျွန်တော့်ကို ချစ်တာပဲ ...။

ကျွန်တော့်ကို မချစ်တာ ဖေဖေ တစ်ယောက်ပဲရှိတယ်"

"အဲလို ... မပြောနဲ့ ...။ အဲလို မပြောပါနဲ့ သားရယ် ...။ မင်း ငရဲကြီးလိမ့်မယ်။ မင်းအဖေက မင်းကိုချစ်ပါတယ်။ သူ့ရင်ထဲမှာ မကျေနပ်တာတွေ များလွန်းလို့ပါ။ မင်း ... မေမေက သူ့ကို မချစ်တာ မကြင်နာတာ လူရာမသွင်းတာကို ခံပြင်းလွန်းလို့ပါကွယ် ...။

ဒါတွေကို ဘွားဘွား နားလည်နေရတော့ ... ဘွားဘွား သားကို သနားမိတာ တစ်ခုပါပဲ။ မင်းမေမေကိုလည်း ဘွား အပြစ်မတင်ပါဘူး။ ဒါပေမယ့် ... သူ ဒီလိုလုပ်ဖို့တော့ မကောင်းဘူး ...

နေနေ ... ဘွားဘွား ... မင်းနဲ့ မခွဲနိုင်ဘူး။ မင်းဟာ ဘွားဘွားရဲ့ လက်ပေါ်မှာ ကြီးရတာပါကွယ်။ ဘွားဘွားကို မသနားဘူးလား ..."

အို ...

မကြားချင်ပါဘူး ...။

စိတ်ဆင်းရဲစရာ ကောင်းလှသည်။ ကရုဏာသက်ဖို့လည်း ကောင်းလှသည်။ အဲသည်လို မေတ္တာတရားတွေမှာတောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ထားလိုသည့်၊ ဆုပ်ကိုင်ထားလိုသည့် အတ္တ ဆိုတာ ရှိနေသေးတာ ...။ ပိုပြီး ပူပြင်းသည့် အချစ်' ဆိုလျှင် ... ...။

တွေးလိုက်မိရုံဖြင့် မျက်ရည်တွေဝိုင်းလည်လာသည်။ ရင်ထဲမှာ နင့်သည်း ဆို့ကျပ်လာခဲ့သည်။ မသွားပါနဲ့ ... လို့ တားရနိုင်သည်လား ...။

ခွဲမသွားပါနဲ့လို့ ပြောပိုင်ခွင့်ရှိသည့် အခြေအနေမျိုး မဟုတ်။ ပြီးတော့ တစ်သက်တာအတွက် ဆိုတာကိုလည်း မျှော်လင့်ရနိုင်သည် မဟုတ်။ ဝေနှင့် ဖေးကွာသွားသည့် တစ်နေရာရာမှာ အချိန်ကာလတွေ ခြားနားသွားခဲ့လျှင် သူဟာ ဝေ့ကို မေ့ကောင်း မေ့သွားနိုင်ပါသည်။

"ဘွားကို ကျွန်တော် ချစ်ပါတယ်။ ဘွားကိုလည်း သနားပါတယ်။ ကျွန်တော် ဘွားဘွားဆီ ခဏ ခဏ လာလည်မှာပေါ့ ...။ ကျွန်တော့်ကို အိမ်ထောင်ကျသွားပြီလို့ သဘောထားလိုက်လေ"

"ဘာ ... ဘယ်လို"

"အိမ်ထောင်ကျသွားပြီ ဆိုရင်လည်း ဘွားဘွားတို့နဲ့ ခွဲသွားရမှာပဲ မဟုတ်လား ဘွားရဲ့ ..."

"နောက်မနေစမ်းနဲ့ ... မင်းအသက်ကလေးက အိမ်ထောင်ကျရမည့် အရွယ်လား"

"သားအသက် နှစ်ဆယ် ပြည့်ပြီးပါပြီ ဘွားရဲ့။ ဒါပေမယ့် သား ဆရာဝန်ဖြစ်မှ မိန်းမယူမှာ ခုဟာက ရည်ရွယ်ထားရုံပါပဲ ...။ ဘွားဘွား မသိချင်ဘူးလား"

"မသိချင်ဘူး ... မသိချင်ဘူး ...။ တော်တော့ နေနေ —



ငါ အဲဒီစကားတွေ မကြားချင်ဘူး၊ မင်း ... ဘာတွေစိတ်ကူးနေတာလဲ ..."

"အန်တီရယ် ...။ သူ စိတ်ကူးတည့်ရာ ပြောနေတာပါ။ စိတ်ထဲ ထားမနေပါနဲ့ ... အခိက,က သူ ကျောင်းပြန်တက်ဖြစ်ဖို့ပဲ မဟုတ်လား ..."

ဝင်ဖြီး ဖျန်ဖြေသော မေမေ့ စကားသံမှာ စိုးရိမ်စိတ်တွေကြောင့် အဖျားခတ် တုန်ယင်နေသည်ဟု ဝေ သိသည်။ ပါးနပ်လှသော အမျိုးသမီးကြီးက နေနေ့ စကား၏ ဦးတည်ရာကို မရိပ်မိဘဲ နေမှာလား။ စကားဝိုင်းမှာ ဝင်မထိုင် ဖြစ်ခဲ့ခြင်းအတွက် နောင်တ,ရချင်သည်။ ဝင်ထိုင်ဖြစ်ခဲ့လျှင် ... သူက ပိုပြီးရောင့်တက်နေမှာလား ...

သည်ကောင်လေးမှာက ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်က နံ့နဲ့လှသည် ဆိုတော့ ...။

"ဘယ်လို ... အမေ မျိုးမှန်း မသိပါဘူး။ ကိုယ့်သားသမီးကို ပစ်စလက်ခတ် ထားပဲ ထားနိုင်လွန်းတယ်။ ဒီအသက် ဒီအရွယ်လေးနဲ့ အိမ်ထောင်ကျသွားမယ်ဆိုရင် အညွန့်ကျိုးသလို ဖြစ်ရော မဟုတ်လား။ ကလေးက ရှေ့လျှောက်အညွန့်တလူလူနဲ့။ နိုင်ငံခြားသွားပြီး ပါရဂူဘွဲ့တွေ ယူရဦးမှာလေ။ ပြီးတော့ အိမ်ထောင်ပြုတယ်ဆိုတာ တွေ့ကရာနဲ့ကောက်ယူလို့ ရတာမျိုး မဟုတ်ဘူးလေ မချိုရဲ့ မဟုတ်ဘူးလား ...

ကိုယ့်ရဲ့ မျိုးရိုးဂုဏ် ပညာဂုဏ်နဲ့ အဆင့်အတန်းချင်းက လိုက်ဖက်ဦးမှ ... ဆီလျော်ဦးမှ ... နို့မို့ ... အမြင်မတော် ဆင်တော်နဲ့ ခလောက် ဆိုသလို ..."

www.burmeseclassic.com

www.burmeseclassic.com



“ဘွားဘွား တော်ပါတော့ဗျာ ...။ ဘွားဘွား ပြန်ပါတော့။ သားမလိုက်ဘူး။ မေမေလာလို့ သားကို မတွေ့ဘူးဆိုရင် စိတ်ပူနေလိမ့်မယ်”

“အံမယ်လေး ... မင်း အမေလား ...။ စိတ်ပူမှာ ... မင်း အမေက မဒါန်းမပါကွယ့် ... သား ...,ခင်တဲ့သူ မဟုတ်ပါဘူး။ ကားတစ်စင်းနဲ့ သွားချင်ရာသွား လည်ချင်ရာလည်နေတာ”

“ဘွား ... မေမေ့ကို အဲလိုမပြောပါနဲ့”

“ပြောရမှာပဲ။ ပြောကို ပြောရဦးမယ်။ မင်းကိုလည်း မရ,ရအောင် ခေါ်မယ်။ ထမင်းဆိုင်က လက်နှီးစုတ်ဘဝတော့ အရောက်မခံနိုင်ဘူးကွယ့်။ ငါခေါ်လို့မရရင် မင်းအဖေကို ...”

“ဘွား ... အဲဒီလောက်ထိ ချိုးချိုးဖွဲ့ဖွဲ့တော့ မပြောပါနဲ့လား”

ဝေ ဘယ်လို ဒေါ်ခန်းဝင်ပေါက်ဆီ ရောက်သွားသည် မသိ။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ပြီး မျက်နှာတစ်ပြင်လုံး စပ်ဖျဉ်းပူလောင်နေခဲ့သည်။ အဖေက ဝေ့အနားရောက်လာပြီး ...

“သမီး ... ဆိုင်ထဲသွားရအောင်”

ဟု ခေါ်သည်။ နေနေက ဝေ့ကို မျက်လုံးဝိုင်းများဖြင့် စိုက်ကြည့်နေခဲ့သည်။ ဝေ ဘယ်တုန်းကမှ မလိုမုန်းထားစိတ် မရှိခဲ့သော ထိုအမျိုးသမီးကြီးကို မီးလျှံတွေထွက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်လိုက်တော့ မာနကြီးလှသည့်၊ မနဂုဏ်မောက်မာလှသည့် အမျိုးသမီးကြီးကလည်း ဝေ့ကို မျက်ခုံးတွေကုပ်ကာ လျက်၊ နှုတ်ခမ်းကို အကျည်းတန်စွာ မဲ့ရွဲ့လျက် အင်ဒိုနီးရှားပါတိတ်



အနားပေါ်ခါးထောက်လျက် မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

“နေနေဟာ ထမင်းဆိုင်ရဲ့ လက်နှီးစုတ် မဟုတ်ပါဘူး။ ဝေတို့က သူ့ကို ဒီမှာ ရွှေမင်းသားလေးလို ဖူးဖူးမှုတ်ထားတာပါ။ ဒေါ်သည်လာရင်တောင် ကိုယ့်ဘက်က ဒေါ်ဝတ်ကျေရသေးတာ။ နေနေဟာ ဒီအိမ်မှာ ဒေါ်သည်အဆင့်ထက် ပိုပါတယ်။ စေတနာရော ကရုဏာရော ယှဉ်ပြီး သူ့ကိုစောင့်ရှောက်ထားတာပါ။ အချိန်တန်ရင် အိမ်ပြန်သွားမယ့်သူ ဆိုပေမယ့် ... ဝေတို့ဘက်က ဝေတို့လုပ်ပေးနိုင်သမျှအားလုံး လုပ်ပေးခဲ့တာချည်းပဲ ...။

ကျန်တဲ့အပိုင်းက သူ စိတ်ချမ်းသာသလို နေပါစေ ဆိုပြီး အလိုလိုက်ထားတာကလွဲရင် ဘာကိုမှ အတင်းအကျပ် မခိုင်းဘူး၊ နိုင့်ထက်စီးနင်း မပြောမိပါဘူး ...”

“သမီးရယ် ... တော်ပါတော့ ...။ အန်တီကလည်း အဲလိုသဘော ပြောတာ မဟုတ်ပါဘူး”

အမေက မျက်နှာပျက်ပျက်နှင့် ထ,လာပြီး ဝေ့လက်မောင်းကိုဆွဲလျက် အိမ်ထဲဆွဲသွင်းဖို့ ကြိုးစားသည်။

“အမေတို့က အဲတာ ခက်တာပေါ့ ...။ အဲလို အပြောမျိုးကို သည်းခံနေရမှာလား။ ကိုယ့်ဘက်က စေတနာမမှန်တာ ဘာတစ်ခုမှ မရှိဘူး။ ကိုယ်ကသာ အစော်ကားခံရတာ... စေတနာနဲ့လည်း ကူညီရသေးတယ်၊ အစော်ကားလည်း ခံရသေးတယ်”

“အံမယ်လေး ...။ ဆတ်ဆတ်ထိမခံ ဖြစ်နေတာပါလား။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်သီးကောင်းလိုက်တဲ့မိန်းမ။ ထမင်းမရောင်းဘဲ ငါးရောင်းဖို့ ကောင်းတယ်။ ဒီလို အဆင့်မျိုးနဲ့တော့ ဒီလို နှုတ်သီးကောင်းလျှာပါးပဲ ဖြစ်မှာပေါ့”

“ဘွားဘွားရော ဝေ့လို ရန်တွေ့တတ်တာပဲ မဟုတ်လား”

“ဂါရဝတရား မသိတဲ့ အတန်းအစားတွေ”

“ဒါကတော့ လူကြီးကလည်း လူကြီးစကားပြောပေါ့”

“နေနေ ... ဒီလို မိန်းမမျိုး ... ဒီလို အတန်းအစားမျိုးကို ယူဖို့ စိတ်ကူးရဲတာ အံ့ပါရဲ့ ငါ့မြေးရယ်၊ ကြည့်စမ်း ကြည့်စမ်း ...၊ ရှက်စရာ ကောင်းလိုက်တာ။ ရှက်စရာကောင်းလိုက်တာ ... ငါ သဘောမတူနိုင်ဘူး။ ငါ သဘောမတူဘူး နေနေ။ မင်း ... အခု ငါနဲ့ပြန်လိုက်ခဲ့ ...”

တကယ့်ကို မရည်ရွယ်ပါဘဲ ...။

အနားက ... အမေက ဘာတွေ တတွတ်တွတ်ပြောနေသည်မသိ။ ရင်ထဲမှာ အလုံးဆုံးမီးတောက်ဖြင့် လောင်မြိုက်ဆဲ။ တုန်လှုပ်နေသလို နှုတ်ခမ်းများဖြင့်ပင် အားတင်းပြုံးလိုက်သည်။

“ဟော့ ... မင်း ပြန်လိုက်သွားလေ”



“မသွားပါဘူး ...။ အဓိပ္ပာယ် မရှိတာတွေ ...။ မဝေ ... နေ့ကို အဲလို စိမ်းစိမ်းကားကား မပြောနဲ့။ မဝေကို နေ မခွဲနိုင်ဘူးဆိုတာ မဝေ သိတယ်မဟုတ်လား။ ကျွန်တော် အရူးအမူး ဖြစ်နေတာ သိတယ်မဟုတ်လား။ ကျွန်တော် ဒီအိမ်မှာ ဘာကြောင့် ပျော်တယ်ဆိုတာ သိတယ် မဟုတ်လား ...”

သိတယ် ...

သိတယ် ... ...

သိနေလွန်းလို့ နားလည်လွန်းလို့ ခက်ရတာပေါ့ရယ် ...။

“နေနေ မှားတာ ...။ နေနေ အိမ်ထောင်ပြုမယ် ပြောကတည်းက သူ့သဘောထား အမှန်က ရှင်းရှင်းပေါ်လာတာပဲ။ တကယ်တော့ သူ ဝေ့ကို သဘောမကျဘူး။ ဝေတို့မိသားစု အဆင့်အတန်းနဲ့ နေနေ့ကို နီးစပ်သွားမှာ စ,ကတည်းက သူ စိတ်ပူနေတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ... သူ စိတ်ပူတာလည်း အမှန်ပဲလေ။ မဝေတို့က ထမင်းဆိုင်ကလေးဖွင့်ပြီး ရပ်တည်နေတာ။ ပိုက်ဆံရှိမှ အဆင့်ရှိကြေးဆိုရင် ဘိုးစဉ်ဘောင်ဆက်က ချမ်းသာလာခဲ့တဲ့ နေနေတို့ မိသားစု အဆင့်အတန်းနဲ့ဆို မိုးနဲ့မြေပေါ့ ...

မင်းဟာ မဝေနဲ့ မတန်ပါဘူးကွာ ...။ ဝေ့လို မိန်းမမျိုးနဲ့ ...”

“မဝေ”

“ဆေးတက္ကသိုလ် ကျောင်းသားနဲ့ အဝေးသင်တက္ကသိုလ် တက်နေရတဲ့ ထမင်းဆိုင်က ...”

“မဝေ ... တော်တော့ ... ကျွန်တော့်ကို ဒီထက်ပိုပြီး စိတ်ညစ်ရအောင် မလုပ်ချင်ပါနဲ့”

ဂစ်တာကို ခပ်ကြမ်းကြမ်း ပစ်ချပြီး သူက လှေကားထစ်တွေပေါ်က ခုန်ပေါက်ဆင်းလျက် အိမ်ရှေ့ ခြံဝင်းတံခါးဆီ လျှောက်သွားတော့သည်။

မိုးပေါက်တွေ ကျမလာပါ။ လေလည်းငြိမ်သက်လျက်ပင်။ ခရေပွင့်ကလေးတွေ မိုးသည်းသည်းမှာလို ကြွေတော့မည့် မထင်။ သို့ပေမယ့် နေနေက ခရေပင်အောက်သို့ ဒေါသတကြီး ခြေလှမ်းများဖြင့် လျှောက်သွားနေသည်။ မှောင်ရိပ်ဖျိုးဖျ ပြောရမည့် ကာလမျိုးမို့ နေသည်လည်း အရောင်ဖျော့ဖျော့ ကျန် ရစ်ဆဲ။ လ,ရောင်လည်း မထင်မရှား ဖြန့်ဝဲလျက် ...။

ခရေပင်တန်းဆီမှာ ဘုတ်ငှက်ကလေး၏ တအ်အ် မြည်သံကို အဝေးကြီးဆီက လာသလို ကြားရ၏။ ဝမ်းနည်း



ခိုက်သွားသော ကောင်လေးသည် ခရေပင်ကြီး၏ ပင်စည်ကိုမှီပြီး ခပ်မှိုင်မှိုင် မျက်ဝန်းတစ်စုံဖြင့် ... ဟိုဝေးဝေးဆီ ငေးမောနေလေမည်လား မသိ ...။

ဂစ်တာကြိုးတွေကို လက်ချောင်းများဖြင့် ကြေကွဲစွာ တို့ထိကြည့်မိသည်။ မပီသသော ကြောင်စိစိနိုင်လှသော အသတွေသာ ခပ်တိုးတိုး ထွက်ပေါ်လာ၏။

ဟင့်အင်း ...

ဆက်ပြီး ... မနီးစေနဲ့ ...။

သည့်ထက်ပိုပြီး ... မရစ်တွယ်မိစေနဲ့ ...။

တားမြစ်နေသည့် ကြားကပင် ခြေထောက်တွေက အလိုလို ရွေ့လျားနေမိပြန်သည်။ သူ့အနား ရောက်မသွားနဲ့ဆိုပြီး ... ,

[နိုင်ငံခြားသွားပြီး ပါရဂူဘွဲ့တွေ ယူရဦးမှာ ...]

ရယ်စရာပါလား ...။

ခုတော့ ... ဆေးတက္ကသိုလ်ကျောင်းသား ဆရာဝန်လောင်းနဲ့ ထမင်းသည်ရဲ့ သမီး ... ပေါ့ ...။

မိုးသည်းသည်း ညတစ်ညမှာ အမှတ်မထင် ရောက်လာခဲ့သည့် ... အေးစက်ထိတ်လန့်နေသည့် ကြောင်စိစိနိုင်လှသည့် မျက်ဝန်းတစ်စုံနှင့် ကောင်လေး ... ကိုတော့ ...။

“နေနေ”

မျှော်လင့်ထားသည့် အတိုင်းပါပဲ။

ခရေပင်, ပင်စည်ကိုမှီလျက် သူ ထိုင်နေသည်။ ... မျက်လုံးတွေက ဘာဆိုဘာမှ မသိနားမလည်နိုင်သည့် ဝေခွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ဖို့ မစွမ်းနိုင်သည့် မျက်ဝန်းသေ ... တွေ ...။

သူ့နံဘေးမှာ ထိုင်ချလိုက်သော်လည်း သူက ဝေ့ကို လှည့်မကြည့်။ အလင်းရောင်က လျင်မြန်စွာ ပါးလျားလာသည်။ လမ်းမီးတွေ လင်းလက်ပြီး လ,ရောင်သည်လည်း ထင်ရှားလာ၏။ သူ့အနားကပ်ပြီး သူ့ကို ခပ်တိုးတိုး ခေါ်နေမိသည်။ တဖြည်းဖြည်း အေးစက်လာသည့် သူ့လက်ဖဝါးတွေကို ဆုပ်နယ်ပေးနေမိသည်။

"စိတ်ညစ်စရာတွေ မပြောတော့ဘူးနော် ...။ တို့ မေ့လိုက်ကြရအောင်နော် ..."

ခပ်တိုးတိုး နှစ်သိမ့်မိသည်။ သူ့စိတ်ထဲ နာကျင်စရာတွေ သူ့ရှေ့မှာ အများကြီး ဖြစ်ခဲ့သည် ဆိုတာ ပြန်တွေးမိတော့ ကိုယ့်စိတ်ကို ကိုယ်မထိန်းသိမ်းလိုက်နိုင်တာကိုပဲ နောင်တ,ရချင်ပြန်သည်။

"ဒီလမ်းပေါ်မှာ ကြွေခဲ့တဲ့ ခရေပွင့်လေးတွေကို မေ ကြည့် ...။ ကျွန်တော့် ရင်ထဲက အချစ်တွေကို မမေ သိလိမ့်မယ်"

"ကြည့်စမ်း ... ဒါမျိုးကျ တော်တော်တတ်ပါလား"

သူ့ပခုံးပေါ် ခေါင်းမှီချလျက် အသံထွက်အောင်ပင် ရယ်မိသည်။ သူကတော့ လိုက်မရယ်။ ဝမ်းနည်းထိခိုက်လွယ်သော ကောင်လေးသည် ကြေကွဲခြင်းတွေကို ရင်ထဲမှာ ပြည့်သိပ် နေအောင် သိမ်းထားချင်ပြန်သည် ထင်၏။

ဟင့်အင်း ...

သူ့မျက်ဝန်းတွေ ကြည်လင်နေစမ်းပါနော် ...

အသိစိတ်တွေ ကြည်လင် နေစမ်းပါ ...,



နောက်ထပ် ... ဘာကိုမှ မရချင်နေပါ ...။

အမြဲပျော်ရွှင် ကြည်နူးစရာတွေနဲ့ မျှော်လင့်အားတက်စရာတွေနဲ့ လူတစ်ယောက်ရဲ့ ရ,နိုင်တဲ့ တန်ဖိုးကို အရယူနိုင်တဲ့ လူတစ်ယောက်သာ သူ့ကို ဖြစ်စေချင်ပါတယ် ...။

သူ့ဘဝကို သူသာပိုင်ဆိုင်စေချင်ပါတယ် ...။

"ကျွန်တော်က အချစ်တွေကိုချည်း လိုချင်ခဲ့တာ။ ဘယ်အချစ်ကိုမှ နောက်ထပ် မဆုံးရှုံးချင်ဘူးနော်"

အို ...

သူ တစ်ယောက်တည်း ...။


"နေနေ ... နေနေ့ အနားမှာ မဝေ ရှိတယ်နော်။ အဲဒါကို မမေ့နဲ့ ...။ နေနေ ဘယ်တော့မှ အထီးကျန် မဖြစ်စေရဘူးနော်"

သူက ... ဝေ့ကို လှည့်ကြည့်ပြီး ပြုံးလိုက်တော့ ကြေကွဲနာကျင်ရသည့် ဒဏ်ရာဒဏ်ချက်တွေ အားလုံး အပြုံးတစ်ခု အောက်မှာ ပျောက်ကွယ် လွင့်စင်ခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၂)

"ဟော့ကောင် ... မင်း ပြန်လိုက်မလား မလိုက်ဘူးလား"

"ဒီလို အတင်းအကျပ် မလုပ်ပါနဲ့ အန်ကယ်လ်။ သူ အန်ကယ့်လ်ကို သိပ်ကြောက်တာပါ။ ပုံမှန်လူတစ်ယောက်လို အခြေအနေ ပြန်ကောင်းနေရာကနေ ချက်ချင်းပြန်ပြီး ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်ပါတယ်။ အဲလောက်ထိ မလုပ်ပါနဲ့။ သူ ... ပြန်ပြီး အခြေအနေ ဆိုးသွားတာကို အန်ကယ်လ် မြင်ချင်လို့လား"

"နင်က ငါ့ကို ပြန်ခြိမ်းခြောက်နေတာပေါ့လေ ...။ ဟုတ်လား ...။"

ကျော်ခေါင့်ကို ဒီလိုလုပ်လို့ ရမယ်ထင်လား။ သားအမိနှစ်ယောက်ပေါင်းပြီး ထွက်ပြေးဖို့ ကြံနေကြတာကို

www.burmeseclassic.com



ငါက တော့ အေမို့ လက်ပိုက်ကြည့်မနေမယ် ထင်သလား။ ဒီကောင်မကို မရဘူးဆိုရင် သူ့သားကို ရအောင်ယူရမှာပေါ့ ...”

“ရှင် ... ရူးနေပြီလား”

“ဟုတ်သားပဲ ... ကိုယ့်ညီ။ ကိုယ့်သားသမီးကို ဒီလိုပုံစံမျိုးနဲ့ ဆက်ဆံတာ မရက်စက်လွန်းဘူးလားကွာ ... ဒါ လူမဆန်ဘူးလို့ ပြောလို့ရတယ်”

ရေခဲတုံးဟု လမ်းထဲက အမှတ်သညာ ပြုထားသော အဖေက အခန်းထောင့်မှာ ကုပ်ပြီး မျက်ရည်တွေ စိမ့်အိုင်လျက် မျက်နှာပြာနှမ်းနှမ်း ကောင်လေးရှေ့မှာ ခါးထောက်ရပ်ပြီး ထန်ထန်မာမာ အော်ပစ်လိုက်တော့ ခပ်လှမ်းလှမ်းက အခြေအနေ စောင့်ကြည့်နေသည့် အမေက ဝေ့အနား အပြေးအလွှား ရောက်လာခဲ့သည်။

“ထိန်းထိန်းသိမ်းသိမ်း ပြောပါကွယ်။ အခြေအနေ လွန်လွန်ကဲကဲတွေ ဖြစ်ကုန်ပါ့မယ်”

ဟု အသံတုန်တုန်ဖြင့် ဝေ့ကို တိုးတိုးကပ်ပြောသည်။ နှလုံးထဲက အော်ဂလီဆန်လာအောင် ရွံမုန်းမိသည့် ခံစားချက်မျိုးဖြင့် လက်သီးဆုပ်ကို ကျစ်နေအောင် ဖျစ်ညှစ်ဆုပ်ထားမိသည်။

“ကိုယ့် ... သားသမီး ... ဟုတ်လား။ သူက ကျုပ်သားမှ မဟုတ်ဘဲ။ သူ့အမေ အလေလိုက်ပြီး မွေးခဲ့တဲ့သား ...။ ကျုပ်မသိဘဲ နေမလား ...။ ကျုပ်ကို ချောင်ထဲထိုးထားပြီး လေချင်ရာ လေနေတဲ့ မိန်းမ ...”

“ကိုယ့်လူ ... မူးနေတယ် ဆိုရင်လည်း အေးအေးဆေးဆေး



ပြန်ပါ။ သူများအိမ်ပေါ်တက်ပြီး ရမ်းရမ်းကားကား မလုပ်ပါနဲ့။ ကလေးကို ပြန်ခေါ်ချင်တယ်ဆိုလည်း သူ့အမေကိုပါ ခေါ်ခဲ့ပါ။ သူ့အမေရဲ့ သဘောတူညီချက်လည်း လိုသေးတယ် ...”

“ခင်ဗျား ... လူပါးဝစကား မပြောနဲ့”

သူက တံခါးဝကနေ အဖေ့အနား ကပ်လာသည်။ ဝေ့အနား ရပ်နေရာကနေ အမေက အဖေ့အနား ပြေးကပ်သည်။

“မဝေ”

အို ... ကြည့်စမ်း ...

ယုန်ကလေးတစ်ကောင်လို တဆတ်ဆတ် တုန်နေလိုက်တာ ...။

အခန်းထောင့်လေးမှာ ခွေနေသည့် ကောင်လေးအနား ဝေ ဖွေ့ခနဲ ရောက်သွားပြီး သူ့ကို ရင်ခွင်ထဲမှာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိတော့သည်။ အသက်ရှူသံ တရှူးရှူးကို အနီးကပ်ဆုံး ကြားနေရသည်။ တဆတ်ဆတ်တုန်နေသည့် လက်ချောင်းအေးစက်စက်တွေကို လက်ဖဝါးထဲထည့်ပြီး ဆုပ်နယ်ပေးနေမိသည်။ သူ့မျက်နှာတွေ ပြာနှမ်းပြီး နှုတ်ခမ်းတွေ သွေးဆုတ်ဖြူဖျော့နေလိမ့်မည်ဆိုတာ ... ဝေ သိနေရသည်။ ပြီးတော့ ... သူဟာ ... မိုးသည်းသည်းတွေထဲ ပြေးထွက်ချင် ပြန်ဦးမည်။

မာန်မဲကြိမ်းမောင်းသံတွေက အကြားအာရုံထဲမှာ ထက်ကြပ်လိုက်နေပြီး အဲသည်က လွတ်အောင် ထွက်ပြေးရလိမ့်ဦးမည်။

သို့သော် ... ယခု မိုးမရွာပါ။

www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးရယ် ပြေပြေလည်လည် ပြောပါ"

"ပြေပြေလည်လည် ပြောလို့မှမရတာ မင်း မြင်တယ်မဟုတ်လား"

"အလျှော့ပေးလိုက်ပါ"

"အလျှော့ပေးလိုက်လို့ ဖြစ်မလား။ အလျှော့ပေးလိုက်ရင် ဒီလောက် အကြောက်လွန်နေတဲ့ ကလေးကို သူကုပ်ဆွဲပြီး ခေါ်သွားမှာ။ လမ်းမှာတင် အသက်ထွက်သွားမှာပေါ့။ ဒါမှ မဟုတ်လည်း သွက်သွက်ခါအောင် ရူးသွားမှာ ..."

"ဟား ... တယ်ဟုတ်ပါလား။ နေလင်းကျော်ခေါင်ရဲ့ ...။ မင်းကို အကာအကွယ်ပေးမယ့်သူတွေ အများကြီးပါလား။ အဲဒါကြောင့် မင်းက ဒီအိမ်က မခွာနိုင် ဖြစ်နေတာကိုး။ ငါ့ကိုတော့ မင်းက မျက်နှာမမြင်ချင်လောက်အောင် မုန်းနေတယ် ဆိုပါလား။

ငါကတော့ မင်းကို သိပ်ချစ်တာကွ။ အိမ်မှာ မင်း မရှိတော့ ပျင်းခြောက်ခြောက်ကြီးနဲ့ မနေတတ်ဘူးကွ။ မင်းတို့ သားအမိ မရှိရင် ငါ ရန်ဖြစ်စရာလူ ရှိတော့မှာ မဟုတ်ဘူး။ ကဲ ... လာပါကွာ ... ပြန်ကြရအောင်။ ငါ မင်းကို ဘာမှမလုပ်ပါဘူးကွာ ... တကယ်ပါ"

ဝေသည် ကိုယ့်ကိုယ်ကို သတိမထားမိနိုင်ခင်မှာပင် ထိုသူ့ကို အံ့သြတကြီး ငေးစိုက်ကြည့်နေမိသည်။ အရက်ရှိန်ကြောင့် နီမြန်းမြန်း ဖြစ်နေသော မျက်နှာပေါ်မှာ ကြေကွဲရိပ်တစ်မျိုးယှက်သမ်းနေခဲ့သည်ဆိုတာ ဝေ အသေအချာ မြင်နိုင်ပါလျက်နှင့် မယုံကြည်နိုင်ခဲ့။ ပင်လယ်ဓားပြလိုလို တူလှသော ထိုလူကြီးသည်



သူ့လက်ချောင်းများကို သူ့ဘာသာ ပွတ်ချေလျက်၊ နှုတ်ခမ်းတွေကို လျှာဖြင့်သပ်လျက် သူ့စိတ်ကို သူကြိုးစားတည်ဆောက်နေခဲ့၏။

သူ အရက်မူးနေသည်ဟု ဝေ မထင်ပါ။

သူဟာ အမြဲမူးဟန်ဆောင်နေတတ်သူ တစ်ယောက်ပဲ။ အရက်ကို အကြောင်းပြုပြီး သူပြောချင်သမျှ တရားလက်လွတ်စကားတွေ၊ သူ ရမ်းကားချင်သည့် အပြုအမူတွေနှင့် တစ်ဖက်သားကို စိတ်အနှောင့်အယှက် ဖြစ်စေချင်တာ သက်သက်ပဲ ...။

"ကျွန်တော် ... မပြန်ဘူး"

ဝေ့ ရင်ခွင်ထဲက အသံတိမ်တိမ်လေး ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

"ဘာဖြစ်လို့လဲ"

အိုး ...

ဆိုးရွားလိုက်တာ ...

အရက်နံ့က ဝေ့ ခေါင်းပေါ် အုပ်မိုးလာခဲ့သည်။

"မင်း ဒီထက်ဆိုးလာရင် ရဲတိုင်မှာနော်"

"တော်စမ်းဗျာ ... ဘာကောင်မှ ——ဂရုမစိုက်ဘူး"

အဖေ့ကို သူ တွန်းပစ်လိုက်သလား မသိ။ သူ့ကို လွှတ်ပြီး ဝေ မတ်တတ်ရပ်ချင်လှပေမယ့် သူက ဝေ့ကို ကလေးငယ် တစ်ယောက်လို ကြောက်လန့်တကြား ဖက်တွယ်ထားသည်။

"ဒီမှာ ... နေလင်းရဲ့ ...။ တာဝန်မကျေခဲ့တာချင်း အတူတူ မင်းက မင်းအမေကျတော့ ချက်ချင်းခွင့်လွှတ်ကျေအေးပစ်လိုက်နိုင်တယ်ပေါ့ ဟုတ်လား ...။ ငါ့ကိုတော့ရော ... ငါ

www.burmeseclassic.com



ရင်ထဲမှာလည်း နှလုံးသားရှိတာပါပဲကွ …။ ချစ်တတ်တဲ့ စိတ်ရှိတာပါပဲ။ ငါက တိရစ္ဆာန် မဟုတ်ပါဘူး နေလင်းရဲ့။

ငါ့ရင်ထဲမှာ အမုန်းတွေချည်းပဲ ပြည့်လာအောင် မင်းအမေ လုပ်ခဲ့တာ။ မင်းအမေက လုပ်ခဲ့တာ။ ခုလည်း ထွက်ပြေးဦးမယ်ပေါ့။ မင်းတို့နှစ်ယောက်တည်း … ဟုတ်လား …။

အရူး …။ အဲလို ပြေးလို့ လွတ်မှာလား …။

သားကို လိုချင်ရင် အဖေ့ဆီက ခွင့်ပြုချက်လည်း ရဦးမှပေါ့။ ကောင်းပြီ … မင်း … အိမ်မှာပဲ ပြန်နေရမယ်"

"ဟင့်အင်း"

"မင်း … နေရမယ်။ ခုပဲ မင်းကို ငါ ပြန်ခေါ်သွားမယ်။ ဒါပေမယ့် … ငါ ကတိပေးတယ် … စိတ်ချ။ မင်းကိုငါ မရိုက်တော့ဘူး၊ မဆူတော့ဘူး၊ ကြမ်းကြမ်းတမ်းတမ်း မဆဲဆိုတော့ဘူး …။ အခန်းထဲမှာလည်း ပိတ်မထားတော့ဘူးကွာ …။

နောက်ပြီး … နောက်ပြီး … ငါ အရက်မသောက်တော့ဘူးကွာ။ အရက်ဖြတ်မယ်ကွာ။ ဟုတ်လား …။ မင်းကို အကောင်းဆုံး ဆရာဝန်ကြီးတွေနဲ့ … …"

"ဟင့်အင်း … မလိုက်ဘူး"

"မင်း … ငါ့ကို ကြောက်နေတာလား …"

"ဟင့်အင်း …"

"မုန်းနေတာလား နေလင်း"



ဦးကျော်ခေါင်က နေနေ့ လက်မောင်းကျစ်ကျစ်ကို ဆွဲခါယမ်းလိုက်ရင်း …

"မော့စမ်း"

ဟု ခပ်ထန်ထန်ပြောသည်။ အဲသည် မျက်လုံးထဲမှာ အရက်ခိုးများနှင့် ပူလောင်သည့် ဒေါသငွေ့တွေ၊ နာကျင်ခြင်းတွေ ဆူဝေနေကြ၏။ အဲသည် မျက်လုံးတွေကို ကြည့်ရင်း … ဝေ့ ရင်ထဲမှာ ခါးသက်လာသည်။

နှလုံးအိမ်တွေ နာကျင်လာသည်။ နှုတ်ခမ်းတွေ အားကုန်မဲ့ရွဲ့ပစ်လိုက်ချင်၏။ ဝေ့ကို ဖျစ်ညှစ်ဆွဲဖက်ထားသော လက်ချောင်းတွေထဲက အင်အားကြောင့် ဝေ နာကျင်လာသည်။

အရူးတွေ …

ဘာတွေအတွက် ရူးသွပ်နေကြတာလဲ …

ရပ်လိုက်ပါတော့ …။

"နေလင်း … ဖေဖေနဲ့ ပြန်လိုက်ခဲ့"

ဖေဖေနဲ့ … ဆိုပါလား။

သူ … ဆတ်ခနဲ ခေါင်းမော့လာသည်။ ဖြာနှမ်းနေသော မျက်နှာပေါ်မှာ စက်ဆုပ်ခြင်းတွေ …

"မလိုက်ဘူး …"

"သား …, ဖေဖေ တောင်းပန်ပါတယ်။ ဖေဖေနဲ့ ပြန်လိုက်ခဲ့ပါ"

"မဟုတ်ဘူး … မညာနဲ့ …။ ကျွန်တော့်ဖေဖေ မဟုတ်ဘူး။ အဖေဆိုတာ ဒီလောက် မရက်စက်ဘူး …။ ကျွန်တော် … မလိုက်ဘူး …"

www.burmeseclassic.com

www.burmeseclassic.com



ဝှန်းခနဲ ဆောင့်တွန်းလိုက်သည့် အရှိန်ကြောင့် ဝေ့ကျော့နှင့် နံရံ ခပ်ပြင်းပြင်း ရိုက်မိသွားပြီး ဝေသည် နေရာမှာတင် မထ,နိုင်ဘဲ ခွေလဲကျသွား၏။ သူက ... အိမ်ရှေ့တံခါးဆီ ကမူးရှူးထိုး ပြေးသွားသည်။ ဦးကျော်ခေါင်သည် ရုတ်တရက်မို့ ကြောင်အမ်းမင်သက်လျက် နေရာမှာ ခြေစုံရပ်နေခဲ့၏။

"နေနေ"

"ကျော်ခေါင်"

နာကျင်နေသည့်ကြားက , အားယူထ,ရပ်ပြီး သူ့နောက် ပြေးလိုက်ဖို့ ပြင်စဉ်မှာပင် လှေကားထက်က အေးစက်မာကျောလှသော အသံကို ကြားလိုက်ရလေသည်။



အမြဲတမ်း အေးဆေးငြိမ်သက်ခဲ့သော ပေတို့မိသားစု၏ နှစ်ခန်းတွဲ ပျဉ်ထောင်အိမ်ကလေးသည် မှန်တိုင်းတွေ မီးလျှံတွေ မိုးကြိုးလျှပ်စီးတွေ စုပြုံကာ ကျလာသလား ထင်ရလောက်အောင်ပင် ကြောက်မက်ဖွယ် ကောင်းလှသော အမုန်း၊ ဒေါသ အာဃာတ တရားတွေ ပြင်းထန်စွာ ပေါက်ကွဲလျက် တိုတောင်းလှသော အချိန်အပိုင်းအခြားလေး တစ်ခုအတွင်းမှာ အရာအားလုံး အစိတ်စိတ် အမြွာမြွာ ပြိုကွဲခဲ့ရသည်။

အရာ ... အားလုံး ...

သည်လိုပဲ ဆိုရမည်လေ ...။

သံယောဇဉ်ဖြင့် တည်ဆောက်ခဲ့သော အသိုက်အမြုံတစ်ခု ပြီးတော့ ... အမုန်းအတေး အငြိုးများဖြင့် တည်ဆောက်ထားသော အသိုက်အမြုံတစ်ခု ...

အားလုံး ပြိုကွဲ ပျက်စီးပြီးသည့်အခါ ဘာတွေကျန်ရစ်ခဲ့သလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစရာကောင်းသော၊ အကျည်းတန်လှသော၊ မျက်ရည်တွေ အဆုံးအရှုံးတွေ ...

မယုံနိုင်စရာပဲ နော် ...။

သည်လို ဆိုးရွားလှသည့် ဖြစ်ရပ်တွေ တကယ်ဖြစ်ပျက်ခဲ့သည်ဆိုတာ မယုံနိုင်စရာပဲ ...။

လူတွေဟာ တစ်ယောက်နှင့်တစ်ယောက် အဲလောက်ထိ နာကြည်းအငြိုးသိုနိုင်ကြသည်လား ...။/ မိမိရင်မှဖြစ်သည့်သွေးကို စ,တေးပစ်ပြီး ...

စိတ်ဒဏ်ရာတွေ ကို ဆေးကြောနိုင်ကြသည်လား...။

နေနေ ...

မင်းရဲ့ သီးသန့်ကမ္ဘာလေးထဲမှာ အားလုံးကို နှုတ်ဆက်ခဲ့တော့။ ကြည်နူးစရာ ပန်းကြွေလမ်းကလေးကိုသာ အိပ်မက်နေခဲ့တော့ ...။



အဖြစ်အပျက်က သိပ်ကို မြန်ဆန်လှပါသည်။ နေ့ကို အဖေက ဆီးကြိုဖက်ပွေ့လိုက်စဉ်မှာ အိမ်ရှေ့တံခါးဝ ဒေါ်ထရီဇာလှိုင်နှင့် နေနေ့အဘွား ဒေါ်နွဲ့ယဉ်တို့ ရောက် ခဲ့သည်။ တစ်ကိုယ်လုံး ပြာနှမ်းပြီး နှုတ်ခမ်းတွေ တဆတ် တ်တုန်နေသည့်၊ မျက်ရည်ပြည့်အိုင်သည့် မျက်လုံးတွေ လည်နေသည့် နေနေ့ကို မြင်လိုက်သည်နှင့် ဒေါ်ထရီဇာလှိုင် ည် ဦးကျော်ခေါင် အနားသို့ ကျားပျိုမတစ်ကောင်လို လွှားခနဲ က်ရှိသွားပြီး ဦးကျော်ခေါင်၏ နားသပ်စပ်ဆီသို့ အရှိန်ပြင်းပြင်း လိုက်သည့် ဖြောင်းခနဲ မြည်သံကိုသာ ဝေတို့ အံ့သြတကြီး ိုက်ရသည်။

"တိရစ္ဆာန် ... လူစိတ်မရှိတဲ့ တိရစ္ဆာန် ... သူဟာ နင့်သား အရင်း သိရဲ့လားဟင်။ သားကို သတ်ချင်နေတာလား"

"ဟဲ့ ... အံမယ်လေး ... ထရီဇာ ဘယ်လိုလုပ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်၏ မျက်နှာသည် နီမြန်းမြန်း ဖြစ်နေရာက ပြာနှမ်းသွားလျက် မျက်ခုံးတွေ ကုပ်ကျပြီး မျက်လုံးတွေထဲက မီးတောက်မီးလျှံတွေကို မြင်ရသည်။ သူ့လက်ချောင်းတွေက ဂနာမငြိမ်စွာ လှုပ်ရှားလျက် အသက်ရှူသံပြင်းပြင်းကိုပင် ကြားရ၏။ နေနေသည် သူ့ဖခင်ကို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်လျက် အဖေ့လက်ထဲကနေ ကြောက်လန့်တကြား ရုန်းကန်နေ၏။ တရှုံးရှုံးရှိုက်ပြီး အသက်ရှူရင်း မောပန်းနေခဲ့သည်။

"လှိုင် သိပ်ဒေါသမကြီးနဲ့"

"ထရီဇာ လက်မပါနဲ့ ... ပြေပြေလည်လည် ပြောမပေါ့"

"နှစ် နှစ်ဆယ် ဆိုတာ နည်းနည်းနောနောကာလ မဟုတ်ဘူးနော် ...။ ငါ ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ နင်နဲ့ ငါ ကွာရှင်းတော့မယ်။ ငါ့သားကို ငါ ခေါ်သွားမယ် ... ဒီနေ့ ဒီအချိန်ကစ,ပြီး နေလင်းဟာ နင်နဲ့ လုံးဝမပတ်သက်တော့ဘူးဆိုတာ နင် နားလည်ထားလိုက် ...။ အေး ... ငါ့ မိုင်သမျှ အိမ်တွေ ကားတွေ လုပ်ငန်းတွေ အားလုံးလည်း နင်နဲ့ လုံးဝ မပတ်သက်တော့ဘူး ...။

နင့်ကို တရားရုံးက ခေါ်စာ လာလိမ့်မယ်။ နင် ... ကောင်းကောင်း ပြင်ဆင်ထားပါ ကျော်ခေါင်"

"... ... ... ... ... ..."

နာနာကျင်ကျင် ကျိန်ဆဲသံသည် ဝဲနားထဲ ... ရည်တွေလို စူးခနဲ ဝင်လာခဲ့၏။

ပြီးတော့ ...

သားရဲတစ်ကောင်လို နီရဲနေသော မျက်လုံး...



ကြောက်မက်ဖွယ် ... ညည်းတွားသံ ...

လေနှင့်အတူ လျင်မြန်သော အရှိန်အဟုန်နှင့် တစ်ဆက်တည်း ကျယ်လောင်ပြင်းထန်သော ပြိုလဲသံ ...

"မေမေ"

"ကျော်ခေါင် ... မင်း"

"ဟာ ... ဘယ်လို လုပ်လိုက်တာလဲ"

"အံမယ်လေး ... လှိုင် ... သေပါပြီ ...။ လာကြပါဦးရှင်"

www.burmeseclassic.com

www.burmeseclassic.com



"သွေးတွေ ... သွေးတွေ ... မေမေ သေပြီ။ မေမေ သေပြီ။ မေမေ ... မေ့ ... ဟင် ... ခင်ဗျား ... ကျွန်တော့်ကို သတ်မလို့လား ... ဟင့်အင်း ... မလိုက်ဘူး။ အိမ်ပြန်မလိုက်ဘူး ...။ ကျွန်တော် ... အိမ်မပြန်ဘူး ...

ခရေပန်း သွားကောက်မယ် ...။ မိုးတွေ ရွာပြီ မဝေ ...။ ခရေပန်း သွားကောက်မယ် ..."

"နေနေ"

"သား ...။ သားလေးရယ် ...။ မင်းတို့ရဲ့ အမုန်းတွေ၊ မာနတွေကြောင့် ...။ သွား ... နင်တို့ မလာနဲ့ ...။ နင်တို့ နှစ်ယောက်လုံး မလာနဲ့ ...။ နင်တို့ဟာ မိဘဖြစ်ဖို့ မတန်ဘူး သိရဲ့လား ... နင်တို့မျက်နှာတွေ ငါ မမြင်ချင်ဘူး"

"သား ..., မေမေလေ ...။ မေမေ မသေပါဘူးသားရဲ့။ မေမေ့ကို မမှတ်မိတော့ဘူးလား"

အားလုံးကို ကျော့ခိုင်းခဲ့ပါသည်။



ဆက်ပြီး ရှိနေဖို့လည်း မလိုအပ်တော့ဘူးလေ ...။

အားလုံးဟာ အစိတ်စိတ် အမွှာမွှာ ပြိုကွဲပျက်စီးသွားပြီ ...။

တစ်စစီ ပြိုကွဲပျက်စီးသွားပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



[ အစကနေ ပြန်စ,ဖို့ နောက်ကျသွားပြီလို့ မတွေးမိကြဘူးလား။ လူငယ်တစ်ယောက်ရဲ့ တန်ဖိုးရှိတဲ့ အနာဂတ်တွေ ဆုံးရှုံးသွားနိုင်တယ်။ အချိန်တွေ အများကြီး ယူရလိမ့်မယ်။ ပြန်ကောင်းလာတဲ့အခါ အချိန်အခါနဲ့ အသက်အရွယ်က သူ့မျှော်လင့်ချက်တွေကို ပြန်ပေးနိုင်ပါတော့ မလား ...။

အေးလေ ... ကြိုးစားကြည့်ကြတာပေါ့ ...။

စိတ်ဓာတ်ကျအောင် မပြောချင်ပါဘူး။ ဒါပေမယ့် ... ဒီလောက် အခြေအနေ ကောင်းလာပြီးမှ၊ အကြိမ်ကြိမ် အခါခါ သတိပေးထားတဲ့ ကြားက ... ...]

အဖြူရောင် ပတ်တီးစတွေ ပြည့်နေသည့် မျက်နှာတစ်ခြမ်းနှင့် မျက်ရည်တွေ တပေါက်ပေါက် ကျနေသည့် မိခင်တစ်ယောက်ကို မမြင်လိုတော့ပါ။ နေလင်းကျော်ခေါင်နှင့် ပတ်သက်သမျှ ဘာဆိုဘာမျှ မမြင်လို မကြားလိုတော့ပါ။ တန်ဖိုးမဲ့လှသည့် မျက်ရည်တွေကို အကောင်းပကတိ ဘဝတစ်ခုနှင့် ဘယ်မှာ အစားထိုး လဲလှယ်နိုင်မှာလဲ ...။



ကျဉ်းမြောင်းပြီး အလင်းရောင် နည်းပါးသည့် အခန်းလေးထဲက ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထွက်လာခဲ့သည်။ ဝေ့ နောက်မှာတော့ ရှိုက်သံသဲ့သဲ့က လေမှာလွင့်မျော ကျန်ရစ်ခဲ့၏။

မငိုပါဘူးလေ ...။

ငိုစရာမှ မလိုအပ်ဘဲ ...။

နောင်တရ,စရာ ဝေ့မှာ မရှိပါ။ နောင်တတွေ တပွေ့တပိုက်နှင့် နောက်မှာကျန်ရစ်သည့် လူသားတွေကတော့ ငိုရမည်ပေါ့ ...။

မဆုံးနိုင်အောင် ငိုရမည်ပေါ့နော်. ...။

စိုထိုင်းသည့် အငွေ့အသက်နှင့် နံရံတွေကြားက လွတ်မြောက်လာရတော့မှ အသက်ရှူ,ဝ,သလို ခံစားရသည်။ အုတ်တံတိုင်း အမြင့်ကြီးတွေ ကာရံထားသည့် အတွင်းပိုင်းကို စိတ်ဝင်တစား မရှိဘဲ ပလက်ဖောင်းပေါ် လှုပ်ရှားသွားလာနေသူတွေအဖို့တော့ လောကကြီးဟာ ကျဉ်းမြောင်းလှသည်ရယ်လို့ ဘယ်ထင်မှာလဲနော် ...။

သစ်ရိပ်အောက်မှာ လှုပပြောင်လက်နေသည့် လင်ခရူဇာကားကြီးတစ်စင်း ရှိနေသည်။ ပြီးတော့ အကျည်းတန်လှသော မျော်ရှင်မှု ဆိတ်သုဉ်းနေသော အမိပ္ပာယ်မဲ့နေသော လူသေကောင်လို မျက်နှာမျိုးနှင့် လူတစ်ယောက်လည်း ရှိနေသည်။

နှုတ်ဆက်စရာ မလိုအပ်ဘူး ထင်သည်မို့ သူ့ရှေ့က ခြေလှမ်းမှန်မှန် ဖြတ်လျှောက်ခဲ့သည်။ ဆရာဝန်ကြီး၏ ကရုဏာဒေါသ စကားသံတွေကို စက္ကန့်တိုင်းမှာ ပြန်ကြားနေမိသည်။

www.burmeseclassic.com



“စိတ်ရောဂါအထူးကု ဆေးရုံကြီး”ဆိုသည့် ဆိုင်းဘုတ်ပြာပြာကို လှည့်မကြည့်လိုဘဲလျက် လှည့်ကြည့်ဖြစ်ပြန်သည်။

[အချိန်အခါနဲ့ အသက်အရွယ်က သူ့မျှော်လင့်ချက်တွေကို ပြန်ပေးနိုင်ပါဦးမလား]

အို ...

ပြန်ပေးနိုင်ရမှာပေါ့ ...

သူ့ရဲ့ မျှော်လင့်ချက်တွေ မဆုံးရှုံးစေရဘူး ...

အနည်းဆုံး ... သူ မျှော်လင့်လိုချင်ခဲ့တဲ့ မိသားစုဘဝမျိုး ... ...။




# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၃)

[ဒီလမ်းပေါ်မှာ ကြွေခဲ့တဲ့ ခရေပွင့်လေးတွေကို ရေကြည့်။ ကျွန်တော့် ရင်ထဲက အချစ်တွေကို မဝေ သိလိမ့်မယ်]

ပန်းကြွေတဲ့ လမ်းကလေးကို ချစ်ခဲ့တဲ့ ကောင်လေးရေ ...

မိုးစက်လေးတွေက ပန်းကြွေလမ်းကလေးဆီ ရောက်လာခဲ့ပြန်ပြီကွယ် ...

မိုးစက်တွေကြားထဲမှာ ခရေတွေကောက်ရင်း စောင့်မျှော်နေမယ့် ချစ်သူလေးဆီ ပြန်လာခဲ့ပါလား။

အရင်ကလို အရူးအမူး အချစ်တွေနဲ့ မခွဲနိုင် မခွာရက်တဲ့ အချစ်တွေနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့မှာ ...

ခရေလမ်းကလေးပေါ် နင်းလျှောက်လာမယ့် ချစ်သူလေးရဲ့ ခြေသံကို တို့ နားစွင့်နေမယ်နော် ...။

BURMESE CLASSIC

www.burmeseclassic.com